

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com







# တက္ကသိုလ် တင်မြင့်

# ပေါက်လာတဲ့ ရွှေကြာပင်

စီစဉ်သူ

မောင်ကျော်လှိုင်(စေတနာစာပေ)

www.burmeseclassic.com

www.burmeseclassic.com







## ၁

သူသည် ထိုနေရာလေးကိုပင် ရွေးလိုက်သည်။ သစ်ပင်ကြီးတွေ မြင့်မားပြီး ရွက်အုပ်ဖားဖြစ်သော်လည်း အောက်ခြေ မြေတာလင်းရှင်းသည်။ မြွေ ကင်း စသည့် အဆိပ်ရှိသတ္တဝါရန် ကင်းနိုင်လောက်သည်။

မနီးမဝေးတွင် စမ်းချောင်းလေး စီးဆင်းနေသည်။ ယင်းစမ်းချောင်းရေကို သူ စစ်ဆေးပြီးပြီ။ ထုံးဓာတ်၊ သံဓာတ် ပါသော ရေကြည် ရေသန့်ဖြစ်သည်။ အလယ်ကောင်လောက်ဗျ မှ ခါးလောက်အထိနက်သည်။ သောက်သုံးရန်အတွက်ရော ချိုးရန် အတွက်ရော အဆင်ပြေသည်။ အောက်ခြေတွင် ကျောက်စရစ်နှင့် သဲရှိသည်မို့ ရေမနောက်။



www.burmeseclassic.com

www.burmeseclassic.com



တောကောင်းသည်။

ရေ အဆင်ပြေသည်။

လူက ရာဇဝတ်ဘေးနှင့် ဝေးလာသူမို့ ထိုနေရာလေးသည် ခိုအောင်းရန် အသင့်တော်ဆုံးဟု ဆုံးဖြတ်သည်။

ကျောပိုးအိတ်ကြီးကိုချွတ်ကာ သစ်ပင်ကြီး၏ပင်စည်ကိုမှီကာ သူ အပန်းဖြေသည်။

ဟို ရှေ့နှစ်ဖာလုံခန့်အဝေးတွင် လူနေအိမ်ခြေကို လှမ်းမြင်ရသည်။

ရွာတစ်ရွာပင်ဖြစ်သည်။ ဘာရွာမှန်းတော့ သူ မသိသေး။ ဤနေရာသည် သူ့အတွက် အလွန်စိမ်းသော နေရာဖြစ်ပါ၏။

သူက ခြေဦးကည့်ရာလာရင်း ဤနေရာသို့ ရောက်လာ၍ရွေးချယ်လိုက်ခြင်း ဖြစ်သည်။

ကျောပိုးအိတ်ကြီးကို ဖွင့်လိုက်သည်။ မလပ်စတစ်အစိမ်းရောင်ဖြင့်ချုပ်ထားသော ယာယီဆောက်နိုင်သော CAMP ပလပ်စတစ်တဲကို ထုတ်ယူလိုက်သည်။

တိုင်စိုက်ထန်တိုင်စိုက်၊ သစ်ကိုင်းများတွင် ကြိုးချည်တန်ချည်ပြီး တည်ဆောက်လိုက်သည်နှင့် ယာယီ CAMP တဲအိမ်





လေးဖြစ်သွားသည်။ ဝင်ပေါက်ထွက်ပေါက်မှာ ဇစ်ဆွဲပိတ် ဖွင့်၍ရသည်။ ပိတ်လိုလျှင် ဇစ်အရှည်ကြီး အောက်ဆွဲချ၊ ဖွင့်လိုလျှင် အပေါ်ဆွဲတင်ခြင်းဖြင့် တဲအိမ်တံခါး ဖြစ်သွားသည်။

တဲအိမ်အတွင်း မြေတလင်းကို ရှည်းကျင်းပြီး ခရီးဆောင် အိပ်ယာလေးကို ခင်းလိုက်သည်။ သူ့အတွက် လေလုံမိုးလုံ တဲအိမ်လေး ဖြစ်သွားပြီ။

အားလုံး ညနေ (၅)နာရီတွင် နေမှို့ ပြီးစီးသွားသည်။ တဲအိမ်ဆောက်ရခြင်းကြောင့် ချွေးထွက်သည်။ မှုစပ်ပူလောင်ဖြစ်သည်မို့ စမ်းချောင်းထဲတွင် ရေဆင်းချိုးရန် အကျီချွတ်လိုက်သည်။

သူ့ခန္ဓာကိုယ်၏ ယောကျ်ားအသားပုံစံ ထွက်ပေါ်လာသည်။ သူသည် အားကစား လေ့ကျင့်လိုက်စားသူမို့ ကျစ်လစ်တောင့်တင်းကြံ့ခိုင်သော ခန္ဓာကိုယ်ရှိသည်။ သူ့အရပ်မှာ ၅ ပေ ၈ လက်မ ရှိပြီး အရှပ်အမောင်းနှင့် အချိုးညီလိုက်ဖက်သော ခြေတံလက်တံ ရှိသည်။

ပတ်ဝန်းကျင်တွင် တစ်ဦးတစ်ယောက်မျှ မရှိစေကာမူ အောက်ခံ ဘောင်းဘီဝတ်ပြီး စမ်းချောင်းထဲဆင်းကာ ရေချိုးသည်။ သူ့တွင် သွားတိုက်ဆေး ဆပ်ပြာ စသည် လူ့အသုံးအဆောင် အားလုံးပါရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပြီးနောက် မျက်နှာသုတ်ပဝါဖြင့် တစ်ကိုယ်လုံးသုတ်ပြီး စွပ်ကျယ်ဝတ်၊ ချည်ချောလုံချည် ဝတ်လိုက်သည်။

ထို့နောက် ဝန်းကျင်တွင် သစ်ကိုင်းခြောက်များ လိုက်ကောက်ကာ မီးဖိုလိုက်သည်။ မီးတောက်တက်လာသောအခါ ဝါးတစ်လုံးခုတ်ပြီး ခါးလောက်အမြင့် တိုင်စိုက်ထားပြီး ဝါးလုံးကို ကန့်လန့်တင်ကာ လက်ဆွဲကိုင်းပါသော ဒန်ချိုင့်တွင် ရေထည့်ပြီး ဝါးတန်းတွင်စွပ်ချိတ် ရေနွေးတည်သည်။

ရေနွေးဆူသောအခါ ကော်ဖီဖျော်သည်။ အသားဘူး ဖောက်ကာ ပေါင်မုန့်နှင့်စားသည်။ လိုအပ်သော ညစာ စားပြီးသွား၏။

နေဝင် မိုးချုပ်စပြုပြီ။

သူသည် တဲအိမ်ထဲသို့ မဝင်သေးဘဲ နှစ်ဖာလုံခန့် ဝေးသောရွာသို့ လှမ်းကြည့်သည်။ ရွာတွင် မီးရောင်များ လင်းလက်နေသည်ကို လှမ်းတွေ့ရသည်။

သူ ရောက်နေသည်မှာ ဘာတောတန်းမှန်း မသိသလို မီးရောင်လက်လက် လှမ်းမြင်ရသောရွာမှာ ဘာရွာမှန်းလဲ သူ မသိ။

မည်သို့ဖြစ်စေ သူ့အနေနှင့် ရွာဆီသို့ ဖြန်းကနဲ မသွားရဲ။





သူသည် ရာဇဝတ်မကောင်းသူမို့ ပုန်းလျှိုးကွယ်လျှိုး နေရမည်သာ။

သို့သော် သူ့စိတ်က ရွာဆီသို့ သွားချင်နေသည်။ အနီးကပ် ရွာကို လေ့လာထားသင့်သည်။ ဒါမှ သူ့လုံခြုံရေးအတွက် အကဲခတ်နိုင်မည်။ သူသည် ရွာဘက်သို့ လျှောက်လာခဲ့သည်။

ရွာထိပ်သို့ ရောက်လာသည်။ အစွန်ဆုံးအိမ်သည် ခြံကျယ်ကြီးအတွင်းရှိ ပျဉ်ထောင်သွပ်မိုးအိမ် ဖြစ်သည်။ ခြံကျယ်ကြီးထဲမှာပင် စက်ရုံလေလား၊ ဂိုဒေါင်လေလား မသိ၊ အတော်ကြီးမားသော အဆောက်အအုံတစ်ခု ရှိနေသည်။ မီးခိုးခေါင်းတိုင်ကြီးပါ တွေ့ရသဖြင့် ထိုအဆောက်အအုံကြီးသည် စက်ရုံတစ်ရုံ ဖြစ်ပေမည်။ ခေါင်းတိုင်မှ မီးခိုးထွက်ခြင်းမရှိ၊ စက်လည်ပတ်သံ မကြားရသောကြောင့် ပိတ်ထားသောစက်ရုံ ဖြစ်ရမည်။

ဆန်စက်လား၊ ဆီစက်လား။

သူ မှောင်ကွယ်ရပ်ကာ မီးလင်းနေသော ပျဉ်ထောင်အိမ်ထဲသို့ လှမ်းကြည့်သည်။ အတော်အတန် ငွေကြေးချောင်လည်သော အိမ်ဖြစ်ရမည်။ မီးရောင်ဖြင့်မြင်ရသော ပရိဘောဂမှအစ အိမ်အနေအထားမှာ စီးပွားရေးပြေလည်ပြီး ငွေကြေးအဆင်ပြေကာ လူနေမှု အဆင့်မြင့်သည်မှန်း သိသာသည်။ ပြူတင်းပေါက်များတွင်



www.burmeseclassic.com

www.burmeseclassic.com



စာခန်းဆီးများ တပ်ဆင်ထားသည်။ အိမ်တွင်း မီးလင်းနေသောကြောင့် စာခန်းဆီးကိုဖောက်ထွင်းပြီး အိမ်ထဲသို့ မြင်နိုင်ခြင်းဖြစ်ပါ၏။

ကြည့်နေစဉ်မှာပင် မီးဖိုထမင်းစားခန်းဘက်မှ အမျိုးသမီးတစ်ဦး ဧည့်ခန်းဘက်သို့ လျှောက်လာသည်ကို တွေ့ရသည်။ သဲသဲကွဲကွဲ တွေ့မြင်ရသည်။

ချောမောလှပသော အမျိုးသမီးပါပေ။ အသက်နှစ်ဆယ့်ငါးခန့်ဟု ခန့်မှန်းသည်။ သူမ အိမ်တွင်နေခိုက်မို့ ထင်ပါ၏။ မွှင့်ရိုက်အလောက်(စ်)အင်္ကျီ ဝတ်ထားသည်။ ထဘီကလည်း မထူမပါး အမျိုးအစားဝတ်ထားသည်။ သူမ၏ ပင်ကိုအရှိအတိုင်း အင်္ကျီအောက်မှ အောအစ်အရာစီယာ ခံဝတ်ထားဟန်မတူ၊ ထဘီကိုလည်း တစ်ထပ်တည်း ဝတ်ထားပုံရသည်။

ဆံပင်သည် အုံကောင်းမည်။ နက်မှောင်ရှည်လျားပြီး တစ်ပတ်လျှိုတို့ဖြင့် နောက်တွဲချထားသည်။

တော်တော်ကြည့်ကောင်းသော အမျိုးသမီးပါပေ။

ကြည့်ကောင်းကောင်းနှင့်မို့ သူ ငေးကြည့်နေမိသည်။

ထိုအမျိုးသမီးသည် ရေချိုးခန်း ဖြစ်ဟန်တူသော အခန်းတစ်ခုထဲသို့ ဝင်သွားသည်။ တံခါး ပြန်ပိတ်သည်။





အမျိုးသမီးတစ်ဦး ရေချိုးပြီဆိုလျှင် အနည်းဆုံး မိနစ်နှစ်ဆယ် နာရီဝက်လောက်တော့ ကြာတတ်သည်။ ရေချိုးခန်းတွင်း မှန်အနောက်စား တပ်ထားသည်။ ရေချိုးခန်းမီး ဖွင့်သည်မို့ အနောက်စားမှန်မှ သူမ၏ခန္ဓာကိုယ်ပုံရိပ်ကို မည်းမည်းသဏ္ဍာန် မြင်ရသည်။

သူ ထိုအိမ်ဘက်သို့ လျှောက်လာကာ ခြံတံခါးတွန်းကြည့်ရာ ပွင့်သွားသဖြင့် ခြံထဲဝင်ခဲ့သည်။ ထပ်ဆင့် အိမ်တံခါးစေ့ရုံစေ့ထားသောကြောင့် အိမ်ထဲအထိ ဝင်ခဲ့သည်။

သူ့ ခြေသံလုံသည်။ သူ့ခြေသံမှတစ်ပါး သူ မကြားနိုင်။

မကောင်းသောစိတ်၊ မကောင်းသော အကြံနှင့် မကောင်းသော အမှုပြုရန် သူ ဝင်လာသည်မဟုတ်၊ ဤအိမ်နှင့် ဤစက်ရုံသည် ရွာအစွန်ဆုံးတွင်ရှိနေပြီး မိမိ စတည်းချရာနှင့် အနီးဆုံးဖြစ်သည်မို့ ဤအိမ်အား အကူခတ်ရန်လိုသောကြောင့် ဝင်ရောက်ကာ လေ့လာခြင်းသာဖြစ်သည်။

အိမ်တွင်း အထားအသိုနှင့် အိမ်တွင်း သန့်ရှင်းရေးမှာ ပြောစရာမလိုအောင် ကောင်းမွန်သန့်ရှင်းသည်။ အိမ်ထောင်ထိန်းတော်သော အိမ်ရှင်မဖြစ်မှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ညောင်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း စသည်တို့ကို စေ့စေ့ကြည့်ရှုပြီး ပထမဆုံးတွေ့သော အိပ်ခန်း၏ တံခါးဘုသီးကို လှည့်ကြည့်သည်။ အတွင်းမှ ခလုတ်ချမထားသော ကြောင့် တံခါးပွင့်သွားသည်။ ထိုအခန်းတွင် တစ်ယောက်အိပ် ခုတင်တစ်လုံး အမျိုးသမီးသုံး မှန်တင်ခုံ၊ အဝတ်ဗီရိုနှစ်လုံး၊ ခုတင်ဘေးတွင် စာရေးစားပွဲတစ်လုံး စသည်များ တွေ့ရသည်။ အမျိုးသမီးတစ်ယောက် အိပ်ခန်းမှန်း သိသာသည်။ အိပ်ခန်းမှာ လည်း အရာရာသေသပ် သန့်ရှင်းသည်။ မှန်တင်ခုံပေါ်ရှိ မိန်းမသုံး အဖိုးတန် အလှပစ္စည်းတွေ လိုလေးသေးမရှိ စီစီရီရီထားရှိသည်။

တစ်ယောက်အိပ် ခုတင်ထက်တွင် ရေမြှုပ်မွေ့ရာ ပြုံးဆွတ်နေသော အိပ်ရာခင်း၊ ခေါင်းအုံး၊ စောင် စသည်တို့ သေ သပ်စွာတွေ့ရသည်။

တံခါးပြန်ပိတ်ပြီးနောက် အိပ်ခန်းကို ဖွင့်ကြည့်ပြန် သည်။

ဒုတိယ အိပ်ခန်းတွင်မူကား ဟိုဘက်တွင်တစ်လုံး၊ ဒီဘက်တွင်တစ်လုံး တစ်ယောက်အိပ် ခုတင်နှစ်လုံး ဟိုဘက်နံရံ ဒီဘက်နံရံတွင် ထားရှိသည်။





လက်ယာဘက် ခုတင်ထက်ဝယ် (၈)နှစ်သားခန့် ချာတိတ်လေးတစ်ယောက် အိပ်ပျော်နေသည်ကို တွေ့ရသည်။ ဗွမ်းစောင်ကို ရင်ဘတ်ပေါ် လွှမ်းထားသည်။

ပေါ်လွင်နေသော ချာတိတ်လေး၏ မျက်နှာလေးမှာ ဖြူဖြူနုနုနှင့် ချစ်စရာကောင်းလှသည့် ချာတိတ်လေးပါပေ။

လက်ဝဲဘက် ကုတင်ပေါ်၌လည်း ချာတိတ်မလေး တစ်ယောက် မျက်စိမှိတ် အိပ်ပျော်နေသည်ကို တွေ့ရသည်။ လက်ယာဘက်ချာတိတ်နှင့် မျက်နှာချင်းဆင်သဖြင့် ချာတိတ်မောင် နှမမှန်း သိသာသည်။ ချာတိတ်မလေးက ၆ နှစ်ခန့်ရှိပြီမို့ အငယ် ဖြစ်ရမည်။

အထက်အောက် မောင်နှမ နှစ်ယောက်ဖြစ်သည်။ နှစ်ယောက်စလုံး ချစ်စရာကောင်းသည့် ရုပ်လေးတွေရှိသည်။

ထိုစဉ်မှာပင် ...

ရေချိုးခန်းဆီမှ လှုပ်ရှားသံ ထွက်လာသည်။ သူသည် ချာတိတ်မောင်နှမ အိပ်ခန်းတံခါးကို ပြန်ပိတ်ပြီး ရေချိုးခန်းထဲမှ အမျိုးသမီး ထွက်မလာမီ အိမ်ထဲကိုဝင်လာသည့် တံခါးအတိုင်း အပြင်သို့ ပြန်ထွက်ခဲ့တော့သည်။

ထိုအခါကျမှပင် ...



www.burmeseclassic.com

www.burmeseclassic.com



အကြီးကောင်ချာတိတ်သည် အိပ်ရာမှ လူးလဲထပြီး ...

"ညီမလေး ... ညီမလေး လာကြည့်"

"ဘာလဲ ကိုလေး"

"လာပါ ထကြည့်စမ်းပါဆို၊ အခု မြင်နေရသေးတယ်"

ချာတိတ်မလေးကလည်း လူးလဲထကာ မောင်နှမနှစ်ယောက် ဓာခန်းဆီးကိုဖယ်ကာ မှန်ပြူတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်ကြသည်။

"ဘာလဲ ကိုလေးရဲ့ လူကြီးတစ်ယောက် လမ်းလျှောက်သွားတာပဲဟာ"

"အဲဒီလူကြီးကိုပဲ ငါ ပြတာ၊ အဲဒီလူကြီးက ငါတို့အိပ်ခန်းတံခါး ဖွင့်တယ်၊ ငါကိုရော ညီမလေး အိပ်နေရာရော အကြာကြီး စိုက်ကြည့်တယ်၊ ငါ ကြောက်လိုက်တာ ညီမလေးရယ်၊ လှုပ်တောင် မလှုပ်ရဲဘူး၊ ကြောက်လွန်းလို့ ချွေးတွေတောင်ထွက်တယ်၊ ကိုလေးကိုယ်ကို ညီမလေး စမ်းကြည့်"

ချာတိတ်မလေးက သူ့အစ်ကိုလေး၏ မျက်နှာလည်ပင်း အကျီတွေ စမ်းကြည့်သည်။

"ဟုတ်တယ်နော်၊ ကိုလေး ချွေးတွေထွက်နေတယ်၊ မာမီကောဟင် မာမီ ဘယ်မှာလဲ"





"မာမီ ရေချိုးခန်းဝင်နေတုန်း ဒီလူကြီး အိမ်ထဲဝင်လာတာဖြစ်မှာ၊ လာ ညီမလေး မာမီကို သွားပြောပြစို့"

"ဟင့်အင်း၊ ညီမလေး ကြောက်တယ်၊ အပြင်မထွက်ရဲဘူး"

"လာပါ၊ ဒီလူကြီး ထွက်သွားတာ ညီမလေး မြင်သားနဲ့ ဘာမှကြောက်စရာ မရှိတော့ဘူး လာ ... လာ"

အကြီးကောင်က သူ့ညီမလေးကို လက်ဆွဲကာ အပြင်သို့ထွက်လာသည်။

သူတို့မာမီသည် မျက်နှာသုတ်ပဝါအကြီးစား ဖြူဖြူဖွေးဖွေးကို ရှင်ဘတ်မှ ကျောဖုံး ရင်လျားပြီး ရေချိုးခန်းမှ ထွက်လာသည်။ မျက်နှာသုတ်ပဝါ၏ အောက်နားပတ်လည်စသည် ပေါင်လည်တွင်ရှိနေပြီး ဒူးဆစ်အောက် ခြေသလုံးနှစ်ခုမှာ လှလှပပလေးရှိနေသည်။

"ဟင် ... သားလေးနဲ့သမီးလေး အိပ်ပျော်အောင် မာမီသိပ်ခဲ့သားနဲ့ အခု မောင်နှမ နှစ်ယောက်လုံး ထွက်လာကြတယ်၊ အဲဒါ ဘယ်လိုဖြစ်ကြတာလဲ"

"မာမီ သိပ်ခဲ့လို့ သားသားရော ညီမလေးရော အိပ်ပျော်သွားပါတယ် မာမီ၊ ဒါပေမဲ့ ခုနက လူကြီးတစ်ယောက် သားသားတို့အိမ်ထဲ ဝင်လာတယ် မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ကိုအောင်ထူး လာသလားမှ မသိတာ၊ ဒါပေမဲ့ သူလာရင် မော်တော်ကားသံဖြစ်ဖြစ်၊ မော်တော်ဆိုင်ကယ်သံဖြစ်ဖြစ် ကြားရမှာပေါ့၊ ဘာသံမှ မာမီ မကြားမိပါလား"

"ဦးအောင်ထူးကြီး မဟုတ်ဘူး မာမိ၊ ဦးအောင်ထူးကြီးကို သားသားရော ညီမလေးရော သိသားဗဲဟာ"

"အယ်ကွယ် ... မဟုတ်မဟုတ် ဒါဆို ဒီအချိန်ကြီးမှာ တခြား ဘယ်သူ မာမိတို့အိမ်ထဲ ဝင်လာမှာလဲ၊ ကိုအောင်ထူးကလွဲပြီး ဘယ်သူမှ မလာတတ်ပါဘူး"

"မီးမီးလည်း တွေ့တယ် မာမီ၊ အဲဒီလူကြီးက ဦးအောင်ထူးကြီး မဟုတ်ဘူး"

အမျိုးသမီးချော မျက်မှောင်ကြုတ်လိုက်မိသည်။ စဉ်းစားမရသောအသွင် ဖြစ်ပါ၏။

သားကြီးစိုးစိုးသည် ယခုဆို ရှစ်နှစ်ထဲသို့ရောက်နေပြီ။ တစ်တီယတန်း ရောက်နေပြီ။ တော်ရုံကိစ္စဆိုလျှင် သားစိုးစိုးသည် ပါးပါးနပ်နပ်နှင့် သိရှိနားလည်သည်။ ပင်ကိုဉာဏ်လည်း အလွန်ကောင်းသည်။ သူ့ညီမလေး ပိုးပိုးကိုလည်း သိပ်ချစ်သည်။





သားသားစိုးစိုးနှင့် သမီးလေးပိုးပိုး၏ဖခင် အမျိုးသမီး၏ခင်ပွန်း ယော်ကျ်ားသည် လွန်ခဲ့သော တစ်နှစ်ခွဲက ကွယ်လွန်သွားပြီးနောက် အမျိုးသမီးမှာ ဘာမဆို သားကြီးစိုးစိုးနှင့် တိုင်ပင်လေ့ရှိသောကြောင့် ဘဝ ဦးအရ သားကြီးစိုးစိုးပို၍ အသိဉာဏ်ကြွယ်လာခြင်းလည်း ဖြစ်သည်။

လင်ယောကျ်ား ခင်ပွန်းသည် ကွယ်လွန်စဉ်က သမီးငယ်လေး ပိုးပိုးမှာ အသက်လေးနှစ်ပင် မပြည့်သေး။ ဘာကိုမှ သဲသဲကွဲကွဲ မသိတတ်သေးသော အရွယ်လေး ဖြစ်ပါ၏။ သူမ၏အစ်ကို သားကြီးစိုးစိုးနောက်မှ တကောက်ကောက်လိုက်နေပြီး အစ်ကို ခိုင်းသမျှ လုပ်ပေးနေသူလေးဖြစ်သည်။

သူမတို့၏ဖေဖေ သင်ထားသည့်အတိုင်း ဖခင်ကို ဒက်ဒီဟုခေါ်ပြီး မိခင် သူမကို မာမီဟု ခေါ်ကြသည်။

"ဒါဆို ဘယ်သူလာတာဖြစ်မလဲ သားရယ်၊ ကေန္တ သားသား အိပ်မက်မက်ပြီး ရုတ်တရက် လန့်နိုးတာကော၊ အိပ်မက်ကို တကယ်ထင်နေတာများလား"

"ဟာ ... မာမီကလည်း စိုးစိုး မျက်စိနဲ့ သေချာမြင်တာ ဟုတ်တယ်နော် ညီမလေး"

"ဟုတ်တယ် မာမီ၊ ပိုးပိုးလည်း မြင်လိုက်တာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးသည် ရေချိုးပြီး ရေချိုးခန်းမှ ထွက်ခါစမို့ ပြောရင်းပင် သူမ၏ အိပ်ခန်းဆီသို့ လျှောက်သွားသည်။

စိုးစိုးနှင့်ပိုးပိုးမှာ မီးရထားခေါင်းတွဲနောက်က ချိတ်ထားသောတွဲများ လိုက်ပါလာသလို သူတို့မာမီနောက်မှ စိစိရိရိ လိုက်လာကြသည်။

"အဲဒီလူကြီးက ဒက်ဒီ့အရွယ်လောက်ရှိပြီ၊ အရပ်ရှည်တာလဲ ဒက်ဒီလောက်ပဲ၊ ဒါပေမဲ့ ကိုယ်လုံးကျတော့ ဒက်ဒီထက် ပိုတောင့်တယ်၊ ဒက်ဒီက ဗိုက်ပူတယ်၊ အဲဒီလူကြီးက ဗိုက်မပူဘူး၊ အဲဒီလူကြီးက ဒက်ဒီ့ထက်ပိုချောပြီး ဒက်ဒီ့ထက် ပိုကြည့်ကောင်းတယ်"

အမျိုးသမီးသည် တစ်ပတ်ရစ်လျှော်ပြီး မီးပူတိုက်ပြီးသား ထဘီတစ်ထည်ကိုယူဝတ်ကာ ရင်လျားပြီး ပတ်ထားသော မျက်နှာသုတ် ပဝါကြီးကို ခွာချလိုက်သည်။

လျှော်ပြီးသား မီးပူထိုးပြီးသော ဘလောက်(စ်)အင်္ကျီ မွမွခါးရှည်ကို ထပ်ဝတ်ကာ ထဘီကိုလျှောချပြီး ဘလောက်(စ်) အောက်တွင် ဝတ်ရိုးဝတ်စဉ်အတိုင်းဝတ်ကာ ဘလောက်(စ်)အောက်နားကို အပြင်ထုတ်ထားသည်။

ထို့နောက် မှန်တင်ခုံတွင်ထိုင်ကာ ဘီးနှင့်ဘရပ်နှင့် ဆံပင်အုံကို ရှင်းသည်။





"သားစိုးစိုးက အခိုင်အမာပြောတယ်၊ သမီးလေး ပိုးပိုးက လည်း မြင်လိုက်တယ်ဆိုတော့ မာမီ ရေချိုးခန်းဝင်နေတုန်း အိမ်ထဲ သူခိုးဝင်တယ်ထင်တယ်၊ လာ မာမီတို့ ဘာပစ္စည်း တွေ ပျောက်သွားလဲလို့ လိုက်စစ်ဆေးကြည့်ရအောင်"

"စစ်ဆေးမနေနဲ့ မာမီ၊ အိမ်က ဘာပစ္စည်းမှ ပါမသွားဘူး၊ သူ ထွက်သွားတာ သားတို့ မြင်တာပဲဟာ၊ သူ့လက်ထဲ ဘာပစ္စည်းတစ်ခုမှ ပါမသွားဘူး၊ သူခိုးတော့ မဟုတ်ဘူး မာမီ"

"သူခိုးမဟုတ်ရင် ဘာလို့အိမ်ထဲဝင်သလဲကွယ်"

"သူခိုးဆိုရင် အိမ်က ပစ္စည်းတစ်ခုခု ဘာလို့ယူမသွားတာလဲ မာမီ"

သား ပြောပုံကို အမျိုးသမီးက ရယ်လေသည်။

"သူခိုး သူတော်ကောင်းမို့ ဘာမှယူမသွားတာ ဖြစ်မှာပေါ့ သားရယ်၊ ကဲ ... သားနဲ့ သမီးလေး အိပ်ရာပြန်ဝင်တော့ မာမီ လိုက်သိပ်ပေးမယ်နော်"

သားလေးနှင့် သမီးလေး ပြန်အိပ်ပျော်သည်အထိ အမျိုးသမီးက ပုံပြော၍ သိပ်လေသည်။

အမျိုးသမီးသည် သားနှင့်သမီးကို ပုံပြော၍သိပ်ရာတွင် ...



www.burmeseclassic.com

www.burmeseclassic.com



ရွှေဟုန်နှင့် ရွှေကျား သက်ကယ်ရိပ်သွား ဆိုသည့် ဒဏ္ဍာရီပုံပြင်ဆန်းကို ဘယ်တော့မှ ပြောလေ့မရှိ။

အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ၊ ဦးအောင်ဇေယျစသည့် သူရဲကောင်းဘုရင်များ အတ္ထုပ္ပတ္တိကိုသာ ပြောပြသည်။

ယခုလည်း စစ်သူကြီး မဟာဗန္ဓုလအကြောင်း ပြောပြစဉ်မှာပင် သားစိုးစိုး သမီးပိုးပိုးလေးတို့ အိပ်ပျော်သွားကြလေပြီ။

❂ ✻ ❂





## ၂

ရွှေကျိုက်တော်မြို့မှ ရဲအုပ်ကိုအောင်ထူးသည် ရာထူးဝတ်စုံ ယူနီဖောင်းကို သပ်ရပ်ကြည့်ကောင်းအောင်ဝတ်ဆင်ပြီး စခန်းမှ ရဲကားပြာကို ကိုယ်တိုင်မောင်းကာ ရွှေကျိုက်တော်လမ်းမကြီးအတိုင်း မောင်းလာခဲ့သည်။

ရွှေကျိုက်တော်မြို့ မြောက်ဘက် မြစ်ကြီးထဲရှိ လူပခေတ်မီသော တစ်ထပ်တိုက်လေး၏ ဆင်ဝင်အောက်တွင် ကားပြာကို ရပ်လိုက်သည်။

"လာ ... လာ ကိုအောင်ထူး ဒီကောင်တိုက်မောင်းနဲ့ကျုပ်တောင် ကိုအောင်ထူးအကြောင်း ပြောနေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်သူဌေး ဦးသြဘာက ဆိုဖာကြီးပေါ် ထိုင်နေရာမှ ကားပြာပေါ်မှဆင်းလာသော ရဲအုပ်ကိုအောင်ထူးကို ထပြီးနှုတ်ဆက်လိုက်သည်။ ဦးသြဘာ၏တပည့် တိုက်မောင်းက အဝင်ဝအထိထွက်ပြီး ကိုအောင်ထူးကို ကြိုဆိုပေသည်။

ကိုအောင်ထူးနှင့်တကွ အားလုံးသည် ဆိုဖာအသီးသီးတွင် ပြန်ထိုင်သည်။

"အခု ဘယ်သွားမလို့လဲ မောင်အောင်ထူး"

"မေဒါဝီရွာဘက်ကို သွားမလို့ ဦးသြဘာ၊ မေဒါဝီရွာဟာ ရွာကြီးဖြစ်ပေမယ့် ကျွန်တော် တာဝန်ယူရတဲ့ နယ်မြေအစွန်ပိုင်း ရောက်နေတယ်ဆိုတော့ မကြာခဏ သွားကြည့်ရတယ်၊ အဲဒါ ဦးသြဘာ ဘာမှာစရာရှိသေးလဲလို့ ကျွန်တော် ဝင်လာမေးတာ"

ဦးသြဘာ၏တပည့် တိုက်မောင်းက ဝင်ပြောသည်။

"လုပ်မနေစမ်းပါနဲ့ ကိုအောင်ထူးရာ ဓာတ်သိအချင်းချင်းတွေပဲဟာ၊ မေဒါဝီကိုသွားပြီး မထွေးလိုလို့ဝဲတဲ့ ရွှေစွန်ညိုကြီး သွားဝဲမလို့ မဟုတ်လား"

ဦးသြဘာက မသိသလို ဝင်မေးသည်။





"ဘာလဲကွ တိုက်မောင်း မင်း ပြောတဲ့ မေဒါဝီက မထွေးဆိုတာ ဟိုဆန်စက်ပိုင်ရှင် အမျိုးသမီးချောချောလေး မေကျော့ခိုင်ကို ပြောတာလား"

"ဟုတ်ပါ့ အာစရိ၊ ဟောဒီ ရဲအုပ်အရာရှိ ကိုအောင်ထူးက မေဒါဝီက မေကျော့ခိုင်ကို သွားဝဲနေတာ ကြာပဲကြာပြီ အာစရိရဲ့"

"ဟုတ်လား၊ ဒါဆိုရင်တော့ သိပ်ကိုဟန်ကျတာပေါ့ကွာ၊ ငါတို့ရဲ့ မေဒါဝီဟိုတယ် တည်ဆောက်မယ့်ကိစ္စကြီး ပိုပြီးအဆင်ပြေသွားတာပေါ့၊ အခုလက်ရှိအခြေအနေက အဲဒီ မေကျော့ခိုင် အမျိုးသမီးက ခေါင်းမာလွန်းနေတယ် မဟုတ်လား တိုက်မောင်း"

ဦးသြဘာသည် ထိပ်တန်း တကယ့် စီးပွားရေးသမားကြီးဖြစ်သည်။ သူ၏အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက်ဆိုပါက ဘာမဆို လုပ်ဆောင်ခဲ့သောကြောင့်လည်း ယခုလို အထွတ်အထိပ် ချမ်းသာလာသူဖြစ်သည်။

ယခု သူတို့နေသော ရွှေကျိုက်တော်မြို့နှင့် (၈)မိုင်ခန့် ကားလမ်းခရီးကွာဝေးသော မေဒါဝီတွင် တကယ့်စံချိန်မီ ဟိုတယ်ကြီးတစ်ခု တည်ဆောက်ရန် ဆောက်လုပ်ရေး ပစ္စည်းများပင် တော်တော်များများ ဝယ်ယူစုဆောင်းထားပြီးဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ခေတ် နိုင်ငံခြားနှင့် ကူးသန်းရောင်းဝယ်ခွင့်များ တော်တော်များများ အပိတ်ပင်ခံရပြီး သွင်းကုန်ထွက်ကုန် လုပ်ငန်းကြီးများ လုပ်ခွင့်မရဘဲ ငွေတွေများစွာ ပိုလျှံချမ်းသာနေသော စီးပွားရေးသမားတချို့တွင် ဦးသြဘာတစ်ဦးလည်း အပါအဝင် ဖြစ်ပေသည်။

ထိုသို့ ဦးသြဘာလူလို ငွေတွေမြောက်မြားစွာ ပိုလျှံပြီး ငွေအိပ်နေသူများသည် ပြည်တွင်း အခြားလုပ်ငန်းကြီးတွေသို့ ကူးပြောင်းလုပ်ကိုင်နေကြသည်။

ပလာဇာ စတိုးဆိုင်ကြီးတွေ ဟည်းနေအောင် တည်ဆောက်ဖွင့်လှစ်ခြင်း၊ ရှုခင်းကောင်း နေရာကောင်းမြေကောင်း ပင်လယ်ကမ်းခြေမျိုးတွင် နိုင်ငံခြားသားရော ပြည်တွင်းငွေကြေးရှင်တွေရော အပန်းဖြေ သွားလာနိုင်စေရန် တည်းခိုခန်းတွေ ဟိုတယ်ကြီးတွေ အပြိုင်အဆိုင် သူ့ထက်ငါသာအောင် ဆောက်လုပ်ရောင်းချ စီးပွားရေးကွက်ဝင်လာခြင်း စသည်များ ပြုလုပ်နေကြသည်မှာ ငွေကြေးကြွယ်ဝလွန်းသော သူဌေးဖက်ရှင်ပြိုင်ပွဲဝင် ဖြစ်နေသည်။

ရွှေကျိုက်တော်၏ မြို့စွန်ရှိ မေဒါဝီရွာ နေရာသည် ကြီးမားခံ့ညားသော ဟိုတယ်ကြီးဆောက်လျှင် အကျိုးအမြတ်များ





စွာရရှိမည်ကို စီးပွားရေးသမားကြီး ဦးသြဘာက မြင်တွေ့မျက်စိကျခဲ့သည်မှာ အတန်ကြာပြီ။

အထူးသဖြင့် နယ်စပ်နှင့်နီးသည်။ ဟိုနိုင်ငံသည်နိုင်ငံဘက်သို့ ကူးလူးဆက်ဆံပြီး စီးပွားရှာသူများအတွက် တစ်ထောက်နားချင်နေစရာ နေရာကောင်းဖြစ်သည်။

အဓိကနေရာဖြစ်သည်။

ပြီး မေဒါဝီရွာကြီး၏ ဝန်းကျင်ဒေသသည် အလွန်သာယာသည်။ အမဲပစ်ဝါသနာပါသူကို အမဲပစ်ခွင့် တောင်းခံရရှိဖို့ ဆောင်ရွက်ပေးနိုင်လျှင် နိုင်ငံခြားသား အမဲပစ်ဝါသနာအိုးများ၊ မျက်စိကျနိုင်သော တောတွေတောင်တွေရှိသည်။

ရေမြေအရဆိုလျှင် မေဒါဝီရွာကြီး၏ဘေးမှ ဖြတ်စီးဆင်းသွားသော ဒါလီချောင်းရှိသည်။

အမှန်တော့ ဒေသအခေါ်အဝေါ်အရ 'ဒါလီချောင်း' ဟု အစဉ်အလာအရ ခေါ်တွင်စေကာမူ ချောင်းအဆင့်ထက်ပို၍ ကျယ်ပြောရှည်လျားသည်။ 'ဒါလီမြစ်'ဟု ခေါ်လောက်သည်။ ဟိုဘက်ကမ်း သည်ဘက်ကမ်းကို မှန်ဘီလူးဖြင့် ကြည့်ယူရအောင် ရေပြင်ကျယ်သည်။ ဒါလီချောင်း၏ ဟိုဘက်ကမ်းသို့ မှန်ဘီလူးဖြင့် လှမ်းကြည့်ပါက အလွန်သာသော တောတောင်တွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျေးငှက်သရက်ကာတွေ ရှိသည်။ ဟိုတယ်ဖွင့်ပြီးပါက ဟိုဘက်ကမ်း သည်ဘက်ကမ်း ကူးကြည့်ဖို့ မော်တော်ဘုတ်အကောင်းစားတွေ ဝယ်ပြီး ငှားစားနိုင်သည်။

ဒါလီချောင်းရေက ဘာသတ္တုဓာတ်တွေမှမပါသော ရေကြည်ရေသန့်ဖြစ်သည်။ တောင်ကျချောင်းရေမို့ အေးမြသည်။ ကမ်းစပ်ရေတိမ်အောက်ပိုင်း သဲနှင့် ကျောက်စရစ်ခဲများသာရှိသောကြောင့် ရေကူးကန်များပင်ထားရှိဖို့မလိုဘဲ သဘာဝအတိုင်း ရေဆင်းကူးနိုင် ရေကစားနိုင်သည်။ ထိုသို့ မေဒါဝီတွင် သူ့ဖွေးဦးသြ၏ ဟိုတယ်ဆောက်လုပ်ရေး စီမံကိန်းတွင် မေဒါဝီရွာ အစွန်ပိုင်းရှိ မေကျော့ခိုင် ပိုင်သောမြေနေရာက အဓိက သိပ်ကျနေသည်။

ထို့ကြောင့် မေကျော့ခိုင် ပိုင်ဆိုင်မြေကို ဦးသြဘာက ကြိုက်ဈေးပေးဝယ်ရန် စကားကမ်းလှမ်းသည်။ မေကျော့ခိုင် စိတ်ကြိုက် ရွေးကျိုက်တော်မြို့တွင်ဖြစ်စေ မေကျော့ခိုင် ပြောင်းရွှေ့ပေးလျှင် စက်ရုံမှအစ အိမ်ကိုပါ လက်ရှိပုံစံအတိုင်း ဦးသြဘာက အကုန်အကျခံကာ ပုံစံမပျက် ပြောင်းရွှေ့ပေးမည်။ ဝယ်ယူလိုက်သော မြေအကျယ်အဝန်း ဧကကိုလည်း မေကျော့ခိုင် တောင်းခံသော ဈေးနှုန်းအတိုင်း ပေးဝယ်မည်။

သို့သော် ...





မေကျော့ခိုင်က ငွေတွေ ဘယ်လောက်ပုံပေးပုံပေး သူ့မြေ သူ့ခြံ သူ့အိမ်မှ လုံးဝမပြောင်းရွှေ့နိုင်ပါ မရောင်းနိုင်ပါဟု တင်းခံထားသည်။

အကြောင်းမှု ...

ဤနေရာ ဤမြေတွေသည် သူမ၏ခင်ပွန်း ရွာစတည်ကတည်းက ပင်ပင်ပန်းပန်း ပြုစုပျိုးထောင်လာသောနေရာနှင့် အဆောက်အအုံတွေ ဖြစ်သောကြောင့်ပါတည်း။

ဦးသြဘာတလည်း အငမ်းမရလိုချင်။

မေကျော့ခိုင်ကလည်း လုံးဝ ခေါင်းမညိတ်သော အခြေအနေ ဖြစ်နေသည်။

အကယ်၍ ...

ကိုအောင်ထူးနှင့် မေကျော့ခိုင် အဆင်ပြေသွားပါက ထိုခြံမြေတွေကို ကိုအောင်ထူးမှ တစ်ဆင့် ဝယ်ယူရရှိနိုင်မည်ဟု ဦးသြဘာ တွက်သောကြောင့် ဖြစ်ပါ၏။

ကိုအောင်ထူးသည် ဦးသြဘာ၏ ခါးပိုက်ထဲရောက်ပြီဟု ဦးသြဘာ အပိုင်တွက်ထားသည်မို့ ဖြစ်ပါ၏။

ကိုအောင်ထူးက စားပွဲပေါ်ရှိ စီးကရက်ဘူးမှ တစ်လိပ် ထုတ်ယူ မီးညှိနေစဉ် တိုက်မောင်းက စကားပြန်ဆက်မေးသည်။

www.burmeseclassic.com



"ဘယ်လိုလဲ တော်တော်နီးစပ်နေပြီလား ကိုအောင်ထူး မေကျော့ခိုင်နဲ့လေ"

ကိုအောင်ထူးက ပခုံးတွန့်ပြသည်။

"မေကျော့ခိုင်က သိပ်မလွယ်ဘူးဗျ၊ တော်တော်အသည်းမာတယ်၊ ခေါင်းလည်း တော်တော်မာတာပဲ၊ သတ္တိလည်း ရှိတယ်"

"ဘာလဲ ခင်ဗျား ကပ်လို့မရဘူးလား"

"အကပ်မခံဘူးလို့လည်း လုံးလုံးလျားလျားကြီး မဟုတ်ဘူးဗျ၊ သူက မုဆိုးမ ကလေးနှစ်ယောက်အမေမို့ စဉ်းစားစရာ အများကြီးလိုတယ်လို့ ပြောတယ်"

"ဒါဆို ကိုအောင်ထူးကို စဉ်းစားပါမယ်ဆိုတဲ့သဘော သက်ရောက်နေတာပဲ၊ အမျိုးသမီး တစ်ဦးဆီက စဉ်းစားဦးမယ်ဆိုတဲ့စကားဟာ ကိုယ့်ဘက်ပါနေပြီမှန်း အနည်းဆုံး ငါးဆယ်ရာခိုင်နှုန်း ထားနိုင်တယ် ကိုအောင်ထူး"

"မထင်နဲ့ ကိုတိုက်မောင်း မေကျော့ခိုင်ကို တခြား ယေဘုယျ အမျိုးသမီးတွေနဲ့ နှိုင်းယှဉ်တွက်လို့ မရဘူး၊ မေကျော့ခိုင်မှာ တခြား အမျိုးသမီးတွေနဲ့ မတူတာတွေ အများကြီး ရှိတယ်"





"ဒါတော့ဗျာ ကိုအောင်ထူးက လူပျိုလူလွတ် လက်ရှိရဲအုပ်ရာထူးရှ အသက်လည်း သုံးဆယ်ပဲ ရှိသေးတယ်၊ ဘာမှ ငြင်းစရာမရှိဘူး၊ အဲ ... သူ့ယောက်ျားသေတာ တစ်နှစ်ခွဲပဲ ရှိသေးလို့ သူများကဲ့ရဲ့မှာစိုးရိမ်ပြီး သူ့သိက္ခာသူ ထိန်းနေတာပဲ ဖြစ်မှာပါ၊ တမင် အချိန်ဆွဲထားတာ ကျုပ် လောင်းရဲတယ်၊ ကိုအောင်ထူးကသာ တကယ်တမ်း တရားဝင် လက်ထပ်ယူမယ်ဆိုရင် မေကျော့ခိုင် ခင်ဗျားကို လက်ခံလာမှာပဲ"

"အဲဒီလို ဖြစ်ရပါလို၏လို့ ကျွန်တော် ဘုရားမှာ ဆုတောင်းနေတာပဲ ကိုတိုက်မောင်း"

ဦးဩဘာ ဝင်ပြောသည်။

"ဩော် ... မောင်အောင်ထူး အဲဒီ မေဒါဝီရွာမှာ ကျုပ်ပစ္စည်းတွေ ဂိုဒေါင်နဲ့ လှောင်ထားတာ ကိုအောင်ထူး အသိပဲ၊ ဘိလပ်မြေအိတ်တွေ၊ သံထည်ပစ္စည်းတွေ၊ အုတ်တွေနဲ့ တခြား အဖိုးတန် ပစ္စည်းအများကြီး ရှိနေပြီ၊ မေဒါဝီရွာက ကိုအောင်ထူး အုပ်ချုပ်ရေး ကိုင်တွယ်တဲ့ နယ်မြေထဲမှာ ဆိုတော့ ကျုပ်ပစ္စည်းတွေကို အထူး စောင့်ရှောက်ပေးပါဗျာ၊ အန်ကယ် ကျေးဇူးသိတတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တာဝန်အရ စောင့်ရှောက်တာကတော့ နေ့စဉ်ပဲပေါ့ ဦးသြဘာ၊ ဒါပေမဲ့ ဦးသြဘာ ပစ္စည်းတွေကို ကျွန်တော် အထူးပိုပြီး ဂရုစိုက်ပေးပါ့မယ်၊ ကဲ ... ကျွန်တော် သွား လိုက်ပါဦးမယ်"

ကိုအောင်ထူးသည် သူ့ရဲ့ကားပြာကို မောင်းထွက် သွားလေမှ တိုက်မောင်းက သူ့ဆရာကြီး ဦးသြဘာကို မေးမြန်း ပြောဆိုသည်။

"ဒါဆို အာစရိအနေနှင့် မေဒါဝီမှာ ဟိုတယ်ဆောက်ရေးကို အချိန်ဆွဲလွန်းရာ ရောက်မနေဘူးလား အာစရိ ကိုအောင် ထူးနဲ့ မေကျော့ခိုင် လက်ထပ်ပြီးမှ ဟိုတယ်ဆောက်လုပ် ရေးလုပ်ငန်း စရတော့မလို ဖြစ်နေပြီ"

ဦးသြဘာက လောကကြီးကို အောင်နိုင်သူ ပုံစံဖြင့် တဟဲဟဲ ရယ်လိုက်သေးသည်။

"မှတ်ထား တိုက်မောင်း၊ ငါးဖမ်းတဲ့နေရာမှာ နည်းအမျိုး မျိုးရှိတယ်၊ အဓိကကတော့ ငါးမိဖို့ပဲ မဟုတ်လား၊ ထိုင် ပြီးမျှားတဲ့နည်း၊ ကွန်ပစ်မျှားတဲ့နည်း၊ ကိုင်းထောက်တဲ့နည်း တွေထဲမှာ အခု ငါ သုံးနေတဲ့နည်းက ကိုင်းထောက်မျှား နည်းကို သုံးနေတာကွ"





"ဘာလဲ ကိုင်းထောက်မျှားနည်းဆိုတာ"

"မင်း ငအပဲ တိုက်မောင်း၊ ကိုင်းထောက်နည်းဆိုတာ ငါးမျှားချိတ်မှာ ငါးစာတတ်ထားပြီး ငါးမျှားတံကိုင်းတွေကို နေရာအနှံ့အပြားမှာ ချထောက်လိုက်တာ၊ ကိုင်းထောက်ထား ပြီး ကိုယ်က လုပ်စရာရှိတာတွေ တခြားအလုပ်တွေ လျှောက်လုပ်ပြီး အားလပ်မှ ထောက်ထားတဲ့ကိုင်း က မိနေတဲ့ ငါးတွေကို တစ်ကိုင်းပြီးတစ်ကိုင်း လိုက်ဖြုတ် ယူတာ၊ လူလည်း မပင်ပန်း တခြားအလုပ်လည်း မပျက်ပဲနဲ့ ငါးတွေရတဲ့ နည်းလေကွာ"

တိုက်မောင်း ခေါင်းညိတ်ပြီး သဘောပေါက်သွား သည်။

"အေး ... မြန်မြန်လိုချင်ရင်တော့ ကွန်ပစ်တဲ့နည်းပဲ၊ ကွန်ပစ်နည်းကတော့ အမြင်ကြမ်းတယ်ပေါ့ကွာ၊ ငါ ကွန်ပစ် နည်းစပြီဆိုရင် မင်းပဲ ဦးစီးခေါင်းဆောင် လုပ်ရမှာပဲ တိုက်မောင်း၊ အလုပ်လုပ်ဖို့ အသင့်စောင့်နေပေတော့"

❂ ✻ ❂



www.burmeseclassic.com

www.burmeseclassic.com



၃

သူသည် အလွယ်တကူ တုတ်တိုနှင့် ပစ်၍ရရှိသော ယုန်တစ်ကောင်ကို အရေခွံခွာ အူအသည်းတွေထုတ် ရေစင်စင်ဆေးပြီး မနေ့က တိုင်စိုက်မီးဖိုမှာပင် ယုန်ကောင်ကို ဝါးခြမ်းတွင် ကန့်လန့်တင် မီးကင်ပေသည်။

ဤရွာသည် မေဒါဝီရွာဖြစ်သည်။ ရွှေကျိုက်တော်မြို့တွင်း အပါအဝင် ရွာကြီးတစ်ရွာဖြစ်ကြောင်း သိရှိပြီးလေပြီ။

သူသည် ယုန်ကင်အကျက်ကိုစောင့်ရင်း သူ့တွင်ပါရှိသော အိတ်အသေးစားလေးထဲမှ စာခေါက်ကိုယူလိုက်ရာ အိတ်ထဲတွင် ယူဆောင်လာသော ပစ္စတိုကိုပါ တွေ့ရှိသဖြင့် ပစ္စတိုကို ထုတ်ယူ ခါးကြားတွင် ထိုးထားလိုက်သည်။





သူသည် စာရွက်ခေါက်ကို ဖွင့်မဖတ်သေးဘဲ အိတ်ထဲတွင်ရှိသော ငွေစက္ကူ အထပ်လိုက်ကို ငေးကြည့်နေသည်။ ငါးရာတန်တစ်အုပ်၊ နှစ်ရာတန်နှစ်အုပ်နှင့် တစ်ရာတန်တစ်အုပ် ဖြစ်သည်။

အားလုံး သူ့တွင် ငွေတစ်သိန်း ပါရှိလာသည်။

ဤငွေတစ်သိန်းသည် သူ၏ညီတော်မောင်နေလင်းက အလွယ်တကူ အိမ်တွင် ရှိသမျှငွေကို ထည့်ပေးလိုက်ခြင်းဖြစ်သည်။

သူ တိမ်းရှောင်နေရသောကာလတွင် သုံးစွဲရန်ထည့်ပေးလိုက်ခြင်း ဖြစ်သည်။

စာခေါက်ကို သူ ဖွင့်ဖတ်သည်။

"ကိုကိုနေမင်း ...

ငွေတစ်သိန်း ထည့်ပေးလိုက်တယ်၊ လတ်တလောမို့ အိမ်မှာ သုံးရန်ဆောင်ထားသော ရှိသမျှငွေကို ထည့်ပေးရတယ်၊ ဘဏ်မှာထုတ်ချိန်မရတော့လို့၊ ကိုကိုနေမင်း ငွေထပ်လိုလျှင် လျှို့ဝှက်ဆက်သွယ်ပါ၊ ဘဏ်မှာငွေတွေအများကြီး ရှိနေတာပဲဟာ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ နောက်ဆုံးအခြေအနေကတော့ မမစိမ်းကို ဆေးရုံပို့လိုက်တယ်၊ ကျည်ဆန်က မမစိမ်း ရင်ဘတ်ကိုထိပြီး ခွဲစိတ်ကုသရတယ်၊ သေမလား ရှင်မလားဆိုတာတော့ မသိရသေးဘူး၊ မစိမ်းမိဘတွေဘက်က အမှုဖွင့်တယ် ...

ရဲတွေက ကိုကိုမင်းကို အပူတပြင်း ရှာနေကြတယ်၊ ပြေးပေတော့ ကိုကိုမင်း ...

ကျွန်တော့်ဆီကို ကိုကိုမင်း အဆင်ပြေသလို ဆက်သွယ်ပါ၊ ကိုကိုမင်း လိုအပ်တာ အားလုံး ကျွန်တော် ဆောင်ရွက်ပေးမယ် ...

ကိုကိုမင်းနဲ့မမစိမ်း လင်မယား စကားများကြရာက မမစိမ်းက ခေါင်းအုံးအောက်က ပစ္စတိုကိုဆွဲယူပြီး ကိုကိုမင်းကို ပစ်မှာမို့ ကိုကိုမင်းက သေနတ်ကိုပြန်လုရင်း မတော်တဆ ကျည်ဆန်ထွက် မမစိမ်းကို ထိမှန်သွားတာဖြစ်ပေမယ့် အခု မမစိမ်း မိဘတွေ တိုင်ချက်ဖွင့်တာကျတော့ ကိုကိုမင်းကပဲ မမစိမ်းကို တမင်ပစ်တယ်ဆိုတဲ့ သဘောရှိတယ်၊ မမစိမ်း သေသွားရင်တော့ ကိုကိုမင်းအပေါ်မှာ လူသတ်မှုပဲ၊ မမစိမ်း မသေဘဲ ပြန်အသက်ရှင်ရင် ဘယ်လိုထွက်ဆိုချက်ပေးဦးမလဲ မသိရသေးဘူးပေါ့ ...





ကျွန်တော့်ဆီကို အဆင်ပြေသလို ဆက်သွယ်ပါ၊ ကိုကိုမင်း လိုအပ်တာ အားလုံး ကျွန်တော် လုပ်ဆောင်ပေးမယ်။

ညီချစ် နေလင်း"

နေမင်းက ယုန်ကင်ပြီး စာဖတ်နေသောအချိန်တွင် ...

ရဲအုပ်ကိုအောင်ထူးသည် သူ့ရဲကားအပြာနှင့် မေဒါဝီရွာဘက်သို့ ဝင်လာသည်။

ရွာမြောက်ပိုင်းစွန်းအထိ မောင်းလာကာ မေကျော့ခိုင်၏ ခြံကျယ်ကြီးထဲသို့ ကားဝင်လိုက်သည်။

အိမ်ရှေ့ကားရပ်ကြီး ဆင်းသည်။

ကိုအောင်ထူးကား ဝင်လာသည်ကို အကြီးကောင် စိုးစိုးက တစ်နေရာမှလှမ်းမြင်ပြီး ညီမငယ်ပိုးပိုးကိုပြောပြီး ခြံထဲမှ လှစ်ခနဲ စိုးစိုး ထွက်သွားသည်။

စိုးစိုး မြောက်ဘက်တောတန်းဆီသို့ ထွက်လာခဲ့သည်။ စိုးစိုးတွင် သားရေလောက်လေးခွနှင့် လောက်စလုံး လွယ်အိတ်ပါသည်။

ဤသို့သော ညနေဆောင်းအချိန်ဝယ် ချိုးငှက်ကလေးတွေ၊ ဆက်ရက်ငှက်လေးတွေနှင့် အခြားငှက်မျိုးစုံ တောဆီသို့ အိပ်တန်းတက်ရန် ပျံလာနေကြဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးသည် မာမီ မေကျော့ခိုင် အလစ်ကို စောင့်ကြည့်နေပြီး မာမီ လစ်သည်နှင့် ဤသို့ ငုက်ပစ်ထွက်သည်။

ယခုလည်း ရဲအုပ်ဦးအောင်ထူး ရောက်လာသည်ကို တွေ့သည်နှင့် စိုးစိုး လစ်ထွက်လာခြင်းဖြစ်သည်။

ဦးအောင်ထူးကြီးလာလျှင် မာမီက ဧည့်ခံစကားပြောတတ်သဖြင့် စိုးစိုးအတွက် လစ်ချိန်ရသည်။ မာမီ့နားတွင် ညီမလေး ပိုးပိုး မပြတ်နေခဲ့ရန်လည်း မှာခဲ့သေးသည်။

တောထဲတွင် စိုးစိုး ဟိုပစ်သည်ပစ်နှင့် ချိုးနှစ်ကောင် ပင်ရပြီ။

စိုးစိုး ဆက်လျှောက်လာစဉ် ဤတောထဲတွင် တစ်ခါဖူးမျှ မတွေ့ခဲ့ဖူးသော အစိမ်းရောင်တဲတစ်လုံးနှင့် တဲရှေ့အပြင်ဘက်တွင် မီးဖိုပြီး ယုန်တစ်ကောင် ကင်ထားသည်ကို တွေ့ရသည်။

စိုးစိုး အံ့သြစွာဖြင့် ပလပ်စတစ်တဲစိမ်းနှင့် အပြင်ဘက် ယုန်ကင်ထားသည်ကို ငေးကြည့်နေစဉ်မှာပင် တဲစိမ်းထဲမှ ပစ္စတိုကိုင်ပြီး ကိုနေမင်း ထွက်လာသည်ကို မြင်ရသည်။

အလွန်နားပါးသော ကိုနေမင်းသည် အပြင်ဘက် အီနီးအနားတွင် တစ်စုံတစ်ခုသော ခြေသံကြားသဖြင့် ပစ္စတိုကို ကိုင်ပြီး ထွက်လာခြင်းဖြစ်ပါ၏။





ချာတိတ်စိုးစိုး အပြင်တွင်ရပ်နေသည်ကို တွေ့ရသည်။ သူ့လက်ထဲတွင်ကား လေးခွနှင့်ချိုးနှစ်ကောင် ကိုင်ထားသည်ကိုပါ နေမင်း တွေ့ရသည်။

မနေ့ညက မိမိ သွားရောက်ခဲ့သောအိမ်မှ အိပ်နေသော ကောင်လေးမှန်း နေမင်း ချက်ချင်းသိသည်၊ မှတ်မိသည်။

စိုးစိုးက ပစ္စတိုကိုင်ထွက်လာသော နေမင်းကို ကြောက်ရွံ့သောအကြည့်ဖြင့် ကြည့်နေသည်။

နေမင်းသည် ပစ္စတိုကို ခါးကြားထိုးကာ ယုန်ကင်နားတွင်ရပ်နေသော စိုးစိုးဆီသို့ လျှောက်လာသည်။

"ဦးဦးက ဒီတောထဲမှာ နေတာလားဟင်"

နေမင်း ဘာမှပြန်မဖြေသေးဘဲ ချာတိတ်ကို အကဲခတ်နေသည်။

ရဲအဖွဲ့သည် တစ်ခါတရံ အမှုလိုက်ရာတွင် ထိုကဲ့သို့ ချာတိတ်များအား သူတို့၏ ထောက်လှမ်းရေး စုံစမ်းရေးတွင် အသုံးပြုတတ်ကြောင်း နေမင်း တွေ့ဖူးကြားဖူးသည်။

ယခု ချာတိတ်သည် သူ့ဟာသူ သွေးရိုးသားရိုး ငှက်ပစ်ရင်း ရောက်လာခြင်းလား သို့မဟုတ် ပလပ်စတစ်တဲအိမ်တွင် မိမိထွန်းထားသော ဖယောင်းတိုင်မီးရောင်ကိုမြင်ပြီး ချာတိတ်ကိုစုံစမ်းရန် လွှတ်လိုက်ခြင်းပေလား။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်သူလဲ၊ ဘယ်မှာနေလဲ၊ ဒီအချိန် ဒီတောထဲ ဘာလို့ရောက်လာသလဲ ချာတိတ်"

"စိုးစိုးတဲ့၊ ကျွန်တော့်နာမည် စိုးစိုး၊ စိုးစိုး ဘယ်မှာနေမှန်း ဦးဦး သိပါတယ်နော်၊ မနေ့ညက စိုးစိုးတို့အိမ်ကို ဦးဦး လာပြီး အိပ်ခန်းတောင် ဝင်ကြည့်သွားတာပဲ"

ချာတိတ်စိုးစိုးက သူ့ကို မှတ်မိနေပါ၏။

ချာတိတ်ကို နေမင်း မှတ်မိသည်။ ချာတိတ်လက်ထဲမှ သားရေခွ၊ လွယ်ထားသော လောက်စလုံးလွယ်အိတ်နှင့် လတ်လတ်ဆတ်ဆတ် ချိုးနှစ်ကျောင်းကို ကြည့်ခြင်းဖြင့် ဒီချာတိတ် ရိုးရိုးသားသား ငှက်ပစ်လာခြင်းဟု အကဲခတ် ယူမှတ်လိုက်သည်။

နေမင်းသည် ယုန်ကင်ဆားတွင် ဒူးထောက်ထိုင်ချလိုသည်။

ယုန်ကင်မှာ မွှေးကြိုင်သော အနံ့ထွက်နေသည်။

"မနေ့က ငါ မင်းတို့အိမ်ရောက်တော့ အမျိုးသမီးတစ်ယောက် ရေချိုးခန်းထဲမှာ ရှိနေတယ်၊ အဲဒီအမျိုးသမီးက ဘယ်သူလဲ"

"အဲဒါ စိုးစိုးရဲ့မာမီပေါ့၊ နာမည်က ဒေါ်မေကျော့ခိုင်တဲ့"





ဒေါ်မေကျော့ခိုင်သည် စိုးစိုးနှင့် ချာတိတ်မလေး၏ မိခင်ဖြစ်လျှင် ဒီချာတိတ်နှစ်ယောက်၏ဖခင် ဒေါ်မေကျော့ခိုင်၏ ယောကျ်ားခင်ပွန်းကို မနေ့ညက အိမ်မှာ အဘယ်ကြောင့် မတွေ့ခဲ့ရပေသနည်း။

"မနေ့ညက စိုးစိုးတို့အိမ်ကို ဦးဦးလာတော့ စိုးစိုးတို့ရဲ့ ဖေဖေကို မတွေ့ပါလား၊ ခရီးထွက်သွားလား"

"ဒက်ဒီက မရှိတော့ဘူး သေသွားပြီ၊ ဒက်ဒီ သေတုန်းက ညီမလေးပိုးပိုးတောင် ကျောင်းမနေရသေးဘူး၊ အသက်ငယ်သေးလို့တဲ့"

ဒါလောက်ဆို ဤချာတိတ်အပေါ်တွင် နေမင်း ယုံကြည်သွားသည်။ ဤချာတိတ်သည် သွေးရိုးသားရိုး ငှက်ပစ်ရင်း ရောက်လာခြင်းသာဟု ယုံကြည်လိုက်ပေသည်။

ချာတိတ်စိုးစိုး ပြောသည်များကို ခြုံငုံဆက်စပ်ကြည့်လျှင် ဤမေဒါဝီရွာစွန် ခြံကျယ်ကြီးနှင့်အိမ်တွင် သေသွားသောသူတို့၏ဖခင် အိမ်ထောင်ဦးစီးရှိစဉ်က စက်ကိုလည်ပတ်ပြီး စက်လုပ်ငန်းဖြင့် မိသားစု ချောင်ချောင်လည်လည် နေခဲ့သည်။

ချာတိတ်တွေ၏ဒက်ဒီ သေဆုံးသွားသောအခါ ကျန်ခဲ့သောဇနီး ဒေါ်မေကျော့ခိုင်မှာ မုဆိုးမဘဝဖြင့် ကလေးနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့ကာ ဆက်ပြီးလှုပ်ကိုင်နိုင်ခြင်း မရှိသောကြောင့် စက်ကို ပိတ်ထားခြင်း ဖြစ်ရမည်ဟု ဆက်စပ်ရယူနိုင်ပေသည်။

ကရုဏာသက်စရာ မိသားစုလေးပါပေ။

စိုးစိုး၏ အင်္ကျီရုပ်မှာ သန့်ပြန့်သည်။ ရည်မွန်မှုရှိသည်။ အပြောအဆိုလေးတွေ ယဉ်ကျေးပြီး လှုပ်ရှားမှုလေးတွေက ချစ်စရာကောင်းသည်။

ကလေးချစ်တတ်သော နေမင်းသည် ချာတိတ်စိုးစိုး အပေါ်တွင် အကြင်နာစိတ်လေး သက်ရောက်သွားသည်။

"ဦးဦး နာမည်ကရော"

ဦးဦး နာမည်လား ...

နေမင်းသည် ဝရမ်းပြေးဖြစ်နေသည်။ သူ့နာမည်ကို လိမ်ပြောရကောင်းမလားဟု စဉ်းစားသည်။ သို့တစေ ...

နေမင်း ဖြစ်ပျက်ခဲ့သည်တို့က ရန်ကုန်မှာဖြစ်သည်။ ရန်ကုန်မှ ဤဝေးသီခေါင်လွန်းသော ရပ်ဝေးနယ်စပ်သို့ ရောက်နေပြီမို့ ဤနေရာဒေသတွင် မိမိအမည်မှန် ပြောပါကလည်း အရေးမကြီးဟု ယူဆလိုက်သည်။

ပြီး မြန်မာနာမည်များသည် တူညီစွာ ရှိနေတတ်သည်။ အခြားအမည်တူ နေမင်းတွေ များစွာရှိနိုင်သည်။





နောက်တစ်ချက် ရှိသေးသည်မှာ ယခု နာမည်လိမ်ပြောစေကာမူ တကယ်တမ်း သက်ဆိုင်ရာတွေက မိမိမှတ်ပုံတင်ကို စစ်ဆေးပါက မှတ်ပုံတင်ပါ အမည်က နေမင်းပင် ဖြစ်နေသဖြင့် နာမည်လိမ်ထားခြင်းက ပို၍အန္တရာယ် ရှိနိုင်သည်။

"ဦးဦးနာမည်က နေမင်း"

"ဒါဆို ဦးဦးနေမင်းပေါ့"

နေမင်း ခေါင်းညိတ်ပြသည်။

"မင်း ယုန်သားကင်စားမလား စိုးစိုး"

"ဟုတ်ကဲ့ စားချင်ပါတယ်၊ သိပ်မွှေးတာပဲ၊ တစ်ခါမှ မစားဖူးဘူး၊ မာမီက ကြက်သားဟင်း ဝက်သားဟင်းတွေပဲ ကျွေးတာ"

"အေး၊ ဒါဆို လာ စားကြမယ်။ စိုးစိုးရဲ့ ချိုးကလေးတွေကိုလည်း ဦးဦး ကင်ပေးလိုက်မယ်"

နေမင်းသည် တဲထဲမှ ထောပတ်ဘူး သွားယူပြီး ယုန်ကင်ကို ဓားမြှောင်ဖြင့်လှီးကာ ထောပတ်သုတ်သည်။ ယုန်ကင်က ပူလောင်လောင်မို့ ထောပတ်များ ယုန်ကင်သားထဲသို့ စိမ့်ဝင်သွားသည်။ အပေါ်ယံ ဆားလေးပွတ်ပြီး နှစ်ယောက်သား စားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးက ယုန်ကင်ကိုမစားမီ သူ့ရင်ဘတ်ပေါ်တွင် လက်အုပ်လေးချီပြီး ဘုရားတရားသံဃာ မိဘဆရာတို့ကို ကန်တော့ပါ၏ဟု ရွတ်ဆိုပြီးမှ ယုန်ကင်ကို စားသည်။

သားသမီးကို ကြည့်ခြင်းအားဖြင့် မိဘ၏ဓလေ့စရိုက်ကို သိနိုင်ပါ၏။

လူလိမ္မာသား ယဉ်ပါး။ လူမိုက်သား ရမ်းကားဟုပင် ဆိုရိုးရှိသည် မဟုတ်လော။

"ကောင်းလိုက်တာနော် ဦးဦး၊ အိမ်ကျရင် မာမီ့ကို ဦးဦးလုပ်တဲ့အတိုင်း လုပ်ခိုင်းဦးမယ်၊ ညီမလေးပိုးပိုးလည်း သိပ်ကြိုက်မှာ၊ ဒါပေမဲ့ ယုန်သားတော့ မရဘူး၊ ကြက်သားပဲရမှာ၊ ယုန်သားက ရောင်းတဲ့ဆိုင်မှ မရှိတာ"

စိုးစိုးအား သူ၏ဒက်ဒီ သေဆုံးပြီးနောက် ဘယ်လိုနေထိုင်ကြသလဲဟု နေမင်း မေးချင်သည်။

သို့သော် မမေးပါလေ။ မိမိ မေးလိုက်ခြင်းအားဖြင့် ယခု ပျော်ရွှင်နေသော စိုးစိုး သူ့ဖခင်ကို သတိရပြီး စိတ်ကလေး ညှိုးနွမ်းသွားမည်ကို စိုးရိမ်မိသည်။

"ဦးဦး ထမင်းမစားဘူးလားဟင်"

"မစားတော့ပါဘူးကွာ၊ ထမင်းချက်ရတာ ကယိကထများလွန်းလို့"





"မာမိက ပြောတယ်၊ ထမင်းမစားရင် ရင်ပူတယ်တဲ့၊ ဦးဦး ရင်ပူမှာပေါ့၊ စိုးစိုးက အိမ်ပြန်ရောက်ရင် ထမင်းစားဦးမှာ"

"ကဲ ... စိုးစိုးရဲ့ အကောင်လေးတွေ ဦးဦး လုပ်ပေးမယ်"

နေမင်း ချိုးလေးနှစ်ကောင်၏ ခြေထောက်နှင့် နုတ်သီးတွေကိုဖြုတ်၊ အမွေးမနုတ်ဘဲ အရေခွံခွာ ဝမ်းတွင်းကလီစာတွေထုတ်ပြီး ဝါးစချွန်နှင့်ပြီးထိုင်ကာ မီးပုံတွင် ကင်ပေးသည်။

"ကဲ စိုးစိုးက အကောင်တွေ အကျက်ညီသွားအောင် လှည့်ပတ်ပေး၊ ဦးဦး ရေချိုးလိုက်ဦးမယ်"

နေမင်း ဘောင်းဘီတိုဖြင့် စမ်းချောင်းထဲ ရေဆင်းချိုးသည်။

စိုးစိုးက အကောင်လေးတွေ အကျက်ညီအောင်ကင်ရင်း စမ်းချောင်းတွင် ရေချိုးနေသော ဦးဦးနေမင်းကို လှမ်းမြင်နေကာ သူ၏သေဆုံးသွားသော ဒက်ဒီကို သတိရမိသည်။

ဒက်ဒီလည်း စိုးစိုးတို့မောင်နှမကို သိပ်အလိုလိုက်သည်။

ယခု ဦးဦးနေမင်းက သူ့အား အလိုလိုက်သည်ကို ဒက်ဒီနှင့် နှိုင်းယှဉ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပြီးနောက် နေမင်းသည် တီရှပ်တစ်ထည်ဝတ် ဂျင်းဘောင်းဘီဝတ်ပြီး စိုးစိုးရှိရာသို့ ပြန်လာသည်။

ချိုးငှက်ကလေးတွေ အကင်ကျက်နေပေပြီ။ နေမင်းက နှစ်ကောင်လုံးအား ထောပတ်သုတ်ပေးသည်။ ပြီး ဖက်နှင့် ထုတ်ပေးသည်။

"ကဲ ... စိုးစိုး ပြန်တော့ နေဝင်တော့မယ်"

"ဟုတ်ကဲ့ ဦးဦး၊ အိမ်မှာ ဧည့်သည်လာတုန်း စိုးစိုးက မာမီ့အလစ် ထွက်လာတာ၊ ခုလောက်ဆို ဧည့်သည်ပြန်သွားပြီး မာမီ စိုးစိုးကို လိုက်ရှာနေတော့မှာ"

"ဟုတ်လား၊ စိုးစိုး မာမီဆီလာတဲ့ ဧည့်သည်က ဘယ်သူလဲကွ"

"အလကားပါ၊ ရွှေကျိုက်တော်က ရဲအုပ်ဦးအောင်ထူးကြီးပါ၊ မာမီကို လာရစ်နေတာ၊ မာမီက လုံးဝမကြိုက်ဘူး၊ ဒါပေမဲ့ မာမီက ကြောက်တော့ကြောက်တယ်၊ နောက်ပြီး အရေးအကြောင်းရှိလာရင် အကူအညီရအောင်ဆိုပြီး အလိုက်အထိုက် ဆက်ဆံနေရတာလို့ မာမီက ပြောတယ်"

ဖက်ရွက်စိမ်းနှင့် ထုပ်ထားသော ချိုးကင်လေး နှစ်ကောင်ကို လွယ်အိတ်ထဲထည့်ပြီး ပြန်ရန်ထလိုက်သည်။





စိုးစိုးတစ်ယောက်တည်း သည်အချိန်မှပြန်မည်ကို နေမင်း စိတ်မချဖြစ်ပြန်သည်။

"ကဲ ... လာ စိုးစိုးကို တောထိပ်စွန်းအထိ ဦးဦး လိုက်ပို့ပေးမယ်၊ အေး တစ်ခုတော့ စိုးစိုး ကတိပေးရမယ်နော်၊ ဒီတောထဲမှာ ဦးဦးနေမင်းကို တွေ့ခဲ့တာကို စိုးစိုး ဘယ်သူ့ကိုမှ မပြောပါဘူးဆိုတဲ့ ကတိ"

"မာမီ့ကိုရော"

"မပြောရဘူး၊ ညီမလေးကိုလည်း မပြောရဘူး၊ ဘယ်သူ့ဆို ဘယ်သူ့ကိုမှ မပြောဘူးလို့ ကတိပေး"

"စိုးစိုး ဘယ်သူ့ကိုမှ မပြောဘူးလို့ ကတိပေးပါတယ် ဦးဦးနေမင်း"

"တကယ်နော် ယောက်ျားဆိုတာ ကတိပေးပြီးရင် တည်ရတယ်၊ စိုးစိုး ကတိမတည်ရင် ဦးဦး ဒီတောထဲမှာ မနေတော့ဘူး၊ တခြားပြောင်းသွားမယ်"

"စိုးစိုး ကတိတည်ပါတယ် ဦးဦး"

"အေး"

စိုးစိုးကို သူတို့အိမ်နှင့်ခြံကို လှမ်းမြင်နေရသည့်နေရာထိ နေမင်းက လိုက်ပို့ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးတို့ခြံထဲ အိမ်ရှေ့တွင် ရဲကားပြာတစ်စီးရပ်ထားပြီး ရဲယူနီဖောင်းဝတ်ထားသူတစ်ယောက်နှင့် စိုးစိုးတို့မာမီ ရပ်နေသည်ကို မှုန်တိမှုန်ဝါး နေမင်း မြင်ရသည်။

"ဟော … ဦးဦးအောင်ထူးကြီး သူ့ကားနားမှာရောက်နေပြီ၊ ဒီလူကြီး ပြန်တော့မှာ၊ စိုးစိုး အိမ်နောက်ဖေးဘက်က တိတ်တိတ်လေးဝင်မယ်၊ သွားမယ်နော် ဦးဦးနေမင်း တာ့တာ"

စိုးစိုးသည် သစ်ပင်များကိုကွယ်ကာ အပြေးကလေး ထွက်သွားတော့သည်။

နေမင်းက သစ်ပင်ကွယ်တွင်ရပ်ကာ ကြည့်မြဲကြည့်နေသည်။

ယူနီဖောင်းဝတ် ပြောသမျှကို စိုးစိုးမာမီက ခေါင်းယမ်းပြ ခေါင်းခါနေသည်ကို အားစိုက်ကြည့်ပြီး မြင်တွေ့ရသည်။

ရဲအုပ်အောင်ထူးက မကျော့ခိုင်၏ ပခုံးစွန်းကိုလှမ်းကိုင်ရာ မကျော့ခိုင်က ပုတ်ထုတ်ပြီး အိမ်ထဲဝင်သွားတော့သည်ကို အောင်ထူးက ရယ်မောပြီးမှ ကားပေါ်တက်မောင်း ထွက်သွားသည်ကိုပါ နေမင်း တွေ့ရှိပေသည်။





နေမင်း သူ့တဲဆီသို့ ဖြည်းဖြည်းမှန်မှန်လျှောက်ပြီး ပြန်လာခဲ့သည်၌။

✪ ✱ ✪

မကျော့ခိုင် အိမ်တံခါးကိုပိတ် အတွင်းကန့်လန့်ထိုးပြီး ထမင်းစားခန်းတွင်ရှိနေသော သားစိုးစိုးနှင့် သမီးပိုးပိုးဆီသို့ လျှောက်လာခဲ့သည်။

မောင်နှမနှစ်ယောက်သည် ပူးကပ်ထိုင်နေကြပြီး တိုးတိုးတိုးတိုးနှင့် တစ်ခုခုအကြောင်း ပြောနေသည်ကို မိခင် မကျော့ခိုင် မသင်္ကာမှုယ် တွေ့ရသည်။

ပြီး မကျော့ခိုင်၏ နှာခေါင်းတွင် အသားကင်နံ့နှင့် ထောပတ်နံ့ ရသည်။ သူတို့မောင်နှမရှေ့တွင် ဆားခွက်ချထားသည်ကိုလည်း တွေ့ရသည်။ နှုတ်ခမ်းကိုယ်စီတွင် ဆီတွေဝေ့နေသည်ကိုလည်း မီးရောင်ဖြင့် ထင်းခနဲ မြင်ရသည်။

ပြီး စိုးစိုး၏ရှေ့တွင် မီးကျွမ်းထားသော ကျောက်တုံးခန့် ရှည်ရှည်ချွန်ချွန် တုတ်ကိုလည်း မြင်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစား ကုလားထိုင်နောက်တန်းတွင် ချိတ်ထားသော စိုးစိုး၏ လွယ်အိတ်ကိုလည်း တွေ့ပြန်သည်။

"မောင်နှမနှစ်ယောက် ဘာတွေ ကျိတ်စားနေလဲဟင်"

"ချိုးကင် မာမီ ဟဲ ... ဟဲ ... ဟဲ ... ဟော မာမီပါ စားကြည့်၊ အရမ်းကောင်းတယ်၊ ပိုးပိုး တအားကြိုက်တာပဲ"

ဖက်စိမ်းနှင့် ပတ်ထားသော ချိုးကင်ကို စားပွဲပေါ်တင်ပြသည်။

ချိုကင်တစ်ဖဲ့ မေကျော့ခိုင် ယူစားကြည့်သည်။

"ဟဲ့ ... ထောပတ်နဲ့ပါလား၊ ဒါ ဘယ်က ရသလဲ စိုးစိုး"

"တောထဲမှာ စိုးစိုး သွားပစ်တာ၊ ချိုးနှစ်ကောင် ရတယ် မာမီ၊ အဲဒါကို စိုးစိုးတို့ ကင်ပြီး စားနေကြတာ"

"စိုးစိုး ပစ်လို့ ချိုးနှစ်ကောင် ရတာကို မာမီ ယုံတယ်၊ ဒါပေမဲ့ ခါတိုင်းရလာရင် မာမီပဲ အမွှေးနုတ်ပေးပြီး ကြော်ပေးနေတာပဲဟာ"

"ဒီတစ်ခါ စိုးစိုး မီးကင်တယ်လေ မာမီ"

မေကျော့ခိုင် လက်မခံ ခေါင်းခါပြသည်။

"မဖြစ်နိုင်ဘူး မာမီသား အဲဒီလောက် မတတ်ကျွမ်းသေးမှန်း မာမီ သိတာပေါ့"





"စားလို့ သိပ်ကောင်းတယ် မဟုတ်လား မာမီ"

"ကောင်းလွန်းလို့ ဒီဟာကို ဘယ်သူ ကင်ပေးတာလဲ၊ မာမီ့ကို ပြောစမ်း"

စိုးစိုးက မပြောပေ။

"ပြောလေ စိုးစိုး"

"ဟင့်အင်း မပြောဘူး မာမီ"

"မပြောရင် သားကို မာမီ ရိုက်မှာနော်"

"ရိုက်ချင်ရိုက်ပါ မာမီ၊ ယောကျ်ားဆိုတာ ကတိတည်ရတယ်တဲ့၊ စိုးစိုး ဘယ်သူ့ကိုမှ မပြောဘူးလို့ ကတိပေးထားတယ်၊ စိုးစိုးက ယောကျ်ားလေးပါ မာမီ"

မေကျော့ခိုင် ပြုံးမိသည်။

သား စိုးစိုးတွင် တွေ့ခဲ့သူတစ်ယောက်က ချိုးကင်ပေးခြင်း ရှိပြီတော့ အမှန်။ ထိုသူက သူ လုပ်ကိုင်ပေးသည်ကို ဘယ်သူ့မှ မပြောပါဟု စိုးစိုးထံက ကတိတောင်းခံလိုက်ပုံရသည်။ ကတိတောင်းရာတွင်လည်း ယောကျ်ားဆိုတာ ကတိတည်ရတယ်ဟု ပြောလိုက်ပုံရသည်။

ယခု စိုးစိုးက မာမီ သားကို ရိုက်ချင်ရိုက် မပြောဘူး၊ ယောကျ်ားဆိုတာ ကတိတည်ရတယ်ဟု ပြန်ပြောသည်ကို



www.burmeseclassic.com

www.burmeseclassic.com



မကျော့ခိုင် သဘောကျသည်။ စိုးစိုး၏ စိတ်ဓာတ်လေးကို ကျိတ်၍ ချီးကျူးသည်။

စိုးစိုးသည် ဘယ်လို ယောကျ်ား ပုဂ္ဂိုလ်မျိုးနှင့် တွေ့ရှိလာပါလိမ့်။

❂ ✻ ❂





၄

ကျောင်းပိတ်ရက်တွင် စိုးစိုးနှင့် ပိုးပိုး မောင်နှမက ရုပ်ရှင်ကြည့်ချင်သည်ဟု ပူဆာသဖြင့် မကျော့ခိုင်သည် သူမပိုင် ဆန်နီပစ်ကပ် ကားလေးနှင့် နှစ်ယောက်စလုံး သူမနှင့်အတူ ရှေ့ခန်းတွင် ထိုင်စေပြီး ရွှေကျိုက်တော်မြို့သို့ ရုပ်ရှင်လိုက်ပြသည်။

ဤဆန်နီပစ်ကပ် ကားလေးမှာ သူမ၏ခင်ပွန်း ကိုစောဌေး လက်ထက်ကတည်းက ဆန်စက်လုပ်ငန်းတွင် အသုံးပြုရန် ဝယ်ထားခဲ့ခြင်း ဖြစ်သည်။

"ဒ" အက္ခရာကားလေး ဖြစ်သော်လည်း ကိုစောဌေး အကိုင်သန့်သဖြင့် ကားလေးမှာ အင်ဂျင်ဘော်ဒီ အကောင်းပကတိ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



များသောအားဖြင့် ကိုစောငွေးသည် မော်တော်ဆိုင်ကယ်နှင့်သာ အလုပ်လုပ်တတ်သည်။ ဤဆန်နီပစ်ကပ်ကားလေးမှာ တစ်ခါတရံလိုအပ်မှ ဆန်စက်ပစ္စည်းများတင်ဆောင်ခြင်းနှင့် မိသားစု သွားလာမှ အသုံးပြုသည်။

ရွှေကျိုက်တော်တွင် ရုပ်ရှင်သည် ညပွဲတော်သာ၊ ည ခုနစ်နာရီမှ ကိုးနာရီထိ ဖြစ်သည်။ နေ့ပွဲဆိုလျှင် မအားလပ်သော လူတွေများပြီး အကြည့်နည်း တွက်ချေမကိုက်သောကြောင့် ညပွဲတစ်ပွဲသာ ပြခြင်းဖြစ်သည်။

သား စိုးစိုးနှင့် သမီးလေး ပိုးပိုးကို ရုပ်ရှင်ပြပြီး ပြန်လာချိန်မှာ ည ကိုးနာရီထိုးပြီးနေလေပြီ။

မေဒါဝီရွာအထိ ပြန်မောင်းလာသောကြောင့် ကိုးနာရီခွဲပြီးမှ ပြန်ရောက်သည်။ ကားရှေ့မီးကြီးနှစ်လုံး အရောင်ထိုးပြီး ခြံထဲသို့ ကွေ့ဝင်လိုက်သည်နှင့် အိမ်တွင် တစ်ခုခုဖြစ်နေပြီမှန်း သိလိုက်သည်။

ခြံတံခါးဝတွင်မွေးထားသော ဝက်ဖြူများထဲမှ ဝက်နှစ်ကောင်သည် သွေးသံရဲရဲဖြင့် တုံးလုံးပက်လက် သေနေသည်ကို တွေ့ရသည်။





ခြံတံခါးကြီးပွင့်နေကာ မွေးထားသော ဥစားကြက်တွေမှာ ညကြီးမိုးချုပ် မသွားတတ် မလာတတ်ဖြင့် ကြက်ခြံအပြင်သို့ ရောက်နေပြီး ခြံထဲတွင် ဟိုပြေးဒီပြေး ပြေးနေကြသည်။ ကြက်ခြံတံခါးလည်း ပွင့်လျက်သားကြီး ရှိနေသည်။

"မာမီ ဝက်တွေကို ဘယ်သူသတ်သွားတာလဲ၊ ဟိုမှာ ကြက်ခြံတံခါးပွင့်ပြီး ကြက်တွေ ဟိုပြေး ဒီပြေးနဲ့"

မေကျော့ခိုင် မဖြေတတ်၊ ကားကိုသာ ခြံထဲထိမောင်းဝင်ခဲ့သည်။ ကားကို အိမ်ရှေ့ဆင်ဝင်အောက်ရောက်ပြီး ရပ်လိုက်သည်နှင့် လူသုံးယောက် ဘွားခနဲ ပေါ်လာကာ ကားဘောနက်ကို ဝုန်းဒိုင်းဖြင့် သူတို့လက်ထဲမှ ဝါးရင်းတုတ်များဖြင့် ရိုက်ကြတော့သည်။

ထိုသုံးယောက်အနက် ခေါင်းဆောင်ဖြစ်ဟန်တူသူ၏ ခါးကြားတွင် သေနတ်ထိုးထားသည်။ ကျန်နှစ်ယောက်၏ ခါးတွင်လည်း ဓားမြှောင်ကိုယ်စီ ထိုးထားသည်၊

သို့သော် သေနတ်ကိုရော ဓားမြှောင်ကိုရော ထုတ်မကိုင်ကြပေ။ မိန်းမသားတစ်ယောက်နှင့် လူမမယ် ကလေးနှစ်ယောက်အပေါ်တွင် ယောကျ်ားကြီး သုံးယောက်က တုတ်ကိုင်ထားခြင်းဖြင့် လုံလောက်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘာလုပ်ကြတာလဲ ဘာလုပ်ကြတာလဲ"

မကျော့ခိုင် ကားထဲမှ စွတ်အော်မေးသည်။ ကားမှန်တံခါး ဟိုဘက် ဒီဘက်ကိုပိတ်ပြီး အတွင်းမှ ချက်ချထားလိုက်သည်။

မကျော့ခိုင်သည် ချက်ချင်း ကားကို စက်ပြန်နှိုးကာ ကားကို နောက်ဆုတ်ပြန်ကွေ့ကာ ခြံထဲမှ ထွက်ပြေးရန် ဦးတည်လိုက်သည်။

သို့သော် ...

ခေါင်းဆောင်ဖြစ်ဟန်တူသူက ကားရှေ့တည့်တည့်တွင် မားမားကြီး ပိတ်ရပ်လိုက်သည်။

တိုက်ချင်တိုက်မိပလေ့စေတော့ဟု မကျော့ခိုင် စွတ်မောင်းသည်။ ထိုခေါင်းဆောင်က ဘေးသို့ ခုန်ထွက်လိုက်သည်။

မကျော့ခိုင် စွတ်မောင်းစဉ် သွေးရူးသွေးတန်း အထိတ်တလန့် မောင်းသည်မို့လားမသိ ကားမှာ ခြံတံခါးဘောင်ကို တည့်တည့်ကြီး တိုက်မိပြီး ထိုးရပ်သွားသည်။

လူဆိုးသုံးယောက်က ကားကို တြဂံပုံ ဝိုင်းထားလိုက်တော့သည်။

"မာမီ ... မာမီ"





အငယ်မ ဖိုးဖိုးသည် ငိုပြီး သူမ၏ မာမီကို အတင်းဖက်ထားတော့သည်။

မကျော့ခိုင်မှာ သားနှင့် သမီးကို အတင်းပွေ့ဖိုက်ထားကာ မျက်စိသူငယ်ဘဝ ရောက်နေတော့သည်။

"ဟော့ ... လူတွေ မတရား မလုပ်နဲ့"

ထိုစဉ်မှာပင် ဟိန်းပြီး အောင်သောအသံ ထွက်လာသည်။ ထိုသူသည် မှောင်ထဲမှ ကားမီးရောင်အနီး ရောက်လာသည်။

"ဟင် ... ဦးဦးနေမင်း"

စိုးစိုးက သူနှင့်ခင်ထား သိကျွမ်းထားသော ဦးနေမင်းကို လှမ်းမြင်သဖြင့် အားတက်သရော ခေါ်လိုက်သည်။

လူဆိုးသုံးယောက်သည် သူတို့ လုပ်ချင်တိုင်း လုပ်နေစဉ် ဟန့်တားသူ ပေါ်လာသဖြင့် နေမင်းထံသို့ အာရုံပြောင်းသွားကြသည်။

သုံးယောက်စလုံး နေမင်းကို တိုးရန် ဖြိုရန် တာစူလိုက်သည်။

ခေါင်းဆောင်က ...

"မင်းက ဘာကောင်လဲ၊ မင်း ဘယ်သူလဲ ဘာလာရှုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဘာကောင် ဘယ်သူဆိုတာက အရေးမကြီးပါဘူး၊ ခင်ဗျားတို့ ယောကျ်ားကြီးသုံးယောက်က မိန်းမသား တစ်ယောက်နဲ့ ပိစိကွေးကလေးနှစ်ယောက်ကို အနိုင်မကျင့်နဲ့ပေါ့ဗျာ၊ အေးအေးဆေးဆေး ပြန်ကြပါ"

"ဟာကွာ ... ရာကျော် မင်းလက်ထဲက တုတ်နဲ့ ဒီကောင့်ခေါင်း ရိုက်ကွာ"

တုတ်ကို ရာကျော်ဆိုသည့် တပည့်လူဆိုးက မြှောက်ကိုင်ပြီး နေမင်းထံ ပြေးဝင်လိုက်သည်။

မှားလေစွာ ရာကျော်။

ဒီလို ဘလိုင်းကြီးဝင်ရိုက်မှုကို နေမင်းလို လူက ရယ်ပင်ရယ်မိသည်။

နေမင်း နေရာမရွှေ့ ရပ်နေသည်ကို ရာကျော်က အားနှင့်ပါးနှင့် ရိုက်ချလေမှ နေမင်းက ခြေကွက်ကို ဘေးတိုက်နောက်တစ်လှမ်းဆုတ် ဘေးထွက်လိုက်သည်။

ရာကျော်မှာ လူကို မရိုက်မိပဲလေကို ရိုက်မိကာ သူ့ရိုက်အား အရှိန်ဖြင့် မြေကြီးကိုသာရိုက်မိပြီး လူက လေးဖက်ကုန်းပုံစံကြီး ဖြစ်သွားသည်။





ဒါကျတော့ နေမင်း အလှည့် ဖြစ်သွားသည်။ လေးဖက်ကုန်း ရာကျော်ကို နေမင်း လက်ဝါးစောင်းတစ်ချက်က လည်ကုပ်ကို ခုတ်ချရင်း ကျန်လက်ဝါးစောင်းက တစ်ချိန်တည်းမှာပင် ရာကျော်၏ လည်ပင်းစလုတ်ကို ပင့်ရိုက်လိုက်ရာ ရာကျော်မှာ အိုးခနဲ အင့်ခနဲ အသံပင် မထွက်နိုင်ပဲ မြေပြင်ကို ဖွဲ့အိတ်ကြီးတစ်အိတ် ကျသွားသလို ပြိုကျသွားစဉ် နောက်တစ်ယောက်ကခါးမှ ဓားမြှောင်ကို ဆွဲထုတ်ကာ နေမင်း၏ရင်ဝကို ပြေးထိုးသည်။

နေမင်းက ဖွဲ့အိပ်လို ကျသွားသည့် တစ်ကောင်ကိုဆွဲတင်ကာ ဒိုင်းသဖွယ်ကာလိုက်ရာ ဒုတိယလူဆိုး၏ ဓားမြှောင်သည် သူ့လူရာကျော်၏ ဝမ်းဗိုက်ထဲသို့ စွပ်ခနဲ ထိုးမိတော့သည်။ ကိုယ့်လူကိုကိုယ် ထိုးမိပြီး ဒုတိယလူ ကြောင်တက်တက်ဖြစ်နေစဉ်မှာပင် နေမင်းက သူ၏သေနတ်ကို လက်ဝါးကပ် အပြားလိုက်ကိုင်ကာ ဒုတိယလူ၏ဦးခေါင်းကို ရိုက်ချလိုက်ရာ ဖြာကနဲ သွေးတွေထွက်လာပြီး ဒုတိယလူဆိုး မှောက်လျက်ကြီးကျသွားသည်။

ထိုအခါကျမှ ခေါင်းဆောင်သည် သူ့သေနတ်ကို ထုတ်ပြီး နေမင်းကို ချိန်လိုက်သည်နှင့် ...

"ဒိုင်း"

နေမင်းကပင် ထိုလူ၏ သေနတ်ကိုင်လက်ကို ပစ်ချလိုက်ရာ ခေါင်းဆောင်လူဆိုးလက်မှ သေနတ်လွင့်စဉ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်လူဆိုးသည် သူတို့ဘက်က အခြေအနေမကောင်းတော့မှန်းသိပြီး ခြံပြင်ကို ထွက်ပြေးသည်။

ခေါင်းဆောင် ထွက်ပြေးသောအခါ ကျန်တပည့်နှစ်ယောက်ကလည်း တစ်ယောက်ကိုတစ်ယောက်တွဲပြီး ဒယီးဒယိုင်ဖြင့် နောက်မှ ပြေးသွားပေတော့သည်။

နေမင်း တကယ်လုပ်လျှင် သုံးယောက်စလုံး သေသွားနိုင်သည်။

သို့သော် အရှုံးဖြင့် ထွက်ပြေးသွားသူတွေကို နေမင်းဘာမှမလုပ်တော့ဘဲ လွှတ်ပေးလိုက်သည်။

ခေါင်းဆောင်လူဆိုး လွှင့်ကျသွားသော သေနတ်ကိုလည်းကောင်း၊ ကျန်ခဲ့သော ဓားမြှောင်ကိုလည်းကောင်း လိုက်ကောက်ယူပြီးမှ မေကျော့ခိုင် ကားဆီသို့ လျှောက်သွားသည်။

အပြင်တွင် ဖြစ်ပျက်သမျှအားလုံးကို မြင်တွေ့သော မေကျော့ခိုင်သည် နေမင်း သူ့ကားဆီသို့ လျှောက်လာသည်နှင့် ကားမှန်ချ တံခါးဖွင့်ကာ အောက်သို့ဆင်းပြီး နေမင်းကို မတ်တပ်မျက်နှာချင်းဆိုင် ကြိုဆိုသည်။

"အရမ်းကြီးကို ကျေးဇူးတင်ပါတယ်ရှင်၊ ရှင် ဘယ်သူမှန်းတော့ မကျော့ လုံးဝမသိပါဘူး"





"ကျုပ်နာမည် နေမင်းပါ"

"ဟာ ... မာမီကလဲ အဲဒါ ဦးဦးနေမင်းလေ၊ စိုးစိုးရဲ့ဦးဦးပေါ့၊ ဟိုတလောက သားသားကို ယုန်ကင်ပါကျွေးပြီး ချိုးနှစ်ကောင်ကိုပါ ကင်ပေးလိုက်တဲ့ ဦးဦးနေမင်းလေ မာမီ"

"အဲဒီတုန်းက မာမီမေးတာကို သားက ဘာမှမပြောတာ"

"ဟုတ်တယ်လေ မာမီ၊ ဦးဦးက သူနဲ့ တွေ့ခဲ့တာကို ဘယ်သူ့မှ မပြောဘူးဆိုတဲ့ကတိ တောင်းတာကို သားက ကတိပေးခဲ့လို့ ဆာမီကို မပြောတာ"

စိုးစိုးသည် ကားပေါ်မှဆင်းပြီး နေမင်း၏လက်ကို အားရပါးရ ဆုပ်ကိုင်ထားပေသည်။

"လာ ... ဦးဦး စိုးစိုးတို့အိမ်ထဲကို ဝင်ပါဦးနော်၊ ဟိုလူကြီးတွေနဲ့ဖိုက်တာ ဦးဦး ဘယ်နာသွားလဲဟင်၊ မာမီ ဆေးလိမ်းပေးမှာ"

"ဦးဦး ဘယ်မှာမှ မနာပါဘူးကွာ၊ သူတို့က ဦးဦးကိုနာအောင်မှ ပြန်မလုပ်နိုင်တာ"

"ဟုတ်တယ်၊ စိုးစိုးလည်း ကားမှန်က လှမ်းကြည့်နေတာ၊ သူတို့ကသုံးယောက်၊ ဦးဦးက တစ်ယောက်တည်းနဲ့ ဖိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



တောင် သူတို့ နာသွားပြီး ထွက်ပြေးသွားတယ်၊ ဦးဦးကို ထိတာတော့ စိုးစိုးလည်း မတွေ့ပါဘူး”

“ကဲ ... စိုးစိုး သားရဲ့ဦးဦးကို အိမ်ထဲဆွဲခေါ်ခဲ့ကွာ၊ မာမီ ကော်ဖီပူပူလေး တိုက်ချင်လို့”

“ကဲ ... ကိုနေမင်းကို မေကျော့ ကော်ဖီ တိုက်ပါရစေ”

မေကျော့ခိုင်က နေမင်းကိုကြည့်ပြီးပြောရာ နေမင်းကလည်း မေကျော့ခိုင်ကို ငေးကြည့်နေခိုက်မို့ အကြည့်မျက်လုံးခြင်း ဆုံသွားသည်။

ထို့နောက် မေကျော့ခိုင်ကပင် ရှေ့မှ အိမ်ထဲသို့သွားသဖြင့် နောက်မှ စိုးစိုးနှင့်ပိုးပိုးက နေမင်း၏လက်ကို တစ်ဖက်စီဆွဲကာ နောက်မှ လိုက်သွားကြသည်။

အိမ်ထဲတွင် ထိုင်ကြသည်။

မေကျော့ခိုင်က ကော်ဖီဖျော်ယူလာသည်။

“ကိုနေမင်းက ဒီဒေသမှာ လူစိမ်းသက်သက်ပဲနော်၊ မေကျော့ တစ်ခါမှ မမြင်ဖူးဘူးလားလို့”

“ဟုတ်ပါတယ်၊ ကျွန်တော် ဘယ်နေရာမှာမှ အတည်တကျ နေလေ့ မရှိပါဘူး၊ နေရာတစ်ခုမှာ စိတ်ကြိုက်ဖြစ်ရင် စိတ်ကြိုက်ဖြစ်သလောက် နေနေပါတယ်၊ စိတ်ကြိုက်မဖြစ်





ရင်တော့ ချက်ချင်း တခြားနေရာကို သွားပါတယ်၊ ဒါကြောင့် ဘယ်နေရာရောက်ရောက် မြို့ထဲရွာထဲမှာ မနေဘဲ မြို့ရွာနဲ့ မနီးမဝေး တောထဲမှာ နေလိုက်တယ်”

“ကိုနေမင်းက ဘာလို့ တောထဲမှာ နေချင်တာလဲ၊ လုပ်ငန်းကိုက အမဲလိုက်မုဆိုးလား၊ ဒါမှမဟုတ် အပျော်တမ်း အမဲလိုက်သမားလား၊ ဒီလိုမေးတာ စိတ်မဆိုးနဲ့နော်၊ ခုန ကိုနေမင်း လက်နက်ကိုင်လူဆိုးသုံးယောက်ကို တစ်ယောက်တည်း အနိုင်ယူ တိုက်ခိုက်လိုက်ပုံက သိပ်ကျွမ်းကျင်မှုရှိကြောင်း ထင်ရှားနေတယ်၊ မုဆိုးတွေဟာ ဒီလိုပဲ တောရိုင်းတိရစ္ဆာန်တွေနဲ့ ယှဉ်ပြိုင်နိုင်တာမို့ မေကျော့ခိုင်က မေးကြည့်တာပါ”

“အင်း ... အသက်အပုတ်ကတော့ ငယ်ငယ်ကတည်းက အားကစားလိုက်စားရင်း ကာယကိုယ်ခံပညာ အမျိုးစုံ သင်ကြားလေ့ကျင့်လို့ အထိုက်အလျောက် သတ်နိုင်ပုတ်နိုင်တာပါ၊ ကျွန်တော်ရဲ့ အဓိကအလုပ်ကတော့ တောတောင်တွေထဲမှာ ရှားပါးသစ်ခွမျိုး၊ ရှားပါး လိပ်ပြာ ရှာဖွေတာပါ၊ ရှားပါးသစ်ခွဆိုလည်း တခြားသစ်ခွနဲ့ မျိုးစပ်ပြီး ပြန်စိုက်တယ်၊ လိပ်ပြာတွေကိုလည်း ဒီလိုပဲ မျိုးစပ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



မျိုးစပ်တဲ့ အလုပ်ကျတော့ ကျွန်တော် အမြဲနေတဲ့ သိသန့်ခြံကြီးထဲမှာ မှန်ကာ မှန်မိုး မှန်နဲ့ တည်ဆောက်ထားတဲ့ မှန်အိမ် မျိုးစပ် စမ်းသပ်ပါတယ်၊ ဒါကြောင့် ခရီးထွက်တဲ့ အခါ တောထဲမှာပဲ ယာယီတဲနဲ့ နေတာပါ"

"စိတ်ကြိုက်တွေ့ရင် ကြိုက်သလောက်နေပြီး စိတ်မကြိုက်ရင် ချက်ချင်း ရွှေ့ပြောင်းသွားတယ်ဆိုတာကရော"

"ကျွန်တော် ယာယီတဲထိုးနေတဲ့ ပတ်ဝန်းကျင်မှာ ရှားပါးသစ်ခွ၊ ရှားပါးလိပ်ပြာ မတွေ့ရင် တခြားတစ်နေရာကို ပြောင်းသွားတဲ့ သဘောပါ"

"ဒါဆို အခု မိုးပျောက် တောထဲမှာရော စိတ်ကြိုက်တွေ့နေလား"

"ဗျာ ... မိုးပျောက်တော ဟုတ်လား၊ အဲဒီ မိုးပျောက်တောဆိုတာက ဘာလဲ မမကျော့ခိုင်"

"အခု ကိုနေမင်း ယာယီတဲထိုးနေတဲ့ တောကို ဒီဒေသအခေါ်က မိုးပျောက်တောလို့ ခေါ်ကြတယ်၊ ဟိုတုန်းကတော့ အဲဒီတောထဲမှာ သစ်ပင်ကြီးတွေက မြင့်မားပြီး အကိုင်းအရွက်တွေ အုပ်ဖားနေတာ မော့ကြည့်ရင် မိုးကောင်းကင်ကိုတောင် မမြင်ရဘူးလို့ ပြောကြတာပဲ"





"အခု ကျွန်တော် တဲထိုးထားတဲ့ နေရာဟာ မမကျော့ခိုင်ရဲ့ အိမ်နဲ့ဆိုရင် နှစ်ဖာလုံလောက် ဝေးတယ်၊ ကျွန်တော့် အမြင်တော့ အဲဒီတောက အဲဒီလောက်တော့ မထူပါဘူး၊ အင်းလေ ... ကျွန်တော် ရောက်တာလည်း တစ်ညအိပ် နှစ်ရက်ပဲရှိသေးလို့ တောနက်ထဲ မဝင်သေးဘူး၊ လုပ်ငန်းလည်း မစသေးဘူး၊ တောနက်ထဲဝင်ရင်တော့ မိုးပျောက်တောဆိုတာ ဟုတ်မဟုတ် ကြည့်ရမှာပေါ့"

နေမင်းနှင့် မေကျော့ခိုင်တို့ စကားလက်ဆုံကျသည်မှာ အတန်ကြာသွားသောကြောင့် စိုးစိုးနှင့် ပိုးပိုးမှာ ဘေးတွင် ထိုင်အိပ်ငိုက်နေလေပြီ။ နေ့ပိုင်းက ရုပ်ရှင်ကြည့်ထားသည်ရော၊ စောစောက လှည်းစီးခဲ့ခြင်းနှင့် သစ်ပုတ်ပွဲ ကြည့်ရသည်ကြောင့်ရော ယခု မေကျော့ခိုင်နှင့် နေမင်း ပြောနေသော စကားတွေမှာ ကလေးတွေအတွက် စိတ်မဝင်စားသည်ကြောင့်ရော မောင်နှမ နှစ်ယောက်စလုံး မအိပ်နိုင်ဘဲ ထိုင်လျက် ငိုက်နေကြသည်။

"ခဏလေးနော် ကိုနေမင်း သားလေးနဲ့ သမီးလေးကို အိပ်ရာမှာ သွားသိပ်လိုက်ဦးမယ်၊ လာ ... စိုးစိုးနဲ့ပိုးပိုး အိပ်ခန်းသွားကြစို့"

စိုးစိုးကို လက်တွဲ ပိုးပိုးကိုချီပြီး အိပ်ခန်းဆီကို မေကျော့ခိုင် သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းတံခါးဝ ရောက်လေမှ စိုးစိုးလည်း မိခင်လက်တွဲကိုဖြုတ်ခါ နေမင်းထံ ပြန်ပြေးလာသည်။

ဘာမပြော ညာမပြော နေမင်း၏ လည်ပင်းကိုဖက်ခါ ပါးပြင်ကို အားရပါးရ နမ်းသည်။

မေကျော့ခိုင်သည် သားစိုးစိုး၏ ပြုလုပ်ချက်ကို ငေးကြည့်နေမိသည်။ စိုးစိုး၏ ဒယ်ဒီ မကွယ်လွန်မီက စိုးစိုးသည် အိပ်ယာဝင်လေတိုင်း သူ့ဒယ်ဒီကို ဂွတ်နိုက်ကစ်(စ်) ယခုလို နမ်းပြီးမှ အိပ်ရာဝင်သည်ကို မေကျော့ခိုင် မျက်စိထဲ ပြန်မြင်ယောင်မိသည်။

နေမင်းကလည်း စိုးစိုးကို ပြန်ပွေ့ဖက်ပြီး စိုးစိုး၏ ပါးပြင်လေးကို နှာဖျားထိပ်မြုပ်အောင် ပြန်နမ်းလိုက်သည်။

"စိုးစိုး အိပ်တော့မယ် ဦးဦး"

စိုးစိုး ပြန်သွားပြီး သူ့မာမီ တွဲခေါ်ရာ သူ့အိပ်ခန်းထဲ ဝင်သွားသည်။

စိတ်ပိုင်းအရ စိုးစိုးကို နေမင်း သဘောပေါက်သည်။ သားငယ် သမီးငယ်များ၏ ထိပ်တန်းအားကိုးရာသည် ဖခင် ဖြစ်ပါ၏။

ယခု စိုးစိုးတွင် ဖခင် မရှိတော့ပြီ။





ပိုးပိုးကတော့ ဖခင် ဆုံးပါးစဉ်က ငယ်လွန်းသည့်အပြင် ပိုးပိုးတို့ အရွယ်လေးမှာ မိခင်သာ အဓိကဖြစ်သည်။ စိုးစိုးလို အသိဉာဏ်မကြွယ်ဝသေး။

ဖခင် ကွယ်လွန်ပြီးနောက် တချို့နေရာတွင် သူတစ်ပါးက နိုင်လိုမင်းထက် ရှိသည်ကို စိုးစိုးအရွယ်က သိသိမှတ်မှတ်ရှိပြီ။

ကနေ့ နေပိုင်းက တောထဲတွင် စိုးစိုး နေမင်းနှင့်တွေ့သည်။ နေမင်းက စိုးစိုးအား ဂရုစိုက်ခြင်း၊ အလိုလိုက်ခြင်း၊ အလေးထားခြင်းတို့သည် စိုးစိုး ရင်ထဲတွင် သူ့ဒယ်ဒီ ရှိစဉ်က ယင်းသို့ ဂရုစိုက် အလိုလိုက် အလေးထားခြင်းတို့နှင့် နှိုင်းယှဉ်ခံဟန် တူပါ၏။ ပြီး တောတောက လူဆိုးသုံးယောက်က သူတို့သားစုအပေါ် အနိုင်ကျင့်သည်ကို နေမင်းက ဝင်ရောက်ကယ်တင်ခြင်းကိုလည်း စိုးစိုး စိတ်ထဲတွင် နေမင်းအား ဧရာမ သူရဲကောင်းမှာ မှတ်ယူပုံရသည်။ ဤအရွယ် ယောကျ်ားလေးများသည် သူရဲကောင်းကို ချစ်ခင်ကြည်ညိုတတ်သည် မဟုတ်လား။ ထို့ကြောင့်ဒီ တိုတောင်းလှသော အချိန်လေးအတွင်းမှာပင် စိုးစိုးသည် နေမင်းကို ခင်မင်အားကိုးစိတ်များ ရင်ထဲတွင် ပြည့်သိပ်သွားခြင်း ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ပျင်းသွားပြီလား ကိုနေမင်း"

နာရီဝက် မပြည့်မီ မေကျော့ခိုင် ပြန်ထွက်လာသည်။

"မပျင်းပါဘူး မမေကျော့ခိုင်၊ ကျွန်တော် စိုးစိုးအကြောင်း စဉ်းစားနေတာပါ"

"အဲ ... စိုးစိုးကလည်း ကိုနေမင်းကို အရမ်းချီးမွမ်းနေတယ်၊ ဦးဦးနေမင်းက သိပ်တော်တာပဲတဲ့၊ ဦးဦးနေမင်း ချလိုက်တာ တစ်ခါတည်း ဟိုလူကြီးတွေ ထွက်ပြေးတာ ရယ်စရာကြီးတဲ့၊ စိုးစိုး ကြီးရင် ဦးဦးနေမင်းလို တော်အောင်လုပ်မယ်ဆိုတာ တွေပြောရင်း အိပ်ပျော်သွားတယ်၊ စိုးစိုး့ အိပ်မက်ထဲမှာ ကိုနေမင်းကိုတောင် ထည့်မက်နေမလားပဲ"

မေကျော့ခိုင် ပြောရင်း ရယ်သည်။

"ဒါထက် မမေကျော့ခိုင်ကို ကျွန်တော် မေးချင်တယ်၊ သိကျွမ်းချိန် သိပ်တိုတောင်းသေးတဲ့အချိန်မှာ သူတစ်ပါးရဲ့ ကိုယ်ရေးကိုယ်တာကို မမေးသင့်ဘူးဆိုတာ ကျွန်တော် သိပါတယ်၊ မေးရင် ရိုင်းရာရောက်မှန်းလည်း သိတာပါပဲ၊ ဒါပေမဲ့ ဒီရန်ဟာ အေးသွားမှာ မဟုတ်ဘူးဆိုတဲ့ မမေကျော့ခိုင်အပေါ် စိုးရိမ်စိတ် ရှိနေလို့ပါ ...





အခုလို အသားလွတ်ကြီးဝင်ပြီး အနိုင်ကျင့်တဲ့သူတွေဟာ ဘယ်သူတွေလဲ၊ ဘာဖြစ်လို့ သူတို့က မမေကျော့ခိုင်ကို အန္တရာယ် ပြုချင်ကြတာလဲ"

မေကျော့ခိုင် မဖြေဘဲ ငြိမ်နေသည်။

"ဖြေလို့မကောင်းရင် မဖြေပါနဲ့။ ကျွန်တော် မေးတာကိုက မမေကျော့ခိုင်တို့အပေါ် စိုးရိမ်စိတ်နဲ့ မေးတာပါ။ သူတို့ဟာ မမေကျော့ခိုင်တို့ ရပ်ရှင်က ပြန်မလာခင်ကတည်းက သည်ခြံထဲ ရောက်လာကြတယ်။ ကြက်ခြံတံခါးဖွင့်ပြီး ကြက်တွေကို မောင်းထုတ်တယ်၊ ဝက်ခြံထဲက ဝက်နှစ်ကောင်ကိုထုတ်ပြီး အသားလွတ် သေနတ်နဲ့ ပစ်သတ်တယ်။ ဒါပေမဲ့ အိမ်ထဲကိုတော့ ဝင်ဖို့မကြိုးစားကြဘူး၊ အိမ်ထဲက ပစ္စည်းဆိုလဲ ဘာမှမယူဘူး၊ ဒါဆို ဒီလူတွေ ပစ္စည်းလိုချင်လို့ ခါးပြတိုက်တာ မဟုတ်ဘူး။ ကြက်တွေ လွှတ်ပစ်တာ၊ ဝက်ကိုသတ်တာဟာ ပိုင်ရှင်ကို မကျေနပ်လို့ ဆန္ဒပြတာလို့ ကျွန်တော် ယူဆတယ် မမေကျော့ခိုင်

အခု မနိုင်လို့ ထွက်ပြေးသွားကြပေမယ့် သူတို့ မမေကျော့ခိုင်ကို ထပ်ပြီး အန္တရာယ်ပေးကြဦးမယ်ထင်တယ်၊ အဲဒါကို စိုးရိမ်လို့ ကျွန်တော် မေးတာပါ၊ မမေကျော့ခိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်မဖြေလည်း ကျွန်တော့်အတွက် အရေးတကြီး မဟုတ်ပါဘူး"

"ဒါဆို ဒီလူသုံးယောက် မေကျော့ ပြန်မရောက်ခင်ကတည်းက ဒီခြံထဲ ရောက်နှင့်နေတာပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ သူတို့ ရောက်နှင့်နေတယ်၊ သူတို့လုပ်ဆောင်သမျှ ကျွန်တော် မှောင်ရိပ်ခိုပြီး ကြည့်နေတာ၊ ဒါပေမဲ့ ကျွန်တော် ဝင်ပြီး မဟန့်တားဘူး၊ ဘယ်လိုအကြောင်းပြချက်နဲ့ ကျွန်တော် ဟန့်တားမလဲ၊ ကျွန်တော်က ဒီဒေသမှာ လူစိမ်းသက်သက်ပဲ၊ သူတို့လုပ်နေတာ သူတို့အကြောင်းပဲလေလို့ မှတ်ယူလိုက်တယ်၊ မမေကျော့ခိုင်နဲ့ ကလေးနှစ်ယောက် ပြန်ရောက်လာပြီး မိန်းမသားနဲ့ ကလေးတွေအပေါ် အနိုင်ကျင့်တော့မှ ကျွန်တော် မကြည့်ရက်နိုင်တော့ဘဲ ကျွန်တော် ဝင်ပါတာ၊ တကယ်တော့ စိုးစိုးအမျှော်ထားမိတဲ့ သံယောဇဉ်ကြောင့် ဆိုပါတော့"

"ကိုနေမင်း ဝင်ကယ်ပေးတာကို မေကျော့ ဘယ်လောက်ကျေးဇူးတင်တယ်ဆိုတာကို ဘယ်လိုပြောရမှန်းတောင် မသိဘူး၊ ကိုနေမင်းသာ ဝင်မကယ်ရင် ကိုတိုက်မောင်းဟာ မကျော့ကို ဘာလုပ်မယ်ဆိုတာ တွေးတောင်မတွေးရဲဘူး၊





ကိုတိုက်မောင်းက မေကျော့ကို လင်သေမုဆိုးမ ကလေးနှစ်ယောက် အမေပဲဆိုပြီး ရိသဲ့သဲ့လုပ်နေတဲ့ သူပါပဲ ကိုနေမင်း"

"တိုက်မောင်း ဟုတ်လား၊ သူက ဘယ်သူလဲ"

"သူတို့ သုံးယောက်ထဲက ခြောက်လုံးပြူးကိုင် ခေါင်းဆောင်ဟာ တိုက်မောင်းပဲ"

"ဪ ... ဒီလူလား၊ အဲဒီလူပဲ၊ ဝက်နှစ်ကောင်ကို သေနတ်နဲ့ပစ်သတ်တာ၊ သူ့သေနတ်တောင် ဒီမှာ ကျော ... မမေကျော့ခိုင် ယူထားပေါ့"

မမေကျော့ခိုင်က သေနတ်ကို မယူဘဲ ခေါင်းခါပြသည်။

"ဒီသေနတ်က လိုင်စင်မဲ့ သေနတ်ပုန်းဖြစ်မှာ သေချာတယ်၊ မကျော့ ယူမထားရဲဘူး၊ ပိုပြီး ဖယ်ားရှုပ်ကုန်မယ်။ ကဲပါလေ ကိုနေမင်းကို မေကျော့ ပြောပြပါ့မယ်၊ အဲဒီ တိုက်မောင်းဆိုတဲ့လူက ခေါင်းဆောင်တာ ဦးသြဘာရဲ့ ညာလက်ရုံးပဲ"

"ဦးသြဘာ ဆိုတာကတော့ ဘယ်သူလဲ"

"ဦးသြဘာ ဆိုတာ ရွှေကျိုက်တော်မှာ အချမ်းသာဆုံးလူကြီးပဲ၊ မေကျော့ရဲ့ခင်ပွန်း ကိုစောရွှေ မကွယ်လွန်မီက



www.burmeseclassic.com

www.burmeseclassic.com



တည်းက ဒီမေဒါဝီရွာမှာ ဟိုတယ်အဆောက်အအုံကြီး ဆောက်ဖို့ စီစဉ်ခဲ့တယ်၊ ဆောက်ဖို့နေရာရွေးတော့ မေကျော့တို့ရဲ့ မြေရယ်၊ မေကျော့နဲ့ မြေကြီးဆက်နေတဲ့ ဦးဘစိမ်းရဲ့ မြေရယ်၊ အဲဒီမြေတွေကို ဦးသြဘာက သိပ်သဘောကျတယ်၊ မေကျော့နဲ့ ကိုစောဌေးဆီမှာရော ဦးဘစိမ်းဆီမှာရော ဒီမြေတွေရောင်းပါဆိုပြီး အတင်းဝယ်တယ်၊ ကိုစောဌေးရော ကိုဘစိမ်းရော မရောင်းဘူးဆိုပြီး အပြတ်ငြင်းထားတယ်၊ ဒီအတောအတွင်းမှာ ကိုစောဌေး ရုတ်တရက် ကွယ်လွန်သွားတာပဲ ကိုနေမင်း"

"ရုတ်တရက် ကွယ်လွန်သွားတယ်ဆိုတာက ကိုစောဌေး ဘယ်လိုကွယ်လွန်သွားတာလဲ မမေကျော့ခိုင်"

"ကိုစောဌေးက ဟိုနားဒီနားလောက် အလုပ်ကိစ္စသွားရင် မော်တော်ဆိုင်ကယ်နဲ့ပဲ သွားတယ်၊ တစ်ညနေဆောင်းမှာ ကိုစောဌေး မော်တော်ဆိုင်ကယ် စီးအသွားမှာ ချိုင့်ထဲကလွတ်လာတဲ့ နွားဆိုးတစ်ကောင်နဲ့ ကိုစောဌေး ဆိုင်ကယ် ပက်ပင်း မျက်နှာချင်းဆိုင်တိုးတယ်၊ အဲဒီနွားဆိုး အကျင့်ကိုက မော်တော်ဆိုင်ကယ် စီးတဲ့လူတို့၊ စက်ဘီးစီးတဲ့လူတို့ကို ဝင်ဝှေ့လေ့ရှိတယ်၊ အဲဒီမှာ ကိုစောဌေးနဲ့ ပက်ပင်း





တိုးပြီး ဝင်ဝှေ့ခံရတာ၊ ကိုစောဌေးရော မော်တော်ဆိုင်ကယ်ရော ကမ်းပါးပေါ်က ချောက်ထဲလိမ့်ကျပြီး ပွဲချင်းပြီး ကိုစောဌေး သေသွားရှာတယ်"

"ထားပါတော့လေ အဲဒီနောက်ပိုင်းကျတော့ရော"

"ကိုစောဌေး သေဆုံးပြီး သုံးလအကြာမှာ ဦးသြဘာက မေကျော့ခိုင် ခြံမြေကိုရောင်းဖို့ ဆက်ပြီး စကားကမ်းလှမ်းပြန်တယ်၊ မေကျော့ရဲ့ အိမ်ကိုရော၊ ဆန်စက်ကိုရော မေကျော့ ကြိုက်တဲ့နေရာကို အကောင်းဆုံးဖြစ်အောင် ရွှေ့ပြောင်းပေးမယ်၊ ရွှေ့ပြောင်းစရိတ်အားလုံး ဦးသြဘာက ခံမယ်၊ ခြံမြေဝယ်ယူတဲ့ ငွေထဲကမနုတ်ဘူးဆိုတဲ့ ကမ်းလှမ်းချက်ကို မေကျော့က ပြင်းပြင်းထန်ထန်ပဲ ခေါင်းခါငြင်းလိုက်တယ်၊ ငွေတွေ ဘယ်လောက်ပုံပေးပေး ကိုစောဦးကိုယ်တိုင် လုပ်ဆောင်ကိုင်တွယ်လာတဲ့ ဒီခြံမြေ ဒီဆန်စက်ကို ဒီနေရာက တစ်ဖဝါးမရွှေ့နိုင်ဘူး ကိုနေမင်း၊ ဒီတော့ သူတို့က နောက်တစ်မျိုး ထွင်လာပြန်တယ်၊ ဦးသြဘာက သူ့ ညာလက်ရုံးတပည့် တိုက်မောင်းကို မြှောက်ပေးတယ်၊ မေကျော့ကို တိုက်မောင်းက ရအောင်ချိုင် လက်ထပ်နိုင်တဲ့ အထိ ကြိုးစားလို့ ...



www.burmeseclassic.com

www.burmeseclassic.com



သဘောကတော့ မကျော့ကို တိုက်မောင်း လက်ထပ်ရင် မကျော့ပိုင် ဒီခြံ၊ ဒီမြေ ဦးသြဘာ အလိုကျရမယ်ဆိုတဲ့ တွက်ကိန်းပေါ့၊ ဒါပေမဲ့ မကျော့က တိုက်မောင်းကို အပြတ်ငြင်းထုတ်လိုက်တယ်"

"ဒါဖြင့် ဒီည သူတို့လုပ်ပုံက မမကျော့ခိုင်ကို ခြိမ်းခြောက်တဲ့ နည်းတစ်မျိုး ထပ်သုံးလာတဲ့ သဘောပေါ့"

"အဲဒီသဘောပါပဲ ကိုနေမင်း၊ ဒီလို လုပ်လိုက်ရင် မကျော့ ကြောက်လန့်ပြီး ခြံမြေကို ရောင်းသွားမယ်၊ ဒါမှမဟုတ် တိုက်မောင်းက မကျော့ကို အခမ္မ သိမ်းပိုက်ရင် မကျော့က ဖြစ်ပြီးမှတော့ မထူးတော့ပါဘူးဆိုပြီး တိုက်မောင်းကို လက်ထပ်လာမယ်၊ မကျော့ တိုက်မောင်းကို ဘယ်လိုပုံစံနဲ့ လက်ထပ်ထပ် လက်ထပ်လိုက်တာနဲ့ ဒီခြံနဲ့ ဒီမြေဟာ ဦးသြဘာလက်ထဲ ရောက်သွားမှာ"

"တော်တော် ယုတ်မာပြီး အကြံပက်စက်တဲ့ လူတွေပါလား"

"ဒါကြောင့်ပေါ့ ဒီညအဖြစ်က ကိုနေမင်းသာ ဝင်မကယ်ရင် မကျော့ဘဝ ပျက်ကိန်းပဲ"

"အခုကိစ္စကို မမကျော့ခိုင် ရဲမှာတိုင် အမှုဖွင့်လိုက်ပါလား"





"ဘာထူးမှာလဲ ကိုနေမင်း၊ ရဲကိုတိုင် အမှုဖွင့်လည်း အမှုမှာ မကျော့ ရှုံးမှာပဲ၊ အမှုဖွင့်တာနဲ့ ရဲက တိုက်မောင်းကို စစ်ဆေးမယ်၊ ဦးသြဘာက အဲဒီ အမှုဖွင့်တဲ့ ဒီနေ့ ဒီအချိန် မှာ သူ့တပည့် တိုက်မောင်းဟာ သူနဲ့အတူ ရှိနေပါတယ်၊ ကိစ္စတစ်ခုခု အတူတူ လုပ်ကိုင်နေပါတယ်ဆို အပီကိုင်ပြမယ်၊ ရွှေကျိုက်တော်မြို့မှာ ဦးသြဘာလို ဂုဏ်သရေရှိလူက သက်သေလိုက် ထွက်ဆိုရင် အများက လက်ခံမှာပဲ၊ မကျော့ပဲ အရှက်ရပြီး အမှုရှုံးမှာပဲ"

"ဒါဆို မမကျော့ခိုင်ဘက်က ကျွန်တော်"

နေမင်းက ကျွန်တော် မျက်မြင်သက်သေ လိုက်ပေးမယ်ဟုပြောရန် ဖြစ်သော်လည်း စကားမဆုံးမီ ရပ်လိုက်သည်။

ရဲအဖွဲ့ကလည်းကောင်း တရားရုံးကလည်းကောင်း၊ မိမိ၏ မိဘအမည်၊ လက်ရှိ အလုပ်အကိုင် အမြဲတမ်း နေရပ်လိပ်စာစသည်ကို မေးတော့မည်။ နေမင်း၊ အဲဒီ ဇာစ်မြစ်အမှန်တွေကို သက်ဆိုင်ရာများရှေ့တွင် ပြောရဲပါ့မလား၊ ကိုယ်တိုင် ဝရမ်းပြေးဖြစ်နေသည်။ သြောင်မြစ်တူး ပုတ်သင်ဥပေါ် ဖြစ်သွားမည်။

သို့စေကာမူ မကျော့ခိုင်က သဘောကောင်းသဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေမင်းက အမှုမှာ မေကျော့ဘက်က မျက်မြင်သက်သေ လိုက်ပေးမယ်လို့ ပြောမလို့ မဟုတ်လား၊ အဲဒီအတွက် ကိုနေမင်းကို မေကျော့ ထပ်ပြီး ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကိုနေမင်း သက်သေလိုက်ပေးလည်း အမှုမှာ မေကျော့ ရှုံးမှာပဲ၊ ဘာလို့လဲဆိုတော့ ကိုနေမင်းက ဒီဒေသမှာ ဘယ်သူမှမသိတဲ့ လူစိမ်းသက်သက်ပဲ၊ ကိုတိုက်မောင်းကို ကိုနေမင်း လုံးဝ မြင်ဖူးသိဖူးတာမှ မဟုတ်ပဲ၊ ဒီတော့ ဒီအမှု ကျူးလွန်သူဟာ ကိုတိုက်မောင်းပါလို့ ထွက်ဆိုလည်း ဒီနယ်မှာ ဩဇာသိပ်ကြီးနေတဲ့ ဦးဩဘာရဲ့ သက်သေပြချက်ကို ကျော်လွှားနိုင်မှာမှ မဟုတ်တာ"

ဒါကိုလည်း ကိုနေမင်း ခေါင်းညိတ်ဝန်ခံရသည်ပင်။

"မမေကျော့ခိုင်ရဲ့ ဆန်စက်ကို ဘာလို့ မလည်ဘဲ ရပ်ထားတာလဲ၊ ပျက်နေလို့လား"

"မပျက်ပါဘူး တမင် ပိတ်ထားလိုက်တာ၊ ဆန်စက် လည်ပတ်တယ်ဆို အပိုင်းသုံးပိုင်း ရှိတယ်၊ မေ(လ်)ပိုင်း အင်ဂျင်ပိုင်းနဲ့ အလုပ်သမားပိုင်းလေ၊ နဝလီ လာကြိတ်တဲ့ လူစိမ်းဒေသက လူတွေလည်း ရှိသေးတယ်၊ ကိုစောမြေး ဆုံးပြီးတဲ့နောက် မေကျော့ ဆန်စက်လုပ်ငန်းကို ဆက်လည်





ပါသေးတယ်၊ ဆန်စက်လုပ်ငန်းကို မေကျော့ နားလည်း နားလည်ပါတယ်၊ ဒါပေမဲ့ အုပ်ချုပ်ရေးပိုင်းကျတော့ မေကျော့မှာ အခက်အခဲ တွေ့ရတယ်၊ မေကျော့က လင်သေမုဆိုးမ ဖြစ်တဲ့အပြင် အရွယ်နဲ့ရုပ်က ရှိနေသေးတော့ စက်ထဲက လူတွေကပဲ မေကျော့ကို ထိကပါး ယိကပါး လုပ်ချင်လာတယ်၊ တခြား ပွဲလန့်တုန်း ဖျာခင်းချင်သူ တွေလည်း များလာတယ်၊ ဆန်စက် လည်ပတ်နေတုန်း တော့ လုပ်ငန်းသဘောအရ ဆန်စက်ထဲကို ဝင်ခွင့်ထွက်ခွင့် တွေ လူပေါင်းစုံအတွက် ရနေတယ်လေ၊ ဒါကြောင့် ပိတ် ပစ်လိုက်တာ၊ အဲ ... သား စိုးစိုး အရွယ်ရောက်လာမှပဲ သားကို အားကိုးပြီး ဆန်စက်ပြန်လည်တော့မလားလို့ ဆုံးဖြတ်ပြီး ပိတ်လိုက်တာ"

"ဒါဆို ဆန်စက်ကို ကြိုက်ဈေးတောင်းပြီး ရောင်းလိုက်ပါလား၊ ကျွန်တော် စေတနာနဲ့ ပြောတာပါနော်၊ မမေကျော့ ခိုင်မှာ ရေရှည် အိမ်ထောင်တစ်ခုလုံး ရပ်တည်ဖို့ကို နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ဝင်ငွေလိုနေမှာပဲ မဟုတ်လား"

"ဆန်စက်ကို မရောင်းပါဘူး ကိုနေမင်း၊ ပထမတစ်ချက်က သေဆုံးသွားတဲ့ ခင်ပွန်း ကိုစောမြေးရဲ့ အမြက်တနိုး



www.burmeseclassic.com

www.burmeseclassic.com



ဆန်စက်မို့ပဲ၊ ဒုတိယအချက်ကတော့ မေကျော့မှာ သားအမိ သုံးယောက် ထိုင်စားနိုင်လောက်တဲ့ ငွေကြေးရှိပါတယ်၊ နောက်တစ်ချက်က နေ့စဉ် ဝင်ငွေရရှိရေးအတွက် ကြက်နဲ့ ဝက် မွေးမြူရေး လုပ်တာက နေ့စဉ်အတွက် လုံလောက်နေတာပဲ”

နေမင်းသည် လက်ပတ်နာရီကို ကြည့်လိုက်သည်။

ည (၁၁)နာရီ ရှိချေပြီ။

“ကျွန်တော် ပြန်သင့်ပြီ၊ ခြံထဲက ဝက်သေနှစ်ကောင်ကိုစွ မြေတူးပြီး ကျွန်တော် မြှုပ်ပေးခဲ့မယ်၊ ခြံတံခါးတိုင်နဲ့ ဝင်တိုက်ထားတဲ့ ကားကိုလည်း ကျွန်တော် ဂိုဒေါင်ထဲ ရွှေ့ပေးခဲ့မယ်”

“ကျေးဇူးတင်ပြီးရင်း ထပ်တင်ရင်းလို့ပဲ ပြောရမှာပဲ ကိုနေမင်း၊ လွတ်နေတဲ့ ကြက်တွေတော့ မနက်ကျမှ မေကျော့နဲ့ သားလေး သမီးလေးနဲ့ လိုက်ရှာပြီး ခြံပြန်သွင်းရမှာပဲ”

“ကဲ ... ဒါဆို ပေါက်တူးပေါက်ပြားတွေပေး”

ဝက်သေနှစ်ကောင် မြှုပ်ရမည့်နေရာကို မေကျော့ခိုင်က လိုက်ပြသည်။





နေမင်းက အင်္ကျီချွတ် စွပ်ကျယ်လက်ပြတ်နှင့် ပေါက်တူးပေါက်ပြားဖြင့် မြေတွင်း စတူးတော့သည်။ ပေါက်တော့သည်။

မေကျော့က အနီးမှ ဆောင့်ကြောင့်ထိုင်ပြီး ကြည့်နေပါ၏။

ကိုနေမင်း၏ ယောကျ်ားပီသလှသည့် ပုံစံမှာ ပေါက်တူးပေါက်ပြားကို အားစိုက်ပေါက်၊ အားစိုက် မြေကြီးများ ကော်ထုတ်ရာ၌ သိသိသာသာကြီး ပေါ်လွင်ပေသည်။

ယောကျ်ားပီသလွန်းသော ကိုနေမင်းပါတကား။ ခန္ဓာကိုယ်ရော၊ စိတ်ဓာတ်ရော၊ ကျွားဆိုမှ တကယ့်ယောကျ်ားပီသလှသည်ကို မေကျော့ခိုင် ငေးကြည့်နေမိသည်။

“မမေကျော့ခိုင် အိမ်ထဲမှာသွားပြီး အနားယူပါလားဗျာ”

“ရပါတယ်”

“အလုပ်တစ်ခုမှာ တစ်ယောက်တည်းလုပ်ရင် ပြီးနိုင်သားနဲ့ ဘေးက ထိုင်စောင့်ပေးတာဟာ မမေကျော့ခိုင်ရဲ့ အင်နာ့ဂျီကို မလိုတဲ့နေရာမှာ သုံးပစ်ရာ ရောက်မနေဘူးလား၊ မမေကျော့ခိုင် ထိုင်စောင့်ပေးနေတာဟာ လူပင်ပန်းရုံကလွဲပြီး အလုပ်မှာ အထောက်အကူဖြစ်တာ မဟုတ်လို့ စေတနာနဲ့ ကျွန်တော် မမေကျော့ခိုင်ကို အနားယူစေချင်တာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မကျော့ ပြန်မေးမယ်၊ ကိုယ့်အကျိုးအတွက် စေတနာ မေတ္တာနဲ့ တကယ် စိတ်ရောကိုယ်ပါ ကူညီနေတဲ့ လူကို ထားပစ်ခဲ့ပြီး ကိုယ်ကတော့ ဓိမ်နဲ့ အနားယူတာကရော လူမှုရေးနဲ့ လူ့ယဉ်ကျေးမှုကို ဖောက်ဖျက်ရာ ရောက်မနေဘူးလား၊ ကိုနေမင်း ကူညီသမျှကို မကျော့က တန်းဖိုးထားရမယ်လေ"

"တစ်ခုတော့ ကျွန်တော် ပြောမယ်၊ ကျွန်တော် မကျော့ခိုင်ကို အခုလို အင်နဲ့အားနဲ့ ကူညီနေတာဟာ ဘာမျှော်လင့်ချက်မှ မပါဘူးနော်၊ ကျွန်တော်က ဒီနယ်မြေဒေသမှာ အမြဲနေမဲ့လူလည်း မဟုတ်ဘူး၊ အခုလို ကူညီတာဟာ စေတနာသန့်သန့်နဲ့ပါ၊ အထူးသဖြင့်ကတော့ ချာတိတ်လေး စိုးစိုးအပေါ်မှာ ကြင်နာစိတ်တွေ အဓိကနဲ့ ကူညီတာပါ"

မကျော့ခိုင် ပြုံးလိုက်သည်။

မကျော့ခိုင်၏ အပြုံးတွင် ကျေနပ်မှု သဘောကျနှစ်ခြိုက်မှုများ အပြည့်အဝ ပါရှိနေပါ၏။

"လူတစ်ယောက်က စေတနာသန့်သန့်နဲ့ ကူညီပေးတာ ဒီအတိုင်းထားခဲ့ပြီး မသွားနိုင်ဘူးဆိုတဲ့ မမကျော့ရဲ့ စိတ်ထားဟာ နှစ်သက်စရာပဲ၊ ဒါဆိုလည်း မမကျော့ ထိုင်ကြည့်သာ ကြည့်ပေတော့ဗျာ"





ဝက်သေနှစ်ကောင်ကို မြေမြှုပ် မြေဖို့ပြီးနောက် ပျက်စီးသွားသော ကြက်ခြံကိုလည်း နေမင်း ပြန်ပြင်ပေးသည်။ ကားကိုလည်း ကားဂိုဒေါင်ထဲရောက်အောင် ပြန်မောင်းပို့ပေးသည်။

ကားမှာ ရှေ့ပိုင်း အနည်းငယ်ပျက်ဆီးသွားသော်လည်း ဝပ်ရှော့တွင် ပြန်ပြင်ပါက တစ်နေ့တာနှင့် ပြီးနိုင်သည်။

"ကဲ ... ပြီးပြီ၊ ကြက်တွေ ပြန်ဖမ်းဖို့ကတော့ မိုးလင်းမှ လုပ်လို့ရမှာ၊ ကျွန်တော် ပြန်မယ် တဲပြန်ရောက်မှ စမ်းချောင်းထဲ အားရပါးရ ရေချိုးပစ်မယ်"

ညကြီးမင်းကြီး သန်းခေါင်ကျော်ကြီးဟု မကျော့ခိုင် နှုတ်မှ ထွက်သွားသည်။

ညကြီးမင်းကြီး ပြန်မည်ကိုလည်းကောင်း၊ သန်းခေါင်ကျော်မှ စမ်းရေချိုးမည်ကိုလည်းကောင်း၊ မလိုလားဘဲ စိုးရိမ်မှုပေါ်လွင်နေပေသည်။

နေမင်းသည် ခြံတံခါးဆီသို့ လျှောက်လာခဲ့သည်။

"ဒီမယ် ကိုနေမင်း"

နေမင်း ခြေလှမ်းရပ်လိုက်သည်။

"ဒီည မပြန်ပါနဲ့လား၊ ကားဂိုဒေါင်ထဲမှာပဲ အိပ်ပါလား၊ အိမ်ပေါ်မှာ အိပ်ဖို့ကတော့ မသင့်တော်လို့ပါ၊ ကိုနေမင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပီသတဲ့စိတ်နဲ့ သိက္ခာကိုတော့ မေကျော့ ယုံကြည်ပြီးသားပါ၊ အခု သန်းခေါင်ကျော်မှ ပြန်မယ်ဆိုရင် စိတ်မချရဘူး၊ ကိုတိုက်မောင်းက စုံစမ်းပြီး ကိုနေမင်းအပြန်ကို စောင့်ချင်စောင့်နေမှာ၊ တောထဲမှာဆိုတော့ ကိုနေမင်းကို လုပ်ကြံနိုင်တယ်"

နေမင်း နေရာမှာပင် ရပ်မြဲရပ်နေသည်။ မေကျော့ခိုင်ကပင် ဆက်ပြောသည်။

"နောက်တစ်ချက် ရှိသေးတာက ကိုတိုက်မောင်းတို့စောစောက အကြံမအောင်ဘဲ ပြန်ပြေးသွားရတာမို့ နောက်တစ်ကျော့ မေကျော့ဆီ ဒီည ပြန်လာချင်လာမှာ"

"ကောင်းပြီလေ့ ကျွန်တော် အိပ်ရမဲ့ ဂိုဒေါင်နေရာကိုသာလိုက်ပြပါ"

"ပြမယ် အခု လောလောဆယ် အိမ်ပေါ်မှာ ရေချိုးပါ၊ ကိုစောဒွေးရဲ့ အင်္ကျီလုံချည်ကိုလည်း ဝတ်ပါ"

နေမင်း မငြင်းတော့ဘဲ အိမ်ပေါ်တွင် ရေချိုးသည်။ မေကျော့ခိုင် ထုတ်ပေးသော အင်္ကျီပုဆိုး ဝတ်သည်။

အိမ်နှင့်အနီးဆုံး အသပ်ရပ်ဆုံး ဂိုဒေါင်တစ်ခုသို့ မေကျော့ခိုင်က ခေါ်သွားသည်။





"ကိုစောဒွေး ရှိတုန်းက ဒီဂိုဒေါင်ထဲမှာပဲ အလုပ်လုပ်ပြီး တစ်ခါတလေ မိုးလင်းအထိ ဂိုဒေါင်မှာပဲ အိပ်တယ်၊ ဒါကြောင့် ဒီဂိုဒေါင်က အသန့်ဆုံးဂိုဒေါင်ပဲ"

ပြောပြီး မေကျော့ခိုင် ပြန်ထွက်သွားကာ မရှေးမနှောင်းပင် သင်ဖြူးဖျာချော ခေါင်းအုံး စသည်တို့ပါ ရှိလာသည်။ ခတ်ဘူးတစ်ဘူးလည်း ပါရှိသည်။

"လက်မနိုင်တော့လို့ ကော်ဖီပန်းကန်တော့ ယူမလာခဲ့ဘူး၊ ဓာတ်ဘူး အဖုံးခွက်နဲ့ပဲ ကော်ဖီသောက်ပါ ကိုနေမင်း"

ပြောပြီး ပြန်ထွက်သွားသော မေကျော့ခိုင်၏ နောက်ပိုင်းကျောပိုင်းကို နေမင်း ငေးကြည့်ကျန်ခဲ့သည်။

မအိုသေးတဲ့သူ အပျိုလေးနဲ့တူဟု ဆိုရမလား၊ ဘစ်သားမွေး တစ်သွေးလှဟု ဆိုရမလား၊ ခေါင်းများလို ကြာလေလှလေဟု ဆိုရမလား။

ဘယ်လိုဆိုရမလဲတော့ မသိ။

မေကျော့ခိုင်သည် ကလေးနှစ်ယောက်အမေဟုသာ ဆိုရသည်။ ရုပ်ရောကိုယ်ရော တကယ့်အပျိုစင် တစ်ယောက်အတိုင်း ရှိနေပါ၏။

စိတ်ကြိုက် နေရာရွေးပြီး ဖျာခင်းလိုက်သည်။ ခေါင်းအုံးပေါ် ခေါင်းချကာ လဲလျောင်းလိုက်သည်။

www.burmeseclassic.com



လဲလျောင်းရာ ဘေးတိုက် မျက်စိတည့်တည့်တွင် မော်တော်ဆိုင်ကယ်တစ်စီး ရှိနေသည်ကို တွေ့ရသည်။

လဲလျောင်းရာမှထပြီး မော်တော်ဆိုင်ကယ်ကို သွားကြည့်သည်။

ဂျပန်လုပ် ယာမာဟာ အမျိုးအစား နှစ်ရာငါးဆယ် စီစီကောစီး မော်တော်ဆိုင်ကယ်ကြီး ဖြစ်ပါ၏။

ကိုစောငွေ စီးခဲ့သော မော်တော်ဆိုင်ကယ် ဖြစ်ပေမည်။

အံ့ဩစရာကောင်းသည်မှာ စက်နိုးနေသော မော်တော်ဆိုင်ကယ်ဖြစ်စေ၊ မော်တော်ကားဖြစ်စေ တိမ်းမှောက်လျှင် မီးလောင်တတ်သည်။

ယခု မော်တော်ဆိုင်ကယ်တွင် မီးလောင်ထားသည့် လက္ခဏာမရှိ၊ အနည်းအပါး ပျက်စီးသည်ကိုသာ တွေ့ရသည်။

ပြန်ပြင်လိုက်လျှင် စီးလို့ရသော အခြေအနေဟု နေမင်း ခန့်မှန်းသည်။

✪ ＊ ✪





၁

ဖြာကနဲ မျက်စိထဲ အလင်းရောင် စူးခနဲဝင်လာမှ နေမင်းသည် မျက်စိဖွင့် ပတ်ဝန်းကျင်ကိုကြည့်ကာ အိပ်ရာမှ လူးလဲထသည်။

ဂိုဒေါင်တံခါးကို မေကျော့ခိုင်က ဖွင့်လိုက်သောကြောင့် အပြင်မှ နေရောင်ခြည် အထဲဝင်လာခြင်း ဖြစ်နေပါ၏။

မမေကျော့ခိုင် ရင်ထဲတွင် ခေါက်လျက်သား အဝတ်အထည်၊ တစ်ထပ်ကိုပိုက်ပြီး ဂိုဒေါင်ထဲရှိ စားပွဲပေါ်သို့ အထပ်လိုက် ဘင်လိုက်ပြီး နေမင်းထံ လှမ်းပြောသည်။

"မေကျော့ကြောင့် ကိုနေမင်း နိုးသွားတယ်ထင်တယ်၊ ဆောရီးပဲ၊ စိုးစိုးနဲ့ပိုးပိုးကို မေကျော့ ကျောင်းလိုက်ပို့ပေးရမယ်လေ၊ သူတို့ကျောင်းက နေ့တစ်ဝက်ပါ၊ မနက်ခုနစ်



www.burmeseclassic.com

www.burmeseclassic.com



နာရီက မွန်းတည့်ဆယ့်နှစ်နာရီအထိ၊ မွန်းတည့်ပိုင်းကျတော့ အတန်းကြီးသမားတွေအတွက်လေ၊ ဒီမှာ အဝတ်တွေယူလာတယ်၊ မနက်ရေးချိုးပြီး ကိုနေမင်း ဝတ်ဖို့ပါ၊ ကိုစောရွေးအတွက် ဝယ်ထားတဲ့ အသစ်စက်စက်တွေပါ၊ မနေ့က ကိုနေမင်းဝတ်တဲ့ အဝတ်ဟောင်းတွေက ပေရေနေပြီး ပြန်လျှော်ရမယ်၊ ဒီအဝတ်သစ်တွေ ကိုနေမင်းနဲ့ အံကိုက်တော်မှာပါ၊ အိမ်ပေါ်ထပ် ရေချိုးခန်းမှာ ရေချိုးပြီးရင်ဝတ်ဖို့ မျက်နှာသုတ်ပုဝါလည်း ရေချိုးခန်းထဲမှာအသစ် လွှားထားခဲ့တယ်၊ မကျော့ သွားတော့မယ်၊ ကော်ဖီပွဲလည်း အသင့်ပြင်ထားခဲ့တယ်၊ မကျော့ မကြာဘူး၊ ကျောင်းကရွာထဲမှာပဲဟာ”

မှာစရာတွေမှာ ပြောစရာတွေပြောပြီး မကျော့ခိုင်ထွက်သွားသည်။

နေမင်း စားပွဲဆီ လျှောက်သွားသည်။ အထပ်လိုက် အဝတ်တွေကို ကြည့်သည်။ ပတ်ကင်စက္ကူနှင့် တံဆိပ်ပင် မခွာရသေးသော စပို့ရှပ်ကြက်သွေးရောင်တစ်ထည်နှင့် အဖြူအပြာကွက် အိန္ဒိယ ပလေကပ်တစ်ထည်၊ ဂျင်းဘောင်းဘီပြာ အသစ်တွေကို တွေ့မြင်ရသည်။





နေမင်း အိမ်က ကမန်းကတမ်း ထွက်ပြေးလာသူမို့ အဝတ်အထည်များများ ပါသည်မဟုတ်။ ဆွဲအိတ်ထဲ တွေ့ရာကောက်ထည့်ပုံစံဖြင့် ယူလာခြင်းဖြစ်သည်။

နေမင်း အဝတ်အထပ်လိုက်ကိုယူကာ အိမ်ပေါ်တက် ရေချိုးခန်းတွင်း ရှာဝါပန်းကိုဖွင့်ကာ ဦးခေါင်းဆံပင်မှစပြီး တစ်ကိုယ်လုံး အေးမြအောင်ချိုးသည်။ ရေချိုးခန်းလုံသော်လည်း သူဘစ်ပါ:အိမ်ဖြစ်နေ၍ အောက်ခံဘောင်းဘီ ဝတ်ချိုးသည်။ ရေချိုးခန်း တံခါးကိုတော့ အတွင်းမှ ကန့်လန့်ထိုးပိတ် မထားပေ။ စေ့ရုံသာ စေ့ထားသည်။

“ဟော့လူ လက်နှစ်ဖက် အပေါ်မြှောက်ပြီး ဒီဘက်လှည့်၊ ရိုးတိုးယားတား မလုပ်နဲ့၊ ခင်ဗျားကို ကျုပ် သေနတ်နဲ့ ချိန်ထားတယ်”

နေမင်း ဦးခေါင်းပေါ် လက်တင်မြှောက်ကာ လှည့်ကြည့်လိုက်သည်။ ရဲအုပ်အဆင့်ရှိ ပခုံးစွန်းရာထူး အမှတ်သားတပ်နှင့် ရဲအုပ်တစ်ယောက် ရေချိုးခန်း တံခါးဖွင့်က တံခါးဝမှ မိမိကို ခြောက်လုံးပြူး သေနတ်ဖြင့် ချိန်ထားသည်ကို တွေ့ရသည်။

“ခင်ဗျား ဘယ်သူလဲ”

“နေမင်း”

“ဘယ်က လာသလဲ၊ ဘာလို့ ဒီအိမ်ထဲ ရောက်နေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



နေမင်း ဘယ်လိုပြန်ဖြေရမှန်း မသိ။ ရဲအရာရှိဖြစ်နေသောကြောင့် မိမိ ဒီအိမ်ထဲ ဘာလို့ ရောက်နေသည်ကို အဖြေရခက်နေသည်။

"အယ် ... ဒါက ဘယ်လိုဖြစ်နေတာလဲ ကိုအောင်ထူး၊ သူ့ဟာသူ ရေချိုးနေတာကို ရှင်က ဘာလို့ သေနတ်နဲ့ ချိန်ထားတာလဲ၊ ဒါ ကျွန်မ ညီ့သည်ရှင့် ဒီလို မလုပ်ပါနဲ့ ကိုအောင်ထူး"

"မကျော့ ညီ့သည် ဟုတ်လား၊ ပြောပါဦး ဘယ်လို မကျော့ ညီ့သည်လဲ"

"အဲဒါ ကျွန်မအစ်ကို တစ်ဝမ်းကွဲ"

"မကျော့မှာ အစ်ကိုဖြစ်ဖြစ်၊ မောင်ဖြစ်ဖြစ် တစ်ခါမှ ရှိတယ်လို့ မပြောခဲ့ပါဘူး၊ ကြားလည်း မကြားမိဘူး"

"တစ်ဝမ်းကွဲပါလို့ ပြောနေသားပဲ၊ ကျွန်မမှာ မောင်၊ အစ်ကိုအရင်း မရှိပေမဲ့ ဝမ်းကွဲအစ်ကို၊ ဝမ်းကွဲအစ်မ၊ ဝမ်းကွဲမောင်၊ ဝမ်းကွဲညီမတော့ ရှိတာပေါ့၊ ဘယ်သူမဆို ဝမ်းကွဲညီအစ်ကို မောင်နှမ ရှိတတ်တာပဲ၊ ဒါ ကျွန်မရဲ့ ဦးလေး အရင်းက မွေးခဲ့တဲ့သား ကိုနေမင်းတဲ့၊ အဲဒါ ကျွန်မ အစ်ကိုတစ်ဝမ်းကွဲ မတော်လို့ ဘယ်လိုတော်ရမလဲ၊ ရှင် သေနတ်ကြီးကို ပြန်သိမ်းထားပါ ကိုအောင်ထူး"





ရဲအုပ် အောင်ထူးက သေနတ်ကို ခါးပတ်အိတ်ထဲ ပြန်ထိုးသွင်းလိုက်သည်။

"ဒါ သူ့အဝတ်တွေလား၊ အသစ်စက်စက်တွေပါလား"

ရေချိုးခန်းအပြင်ဘက် တံခါးဝ ကုလားထိုင်တွင် တင်ထားသော အထပ်လိုက် အဝတ်တွေကို ကြည့်ပြီး ကိုအောင်ထူးက ပြောသည်။

မကျော့ခိုင် သိပ်ပါးနပ်ပါ၏။

"ကဲ ... ကိုအောင်ထူး အပြင်ထွက်ပြီး စကားပြောကြမယ်လေ၊ ဒီကိုလာတာ ကျွန်မဆီ လာတာလား၊ ဒါမှမဟုတ် တာဝန်နဲ့ လာတာလား"

"မကျော့ဆီ လာနေကျအတိုင်း တမင်လာတာပါဗျာ၊ မကျော့ဆီလာရင်း ရေချိုးခန်းထဲမှာ ဒီလူစိမ်းကိုတွေ့လို့ မေးမြန်းနေတာပါ၊ မကျော့ရဲ့ အစ်ကိုမှန်းမှ မသိတာ"

"ကဲ ... ခြံထဲ ကျွန်မ သွားရမယ်၊ ဓက်စာကျီရှဉ်းမှာ၊ လာ ... သွားစို့ ကိုအောင်ထူး"

ရဲအုပ်အောင်ထူး မကျော့ခိုင်နောက်ကောက်ကောက်ပါ လိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်းခန့် နေမင်း သက်ပြင်းချသည်။ အထပ်လိုက် အဝတ်တွေကိုသာ တစ်ထည်ခြင်း ကိုင်ကြည့်ပါက ကြားထဲတွင် ညှပ်ထားသော မိမိ၏ ပစ္စတိုသေနတ်ကို တွေ့သွားပေမည်။

အကင်းပါးလှသော မမကျော့ခိုင်ကို လွန်စွာ ကျေးဇူးတင်ရတော့သည်။

နေမင်း ရေချိုးခြင်းကို အပြီးသတ်ပြီး မျက်နှာသုတ် ပုဝါနှင့် ဦးခေါင်းဆံပင်မှစ တစ်ကိုယ်လုံး ခြောက်သွေ့အောင် သုတ်သည်။ ပြီးမှ အဝတ်တွေထဲမှ ပလေကပ် လုံချည်ကို ရေကပ်ဝတ်ပြီး စပို့ရှပ် ဂျင်းဘောင်းဘီတိုကို ဆက်ဝတ်သည်။ ပစ္စတိုသေနတ်ကို ဘောင်းဘီခါးကြားတွင်ထိုးကာ အပေါ်မှ စပို့ရှပ် အောက်နားစနှင့် လုံအောင်ဖုံးလိုက်သည်။

ပြီး … ထမင်းစားပွဲပေါ်တွင် အသင့်ပြင်ထားသော ကော်ဖီသောက် မုန့်စားသည်။

စားသောက်ပြီး အကွယ်ယူကာ မေကျော့ခိုင်နှင့် ရဲအုပ်အောင်ထူးရှိရာတို့ ချောင်းကြည့်သည်။

မေကျော့ခိုင်က လေ့လော့်တက် အသေးစားခန့်ရှိ ဝက်စာကြို့ရာတွင် မွှေသော လော့်တက်လက်ကိုင်လုံးကို ကန့်လန့် ကိုင်ထားသည်။





ကိုအောင်ထူးက မေကျော့ခိုင်ကိုဖက်ရန် အတင်းကျိုး စားသည်ကို ကန့်လန့်ကိုင် လော့်တက်ဖြင့် အတင်းတွန်းဖယ်နေ သည်ကို တွေ့ရသည်။

နေမင်း ချက်ချင်း ယောင်လည်လည် ပုံစံဖြင့် အပြင်ထွက်လာကာ မြင်တွေ့သာအောင် လှုလုံးပြလိုက်မှ ရဲအုပ် အောင်ထူးက ပွေ့ဖက်ဖို့ ကြိုးစားခြင်းကို လက်လျှော့လိုက်သည်။

ထို့နောက် ကိုအောင်ထူး သူ့ရဲ့ကားပေါ် ပြန်တက်၍ မောင်းထွက်သွားတော့သည်။

နေမင်းက မေကျော့ခိုင် ရှိရာသို့ လျှောက်သွားသည်။

"ပေးလေ လော့်တက်၊ ဝက်စာကျိုတာကို ကျွန်တော် မွှေ ပေးမယ်"

နေပါစေဟုပင် မပြောဘဲ မေကျော့ခိုင်က လော့်တက် ကို နေမင်းအား ပေးလိုက်သည်။

မီးထိုးထားသည့် ဒယ်မြို့ကြီးထဲမှ ဝက်စာတွေကို နေမင်း ဆက်မွှေသည်။

"ကိုအောင်ထူးက ရဲအုပ်တစ်ယောက်နော်၊ မမကျော့ခိုင် နဲ့လည်း ရင်းနှီးပုံပဲ"

"ဘာ … ဘာရင်းနှီးပုံလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေကျော့ခိုင် ပြန်ပြောပုံမှာ မခံချင်သော ဒေါသသံ ပါရှိသွားသည်။

"ကျွန်တော့် အမြင်ပေါ့လေ ကိုဖိုးအောင်ထူးက မမေကျော့ ခိုင်ကို ချဉ်းကပ်နေသူပဲ၊ ကိုအောင်ထူးလို ရဲအရာရှိ တစ်ယောက်ကို မမေကျော့ခိုင် လက်ထပ်လိုက်ရင် ဦးသြဘာတို့ ကိုတိုက်မောင်းတို့ရဲ့ အန္တရာယ်က မမေကျော့ခိုင် လွတ်သွားနိုင်တယ်၊ မမေကျော့ခိုင် စဉ်းစားမယ်ဆိုရင် ကိုအောင်ထူးဟာ စဉ်းစားသင့်တဲ့လူလို့ ကျွန်တော် မြင်လို့ပါ"

"လုံး၀ လုံး၀ကြီးကို စိတ်မကူးဘူး၊ ကိုနေမင်းက မေကျော့ကို လျှော့တွက်လွန်းတယ်"

"ကျွန်တော် မမေကျော့ခိုင်ကို တစ်စက်လေးမှ လျှော့မတွက်ဘူး၊ အခု လက်ရှိအခြေအနေမှာ မမေကျော့ခိုင်ရှေ့က မားမားကြီးရပ်ပြီး အကာအကွယ်ပေးနိုင်မဲ့လူ လိုအပ်နေတယ်လို့ ကျွန်တော် မြင်လို့ပါ၊ ဦးသြဘာလို လူကို တိုက်မောင်းလိုလူအုပ်စုကို မိန်းမသားဖြစ်တဲ့ မမေကျော့ ခိုင်မှာ အင်အားချင်း သိပ်ကွာနေတယ်လေ၊ စိုးစိုးလေးတို့ ပိုးပိုးလေးတို့ နောင်ရေးကလည်း ရှိသေးတယ် မဟုတ်လား၊ ညကအဖြစ်မျိုး ထပ်မဖြစ်ဘူးလို့ ဘယ်သူ ပြောနိုင်မှာလဲ"





"ညက ကိုနေမင်း အောင်မြင်စွာ ကာကွယ်ပေးနိုင်ခဲ့တာပဲ"

၀က်စာကျိုးရသည်မှာ လွယ်လွယ်တော့မဟုတ်၊ မီးပြင်းလေ မပြတ်မွှေပေးရလေမို့ မွှေရင်းပင် နေမင်း ဆက်ပြောသည်။

"ကျွန်တော် အနီးအနားမှာ ရှိနေသရွေ့ မမေကျော့ခိုင်ကို ကာကွယ်ပေးနိုင်ပေမဲ့ ကျွန်တော်က ဒီအရပ်ဒေသမှာ မြဲမဲ့ လူမှ မဟုတ်တာ၊ သွားသင့်ပြီဆိုတဲ့ အချိန်မှာ ကျွန်တော် ထွက်သွားရမှာပဲ၊ ဒါကြောင့်ဒီဒေသမှာ ရာထူးလက်ကိုင် ရှိနေတဲ့ ရဲအရာရှိ ကိုအောင်ထူးလိုလူက မမေကျော့ခိုင်ကို အကာအကွယ် ပေးနိုင်မှာကို ကျွန်တော် ဆိုလိုတာပါ"

"မေကျော့ဟာ ဘယ်နေရာမှာမဆို လုပ်သင့်တာကို ဦးစား မပေးဘူး၊ လုပ်ချင်တာကိုသာလုပ်တဲ့ စိတ်ရှိတယ်"

"ဘာကို ဆိုလိုတာလဲ မမေကျော့ခိုင်"

"ကိုစောဌေးကို မေကျော့ရင်ထဲ နှလုံးသားထဲကကို ချစ်လို့ လက်ထပ်ခဲ့တာပါ၊ အခု ကိုစောဌေး ကွယ်လွန်သွားတယ်၊ တကယ်လို့ပေါ့လေ မေကျော့ နောက်ထပ် ထပ်လက်ထပ် သင့်တဲ့ အခြေအနေမို့ လက်ထပ်ရပြီဆိုတောင် မေကျော့ရဲ့ ရင်ထဲ နှလုံးသားထဲက မေတ္တာစိတ် ပေါ်လာတဲ့လူမျိုးကို မှ လက်ထပ်မှာပါ ကိုနေမင်း၊ အင်းပေါ့လေ ကလေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ရဲ့မအေ လင်သေမုဆိုးမတစ်ယောက်က နှလုံးသား မေတ္တာကို ဦးစားပေးတဲ့အကြောင်း ပြောနေတာ ကလက်တော့ ကလက်သွားတာပေါ့၊ ဒါပေမဲ့ ဘယ့်နှယ်လုပ်မလဲ၊ မေကျော့ ရင်ထဲမှာ ဒီလိုပဲ ရှိနေလေတော့ ဒီလိုပဲ ကလက်တဲ့စကား ပြောမိမှာပေါ့"

"လုံးဝ မကလက်ဘူး၊ လုံးဝ ကလေးမဆန်ဘူး၊ နှလုံးသား မေတ္တာမျိုးဆိုတာက အမြစ်ကျွတ်ပြီး ပြန်မရှင်သန်နိုင်တော့တဲ့ သစ်ပင်မျိုးမှ မဟုတ်တာ၊ ပင်စည်ကို ခါးလယ်က ဖြတ်ပြီး ဘုန်းဘုန်းလဲကျသွားပေမဲ့ ရာသီဥတု ရေမြေလေ အရ သစ်ပိုင်းပြတ်ကြီး အနိုင်းအခက်၊ အရွက်အညွန့်တွေ ထွက်တတ်တာပဲ၊ နှလုံးသားမေတ္တာဆိုတာ လူသေမှ သေတာမျိုးပါ မမေကျော့ခိုင်"

မေကျော့ခိုင်သည် ကိုနေမင်း ပြောလိုက်သော သစ်ပင်နှင့် နှိုင်းပြသည့် နှလုံးသားမေတ္တာ သဘောကို ကျိတ်ပြီး ရင်ထဲက ထောက်ခံမိသည်။

"ကိုနေမင်းရဲ့ နှိုင်းယှဉ်ပြချက်ဟာ အင်မတန် ဆီလျော်ပါတယ်၊ ဘာလဲ ကိုနေမင်းက သစ်ပင်ကြီးရဲ့ ပင်စည်ကို ခါးလယ်က ဖြတ်ခဲ့ဘူးလို့လား"





"ဒီလောက်ကြီးမှတော့ အမြီးမပေါက်ရင် ဘာမျောက်မို့လဲ မမေကျော့ခိုင်၊ ကျွန်တော်ဟာ အိမ်ထောင်ပျက်ခဲ့ လူတစ်ယောက်ပါ၊ အဲ ... ပြောစရာ တစ်ခုကတော့ ကျွန်တော် အိမ်ထောင်သည်ဘဝ ရောက်သွားခဲ့တာဟာ ကိုစောငွေးနဲ့ မမေကျော့ခိုင်လို နှလုံးသားကိုယ်စီ အပြန်အလှန်နဲ့ ဆောက်တည်ခဲ့တဲ့ အိမ်ထောင်မျိုးတော့ မဖြစ်ခဲ့ဘူး၊ အရောင်းအဝယ်ဆန်တဲ့ အိမ်ထောင်မျိုးပဲ၊ သူ့ဘက်ကလည်း ကိုယ့်ကို တန်ဖိုးသတ်မှတ်တယ်၊ ကိုယ်ကလည်း သူ့ကို တန်ဖိုး ပြန်သတ်မှတ်တယ်၊ တန်းဖိုးချင်း အတန်းညီသားပဲဆိုတဲ့ အမြင်အယူအဆနဲ့ လက်ထပ်လိုက်ကြတာပဲ မမေကျော့ခိုင်"

"သားသမီးကျတော့ကော"

"မထွန်းကားဘူးလေ တစ်ယောက်မှ မထွန်းကားဘူး၊ သူကိုယ်တိုင်က ကျွန်တော်နဲ့ရတဲ့ သားသမီးကို မလိုချင်လို့ သားသမီး မရနိုင်တဲ့ တားဆေးတွေသောက်၊ ထိုးဆေးတွေ ထိုးဆိုတော့ ဘယ်မှာ သားသမီး ရတော့မလဲ"

"အခု လက်ရှိအခြေနေကရော"

"ကွဲသွားကြပြီလေ ဒါကြောင့် ကျွန်တော်ဟာ လွတ်လွတ်လပ်လပ် သွားချင်ရာသွားမယ်၊ နေချင်ရာ နေမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါတာ လုပ်ချင်တာလုပ်မယ်ဆိုတဲ့ အခြေအနေနဲ့ ဒီကို ရောက်လာတာ"

"သူက နောက်အိမ်ထောင်ပြုလိုက်လို့ ရှင် ကွဲ ... ကွဲလာတာမျိုးလား ကိုနေမင်း"

နေမင်း ပခုံးတွန့်ပြသည်။

"ကွဲတဲ့နေ့ကစပြီး သူ့အကြောင်း ကျွန်တော် ဘာမှမသိတော့ဘူး၊ သူ အသက်ရှိနေသေးရင် ရှင်ကွဲပေါ့၊ သူ သေသွားပြီဆိုရင် သေကွဲပဲ"

"အင်း ... သားသမီး မရှိတာကပဲ အခုလို ကွဲတဲ့အခါမှာ တစ်မျိုးကောင်းတယ်လို့ ပြောရမလားပဲ၊ နို့မို့ရင် မိကွဲဖကွဲ သားသမီးဘဝဟာ ရင်နာနေရဦးမယ်"

"ကျွန်တော့်အကြောင်း ထားလိုက်ပါလေ၊ အခု ရဲအုပ် ကိုအောင်ထူးလို လူကို မမကျော့ခိုင် ဘာလို့ လက်မထပ်ချင်ဘာလဲ"

"မချစ်လို့ပေါ့ ချစ်လို့မရအောင်ကို မချစ်လို့ပေါ့၊ အဲဒါဟာ အဓိကပဲ၊ သာမည အချက်လေးတွေကတော့ မေကျော့မှာ ခြံမြေရှိတယ်၊ ဆန်စက်ရှိတယ်၊ ဆန်နီကား ရှိတယ်၊ မြင်းလှည်းတောင် နေ့စဉ် ဝင်ငွေအဖြစ် ထောင်ထားတယ်၊





မွေးမြူရေးအနေနဲ့ ဝက်တွေ၊ ကြက်တွေ ရှိတယ်၊ ကိုစောငွေး လက်ထက်ကရော မိဘဆီကရော ရရှိထားတဲ့ စိန်ထည် ရွှေထည် ရတနာထည်တွေ ရှိတယ်၊ ရွှေကျိုက်တော် ဘဏ်မှာလည်း ငွေတွေ သိန်းချီပြီး ထားရှိတယ်၊ အဲဒါတွေကို ကိုအောင်ထူး မက်မောလို့လားဆိုတာရယ်၊ နောက် သာမည တစ်ချက်က မေကျော့ကို ကိုအောင်ထူး လက်ထပ်ခဲ့ရင် မေကျော့ရဲ့ အင်မတန် အမြတ်တနိုး ထားရှိတဲ့ ခြံနဲ့ မြေနဲ့ အိမ်ကို ဦးသြဘာဆီမှာ ရောင်းပစ်မှာရယ်၊ အဲဒါတွေကြောင့် မေကျော့ကို အရချိုင်တာဆိုတဲ့ သံသယစိတ် မေကျော့မှာ ရှိနေတယ် ...

အဲ ... နောက်ထပ် သာမညဆိုပေမဲ့ သိပ်အရေးကြီးအလေးအနက် အချက်ကတော့ ကိုအောင်ထူးကို လုံးဝ မေကျော့ မချစ်ရုံမကဘူး ကိုအောင်ထူးကလည်း မေကျော့ကိုသာ လိုချင်တာ၊ မေကျော့ သိပ်အလေးထားတဲ့ သား စိုးစိုးနဲ့ သမီး ပိုးပိုးကို ကိုအောင်ထူးက မချစ်ဘူး၊ စိုးစိုးနဲ့ ပိုးပိုးကလည်း ကိုအောင်ထူးကို လုံးဝမချစ်ဘူး၊ အဲဒီအချက်တွေအားလုံး စုပေါင်းလိုက်ရင် ကိုအောင်ထူးကို မေကျော့ ငြင်းပယ်တာဟာ မှားတယ်လို့ ပြောနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"စိုးစိုးက ကျွန်တော့်ကိုတော့ ခင်မင်ပုံရပါတယ်နော်"

"မေကျော့ကိုယ်တိုင် အဲဒါကို အံ့သြနေတာ၊ ညက သူ့ကို အိပ်ရာမှာသိပ်တော့ အိပ်ပျော်တဲ့အချိန်ထိ ဦးဦး ကိုနေမင်း အကြောင်းပဲ ပြောနေတယ်၊ ပြောတာမှစုံနေတာပဲ၊ စိုးစိုးက ကိုနေမင်းကို တအားခင်နေပုံပဲ"

ကျိုနေ မွှေနေသော ဝက်စာမှာ ကျက်လောက်ပြီမို့ ဝက်တွေကို အစာကျွေးရန် မေကျော့ခိုင် ပြင်ဆင်တော့သည်။

"ကျွန်တော် တဲကို ပြန်ဦးမယ်"

"မနက်စာ စားပြီးမှ ပြန်ပါလား၊ ဝက်တွေ အစာကျွေး ပြီးရင် မေကျော့ မီးဖိုဝင်လိုက်မယ်လေ၊ စိုးစိုးနဲ့ပိုးပိုး ကျောင်းဆင်းလာရင် အသင့်စားရုံပဲ"

နေမင်း ခေါင်းညိတ်ပါ၏။

မေကျော့ခိုင် ချက်ပြုတ် ထမင်းပွဲပြင်ရန် အိမ်ပေါ်သို့ တက်သွားသည်။

နေမင်း လိုက်မသွား၊ ဝက်တွေကို အစာကျွေးရင်း ကျန်ခဲ့သည်။ ဝက်စာတွေ ကျွေးပြီးနောက် မြင်းဇောင်းထဲ ဝင်ခဲ့သည်။ မြင်းနှစ်ကောင်ရှိသည့်အနက် ယခု မြင်းဇောင်းထဲတွင် တစ်ကောင်သာရှိသည်။ မြင်းလှည်းကိုလည်း မတွေ့ရသဖြင့်





မြင်းတစ်ကောင် မြင်းလှည်းမောင်းသူက လှည်းဆင်မောင်းသွားသည်ပဲ ဖြစ်မည်။ မြင်းကို မနက်တစ်ကောင် ညနေတစ်ကောင် အလှည့်နှင့် ဆွဲခိုင်းဟန်တူသည်။

မေကျော့ခိုင်သည် ဘဏ်ငွေမထုတ်ပဲ နေ့စဉ် အိမ်သုံး ဘားရိတ် အမြဲရအောင် လုပ်ဆောင်နိုင်သော အမျိုးသမီးပါပေ။

နေ့ခင်း ကျောင်းဆင်းချိန်တွင် စိုးစိုးနှင့် ပိုးပိုးကို ဆန်နီကားနှင့် မေကျော့ခိုင် သွားကြိုသည်။

ညက တိုက်မောင်းတို့ကြောင့် ကားရှေ့ ဘောနက်ပိုင်း ထိသွားသော်လည်း အင်ဂျင်ပိုင်းရော ဘော်ဒီပိုင်းရော မထိခိုက်သဖြင့် မောင်း၍ရလေသည်။

❂ * ❂



www.burmeseclassic.com

www.burmeseclassic.com



## ၆

ထမင်းစားပွဲက လေးယောက်ထိုင် စားပွဲမို့ အ
ဘက် ဦးစားပေးနေရာတွင် နေမင်းကို ထိုင်စေသည်။ မေကျော့
က မျက်နှာချင်းဆိုင် အနောက်ဘက်တွင်ထိုင်ပြီး စိုးစိုးနှင့် ပိုး
က တောင်နှင့်မြောက် မျက်နှာချင်းဆိုင် ထိုင်ကြသည်။

ဝက်သားနှင့် အာလူးဆီပြန်၊ ဆူးပုပ်ရွက်ဟင်းချို
ခရမ်းချဉ်သီးငါးပိချက်၊ ပဲပင်ပေါက် ပဲပြားကြော်၊ သခွား
တို့စရာများ ဖြစ်ပါ၏။

နေမင်းသည် အိမ်မှ ထွက်ပြေးလာကတည်းက
အရှင်းဆုံး လမ်းဘေးထမင်းဆိုင်တွင်လည်းကောင်း၊ တောထဲ
အသားဘူးဖောက် ပေါင်မုန့်ကြွပ်နှင့် စားရသည်တွေက အ
ကြာသွားပြီ။





ယခု မေကျော့ခိုင် ချက်ကျွေးသည့် ဟင်းများမှာ အိမ်ထမင်း အိမ်ဟင်း ဖြစ်နေသောကြောင့် နေမင်းအဖို့ နတ်သုဒ္ဓါ ဖြစ်နေသည်။

အရသာရှိလှသည်။ ခံတွင်းတွေ့လှသည်။

ပထမ ထမင်းတစ်ပန်းကန်မောက်မောက် ပြိုက်ခနဲ ကုန်သွားသည်။ ပဲကြီးနှင့် ဆူးပုပ်ရွက်ဟင်းချိုကို တဖွတ်ဖွတ် ခပ်သောက်သည်။ ပဲကြီးနှင့် ဆူးပုပ်ရွက်ဟင်းကို ကြိုက်မှန်း သိသာသည်။

"ပဲကြီးနဲ့ ဆူးပုပ်ရွက်ဟင်း၊ ခရမ်းချဉ်သီးငါးပိချက်မျိုး မစားရတာ နှစ်ပေါင်း တော်တော်တောင် ကြာသွားပြီဗျာ၊ ကျွန်တော် ကျောင်းသား လူပျိုဘဝက မေမေက အဲဒီလို မျိုးလေးတွေ ကျွေးလေ့ရှိတယ်၊ မေမေ့ လက်ရာဟာ အခု မမေကျော့ခိုင် လက်ရာအတိုင်းပဲ"

"ကိုနေမင်းရဲ့ အိမ်ရှင် အမျိုးသမီးက အဲဒီလို ချက်မကျွေး ဘူးလား"

"ကျွန်တော့် ဇနီးက မီးဖိုမဝင်ဘူး၊ ဘဏ္ဍာစိုး အဒေါ်ကြီး စီမံပြီး အိမ်ဖော်မလေးတွေ ချက်တာပဲ စားရတာ၊ နောက် ပြီး ဇနီးက မြန်မာဟင်း မကြိုက်ဘူး၊ အနောက်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဥရောပ အစားအစာကိုပဲ ကြိုက်တယ်၊ ရေတ်သီး ငံပြာရည် မပါဘဲ အချိုချက် ခေါ်မလား၊ အဖြူထည်သက်သက် အချိုချက်ခေါ်မလား၊ ကြက်သား ဝက်သားကို ရိလုပ်ပြီး ပေါင်မုန့်နဲ့စားတာ၊ ကျွန်တော်နဲ့သူ အသွင်မတူဘူး ဆိုပါတော့"

"ဒါဆို ကိုနေမင်းက ချမ်းချမ်းသာသာထဲကပေါ့နော်၊ ဘဏ္ဍာစိုးထားပြီး အိမ်ဖော်တွေနဲ့ နေခဲ့တာဆိုတော့"

နေမင်းက ပန်းတွန့်ပြုံပါ၏။ ပြီး ပဲကြီးနှင့် ဆူးပုပ်ရွက်ဟင်းကို အရသာခံ သောက်သည်။ ပဲကြီးဖတ်နှင့် ဆူးပုပ်ရွက်ကို နှစ်သက်စွာ ဝါးသည်။

"မာမီ ဦးဦးနေမင်းက ပဲကြီးဟင်းချို သိပ်ကြိုက်တယ်နော်၊ ဒယ်ဒီနဲ့ မတူဘူးလားဟင်၊ ဒယ်ဒီလည်း ပဲကြီးဟင်းချို သိပ်ကြိုက်တာ"

စိုးစိုးက ဦးဦးနေမင်းကို အမြဲကြည့်နေသည်မို့ သူ့အမြင်အတိုင်း ပြောလိုက်သည်။

"ဦးဦးနဲ့ ဒယ်ဒီ တူတာတွေ အများကြီးပဲနော်၊ ဒါပေမဲ့ ဒီဦးဦးက ဒယ်ဒီထက် ပိုချောတယ်၊ ဒယ်ဒီထက် ပိုကြည့်ကောင်းတယ်"





ပိုးပိုးကပါ ကလေးပီပီ သူမြင်သလို ပြောလိုက်ပြန်သည်။

"ဟော့ ... စိုးစိုးနဲ့ပိုးပိုး ပြောတာနဲ့ ဦးဦး တော်တော်ဘဝင်မြင့်သွားပြီ၊ အခု စိုးစိုးရော ပိုးပိုးရော ဒီလောက်ချောတာ စိုးစိုး ပိုးပိုးတို့ရဲ့ ဒယ်ဒီချောလို့ ဖြစ်မှာပေါ့"

ပိုးပိုးက ပက်ခနဲ ပြန်ပြောသည်။

"ဟင်အင်း ... ပိုးပိုးတို့က မာမီ ချောလို့ လိုက်ချောတာ"

မေကျော့ခိုင်ရော နေမင်းပါ ရယ်သည်။ ကလေးသဘာဝ သူပြောသော စကားကို လူကြီးတွေကရယ်သည်ကို သဘောကျပြီး ပိုးပိုး ဆက်ပြောသည်။

"ကိုကိုစိုး ပြောသလို ဦးဦးက ဘာမဆို ဒယ်ဒီနဲ့ တူတယ်ဆိုရင် ဒယ်ဒီနေရာမှာ ဦးဦး နေလိုက်ပေါ့ မာမီ"

"အယ် ... ပိုးပိုး ဒီကောင်မလေး"

မေကျော့ခိုင် ရှက်သွားသည်။ နေမင်းလည်း မျက်နှာပူသွားသည်။ ရှိန်းခနဲ ခံစားလိုက်ရသည်။

သို့သော် နှစ်ယောက်စလုံးသည် မသိကျိုးကျွန် ပြုကာ ဆည်ကာ စားမြဲဆက်စားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးစိုး အကြီးကောင်သည် ဘယ်စကားပြောလျှင် ဘယ်အဓိပ္ပာယ်ရောက်သည်ကို ခန့်မှန်းနိုင်သော်လည်း ဘာမှ ဝင်မပြောပေ။

"သြော် ... မမေကျော့ခိုင်"

"ရှင်"

"ညက ကျွန်တော် အိပ်တဲ့ ဂိုဒေါင်ထဲမှာ မော်တော်ဆိုင်ကယ်တစ်စီး တွေ့တယ်"

"အပျက်ကြီးပါ ကလေးတွေဒယ်ဒီ ကိုစောမြေး တောင်စောင်းက လိမ့်ကျခဲ့တဲ့ မော်တော်ဆိုင်ကယ်လေ၊ အဲဒီကတည်းက ဂိုဒေါင်ထဲမှာ ဒီအတိုင်းထားတာ"

"ကျွန်တော် ကြည့်ပြီးပါပြီ၊ ပြန်ပြင်ရင် ရနိုင်ပါသေးတယ်၊ ကျွန်တော့် ဝါသနာအရ တော်ရုံလောက်ဆိုရင် ပြင်တတ်ပါတယ်၊ အဲဒီ မော်တော်ဆိုင်ကယ်ကို ဘယ်လောက်နဲ့ ဝယ်ထားခဲ့တာလဲဟင်"

"ရှစ်သောင်းဆိုလားပဲ ဝယ်ထားတာ ကြာပါပြီ၊ သေချာ မမှတ်မိတော့ပါဘူး"

"ကျွန်တော် ရှစ်သောင်းနဲ့ပဲ ပြန်ဝယ်ပါ့မယ်"





"ဦးဦးက ဘာလို့ ဒီဆိုင်ကယ် အပျက်ကြီးကို ဝယ်ချင်တာလဲဟင်"

စိုးစိုးက ဝင်မေးသည်။ စိုးစိုး မေးသလို မကျော့ခိုင်ကလည်း ထိုမေးခွန်းကို မေးချင်နေပါ၏။

"ဦးဦး ဒီကသွားတဲ့အခါ အဲဒီ မော်တော်ဆိုင်ကယ်နဲ့ သွားမလားလို့ပါ၊ ဒီနေရာတွေမှာက မြင်းလှည်းတို့ ဘတ်(စ်)ကားတို့ ရှိတာမှ မဟုတ်တာ၊ ဦးဦးမှာ ယာဉ်မောင်းလိုင်စင်လည်း ရှိပြီးသားလေ"

စိုးစိုးက စားလျက်ဘန်းလုန်း ထမင်းကို ရပ်လိုက်သည်။

"ဒီမှာနေလည်း ရသားနဲ့ ဦးဦးက မာမီကလည်း ဦးဦးကို ဖော်ရွေသားနဲ့၊ ဦးဦး ဒီမှာနေတော့ စိုးစိုးတို့ ဘယ်သူ့ကိုမှ ကြောက်စရာမလိုတော့ဘူးပေါ့၊ ဒီရောက်လာတာလည်း ဦးဦး ကြာသေးတာမှ မဟုတ်တာ"

စိုးစိုးသည် လက်ဆေး လက်သုတ်ပြီး ထသွားသည်။

စိုးစိုး ဂိုဒေါင်ဆီသွားကာ ဂိုဒေါင်ထဲရှိ ထင်းရှူးသေတ္တာ တစ်လုံးကို ဖွင့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှလာသော ခြေသံကြားသဖြင့် ထင်ရှူး သေတ္တာဖုံးကို ပြန်ပိတ်လိုက်သည်။

ဂိုဒေါင်ထဲ ဝင်လာသူမှာ ဦးဦးနေမင်းပင် ဖြစ်ပါ၏။

နေမင်းသည် မော်တော်ဆိုင်ကယ်ကို တွန်းပြီး စိုးစိုး ထိုင်နေရာ နေရာတွင် ဒေါက်ထောက် ရပ်လိုက်သည်။ ထို့နောက် မေကျော့ခိုင်ထံမှ ခေတ္တယူလာသော တူး(လ) ဘောက်(စ်)ကိုဖွင့်ကာ ပလာယာ စပါနာများ ထုတ်ယူကာ ပထမဆုံး မော်တော်ဆိုင်ကယ်၏ ကာဗရိုက်တာကို ဖြုတ်သည်။ စစ်ဆေးသည်။

"ဒီ ကာဗရိုက်တာထဲမှာ ချေးတွေအနှများကြီး ပိတ်နေတာပဲ၊ ဆေးမှရမယ်၊ ဦးဦးကို စိုးစိုး ကူညီမလား"

"မကူညီဘူး"

"ဟ … ပြတ်သားလှချည်လား စိုးစိုးရ၊ ဘာလဲ စိုးစိုး ဒယ်ဒီရဲ့ မော်တော်ဆိုင်ကယ်ကို ဦးဦး ယူစီးမှာ မကြိုက်လို့လား"

"ဒယ်ဒီက သေသွားပါပြီ၊ ဒီမော်တော်ဆိုင်ကယ်ကို ပြန်လာစီးနိုင်မှာမှ မဟုတ်တော့တာ၊ ဦးဦး စီးတာကို စိုးစိုး ကျေနပ်ပါတယ်၊ ဦးဦးစီးရင် စိုးစိုးနဲ့ ညီမလေးကတောင်





လိုက်စီးလို့ ရသေးတာပဲ၊ ဒယ်ဒီ ရှိတုန်းက ညီမလေးကို ရှေ့ကတင် စိုးစိုးကို နောက်ကတင်ပြီး စီးခဲ့တာပဲ၊ အခုလည်း ဦးဦး စီးရင် အဲဒီလိုတောင် စီးလို့ရမှာပဲ မဟုတ်လား"

"ဒါဆို ဦးဦးကို စိုးစိုး ဘာလို့ မကူညီချင်တာလဲ"

"ဦးဦးကို တခြား မသွားစေချင်လို့"

နေမင်းမှာ ဟင်းခနဲ သက်ပြင်းတစ်လုံး ချရလေတော့သည်။ စိုးစိုးကိုလည်း ရင်ခွင်တွင်း ဖက်ထားလိုက်မိသည်။

"ဦးဦး ဒီမှာ နေပေးနိုင်သလောက် နေမှာပါ၊ ဒါပေမဲ့ ဦးဦး နေလို့မဖြစ်တော့တဲ့ အခါကျမှ သွားရမှာပါ စိုးစိုး"

"နေလို့ မဖြစ်တော့တဲ့အခါဆိုတာ ဘာကို ပြောတာလဲ၊ မာမီက ဦးဦးကို အိမ်မှာ ထမင်းတွေ ဘာတွေတောင် ကျွေးတယ်၊ ဘယ်သူ့ကိုမှ အိမ်မှာ ထမင်းမကျွေးဘူး၊ ဦးအောင်ထူးကြီးက ဒီအိမ်မှာ ထမင်းအတူစားချင်ပါတယ်လို့ ပြောတာတောင် မာမီက မကျွေးဘူး"

"အေးပါကွာ ဦးဦး ဒီမှာ နေဖြစ်မှာပါ၊ ဒါပေမဲ့ စိုးစိုးတို့ အိမ်မှာတော့ နေဖို့ မသင့်တော်ဘူး၊ တောထဲက ဦးဦးရဲ့ တဲကို ပြန်နေမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ရတယ်လေ၊ စိုးစိုးတို့ အိမ်မှာပဲ ထမင်းလာစားပေါ့၊ စိုးစိုး ငှက်ပစ်ထွက်တဲ့အခါလည်း ဦးဦးဆီကို လာမှာပဲ၊ ဟော … ဟော … ဟိုမှာ အိမ်ရှေ့မှာ မော်တော်ကားအဖြူကြီးတစ်စီး လာရပ်တယ် ဦးဦး"

စိုးစိုး လက်ညှိုးထိုးပြရာသို့ နေမင်း လှမ်းကြည့်လိုက်သည်။

ဟုတ်ပါ၏။ ခေတ်ပေါ် အဖိုးတန် မော်ဒယ်မြင့် အက်(စ်)အီးကားဖြူ တစ်စီးကို လှမ်းမြင်ရသည်။

"အဲဒါ ရွှေကျိုက်တော်က သူဌေးဦးသြဘာဆိုတဲ့ လူကြီးရဲ့ ကားပဲ၊ မာမီ့ဆီမှ ဒီခြံနဲ့မြေကို အတင်းလိုက်ဝယ်တဲ့ လူကြီးလေ"

"ဟော … ဒါဆို သွားရအောင်၊ လာ … လာ … စိုးစိုး"

အိမ်ထဲသို့ တန်းမဝင်သေးဘဲ အပြင်တွင်ရပ်ပြီး အကဲခတ်ရင်း အထဲမှ စကားပြောသံတွေကို နားစွင့်ထားပေသည်။

"ကျုပ် နောက်ထပ် နှစ်သိန်းထပ်တိုးပေးမယ် မေကျော့ခိုင်၊ တကယ်တော့ ဒီဒေသမှာ ဒီလောက် မြေဟာ ဒီလောက် တန်ဖိုးမရှိပါဘူး၊ အခု ကျုပ် ပေးတဲ့ဈေးဟာ မေဒါဝီလို ရွာမျိုးမှာ အမြင့်ဆုံးဈေးပါ"





"တန်ဖိုးနဲ့ ကျွန်မက တွက်ချက်ပြီး ငြင်းနေတာမှ မဟုတ်တာပဲ ဦးသြဘာ၊ အိုးစဉ်အောင်ဆက်က ကျွန်မ ယောကျ်ားကိုစော‌ဌေး လက်ထက်အထိ သက်ရောက်လာတဲ့ မြေဖြစ်နေလို့ ကျွန်မက တန်ဖိုးမဖြတ်ဘဲ မရောင်းတာပါ"

"ဩော် … မိန်းကလေးရယ် အဘက်ဘက်က ဆင်းသက်လာတဲ့ ထီးနဲ့နန်းကိုတောင် မလွဲသာတဲ့အခါ စွန့်ခွာခဲ့ရပြီး အင်္ဂလိပ် မျက်နှာဖြူတွေ ဝင်တိုက်လို့ အရှုံးပေး စွန့်ခွာပြီး သီပေါဘုရင် ပါတော်မူသွားတာပါပဲ၊ အခြေအနေနဲ့ အချိန်ကာလ အရပေါ့၊ အန်ကယ် ရွှေကျိုက်တော်မြို့ပေါ်မှာ ခေတ်မီလှပတဲ့ တစ်ထပ်တိုက်တစ်လုံး ဝယ်ပေးဦးမှာပါ၊ ကလေးနှစ်ယောက်ရဲ့ ပညာရေးအတွက် ဆိုလည်း ရွှေကျိုက်တော်မှာ အထက်တန်းကျောင်း ရှိနေတယ်လေ၊ ကလေးတွေအတွက် ပညာရေး၊ သွားရေးလာရေး အဆင်ပြေတာပေါ့"

"အဲဒါတွေလည်း ကျွန်မ ထည့်စဉ်းစားပါတယ် ဦးသြဘာ၊ အခု မေဒါဝီမှာ အလယ်တန်းကျောင်း ရှိနေတာပဲ၊ အခုမှ အကြီးကောင်က သုံးတန်း၊ အငယ်မလေးက သူငယ်တန်းပဲ ရှိသေးတော့ မေဒါဝီမှာပဲ ကလေးတွေ နောက်ထပ် လေးငါးနှစ် ဆက်နေလို့ ရသေးတာပဲ၊ အဲဒီအချိန်ထိ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဒီရွာ၊ ဒီမြေ၊ ဒီခြံ၊ ဒီအိမ်မှာပဲ နေမှာပေါ့ ဦးဩဘာ၊ ဒါကြောင့် ကျွန်မ ခြံမြေကို ဘယ်လောက်ပေးပေး မရောင်းပါဘူး”

“ဆရာကြီး ပျားရည်နဲ့တော့ ဝမ်းချလို့ရပုံ မပေါ်ဘူး၊ ပွေးကိုင်းဆေးကို သုံးရတော့မလားဟင်”

ဦးဩဘာနှင့် အတူပါလာသော တပည့်နှစ်ယောက် အနက်မှ တစ်ယောက်က စိတ်မရှည်တော့သလို ပြောလိုက်သည်။

မေကျော့ခိုင်ကို အကြမ်းဖက် ရန်လိုပြီဟု သတိပေးပြောကြားသည့်သဘော ဖြစ်နေသည်။

ထိုစကားသံကိုကြားမှ နေမင်းသည် အိမ်အဝင် တံခါးတွင် မားမားကြီး ဝင်ရပ်လိုက်ပေတော့သည်။

နေမင်းကို မြင်လိုက်သည်နှင့် ဦးဩဘာ၏ တပည့်နှစ်ယောက်သည် ဒရိန်းပြသလို ချက်ချင်း သတိအနေအထား ရောက်သွားသည်။

ဟိုနေ့ညက ကိုတိုက်မောင်းနှင့် တပည့်နှစ်ယောက်ကို လက်နက်မဲ့ တီးထည့်သဖြင့် သုံးယောက်စလုံး အနာတရနှင့် ထွက်ပြေးခဲ့ရကြောင်း ယခုပါလာသော တပည့်နှစ်ယောက် သိသာဟန်တူသည်။





“ဪ ... ဦးဩဘာနဲ့ မိတ်ဆက်ပေးရဦးမယ်၊ အဲဒါ ကျွန်မရဲ့ အစ်ကိုတစ်ဝမ်းကွဲ ကိုနေမင်းလေ၊ ဒီကို အလည် ရောက်လာတာ မကြာသေးဘူး”

“ဪ ... မောင်နေမင်းတဲ့လား၊ နာမည်အရဆိုရင်တော့ နေမင်းလို ပူလောင်ပြီး အလင်းရောင်ပေးနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ရတာပေါ့”

ဦးဩဘာက လက်ဆွဲ နှုတ်ဆက်ရန် လက်တစ်ဖက် ဆန့်ထုတ်ကမ်းပေးသည်။

“အဲဒါ ဦးဩဘာတဲ့ အစ်ကို၊ ရွှေကျိုက်တော်မြို့ရဲ့ မျက်နှာဖုံးလို့ သတ်မှတ်ရအောင် ချမ်းသာတယ်၊ အခု ဦးဩဘာက မေကျော့ရဲ့ အိမ်ခြံမြေကို လာဝယ်တာပါ”

နေမင်း၊ မရိုင်းသေးပေ။

ကမ်းပေးသော ဦးဩဘာလက်ကို ပြန်ကိုင် လက်ဆွဲ နှုတ်ဆက်သည်။

“ဒီလိုလေ မောင်နေမင်းရဲ့၊ ကျုပ်က ဒီ မေဒါဝီရွာမှာ ခေတ်မီ ဟိုတယ်ကြီးတစ်ခု တည်ဆောက်ချင်နေတယ်၊ ဟိုတယ်ကြီးဆောက်ဖို့ အကွက်အကွင်းကောင်းပြီး အရာရာ အဆင်ပြေနိုင်မဲ့ နေရာဟာ ဟောဒီ မေကျော့ခိုင်ရဲ့ မြေ



www.burmeseclassic.com

www.burmeseclassic.com



နေရာရယ်၊ ဟိုဘက်ခြံက ဦးဘစိမ်းရဲ့ မြေနေရာရယ်ဟာ အံအကိုက်ဆုံး ဖြစ်နေလို့ မမကျော့ခိုင်ဆီမှာ အမြင့်ဆုံး တန်ဖိုးပေးပြီး ဝယ်နေတာ”

“ကျွန်တော် ဒီနေရာကို အခုရက်ပိုင်းကမှ ရောက်လာတဲ့ လူစိမ်းမို့ ဒီမြေဟာ ဘယ်လောက် တန်ကြေးရှိမှန်း မသိတာ အမှန်ပဲ ဦးဩဘာ၊ နို့ပေမဲ့ ကျွန်တော် နားလည်တာတစ်ခုတော့ ရှိတယ်၊ ရောင်းသူနဲ့ ဝယ်သူဟာ အကြောင်းကြောင်းကြောင့် ရောင်းသူက ဘယ်နည်းနဲ့မှ မရောင်းပါဘူးလို့ငြင်းရင် အရောင်းအဝယ်ကိစ္စ ပြတ်သွားပြီပဲ၊ အဲဒီတော့ ဦးဩဘာနဲ့ တပည့်တွေ အိမ်ပြန်ကြရုံပေါ့ဗျာ”

“ဟဲ ... ဟဲ ... ဟဲ”

ဦးဩဘာက ရယ်မောပြီး ထိုင်ရာမှ ထလိုက်သည်။

“ရှေ့နေခေါ်မှ ထောင်ကျသလို၊ မောင်နေမင်းကို စစ်ကူရမလားလို့ ပြောမိကာမှ တစ်ချီတည်း ပိုပြတ်သွားတော့တယ်ပေါ့ကွာ၊ ဟဲ ... ဟဲ ... လာဟေ့ တပည့်တို့ ငါတို့ ပြန်ဖို့ပဲ ရှိတော့တယ်”

❂ ✻ ❂





၇

ညက တောထဲက တဲမှာပင် နေမင်း ပြန်အိပ်သည်။ ပစ်ထားခဲ့ရသော တဲကို စိတ်မချ၍လည်းကောင်း။

မကျော့ခိုင်၏ ခြံဂိုဒေါင်ထဲမှာ အိပ်သည်ဆိုစေကာမူ ဘေးအမြင်မှာတော့ တစ်အိမ်တည်းမှာ အတူအိပ်သည်ဟု မြင်ကြ ဝေဖန်ကြလျှင် မကျော့ခိုင်အဖို့ သိပ်နစ်နာမည်။

မကျော့ခိုင်နှင့်မိမိ ဘာမှ ဖြစ်ကြသေးသည် မဟုတ်ပါပဲလျက် မကျော့ခိုင် အထင်သေး မခံစေရန်နှင့် မကျော့ခိုင်ကိုယ်တိုင်က မိမိကို အမြင်လွဲမှာ စိုးရိမ်သည်။

ထို့ကြောင့် နေ့ပိုင်း လုပ်စရာရှိသည်များကို သွားလုပ်ပေးပြီး ညပိုင်းတွင် တဲ၌ ပြန်အိပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တဲအတွင်း အိပ်ရာတွင် လဲလျောင်းရင်း နေမင်း ခေါင်းထဲတွင် အတွေးတွေ ပလုံစီ ဝင်လာသည်။

စိုးစိုးလေးကို ခင်မင်ရာမှစပြီး မေကျော့ခိုင် မိသားစုနှင့် ခင်မင်ရခြင်း ဖြစ်သည်။ နေမင်းသည် နဂို လူပျိုဘဝကပင် ကလေးချစ်တတ်သည်။

မိမိ၏ဇနီး စိမ်းနှင့် လင်မယား မကျေမနပ်ဖြစ်ရခြင်းတွင် ကလေးကိစ္စလည်း တစ်ချက်ပါဝင်သည်။

ဇနီး စိမ်းသည် မိမိနှင့် စတင် လက်ထပ်ချိန်မှစ၍ ကလေးမရနိုင်သော တားဆေးတွေသောက်၊ ထိုးဆေးတွေထိုးဖြင့် ကလေးယူခြင်းကို တားမြစ်ထားသည်။

"ကျွန်မ အမြုံမ မဟုတ်ဘူး၊ ကလေးယူရင် ရတယ်၊ ဒါပေမဲ့ ရှင်နဲ့ရတဲ့ကလေး ရှင့်သွေးပါတဲ့ကလေးကို မလိုချင်လို့ကို တမင် တားထားတာ သဘောပေါက်"

ထိုစကားကို နေမင်း အသည်းခိုက်အောင် နာသည်။

မိမိအဖို့ရော၊ စိမ်းအဖို့ရော၊ နှစ်ဖက်မိဘတွေ၏ ဆန္ဒကြောင့် လက်ထပ်ခဲ့ရခြင်း ဖြစ်သည်။ စိမ်း၏မိခင်တွင် နှလုံးရောဂါ ရှိသည်။ မိခင်၏ဆန္ဒကို မလိုက်လျောလျှင် မိခင်သေသွားမည် စိုးရိမ်သောကြောင့် မိမိကို မလွဲသာ လက်ထပ်ခဲ့ရခြင်း ဖြစ်သည်။





စိမ်းတွင် အပျိုဘဝက မောင်မောင်ဦးဆိုသော ချစ်သူ ရှိခဲ့သည်။ သူမ၏ ချစ်သူနှင့် ကွဲကွင်းရခြင်းမှာ နေမင်းကြောင့်ဟု စိမ်း စိတ်ထဲ တာဝ်ယူသန် မှတ်ယူထားသည်။

နေမင်းကတော့ စိမ်းနှင့် လက်ထပ်သည်အထိ ဘာချစ်သူတစ်ယောက်မှ မရှိ။

သို့သော် နေမင်း၏ စိတ်အစွဲအလမ်းမှာ မိမိ လက်ထပ်လျှင် မိမိ ရင်ထဲက နှလုံးသားထဲက ချစ်သူကိုမှ လက်ထပ်ချင်သည့် အစွဲရှိခဲ့သည်။

နောက်ဆုံး မလွှဲမရှောင်သာ နှစ်ဖက်မိဘ အလိုကျ စိမ်းကို လက်ထပ်သော်လည်း တည်မိတဲ့ဘုရား လင်တနားနားဆိုပြီး ဘုရားမပျက် ပေါင်းသင်းခဲ့သည်။ ဇနီးမယား အထင်ကရမှာတော့ သားသမီး လိုချင်စိတ် နေမင်းတွင် ရှိသည်။ နဂိုကပင် ကလေးချစ်တတ်သူမဟုတ်လား။

စိမ်းနှင့်လက်ထပ်ပြီး နှစ်နှစ်အကြာတွင် စိမ်း၏ မိခင်ကြီး နှလုံးရောဂါဖြင့်ပင် ကွယ်လွန်သွားသည်။ စိမ်း မိခင် ကွယ်လွန်သွားပြီး မကြာမီမှာပင် စိမ်းသည် ချစ်သူဟောင်း မောင်မောင်ဦးနှင့် ပြန်ဆက်သွယ်သည်။ ဆက်ဆံသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းကိစ္စကြောင့်ပင် တစ်နေ့သောညတွင် အိပ်ရာထဲမှ လင်မယား စကားများကြသည်။ စိမ်းက ခေါင်းအုံးအောက်တွင် ထားလေ့ရှိသော ပစ္စတိုကို ထုတ်ယူပြီး မောင်းဆွဲကာ နေမင်းကို ပစ်ဖို့ ကြိုးစားသည်။ နေမင်းက သေနတ်ကို ပြန်လုယူသည်။ သူတစ်ပြန် ကိုယ်တစ်ပြန်လုရင်း သေနတ်ကျည်ဆန်ထွက်သွားကာ စိမ်းကို ထိမှန်သွားပြီး ဟတ်တုတ်မလှုပ် ငြိမ်သက်သွားသည်။ ပစ္စတိုက နေမင်းလက်ထဲ ရောက်နေသည်။

မိမိသည် စိမ်းကို ပစ်သတ်မိပြီဟု ကယောင်ချောက်ချားနှင့် ပစ္စတိုကို အိပ်ခန်းပြတင်းပေါက်မှ ပွင့်ပစ်သည်။

ပြီး နေမင်း အိမ်မှ ထွက်ပြေးခဲ့သည်။

လက်လွတ်ထွက်ပြေးခဲ့ခြင်းမျိုး ဖြစ်ပါ၏။ သွေးရူးသွေးတန်း ထွက်ပြေးခဲ့ခြင်းမျိုး ဖြစ်ပါ၏။

ညီတော်မောင် နေလင်းဆီ ရောက်သွားပြီး ဖြစ်ပျက်ခဲ့သမျှကို ညီ နေလင်းအား ပြောပြသည်။ အဝတ်အစားတချို့နှင့် နေလင်းအိမ်တွင် ရှိသမျှ ငွေတစ်သိန်းခန့် အဝတ်အစားတချို့ ဆွဲအိတ်နှင့်ထည့်ကာ မြို့ထဲ တည်းခိုခန်းတစ်ခုတွင် တည်းခိုပြီး နေလိုက်သည်။ နံနက် မိုးလင်းသည်နှင့် ညီ နေလင်းရောက်လာကာ မိမိ ပြတင်းပေါက်မှ လွှင့်ပစ်သော ပစ္စတိုကိုပါ ပြန်ကောက်ယူလာ





သည်။ နောက်ထပ်လည်း ငွေတစ်သိန်း ရှာဖွေယူလာပြန်သည်။ ဘဏ်တွေ မဖွင့်သောကြောင့် ဘဏ်မှငွေထုတ်ချိန်မရ။ ရသလောက် ထပ်ယူလာခြင်း ဖြစ်သည်။

"အခြေအနေကတော့ စိမ်းကို ချက်ချင်း ဆေးရုံပို့လိုက်ပြီ၊ အစ်ကိုနေမင်း အိမ်ပိတ်ထားတယ်၊ လောလောဆယ်တော့ အစ်ကိုနေမင်းအပေါ် အမှုပတ်နေတယ်၊ အစ်ကိုနေမင်း ပြေးပေတော့ ရောက်ရာနေရာက ကျွန်တော့်ကို ဆက်သွယ်ပါ"

ဟု ပြောပြီးသည်နှင့် နေမင်း ထ၍ ဆင်းထွက်ပြေးခဲ့ခြင်း ဖြစ်တော့သည်။

ပြေးရင်း လွှားရင်း မိုးပျောက်တောထဲတွင် ယာယီ တဲထိုးနေရာမှ စိုးစိုးနှင့် တွေ့ရသည်ကို ပြန်စဉ်းစားမိပြန်သည်။

ထွက်ပြေးခဲ့သည်မှာ ခြောက်လခန့်ရှိပြီး ယခု မိုးပျောက်တောတွင် ယာယီ စခန်းချရင်း စိုးစိုးတို့နှင့် တွေ့ဆုံရခြင်း ဖြစ်သည်။

ခင်မင်ကြပြီဆိုတော့လည်း နေမင်းစိတ်ဝယ် မကျော်ခိုင်နှင့် စိုးစိုးတို့ မိသားစုတွင် အန္တရာယ်ရှိနေသည်ကို စိုးရိမ်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်တော့မဟုတ် တောင်တွေး မြောက်တွေး အတွေးတွေကြားတွင် မိမိဇနီး စိမ်းနှင့် မကျော့ခိုင်ကို နှိုင်းယှဉ်ကြည့်မိသည်။

စိမ်းသည် လှပချောမောပါ၏။

မကျော့ခိုင်လည်း လှပချောမောသည်။

သို့သော် လှပချောမောပုံချင်းကျတော့ မတူပါလေ။

စိမ်း၏ အလှအပတို့သည် ပန်းအိုးထဲတွင် အလှစိုက်ထားသော ပန်းများနှင့် တူသည်။ တန်ဖိုးကြီးမားသော အလှပြင်ပစ္စည်းကိရိယာနှင့် ပြင်ဆင်လှပခြင်းမျိုး ဖြစ်သည်။

မကျော့ခိုင်ကတော့ သူ့သဘာဝအတိုင်း ပွင့်ပြီးလှသောပန်းနှင့် တူနေပေသည်။ မျက်နှာအလှကို အလှပြင်ပစ္စည်းများ မပါဝင်ဘဲ လှပသည်။ တရုတ်ပွင့်ရိုက် အဝတ်အစားတစ်ပတ်ရစ်လေးနှင့်လည်း ချောမောသည်။

စိတ်နေ သဘောထားချင်းကျတော့လည်း စိမ်းက ဒေါသ၊ မာန၊ အတ္တ လွှမ်းကဲသည်။ အနီရောင်စိတ်ထားမျိုးဟု ခေါ်ရမလား။

မကျော့ခိုင်ကျတော့ စိတ်နေသဘောထားမှာ စိမ်းနှင့် ဆန့်ကျင်ဘက်လုံးလုံး ဖြစ်နေသည်။ အဖြူရောင်စိတ်ဓာတ်ဟု ခေါ်ဆိုနိုင်သည်။





အနေအထိုင်ချင်း ကျတော့လည်း စိမ်းသည် ယောက်ျားလေးများနှင့် တွေးရောယှက်တင်နေလေ့ရှိသော ဆိုရှယ်ပိုင်းတွင် သိက္ခာမဲ့ နေထိုင်သည်။ တိုင်းတစ်ပါး ယဉ်ကျေးမှုကို ခုံမင်သည်။

မကျော့ခိုင်ကျတော့ သူ့အိမ်သို့ ယောက်ျားဧည့်သည် လာသည်ကိုပင် သိက္ခာရှိရှိ ဆက်ဆံပြီး ယောက်ျားဧည့်သည်လာခြင်းကိုပင် လက်မခံချင်။

တွေ့ရာလေးပါးတွေ တွေးတောရင်း မိုးလင်းကာနီးမှ အိပ်ပျော်သွားသည်။

နေအတော်မြင့်မှ ပြန်နိုးပြီး စမ်းချောင်းယဲတွင် ရေချိုး၊ အဝတ်အစားလဲပြီး မကျော့ခိုင်တို့ အိမ်ဘက်သို့ လာခဲ့သည်။

အိမ်ခြံထဲတွင် မကျော့ခိုင်နှင့် အသက်ငါးဆယ်ခန့် အမျိုးသားကြီးတစ်ဦး စကားပြောနေသည်ကို တွေ့ရသည်။

"ဟော ... လာ ကိုနေမင်း၊ ဒီမှာ မိတ်ဆက်ပေးချင်လို့၊ ဟောဒါ မကျော့နဲ့ ခြံစည်းရိုးခြား ဟိုဘက်ခြံက ဦးဘစိမ်းလေ၊ ဒါက ကိုနေမင်းတဲ့၊ မကျော့ရဲ့အစ်ကိုဝမ်းကွဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျ ကိုနေမင်းကို ကျုပ် အခုမှ သိကျွမ်းရပေမဲ့ ဟိုညက ကိုနေမင်းရဲ့ အစွမ်းသတ္တိကို ကြားထားပြီး ကျုပ်စိတ်ထဲ သဘောကျနေတာ"

"ဦးဘစိမ်းကို ဟိုညက လူဆိုးတွေအကြောင်း မမေကျော့နိုင် ပြောပြတာ ထင်တယ်"

"ဘယ်ဟုတ်မလဲ မေကျော့ခိုင်က တစ်လုံးမှ မပြောဘူး၊ ကျုပ်ကို လက်ဟန်ခြေဟန်တွေနဲ့ အားရပါးရပြောတာ စိုးစိုးလေ၊ ကျုပ်က စိုးစိုးတို့ ပြန်မေးတယ်၊ အဲဒီ ဦးဦးနေမင်းက ဘယ်သူလဲ၊ ဘယ်ကလာတာလဲလို့၊ ဒီတော့ စိုးစိုးက အဲဒါတော့ စိုးစိုး မသိဘူး ဘဘရဲ့တဲ့၊ နောက်ပြီး စိုးစိုးက ပြောသေးတယ်၊ သူ့ရဲကောင်းဆိုတာ ဖြုန်းခနဲ မိုးပေါ်က ဆင်းချင်ဆင်းလာတယ်၊ မြေကြီးက ဖောက်ပြီး ဘွားခနဲ ပေါ်ချင်ပေါ်လာတာပဲ ဘဘရာတဲ့"

သုံးဦးစလုံး စိုးစိုး ပြောစကားကို ရယ်မောကြသည်။

မေကျော့ခိုင်က ဆက်ပြီး ဦးဘစိမ်းအကြောင်း ပြောပြသည်။

"ဦးဘစိမ်းက ကိုယ်ပိုင် ကုန်တင်ကားကြီး သုံးစီးထောင်ထားတယ်၊ ကိုယ့် ကုန်ပစ္စည်းတွေတင်ပြီး ကူးသန်းရောင်းဝယ်နေတာလေ၊ မော်တော်ကားကြီးတွေကို နဝလိဂှာရင်လည်း လိုက်တယ်၊ မြန်မာပြည်အနှံ့ပေါ့၊ ကားတွေပျက်ရင်လည်း သူ့ခြံထဲမှာပဲ သူ့ဟာသူ ပြင်တယ်၊ အဲ ... ဦးဩဘာကလည်း ဦးဘစိမ်းရဲ့ ခြံမြေကို လိုချင်နေတယ်၊ မေကျော့ခြံနဲ့ ဦးဘစိမ်းခြံပေါင်းမှ ဟိုတယ်ဖွင့်လောက်ကဲ့ မြေနေရာရမှာကိုး၊ ဒါပေမဲ့ ဦးဘစိမ်းကလည်း မေကျော့လိုပဲလေ သူ့ခြံမြေကို မရောင်းဘူးလို့ ငြင်းထားတယ်"

"ဦးဘစိမ်းရဲ့ အိမ်ရှင်မကော"

"မန္တလေးမှာ သားတစ်ယောက် သမီးတစ်ယောက်လေ၊ နှစ်ယောက်စလုံး တက္ကသိုလ် တက်နေကြလို့ သူတို့အမေ မန္တလေးမှာ နေပေးရတယ်၊ ကျုပ်ကတော့ ကျုပ် ကုန်ကားတွေနဲ့ မန္တလေးရောက်တဲ့အခါ မန္တလေးအိမ်မှာ ဝင်နေလိုက်၊ ဒီကို ပြန်လာလိုက် အလျှဉ်းသင့်သလို နေရတာပေါ့၊ သားနဲ့ သမီး ကျောင်းရက်ရှည်ပိတ်တဲ့အခါမှာတော့ သူတို့ အားလုံး ဒီမှာ လာနေကြတယ်"

ဪ ... ဒါထက် မေကျော့ခိုင် ဒီနေ့မွန်းလွဲတစ်နာရီ မမှာရုံမှာ အစည်းအဝေး ဖိတ်ထားတယ်လေ၊ မေကျော့ခိုင် အစည်းအဝေး တက်မှာလား"

www.burmeseclassic.com



"တက်ရမှာပေါ့ ဦးဘစိမ်း၊ ရွာလူကြီးတွေကိုယ်တိုင် ဖိတ်ထားတာဆိုတော့ မတက်ရင် သူတို့ကို မလေးစားရာရောက်သွားမှာ"

"ကဲ ... စကားပြောလို့ ကောင်းပါရဲ့၊ ဒါပေမဲ့ အလုပ်တန်းလန်းတွေ ရှိနေလို့ ပြန်လိုက်ဦးမှ"

နေမင်းရော မကျော့ခိုင်ကိုရော နှုတ်ဆက်ပြီး ဦးဘစိမ်း ပြန်သွားသည်။

✪ ✻ ✪





## ၈

ဦးဘစိမ်း ပြန်သွားမှ မကျော့ကို နေမင်း ကြည့်မိသည်။ သူမ၏ လက်ထဲတွင် အသွားထက်သော ပုဆိန်တစ်လက် ကိုင်ထားသည်။ ငါးမူးလုံးခန့် ကြိုးခွေကို လွယ်ထားသည်ကို သတိထားမိတော့သည်။

"ပုဆိန်နဲ့ ကြိုးခွေက ဘာလုပ်မလို့လဲ မမကျော့ခိုင်"

"ကြက်ခြံဘက်ကို ကိုင်းထွက်နေတဲ့ သရက်ပင်ကိုင်းတွေက ပိုးစားနေပြီ။ လေတိုက်ရင် ကိုင်းတွေကျိုးကျပြီး ကြက်တွေပေါ်ပြုတ်ကျ၊ ကြက်တွေ ထိခိုက်မှာစိုးလို့ ခုတ်ပစ်ရှင်းလင်းပစ်ဖို့ ဦးဘစိမ်းဆီက တပည့်တစ်ယောက် အကူအညီ သွားတောင်းတာ ဘယ်သူမှ မရှိကြဘူး၊ တပည့်တွေကို ကားကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ထည့်လွှတ်လိုက်လို့ ဦးဘစိမ်းက သူ တက်ခုတ်ပေးမယ်ဆိုပြီး လိုက်လာတာ၊ ဒီရောက်တော့ ဦးဘစိမ်းက ကြည့်ပြီး သူ မလုပ်ရဲဘူးတဲ့၊ အခု သူ ပြန်သွားပြီ"

"ဒါလေးများ ကျွန်တော် လုပ်ပေးမှာပေါ့ဗျာ၊ ကဲ ... ပုဆိန်နဲ့ ကြိုးခွေပေး"

နေမင်း ကြိုးခွေကိုလွယ် ပုဆိန်ကိုင်ပြီး သရက်ပင်ပေါ် တက်သွားသည်။ ပင်စည်အထက်တွင် အခိုင်အခန့် နေရာယူပြီး ပိုးစားသရက်ကိုင်းတွေကို ကြိုးချည် အရင်းမှခုတ်ချ၊ ပိုးစားကိုင်းတွေကို ကြိုးလျှော့ချပေး၊ အောက်မှ မေကျော့ခိုင်က ကိုင်းတွေကို ကြက်ခြံနှင့် လွတ်ရာသို့ ဆွဲယူသွား၊ ပြန်ကြိုးဖြေပေး၊ ပိုးစားကိုင်းတွေ ဆက်ခုတ်ခြင်းဖြင့် လုပ်နေရသည်ကို မေကျော့ခိုင်စိတ်ထဲ အလိုလို ပျော်နေသည်။

ကိုစောဌေး ရှိစဉ်ကလည်း လင်မယားနှစ်ယောက် ဒီလိုတွေ လုပ်ခဲ့သည်ကို သတိရမိသည်။

ယခု ကိုနေမင်း လုပ်ပေးသည်မှာ ကိုစောဌေး လုပ်ပေးသည်နှင့် တူနေပါ၏။

မေကျော့ခိုင်၏ ရင်ထဲ နှလုံးထဲဝယ် ကိုစောဌေးနှင့် ကိုနေမင်း ဗလုံးဗထွေး ဝင်ရောက်ခံစားရသည်။





သို့သော် ဘာမဆို သွေးအေးအေးနှင့် လုပ်တတ်ခြင်းက ကိုနေမင်းက ကိုစောဌေးထက် သာပေသည်။ ပြီးတော့ တချို့နေရာတို့တွင် ကိုနေမင်းက သတ္တိပိုကောင်းပြီး ဘာမဆို ကျွမ်းကျင်စွာ လုပ်နိုင်သည်ကိုလည်း မေကျော့ခိုင် အလေးအနက် သတိထားမိသည်။

ကိုစောဌေးက ပြဿနာရှိလာလျှင် ကိုယ့်ဘက်က အနာခံကာ အေးအေးဆေးဆေးနှင့် ရှင်းလေ့ရှိသည်။

ကိုနေမင်းကတော့ ပြဿနာကို ကိုယ့်ဘက်က မှန်နေလျှင် အလျှော့မပေး ရင်ဆိုင်ပြီး အနိုင်ယူသည်။

နံနက် (၁၁)နာရီတွင် ပိုးစားသစ်ကိုင်းတွေ ကိစ္စပြီးသွားသည်။

ကိစ္စပြီးသည်နှင့် နေမင်း သူ့ကဲ ဆိုးပြန်သည်။ အိမ်တွင် စိုးစိုးနှင့်ပိုးပိုးတို့ မရှိကြ၊ ကျောင်းသွားဘက်နေသည်။

ထို့ကြောင့် ကိုနေမင်း ပြန်သွားသည်ကို မေကျော့ခိုင် မတားပေတော့။

(၁၂)နာရီ စိုးစိုးနှင့် ပိုးပိုး ကျောင်းက ပြန်လာသည်ကို အသင့် နံနက်စာ ထမင်းကျွေးမွေးပြီး မောင်နှမနှစ်ယောက် အိမ်စောင့်ထားခဲ့ကာ မေကျော့ခိုင် ရွာလည်မွှာရုံသို့ အစည်းအဝေး တက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်စသတ်တော့ ရပ်ကွက်အစည်းအဝေးက ဒီလိုကိုဟု သဘောပေါက်ရတော့သည်။

စင်မြင့်ပေါ်တွင် ရွာမှ လူကြီးတွေနှင့်အတူ ရွှေကျိုက်တော်မြို့မှ ဦးသြဘာ အတူရှိနေသည်။ ဦးသြဘာက သူ့တပည့်နှစ်ယောက်နှင့် ရောက်နေပေသည်။

အစည်းအဝေး စသည်နှင့် မေဒါဝီရွာ ဥက္ကဋ္ဌလူကြီးက အဖွင့်အမှာစကား ပြောကြားပြီး ဤအစည်းအဝေးသည် မေဒါဝီရွာတွင် ခမ်းနားထည်ဝါသော ဟိုတယ်သစ်ကြီးတစ်ခု တည်ဆောက်ရေးကိစ္စကို ဟောပြောပါ၏။

ထို့နောက် ဟိုတယ် တည်ဆောက်ရေး စီမံကိန်းကို ဦးသြဘာက ထပြောသည်။

"ရွှေကျိုက်တော် မြို့နယ်တွင် ပါရှိသမျှ ကျေးရွာတွေများထဲမှာ မေဒါဝီ ကျေးရွာဟာ ကံအကောင်းဆုံး ကျေးရွာပါပဲ၊ ဘာလို့လဲဆိုတော့ ကျွန်တော် ဟိုတယ်သစ်ကြီး တည်ဆောက်ဖို့နေရာ ရွေးရာမှာ မေဒါဝီရွာမှာဆောက်ဖို့ ရွေးချယ်လိုက်လို့ပါပဲ ...

ဟိုတယ်ကြီး ဖွင့်လှစ်ပြီဆိုတာနဲ့ အမြို့မြို့ အနယ်နယ်က လူတွေရောက်လာကြမယ်၊ တည်းခိုကြမယ်၊ နိုင်ငံခြား





သားတွေတည်းခိုနိုင်တဲ့အထိ အဆင့်မြင့် ကျွန်တော် ဆောက်မှာပါ၊ ဒီတော့ အခု မေဒါဝီရွာမှ ရှိနေတဲ့ မြေလမ်းတွေကို ကျွန်တော်က ကတ္တရာ ကျောက်လမ်းခင်းမယ်၊ ဟိုတယ်ဆောက်ရေးလုပ်ငန်းက ကြီးမားသလောက် ဆောက်လုပ်ရာမှာ အလုပ်သမား လိုမယ်၊ ဟောဒီ မေဒါဝီရွာက အလုပ်လုပ်နိုင်သမျှ အရွယ်မရွေး လုပ်အားခကောင်းကောင်းရမှာမို့ စားဝတ်နေရေးတွေ ပိုချောင်လည်မယ်၊ ဟိုတယ် အမှုထမ်းတွေကိုလည်း မေဒါဝီရွာက အမျိုးသား အမျိုးသမီးတွေကို လစာငွေ အမြင့်ဆုံးပေးပြီး ခန့်ထားမယ်၊ မခန့်မီ ကြိုတင်သင်တန်းတွေ ပေးမယ်"

အပြောကောင်းသော ဦးသြဘာ စကားကြောင့် အစည်းအဝေးတက် ရွာသူရွာသားတွေ လက်ခုပ်တစ်ဖြောင်းဖြောင်းတီးကာ သြဘာပေးကြသည်။

"ဒီတော့ မေဒါဝီမှာ ဟိုတယ်ဆောက်သင့်တဲ့ နေရာကို ကျုပ် ရွေးချယ်တော့ ဒီမှာရှိတဲ့ ဒါလီချောင်းပြင်ကျယ်ကြီးရဲ့ ကြည်လင်တဲ့ ရေပြင်၊ ဟိုတစ်ဖက်ကမ်းမှာရှိတဲ့ သာယာတဲ့ တောတောင်၊ ဒါလီချောင်းကြီးထဲမှာ အပျော်တမ်းစီးဖို့ မော်တော်ဘုတ်လှလှလေးတွေ၊ ဟိုဘက်ကမ်း တောတောင်

www.burmeseclassic.com



အမဲလိုက် ဝါသနာပါ နိုင်ငံခြားသားတွေ မော်တော်ဘုတ်လေးတွေငှားစီးပြီး အမဲလိုက်မှာတွေပေါ့လေ၊ အများကြီးမှ တကယ့် ပျော်စရာတွေနဲ့ ပိုက်ဆံရနိုင်တာတွေ အများကြီးပါ"

အားလုံး တဟဲဟဲရယ်ပြီး ဦးသြဘာ ပြောသမျှကို သဘောကျနေကြသည်။

"ဒီတော့ မေဒါဝီရွာကြီးမှာ ဟိုတယ်ဆောက်ဖို့ ကျွန်တော်ရွေးချယ်လိုက်တဲ့ နေရာကတော့ ရွာအစွန်ပိုင်းမှာ ရှိနေတဲ့ ဦးဘစိမ်းရဲ့ မြေနဲ့ ဒေါ်မေကျော့ခိုင်ရဲ့ မြေနေရာတွေပါပဲ၊ အဲဒီ မြေနှစ်ဦးပိုင်ကို ကျွန်တော် အမြင့်ဆုံး ဈေးနှုန်းပေးပြီး ဝယ်ယူမှာပါ၊ သူတို့ ခြံမြေထဲမှာ ရှိနေတဲ့အိမ်မှ စပြီး အဆောက်အုံတွေအားလုံး ရွှေကျိုက်တော်မြို့က အကောင်းဆုံးနေရာမှာ ပြန်လည်တည်ဆောက်ပေးမယ်၊ ကုန်ကျစရိတ်အားလုံး ကျွန်တော်ကပဲ တာဝန်ယူမှာပါ၊ ဒီတော့ ခြံမြေရောင်းလို့ ငွေတွေလည်း နင့်ခနဲရမယ်၊ ရွှေကျိုက်တော်မြို့မှာလည်း ကျကျနန ခမ်းခမ်းနားနား နေရမှာပါ ..

အဲဒီတော့ အခိုက ဒီအစည်းအဝေးမှာ ရွာဥက္ကဋ္ဌ ရွာလူကြီးတွေ ရှေ့မှောက်မှာပဲ ဦးဘစိမ်းနဲ့ ဒေါ်မေကျော့





ခိုင်ဆီက ကျုပ် ဝယ်ယူမယ်၊ မြေတန်ဖိုးကို တောင်းခံပါ၊ ဟောဒီ ရွာဥက္ကဋ္ဌ ရွာလူကြီးတွေ ရှေ့မှာပဲကျုပ်က တန်ကြေးထက်ပိုပြီး လိုချင်သလောက် ကြိုက်ဈေးပေးပါ့မယ်လို့ ကတိပြုပါတယ်၊ ဒီတော့ မြေရှင် ခြံရှင်များက ကြိုက်ဈေးတောင်းကြပါ"

အစည်းအဝေး ခေတ္တတိတ်ဆိတ်သွားသည်။ ပြီးမှ ရွာဥက္ကဋ္ဌကြီးက ဦးဘစိမ်းကို လှမ်းမေးသည်။

"ကဲ ... ဘယ်လိုလဲ ဦးဘစိမ်း၊ ဒီရွာတွေမှာ ဘိုးဘွားလက်ထက်ကနေပြီး သားစဉ်မြေးဆက် ဆက်ခံလာတဲ့မြေတွေမို့ ခြံမြေပေါက်ဈေးရယ်လို့တော့ မရှိခဲ့ဘူး၊ အခု ဦးသြဘာက ကြိုက်ဈေးတောင်းပါဆိုတော့ ဦးဘစိမ်း လိုချင်တဲ့ ကြိုက်ဈေးတောင်းလေဗျာ"

"တစ်ပြားမှ မလိုချင်ဘူး၊ ဦးသြဘာ ကျုပ်ဆီမှာ လာဝယ်နေတာ သုံးကြိမ်ရှိပြီ၊ ကျုပ် မရောင်းဘူးလို့ သုံးကြိမ်လုံး အပြတ်ပြောပြီးသား၊ အခုဟာက ရွာလူကြီးတွေနဲ့ အစည်းအဝေးခေါ်ပြီး မရောင်းပါဘူးဆိုတဲ့မြေကို ဇွတ် ဖြားယောင်းဝယ်နေတာပဲ၊ ကျုပ် မရောင်းဘူး၊ လုံးဝမရောင်းဘူး"

ဦးဘစိမ်းကထပြီး အပြတ်ကြီးကို ပြောချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘစိမ်းကပင် ဆက်ပြောသည်။

"ရွာသူရွာသားတွေရော ရွာဥက္ကဋ္ဌကြီးနဲ့ ရွာလူကြီးတွေရောကို ကျုပ် ပြောချင်တယ်၊ ရွာမှာ ဟိုတယ်ကြီး ဖွင့်လိုက်တာနဲ့ ဘယ်ကမှန်း မသိတဲ့ လူစိမ်းတွေ ဝင်ရောက်လာမယ်၊ လောင်းကစားဝိုင်းကြီးတွေ ရှိလာမယ်၊ မှောင်ခိုဒုစရိုက်လုပ်ငန်းတွေ ဒီရွာမှာ အခြေချလာမယ်၊ တစ်သက်လုံး အေးချမ်းသာယာလာခဲ့တဲ့ မေဒါဝီရွာဟာ ဒုစရိုက်ရွာဖြစ်လာမယ်"

မေကျော့ခိုင်က ဦးဘစိမ်းကို လက်တို့ပြီး အဲဒီလောက်ကြီး မပြောနဲ့ဟု သတိပေးသည်။

သို့သော် မရ၊ ဦးဘစိမ်းက ဆက်ပြောသည်။

"ရွာက လူငယ်ကာလသားတွေ ပျက်စီးလာမယ်၊ ရွာက အရွယ်ရှိ မိန်းကလေးတွေလည်း မသိမသာ ဖာဖြစ်သွားကြမယ်၊ အကျင့်စာရိတ္တတွေ အားလုံး ပျက်စီးကုန်မယ်"

"ဟော့လူ"

ဦးသြဘာနှင့်ပါလာသော တပည့်လူမိုက်က ဦးဘစိမ်းကို ဒေါနှင့်မောနှင့် ဟန့်တားသည်ကို ဦးဘစိမ်း ဆက်မပြောရန် ဟန့်တားလိုက်သည်။





"ခင်ဗျား ခြံမြေကို မရောင်းချင် မရောင်းနဲ့ပေါ့၊ ဟိုတယ်လုပ်ငန်းကိုတော့ အပုပ်ချမပြောနဲ့ ဒါပဲ"

မေကျော့ခိုင်က ဦးဘစိမ်းကို တိုးတိုးလေး ပြောသည်။

"ဆက်မပြောနဲ့တော့ ဦးဘစိမ်း၊ ကိုယ်မရောင်းရင် ပြီးတာပဲ၊ လာ ... ဦးဘစိမ်းနဲ့ မေကျော့ ဒီအစည်းအဝေးက ထွက်သွားမယ်၊ ဒါဆို ကျွန်မတို့နှစ်ဦးက ခြံမြေ မရောင်းဘူးဆိုတာ သိသာပေါ်လွင်တာပဲ"

မေကျော့ခိုင်သည် ပြောပြောဆိုဆိုပင် ဦးဘစိမ်း၏ လက်မောင်းကိုဆွဲကာ အစည်းအဝေးခန်း မဏ္ဍပ်ထဲမှ ထွက်ခဲ့ကြသည်။

ဦးသြဘာက ကြားဝင်ဟောက်သည်။ သူ့တပည့်ကို ကြိမ်းမောင်းခြင်းဖြင့် အများမြင်စေသည်။

ထို့နောက် ဦးသြဘာသည် အလွန်သဘောကောင်းသဘောထားကြီးလှသည့် ပုဂ္ဂိုလ်အသွင်၊ မျက်နှာအသွင်ယူကာ လေပြည်ထိုးပုံစံနှင့် လူအများအား ပြောလိုက်သေးသည်။

"အဲ ... ဒီ ဦးဘစိမ်းကို အပြစ်တင်လို့လည်း မဖြစ်ဘူးဗျ၊ သူက ရွာသယောဇဉ် သိပ်ကြီးပုံရတယ်၊ ဒီတော့ ဘိုးဘွားစဉ်ဆက်က ဆင်းသက်လက်ခံရရှိလာတဲ့ ခြံနဲ့ မြေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် သံယောဇဉ်ကြီးလို့ နေမှာပါ၊ အဲ ... ပြော
တော့ ဒီခေတ်မှာ ဦးဘစိမ်းရော၊ မေကျော့ခိုင်ရော
အမြင်မကျယ်ကြသေးပဲ အမြင်ကျဉ်းသေးတယ်လို့ပဲ ပြော
မှာပေါ့ဗျာ၊ ကဲ ... စားကြ သောက်ကြပေတော့ဗျာ"

အစည်းအဝေး တက်ရောက်သည်။ ရွာလုံးကျွ
ရွာသူရွာသားနှင့် ဥက္ကဋ္ဌ ရွာလူကြီးတွေကို ကြက်သားဒံပေါ
အဝကျွေးလေတော့သည်။

သို့သော် ဦးသြဘာ၏ စိတ်ထဲတွင် ဒီအစည်းအဝေး
နည်းနှင့်လည်း မအောင်ပါတတားဟု ကျိတ်၍ မှတ်ချက်ပြု
လိုက်ပါ၏။





၉

"ဦးဦး လုပ်ပါဦး လုပ်ပါဦး၊ ဟိုမှာ မီးတွေ လောင်နေလို့"

"ဟော"

ပလပ်စတစ်တဲတွင် အိပ်ပျော်နေသော နေမင်းအား
စိုးစိုးက အတင်းလှုပ်နှိုးသဖြင့် အထိတ်တလန့် နိုးလာသည်။

ညကြီးမင်းကြီး အချိန်မတော် စိုးစိုး ရောက်လာခြင်း
ကိုလည်း အံ့သြမိသည်။

"လာပါ ဦးဦး ဘဘစိမ်း ခြံထဲမှာ မီးလောင်နေတာ စိုးစိုး
တို့ အိမ်ဘက်ကို မီးကူးလာတော့မယ်၊ ကြက်ခြံရော၊
ဝက်ခြံရော၊ အိမ်ရော မီးလောင်သွားမှာ"

"လာ ... စိုးစိုး ပြေးသွားစို့"



www.burmeseclassic.com

www.burmeseclassic.com



နေမင်း ရောက်ချိန်တွင် မီးမှာ အရှိန်ကောင်းလော
နေသည်။ စိုးစိုးတို့ ခြံဘက်သို့ မကူးသေး။

"ကိုနေမင်း ... ကိုနေမင်း ဟိုဘက်မှာ ဦးဘစိမ်း အိမ်
မှာ ပိတ်မိနေတယ်"

နေမင်းသည် ဆန်စက်တွင် အသုံးပြုသော ဂုန်နီအိတ်
အထပ်ကြီးထဲမှ တစ်ပွေ့တစ်ပိုက် ယူလိုက်သည်။ ပြီး ဂုန်နီအိတ်
တွေကို ရေဆည် အုတ်ကန်ထဲ နှစ်ချလိုက်သည်။ ရေစို ဂုန်အိတ်တွေ
ကို ပွေ့ပိုက်ခါ ဦးဘစိမ်း ခြံဘက်သို့ ပြေးသွားသည်။

မီး အရှိန်နည်းသော နေရာမှ အတင်းဖြတ်
လိုက်သည်။

BURMESE CLASSIC .com

"မာမိ ဦးဦး မီးတွေထဲ ဝင်သွားတယ်"

မေကျော့ခိုင်လည်း စိုးရိမ်ကြီးစွာနှင့် မြင်တွေ့
ပါ၏။ သိပ်မကြာလိုက်။

ဂုန်အိပ်ရေစိုတွေဖြင့် ဦးဘစိမ်းအားပတ်ခါ ပခုံး
ထမ်းပြီး နေမင်း လွှားခနဲ မီးထဲမှ ခုန်ထွက်လာသည်။

မေကျော့ခိုင်သည် ဦးဘစိမ်း လွတ်မြောက်လာ
ဦးဘစိမ်းအတွက် မပူပင်တော့ဘဲ တခြားနေရာကို နေမင်း
အယိတ်တလန့် လက်ညှိုးညွှန်ပြရင်း အော်ပြောသည်။





"ကိုနေမင်း ဟို တန်းစီနေတဲ့ ပီပါတွေဟာ ဦးဘစိမ်း သူ့
ကုန်တင်ကားကြီးတွေမှာသုံးဖို့ ဒီဇယ်တွေ၊ ဓာတ်ဆီတွေ၊
အဲဒီတွေသာ မီးကူးလောင်ရင် ကုန်ပြီ၊ မေကျော့အိမ်ရော
ဆန်စက်ရော၊ ဂိုဒေါင်တွေရော လောင်မှာ"

နေမင်း လှမ်းမြင်ပါ၏။ လေကလည်း ပီပါတွေ
ရှိရာဘက်သို့ တိုက်နေသည်။

နေမင်းသည် ပေနှစ်ဆယ် အမြင့်တွင် ဂါလံတစ်
ထောင်ခန့် ဝင်သော ရေတိုင်ကြီးကို သစ်သားတိုင်လေးတိုင်ဖြင့်
တင်ထားသည်ကို တွေ့ရသည်။ ရေစုတ်စက်ဖြင့် ရေတင်ထားသော
ရေတိုင်ကီ အကြီးကြီး ဖြစ်ပါ၏။

ပြီး ဦးဘစိမ်း ခြံထောင့်တွင် ရပ်ထားသော လော်ရီ
ကားကြီးကိုလည်း တွေ့ရသည်။

"မမေကျော့ခိုင် ကျွန်တော့်ကို ပုဆိန်မြန်မြန်ပေးပါ"

မေကျော့ခိုင်က ပုဆိန် အပြေးအလွှားယူ အပြေး
အလွှား နေမင်းကို သွားပေးသည်။

နေမင်းသည် ပုဆိန်ကို ကိုင်ကာ ရေတိုင်ကီကြီး
တင်ထားသော တိုင်များဆီသွားကာ တိုင်နှစ်ဖက်ကို ပုဆိန်ဖြင့်
ခုတ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ပုဆိန်ကလည်း အသွားသိပ်ပြတ်သည်။ နေမင်း၏ ပုဆိန်ခုတ်ချက်တွေကလည်း ပြင်းသဖြင့် သစ်သားနှစ်တိုင် ပြတ်လုနီးပါး ရှိသွားသည်။

အပေါ်မှ ရေတိုင်ကီကြီး လှုပ်လာသည်။

နေမင်းသည် ကုန်တင်ကားကြီးပေါ်တက်ခါ စက်နှိုး ပြီး ဘတ်ဂီယာသွင်းကာ နောက်ပြန်ဆုတ်ပြီး ပုဆိန်ခုတ်ထားသော တိုင်နှစ်တိုင်ကို နောက်ပြန်တိုက်ချသည်။ တစ်ဖန် နံပါတ်တစ် ဂီယာပြန်ထိုးကာ ကားရှေ့ပိုင်းနှင့် ဒုတိယအကြိမ် ထပ်အတိုက် တွင် တိုင်နှစ်လုံးပြတ်ပြီး ရေတိုင်ကီကြီး စောင်းကျကာ ရေတွေ ဒလဟော ထွက်ကျလာတော့သည်။ ရေတွေသည် မီးလောင်ရာကို ဒလဟော ဆင်းသွားသောကြောင့် မီးတောက်အား ငြိမ်းသွားသည်။ ကျန်သော မီးကြွင်းမီးကျန်ကို ရေစို ဂုန်နီအိတ်ဖြင့် မေကျော့ခိုင်ရော စိုးစိုးရော၊ နေမင်းရော၊ လိုက်ရိုက် ငြိမ်းသတ်နိုင်ပေတော့သည်။

နေမင်းသည် ဦးဘစိမ်းအား ပွေ့ထူကာ သတိရ အောင် ပြန်လုပ်သည်။ ဦးဘစိမ်း သတိရသည်နှင့် ထထိုင်ကာ နေမင်းကို တအားကြီး ဖက်လိုက်သည်။

"တကယ် ကျုပ်မှာ အမေ မွေးတဲ့ အသက်မရှိတော့ဘူး၊ အရှင်လတ်လတ် မီးသင်္ဂြိုဟ်ပြီးသား ဖြစ်သွားပြီလို့ စိတ်





လျှော့လိုက်ပြီးပြီ၊ မောင်ရင်သာ ဝင်မကယ်ရင် ကျုပ် သေမှာ သေချာတယ်၊ ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မပြောတတ်တော့ဘူး"

"ဦးဘစိမ်း တကယ် ကျေးဇူးတင်ရမှာက ကျွန်တော် မဟုတ်ဘူး စိုးစိုးဗျ။ ညကြီးသန်းခေါင် ကျွန်တော်ရဲ့တဲကို မကြောက်မရွံ့လာပြီး ကျွန်တော့်ကို နှိုးလို့ အခုလို ကယ်နိုင် တာ၊ ကလေးတစ်ယောက်အနေနဲ့ နှစ်ဖာလုံခရီးကို ညဘက် သန်းခေါင်လာတဲ့ စိုးစိုးကိုသာ ဦးဘစိမ်း ကျေးဇူးတင်ချင် သလောက် တင်ပေတော့"

BURMESE CLASSIC .com

နေမင်းရော၊ မေကျော့ခိုင်ရော၊ စိုးစိုးရော ရေတွေ ...ပြီး မီးငြိမ်းသတ်ကြရသောကြောင့် တစ်ကိုယ်လုံး မျက်နှာတွင် ...ဆွေ ပေကျံကာ သရဲရုပ် ပေါက်နေကြသဖြင့် တစ်ယောက်ကို တစ်ယောက် ကြည့်ပြီး ရယ်ကြသည်။

"ဦးဘစိမ်းရဲ့ စင်မြင့်ရေတိုင်ကီကြီးရော၊ ကုန်တင်ကားကြီး ရော ပျက်စီးသွားပြီ ဦးဘစိမ်း"

"ဟာ ... ပျက်စီးစမ်းပါစေ၊ ကျုပ် အသက်ကယ်နိုင်ခဲ့ တာနဲ့စာရင် မပြောသလောက်ပါဘူး ကိုနေမင်းရာ၊ ကိုနေမင်း သာ အဲဒီလိုမလုပ်ရင် ကျုပ်ရော မေကျော့ရော ရှိသမျှ


www.burmeseclassic.com

www.burmeseclassic.com



မီးထဲ ပါသွားပြီ၊ မြေကြီးပဲ ကျန်တော့မှာ၊ ကျုပ်လည်း မီးသင့်ဂြိုဟ်ပြီးသား၊ မီးဖုတ်ပြီးသား ဖြစ်ပြီ။ ကိုနေမင်း တကယ် တော်တယ်ဗျာ၊ တကယ်လို့ ကျုပ် မီးလောင်တဲ့ အိမ်ထဲမှာ မဟုတ်ပဲ အပြင်မှာ ရှိနေဦးတော့ အခုလို မင်း လုပ်သလို လုပ်နိုင်မှာ မဟုတ်ဘူး"

"အင်းပေါ့၊ ဦးဘစိမ်း ကံကောင်းတာက ဦးဘစိမ်းရဲ့ ကုန် တင်ကားကလည်း အသင့်ရှိနေလို့ပေါ့၊ နို့မို့ရင် ဒီရေတိုင် ကီကြီးကို ဘယ်လို လှဲချနိုင်မလဲ၊ ဒါထက် ဒီလောက် မီးလောင်တာတောင် ရွာထဲကလူတွေ မလာကြတာ အံ့သြ စရာပဲ"

"တောက် ... ဒါ ဟို ငသြဘာ ဆိုတဲ့ ကောင်ကြီးရဲ့ လက်ချက်ပဲ ဖြစ်ရမယ်၊ ကျုပ် အိမ်ကို မီးရှို့တာလည်း ဒီကောင်ကြီးပဲ ဖြစ်ရမယ်၊ ရွာကလူတွေ ဒီကို မလာရဲ အောင် သူ့တပည့် လူမိုက်တွေနဲ့ ဟန့်တားထားတာ ဖြစ်မှာပေါ့"

မကျော့ခိုင်က ဖြေဆေးသဘောနှင့် ပြန်ပြောသည်၊

"အဲဒီလို ဟုတ်ချင်မှ ဟုတ်မှာပါ ဦးဘစိမ်း၊ မကျော့ကို နေရာက ရွာစွန်တော်တော်ကျနေတယ်၊ မီးလောင်တာကို





သူတို့ မြင်ချင်မှ မြင်ကြမှာ၊ မီးလောင်တော့လည်း ကိုနေမင်း ချက်ချင်းရောက်လာပြီး မီးငြိမ်းနိုင်လိုက်တော့ မီးတောက် ကို သူတို့ မမြင်နိုင်တော့တာ နေမှာပါ၊ နောက်ပြီး ညဥ့် နက်သန်းခေါင်ချိန်ကြီးဆိုတော့လည်း လူတွေ အိပ်မောကြ တဲ့ အချိန်ကိုး"

"မကျော့ ဘာပဲပြောပြော အခုဟာ ဦးသြဘာ လက်ချက် ပဲ၊ ရွာလူကြီးတွေ ရွာသားတွေနဲ့ပေါင်းပြီး မြေနဲ့ခြံ ဝယ်တာ ကိုတောင် ကျုပ်တို့က မရောင်းတဲ့အပြင် သူ တည်ဆောက် မဲ့ ဟိုတယ်ကို ကျုပ်က အပုတ်ချစကား ပြောခဲ့တာကို နာကြည်းမယ်၊ ပြီးတော့ ကျုပ်တို့ရဲ့ အဆောက်အအုံနဲ့ အိမ်ကို မီးလောင်သွား မြေပဲ ကျန်မှာမို့ မရောင်းဘဲ မနေ နိုင်ဘူးဆိုတဲ့ တွက်ကိန်းမျိုးနဲ့ တွက်ပြီး မီးရှို့တာဖြစ်မှာ သေချာတယ်၊ ဒီမယ် ကိုနေမင်း"

မကျေမနပ်ပြောရင်း တစ်ဆက်တည်း ဦးဘစိမ်းက ကိုနေမင်း နာမည်ကို ခေါ်လိုက်သည်။

နေမင်းက အသံထွက် ပြန်မထူးပဲ ဦးခေါင်းကိုသာ ဆတ်ပြလိုက်သည်။ ဆက်ပြောပါဟု အဓိပ္ပာယ် သက်ရောက်ပါ ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေမင်းဟာ ဘယ်ကလာပြီး ဘယ်သွားမယ်၊ ဘာလုပ်မယ်ဆိုတာတွေတော့ ကျုပ် မသိတာ အမှန်ပဲ၊ အခုလောလောဆယ်မှာတော့ ဘယ်ကိုမှ မသွားပါနဲ့ဦး၊ ကျုပ်အိမ်မှာ လာနေပါ၊ ဩဘာလိုကောင်ကို ရင်ဆိုင်ဖို့က ကိုနေမင်းလိုလူနဲ့မှ ဖြစ်မှာ၊ ကျုပ်တို့ မေကျော့တို့ သူ့ကို မယှဉ်နိုင်ဘူး၊ မေကျော့အိမ်မှာ အနေခက်ရင် ကျုပ်အိမ်မှာ နေပါ"

"ဘယ်ဖြစ်မလဲ ဘဘစိမ်းရ၊ ဦးဦး နေမင်းက စိုးစိုးတို့ရဲ့ ဦးဦးပဲဟာ၊ စိုးစိုးတို့ အိမ်မှာပဲ နေရမှာပေါ့"

စိုးစိုး ပြောသည်ကို မေကျော့ခိုင်က အသံထွက်ပြီး ဘာမှဝင်မပြောသော်လည်း သူမ၏ ဦးခေါင်းညိတ်လိုက်သည်ကို နေမင်း သတိထားမိ တွေ့လိုက်ပါ၏။

"ကောင်းပြီလေ ကျွန်တော် မမေကျော့ခိုင်ရဲ့ ဂိုဒေါင်မှာပဲ မော်တော်ဆိုင်ကယ်ပြင်ရင်း ဆက်နေပါ့မယ်၊ အခုလောလောဆယ်တော့ ကျွန်တော်တို့အားလုံး သရဲရုပ်ပေါက်နေတာကို ဆေးကြောသန့်စင် အဝတ်လဲကြစို့"

အားလုံးသည် ရေချိုးကြသည်။





ဦးဘစိမ်းကတော့ သူ့ခြံဘက်ကို ပြန်သွားသည်။ သူ့အိမ်တစ်ခြမ်း မီးလောင်စေကာမူ နေ၍ဖြစ်လောက်အောင် အကောင်းတိုင်း ကျန်ခဲ့သည်မို့ နေ၍ဖြစ်ပေသည်။ သူ့အိမ်မှာ မနေချင်လည်း သူ့တွင် ဂိုဒေါင်လွတ်တွင် နေနိုင်ပေသည်။

စိုးစိုးကိုရော၊ ပိုးပိုးကိုရော၊ သူမကိုယ်တိုင်ရော ရေချိုးသန့်စင်ပြီး သနပ်ခါးရေကျဲ အားလုံး လိမ်းကြသည်။ မီးအပူဟပ်ခြင်းအတွက် သနပ်ခါးရေကျဲသည် အေးမြစေပါ၏။

ပြန်အိပ်ရန် ပိုးပိုးကိုချော့ပြီး သိပ်ဖို့အတွက် အိပ်ခန်းသဲ ဝင်လိုက်ရာ မြင်ရသော မြင်ကွင်းကြောင့် မေကျော့ခိုင်၏ ရင်ထဲတွင် သိမ့်ခနဲ ခံစားလိုက်ရသည်။

မြင်ကွင်းမှာ ...

စိုးစိုး၏ ခုတင်ပေါ်တွင် စိုးစိုးက ပက်လက်အိပ်ပြီး ကိုနေမင်းက ခုတင်တွင် ခြေတွဲလောင်းချကာ သူ၏ ရင်အုပ်ကျယ်ကြီးဖြင့် စိုးစိုးကို အုပ်ဖက်ထားပြီး စကားတွေဖောင်နေအောင် ပြောနေကြသော မြင်ကွင်းဖြစ်ပါ၏။

မေကျော့ခိုင်သည် ကျေနပ်သော အပြုံးနှင့် နားစွင့်ထောင်လိုက်ရာ ကိုနေမင်းက စိုးစိုး နှစ်သက်သော သူရဲကောင်း အတ္ထုပ္ပတ္တိတွေ ပြောနေခြင်း ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

စိုးစိုးသည် ကိုနေမင်းအား သိပ်ခင်တွယ် သံယောဇဉ် ဖြစ်နေပေပြီ၊ ကိုနေမင်းကလည်း စိုးစိုးကို တကယ်ချစ်၊ တကယ် သံယောဇဉ် ဖြစ်နေကြောင်း သိသာထင်ရှားသည်။

"အဟမ်း"

မေကျော့ခိုင်က ချောင်းဟန့်သံ ပေးလိုက်မှ ကိုနေမင်းက မေကျော့ခိုင် ဝင်လာသည်ကို လှမ်းကြည့်သည်။

"ဪ ... လာပါ မမေကျော့ခိုင်၊ စိုးစိုးလည်း အိပ်ချင်နေပါပြီ၊ ကျွန်တော် ဂိုဒေါင်ကို သွားတော့မှာပါ၊ ဂွတ်နိုက် စိုးစိုး"

နှုတ်ဆက်ပြီး နေမင်း အိပ်ခန်းမှထွက်ခဲ့ သူ့အိပ်ရာရှိရာ ဂိုဒေါင်ဆီသို့ လာခဲ့လေတော့သည်။

နေမင်း ထွက်သွားသည်ကို မေကျော့ခိုင်က မျက်စိတစ်ဆုံး လိုက်ကြည့်မိပေသည်။

❂ ✻ ❂





၁၀

မေကျော့ခိုင်၏ ဂိုဒေါင်တွင် နေပေးရန် ဆုံးဖြတ်ပြီးမို့ မိုးလင်းသည်နှင့် မိုးပျောက်တောထဲရှိ မိမိ၏ ပလပ်စတစ်တဲကို ပြန်ယူရန် နေမင်း ဂိုဒေါင်ထဲမှ ထွက်လာခဲ့သည်။

မိမိအကြောင်း မိမိသတင်းကို ဘာမှ မသိသေးသောကြောင့် ရွှေကျိုက်တော် ရဲအရာရှိ ကိုအောင်ထူး မိမိကို ဘာမှ မစစ်ဆေးခြင်း မမေးမြန်းခြင်းသာ ဖြစ်သည်။

မိမိအကြောင်း မိမိသတင်းကို ကိုအောင်ထူး ကြားသိသည်နှင့် မိမိအနေနှင့် မိုးပျောက်တောထဲမှာ နေနေ၊ ယခု မေကျော့ခိုင် ဂိုဒေါင်ထဲမှာ နေနေ၊ မိမိကတော့ ထွက်ပြေးရပေဦးမည်။

www.burmeseclassic.com



ထို့ကြောင့် တောထဲမှ ပလပ်စတစ်တဲကို သိမ်းထားရမည်။ ကျောပိုးအိတ်ထဲ အသင့် ထည့်ထားရမည်၊ မော်တော်ဆိုင်ကယ်ကိုလည်း ကောင်းအောင်ပြင်ထားရမည်။

ပြေးပြီဟေ့ ဆိုပါတော့ တောထဲသို့ မော်တော်ဆိုင်ကယ်နှင့် ပြေးခြင်းက နောက်မှ လိုက်လာသူများလက်မှ လွတ်မြောက်နိုင်မည်။

မော်တော်ဆိုင်ကယ် ပြန်ကောင်းဖို့အတွက် ပစ္စည်းနှစ်ခု ဝယ်ထည့်ရမည်။ ရွှေကျိုက်တော်တွင် သွားဝယ်ရပေမည်။

မိုးလင်းသည်နှင့် မေကျော့ခိုင်၏ အိမ်ပေါ်သို့ပင် မတက်တော့ဘဲ တောထဲသို့ တန်းသွားရန် ထွက်အလာမှာပင် မေကျော့ခိုင်နှင့် ပက်ပင်း မျက်နှာချင်းဆိုင် တိုးတော့သည်။

"ဟင် ... ကိုနေမင်း နိုးပြီလား၊ စောစောက မေကျော့ ဂိုဒေါင်ထဲ ရောက်သေးတယ်၊ ညက အတော်ပင်ပန်းသွားလို့ လား မသိဘူး ကိုနေမင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ တာ မေကျော့ တွေ့ခဲ့တယ်"

မေကျော့ခိုင်သည် မြင်းလှည်းမောင်းသော ချာတိတ်နှင့်အတူ မြင်းကို ရေချိုးပေးနေခြင်း ဖြစ်ပါ၏။ ချာတိတ်က မြင်းကို ဆပ်ပြာရည် ဘရပ်(ရှ်)တို့ဖြင့် တစ်ကိုယ်လုံး ပွတ်တိုက်



ပေးနေသည်မို့ ကျော့ခိုင်က ရေပိုက်ပျော့ဖြင့် ရေလိုက်လောင်းပေးခြင်း ပြုနေသည်။

မေကျော့ခိုင်၏ ထဘီအင်္ကျီတွေ ရေစိုပြီး အသားကပ်နေသည်ကို နေမင်း ကြည့်တော့ ကြည့်မိသည်။ သို့သော် မျက်နှာ တခြားလွှဲလိုက်ဝါ၏။ အင်မတန် အချိုးကျပုံ ပေါ်နေသော်လည်း နေမင်းဆက်မကြည့်ပေ။ အကြည့်ရိုင်းမသွားစေလိုပေ။

"ကျွန်တော် တဲကို ပြန်မလို့"

"ဒါဆို အပြန်မှ ကော်ဖီသောက်နော်၊ မေကျော့ စောင့်နေမယ်၊ ဒီမှာပဲ နေမယ်လို့ ညက ပြောထားပါတယ်နော် ...

စိုးစိုးလည်း ဘာရယ်မဟုတ် ညက အထိုက်အလျောက် ပင်ပန်းပြီး အိပ်နေတုန်းလေ"

"စိုးစိုးတို့ ကျောင်းမတက်ဘူးလား၊ ကလေးအတွက် ကျောင်းပျက်တာ မကောင်းဘူးထင်တယ် မမကျော့ခိုင်"

ကလေးတွေအတွက် ပူပင်သော ကိုနေမင်းအား ပြုံးပြရင်း ...

"ဒီနေ့ စိုးစိုး ပိုးပိုးတို့ ကျောင်းပိတ်ရက်လေ၊ ဒါကြောင့် အိပ်ပါစေလို့ လွှတ်ထားတာပါ၊ ညက သူလည်း ပင်ပန်းသွားရှာလို့"

www.burmeseclassic.com



နေမင်း ထွက်လာခဲ့သည်။ တဲကို စနစ်တကျ ဖျက်ခေါက်သိမ်းပြီး စမ်းချောင်းထဲတွင် အေးစိမ့်သွားအောင် ရေချိုးသည်။ အဝတ်အစားလဲပြီး ပလပ်စတစ်တဲအပါအဝင် ကျောပိုးအိတ်ကြီးကိုလွယ်ကာ မေကျော့ခိုင်ဆီသို့ ပြန်လာခဲ့သည်။

မေကျော့ခိုင်နှင့် စိုးစိုးသည် ကော်ဖီမသောက် မုန့်မစားသေးဘဲ နေမင်းကို စောင့်နေကြသည်။

ကျောပိုးအိတ်ကြီးကို ဂိုဒေါင်ထဲ ထားခဲ့ပြီးမှ ကော်ဖီဝိုင်းတွင် ပြန်ဆုံသည်။

"ဦးဦး မော်တော်ဆိုင်ကယ် ပြင်ပြီးပလား"

"ပြီးကာနီးပြီကွ ပစ္စည်းနှစ်ခု ဝယ်ထည့်လိုက်ရင် စက်နှိုးလို့ ရလောက်ပြီ၊ စီးလို့ရပြီ"

"ဒါဆို စိုးစိုးကို နောက်က တင်စီးနော်၊ ဒယ်ဒီ ရှိတုန်းက စိုးစိုးကို နောက်မှ ထိုင်ခိုင်းပြီး ညီမလေး ပိုးပိုးကို ဓာတ်ဆီတိုင်ကီပေါ် ရှေ့မှာထိုင်ခိုင်းပြီး စီးတယ်၊ အခုလည်း ဦးဦးက စိုးစိုးနဲ့ ပိုးပိုးကို ဒီလိုပဲ တင်စီးမှာမို့လား"

ဒယ်ဒီလိုပဲ တင်စီးမှာမို့လားဆိုသော စိုးစိုး၏ စကားကြောင့် နေမင်းက မေကျော့ခိုင်ကို လှမ်းကြည့်လိုက်သည်။ မေကျော့ခိုင်ကလည်း နေမင်းကို ပြန်ကြည့်နေပါ၏။ မေကျော့



ခိုင်တွင် ရေစိုအဝတ်တွေနှင့် မဟုတ်တော့ပေ။ ရေချိုးပြီး သနပ်ခါးရေကျဲကျဲလေး လိမ်းကာ လျှော်ဖွတ်သန့်စင်ထားပြီးသော တစ်ပတ်ခါအဝတ်ကို ဝတ်ထားသည်။

ဘာလိမ်းလိမ်း ဘာဝတ်ဝတ် မေကျော့ခိုင်သည် အမြဲတမ်း လှနေသည်။

စိုးစိုးက သူ့ဒယ်ဒီရှိစဉ်က အတူ မော်တော်ဆိုင်ကယ်စီးခဲ့ကြောင်း ပြန်ပြောရှာလားမသိ မေကျော့ခိုင် ငိုင်တွေသွားသည်။

သူမ၏ ချစ်ခင်ပွန်းကို သတိရသွားလေသလားပဲ။

"ကိုကိုစိုး ပိုးပိုးတစ်ယောက်တည်း ကစားရတာ ပျင်းတယ်၊ လာပါ ကိုကိုစိုး ပိုးပိုးနဲ့ လိုက်ကစားပေးပါ"

"အေး ... အေး ညီမလေး"

မောင်နှမနှစ်ယောက် အပြင် ခြံထဲသို့ ပြန်ထွက်သွားကြသည်။

"မမေကျော့ခိုင် အတိတ်ကို ပြန်တမ်းတမိနေတယ် ထင်တယ်"

မေကျော့ခိုင်သည် ရီဝေသော မျက်လုံးဖြင့် စိုးစိုးနှင့်ပိုး ထွက်သွားသည်ကို ကြည့်နေရာမှ ကိုနေမင်းဘက်သို့ ကြာနှာပြန်လှည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူမ၏ ဦးခေါင်းကို ညင်သာစွာ ယမ်းပြလိုက်သည်။

"မေကျော့လည်း မုထုဇဉ် လူသားတစ်ယောက်ပဲ ကိုနေမင်းရယ်၊ အတိတ်ကို တမ်းတမိတဲ့အခါလည်း တမ်းတမိတာပေါ့၊ ဒါပေမဲ့ တမ်းတရုံပါ တမ်းတပြီး မိန်းမောမနေပါဘူး၊ ဘာလို့လဲဆိုတော့ သား စိုးစိုးနဲ့ သမီး ပိုးပိုးက ပိုပြီးအရေးကြီးတယ်လေ"

"အဲဒါ သိပ်မှန်တာပေါ့ မမေကျော့ခိုင်၊ အတိတ်ဆိုတာမျိုးက နှစ်မျိုးရှိတယ်၊ ပထမ အတိတ်မျိုး အခု ပစ္စုပ္ပန်ကိုပြန်လာပြီး ဆက်နွှယ်မှုပြုနိုင်တဲ့ အတိတ်မျိုး။ အဲဒီအတိတ်မျိုးကျတော့ တမ်းတသင့်တာပေါ့၊ တစ်နေ့နေ့ပစ္စုပ္ပန်ကို လာဆက်သွယ်နိုင်တာမို့ တမ်းတရုံမကဘူးမျှော်လင့်နိုင်တယ်၊ မျှော်လင့်သင့်တယ်"

"ကိုနေမင်း ပြောပြတာ သိပ်မြင့်လွန်းနေတယ်၊ မေကျော့မလိုက်နိုင်ဘူး၊ ဘာကို ဆိုလိုတာလဲဟင်"

"ပြောရရင်တော့ တကယ်လို့ မမေကျော့ခိုင်ရဲ့ ခင်ပွန်းကိုစောင်ဗွေးဟာ အပြီးအပိုင် ကွယ်လွန်သွားတာမျိုး မဟုတ်ပဲ အသက်ရှင်လျက်နဲ့ပဲ မမေကျော့ခိုင်နဲ့ စိတ်သဘောထား





ခြင်း မတိုက်ဆိုင်လို့ဖြစ်စေ၊ တခြား သူ့ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုခုကြောင့် ခွဲနေတာဖြစ်စေ၊ အဲဒါမျိုးဆိုရင်တော့ နှစ်ဦးသားအပြန်အလှန် နှလုံးသားအချစ်နဲ့ လက်ထပ်ခဲ့သူတွေပဲ၊ တစ်နေ့မှာ မမေကျော့ခိုင်ဆီ ပြန်လာရမယ်ဆိုတဲ့ တမ်းတချက် မျှော်လင့်ချက် ထားနိုင်တာပေါ့၊ အနာဂတ်မှာ ပြန်လက်တွဲသွားကြဖို့ အလားအလာ ရှိတယ်လေ"

"အဲဒါ ဟုတ်ပါတယ်"

"ဒုတိယမျိုးကျတော့ ကိုစောဗွေးဟာ မမေကျော့ခိုင်ဆီကို လုံးဝ ပြန်မလာနိုင်တော့တဲ့ ဘဝတစ်ပါး ရောက်သွားတာမို့ ပြန်လာလို့ လုံးဝ မျှော်လင့်ချက် မရှိတော့ဘူး၊ ဒီတော့ တမ်းတနေလို့ အကျိုးမထူးတော့ဘူးလေ၊ ပြန်လက်တွဲဖို့ လုံးဝ မျှော်လင့်ချက်မှ မရှိတော့တာ"

မေကျော့ခိုင်သည် ရင်ထဲမှ ကိုနေမင်း ပြောသည်တို့ကို ထောက်ခံရင်း နေမင်းကို ငေးကြည့်မိပြန်သည်။

"ဒါဆို ကိုနေမင်းရဲ့ အတိတ်ကရော"

"ကျွန်တော့် အတိတ်က အခု ပစ္စုပ္ပန်ကို လာဆက်သွယ်ဖို့ လုံးဝကြီးကို မရှိတော့ဘူး မမေကျော့ခိုင်၊ လုံးဝကြီးကို ကျွန်တော့်အတိတ်က ကျောခိုင်းသွားပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



မကျော့ခိုင် သဘောပေါက်လိုက်ပါ၏။ ကိုနေမင်း၏အိမ်ထောင်ဖက်သည် ကွယ်လွန်သွားပြီဟူ၍။

"ကိုနေမင်းမှာရော သားသမီး မထွန်းကားခဲ့ဘူးလား"

ကိုနေမင်း ဖြည်းလေးစွာ ခေါင်းခါပြပြီး ဆက်ပြောသည်။

"ကျွန်တော်က လိုချင်ပေမယ့် သူက မပေးခဲ့ဘူး မမကျော့ခိုင်၊ သားသမီးဆိုတာ မိခင်ကသာ ပေါက်ဖွားပေးနိုင်တာ မဟုတ်လား"

ပြောပြောဆိုဆို ကော်ဖီမုန့် စားသောက်ပြီးနေသော နေမင်း နေရာမှထသည်။

"ကျွန်တော် ဂိုဒေါင်သွားတော့မယ်၊ မော်တော်ဆိုင်ကယ် ပြင်ထားတာ တော်တော်ပြီးနေပြီ၊ ပစ္စည်းနှစ်ခုအသစ်လဲ ထည့်လိုက်ရင် စက်နှိုးလို့ရပြီ စီးလို့ရပြီ"

နေမင်း အိမ်ပေါ်က ဆင်းလာသည်။

အကယ်၍သာ ...

ကိုနေမင်းက ကျွန်တော် မမကျော့ခိုင်ကို ရင်ထဲ နှလုံးထဲက ချစ်နေပြီဗျာဟုများ ပြောပါလျှင် ...



မကျော့ကလည်း ကိုနေမင်းကို နှလုံးသားမေတ္တာတုံ့ပြန်သက်ဝင်နေပါပြီ၊ အနာဂတ်အတွက် ပြင်ဆင်ကြစို့တော့ဟူ၍များ မကျော့ခိုင် ပြန်ပြောမိလေမည်က မပြောတတ်။

သို့သော် ...

ကိုနေမင်းသည် သူ ပြောသော စကားများတွင် မကျော့ခိုင်အပေါ် နှလုံးသား မေတ္တာသက်ရောက်နေသည့် အရိပ်အယောင်ပြပြီးမှ အတိအလင်း ဖွင့်ဟခြင်းမရှိဘဲ အဘယ်ကြောင့်တိုးလိုးတန်းလန်းထားခဲ့ပြီး ထွက်သွားပေသနည်း။

နေမင်း ဆင်းလာသည်နှင့် စိုးစိုးနှင့်ပိုးပိုးသည် လက်တွဲပြေးလာရင်း ...

"ဦးဦး ... ဦးဦး လာကြည့်၊ လယ်ထွန်စက်အကြီးကြီးတစ်ခု စိုးစိုးတို့ခြံဘေးမှာ မောင်းနေတယ်"

စိုးစိုး ညွှန်ပြရာသို့ နေမင်း လှမ်းကြည့်လိုက်သည်။

လယ်ထွန်စက် မဟုတ်ပါလေ။

မြေဖို့ မြေညှိ မြေဆယ်ရာတွင်အသုံးပြုသော ဘူး(လ်)ဒိုဇာ မြေညှိစက်ကြီး ဖြစ်နေသည်ကို တွေ့မြင်ရသည်။

ဦးသြဘာသည် သူ၏လုပ်ငန်းကို စတင်ပေပြီ။ မိုးပျောက်တောဘက်သို့ကျသော မကျော့ခိုင်၏ အစွန်ခြံစည်းရိုး

www.burmeseclassic.com



ဟိုဘက်ရှိမြေတောင်ကုန်းကို စတင်ဖြိုခြင်း၊ သစ်ပင်များကို အမြစ်ကျွတ်ဘူ(လ်)ဒိုဇာဖြင့် တိုက်ထုတ်ခြင်း၊ မြေရိုင်းရှင်းခြင်း လုပ်ကိုင်နေခြင်းကို တွေ့ရသည်။

"ဦးဦး ပြောမယ်နော်၊ စိုးစိုးရောပိုးပိုးရော ကိုယ့်ခြံစည်းရိုးကျော်ပြီး အဲဒီဘက်ကို သွားမကစားနဲ့ အန္တရာယ်ရှိတယ် သိလား လား"

ပိုးပိုးကိုပွေ့ချီ စိုးစိုးကိုလက်တွဲပြီး သူ ဂိုဒေါင်ဆီသို့ ကလေးနှစ်ယောက်ကို ခေါ်လာခဲ့သည်။

ထိုနေ့တစ်နေ့လုံး နေမင်း ဂိုဒေါင်ထဲမှာပင်နေသည်။ မော်တော်ဆိုင်ကယ် ပြင်နေခြင်းကို အကြောင်းပြသည်။

တမင် အိမ်ပေါ်သို့ မသွားခြင်းပါပေ။

အကြောင်းမှ ...

မကျော့ခိုင်ကို နေမင်း ချစ်နေပြီ။

စိုးစိုးနှင့်ပိုးပိုးကိုလည်း ကိုယ့်သားသမီးအရင်းလို ချစ်နေသည်။

သို့စေကာမူ နေမင်း၏ လက်ရှိဘဝသည် မပြတ်သားပေ။

စိမ်း သေသလား၊ ရှင်သလား မသိ။





မိမိနောက်သို့လည်း ရဲက လိုက်နေသည်။

စိမ်း သေသွားပါက လူသတ်မှု။

မိမိအပေါ် ကြိုးဒဏ်ကျနိုင်သည်၊ ကျွန်းဒဏ်ကျနိုင်သည်။ လျှော့လျှော့ပေါ့ပေါ့ဖြင့် အနည်းဆုံးထား တွက်ရင်တောင်မှ ထောင်ငါးနှစ်လောက်တော့ ကျပေမည်။

မကျော့ခိုင်ကို ယခု မိမိ လက်ထပ်လိုက်ပါက မကျော့ခိုင်ခမျာ ဒုတိယအကြိမ် မုဆိုးမ ထပ်ဖြစ်သွားနိုင်သည်။

မိမိကြောင့် မကျော့ မနစ်နာစေလို။

မိမိ ဂိုဒေါင်ထဲ အဝင်မှာပင် ခြံထဲ၌ ကိုအောင်ထူး၏ ရဲကားပြာ ရောက်နေသည်ကို လှမ်းမြင်ရသည်။

မကျော့ခိုင်က ကိုအောင်ထူးအား အိမ်ပေါ်သို့မခေါ်ဘဲ အိမ်ဆင်ဝင်အောက် ကိုအောင်ထူးကား ရပ်ထားသည့် နေရာမှာပင် လက်ခံတွေ့ဆုံ စကားပြောနေသည်။

သူတို့နှစ်ယောက် အခြေအနေကို နေမင်း ဂိုဒေါင်ထဲကပင် လှမ်းကြည့်အကဲခတ်နေသည်။

ကိုအောင်ထူးက ခြေဟန်လက်ဟန်တွေဖြင့် အားရပါးရ ပြောနေသည်ကို တွေ့မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ထူး ပြောသမျှကို မေကျော့ခိုင်က ဦးခေါင်းကို တွင်တွင်ခါ ယမ်းပြနေသည်ကိုလည်း မြင်ရသည်။

နောက်ဆုံး ကိုအောင်ထူး ဒေါပွသွားဟန်တူသည်။

သူ့ရဲကားအပြာကို သူ့ခြေဖြင့်ဆောင့်ကန်ပြီး ကားပေါ်တက်ခါ စက်နှိုးမောင်းထွက်သည်။ ကားစထွက်ရာတွင် နံပါတ်တစ်ဂီယာ ထိုးထွက်ရာ၌ လိုအပ်သည်ထက် နံပါတ်တစ်ဂီယာပြေးနှုန်းကို လီဗာအတင်းဖိနင်းပြီး အရှိန်ပြင်းစွာ ကားအင်ဂျင်သံ လိုသည်ထက် ပိုမိုဆူညံစွာ မောင်းထွက်သွားခြင်းမျိုး ဖြစ်သည်ကိုလည်း နေမင်း တွေ့ရသည်။

သြော် ... မေကျော့ခိုင်၏ဒုက္ခ မသေးပါလား။

နေမင်းသည် မေကျော့ခိုင် ရပ်နေရာသို့ သွားချင်လှသည်။

သို့သော် မသွားတာဘဲ ကောင်းပါတယ်ဆိုသည့် စိတ်တင်းကာ သင်ဖြူးဖျာတွင် လှဲအိပ်ချလိုက်သည်။

❂ ✻ ❂





၁၁

မှေးခနဲ အိပ်ပျော်ရာမှ အသံတချို့ကြောင့် နေမင်း လန့်နိုးသည်။

ချက်ချင်း ထထိုင်သည်။

အသံတွေမှာ ဂျိုးဂျိုးဂျွတ်ဂျွတ် အသံမျိုးလည်း ပါသည်။ ဖြောင်းခနဲ ဖြောင်းခနဲ အသံမျိုးလည်း ကြားရသည်။

နေမင်း ထကာ ဂိုဒေါင်တံခါးမှ အပြင်ဘက်သို့ အသံကြားရသည့်ဆီသို့ ခေါင်းပြူကြည့်သည်။

မှောင်မည်းနေ၍ ဘာမှမမြင်ရ။

ဂိုဒေါင်တံခါးမှ လူတစ်ကိုယ် ထွက်သာရုံဖွင့်ကာ အပြင်သို့ ခြေဖော့နင်း ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေမင်း"

"ဟင် ... မမေကျော့ခိုင် အောက်ကို ဆင်းလာသလား"

"အသံတွေကြားလို့ ဆင်းလာတာ၊ ဘာသံတွေမှန်း မသိဘူး"

"နေ့ခင်းက ဦးဩဘာရဲ့ တပည့်တွေ ဒီခြံစည်းရိုး ဟိုဘက်က သစ်ပင်တွေရှင်း၊ မြေတွေညှိနေတာ တွေ့တယ်၊ မမေကျော့ ခိုင် အိမ်ထဲပြန်ဝင်နေပါ၊ ကျွန်တော် သွားကြည့်ပေးမယ်"

"မေကျော့လည်း လိုက်ကြည့်ချင်တယ်"

"အန္တရာယ် တစ်ခုခုနဲ့ တွေ့မှာစိုးလို့ပါ"

"အန္တရာယ်ဆိုလည်း မေကျော့နဲ့ ပတ်သက်တဲ့ အန္တရာယ်ပဲ ဖြစ်မှာ၊ မေကျော့ ရင်ဆိုင်သင့်တာပေါ့၊ မေကျော့က သစ်ပင်တွေ ကာကွယ်ပြီး လိုက်မှာပါ"

နေမင်း ဘာမှမပြောတော့ပဲ ရှေ့မှ ထွက်လာခဲ့သည်၊ ဦးဩဘာ၏ တပည့်တွေ ဖြစ်ပါ၏။

ဘူးလ်ဒိုဇာကြီးကို မှောင်ထဲတွင် မီးပိတ်ခါ မေကျော့ ခိုင်၏ ခြံမြေ သတ်မှတ်ကာရံထားသော သစ်သားတိုင် သစ်သား ချောင်း ခြံစည်းရိုးကို ဘူးလ်ဒိုဇာနှင့်ထိုးချ လှဲချနေခြင်း ဖြစ်ေ သည်။

ဦးဩဘာ၏ စေခိုင်းချက်အရ ဖြစ်မည်။





ခြံစည်းရိုးကိုလှဲချ မြေခိုးယူပြီးနောက် ခြံစည်းရိုး ပြန်ကာမည့် သဘောပင်။

လဲကျနေသော ခြံစည်းရိုးမှ ကျွတ်ထွက်သွားသော ခြံစည်းရိုး သစ်သားချောင်းတွေကို လိုက်ကောက်နေသော လူနှစ် ယောက်ကို တွေ့ရသည်။

နေမင်းသည် အနီးကပ် ပထမဆုံးတွေ့သူ အပေါ်သို့ လွှားခနဲ ခုန်အုပ်လိုက်သည်။ လက်သီးရော၊ ဒူးရော၊ ခြေကန်ရော ပစ်သွင်းလိုက်ရာ ထိုလူ ဒေါင်းသွားသည်။

ဒုတိယလူ ပြေးလာသည်။ သူ့လက်ထဲတွင် ခြံစည်း ရိုးမှကျွတ်သွားသော နှစ်တစ်လက်မ သစ်သားချောင်းကို မြှောက် ကိုင်ကာ နေမင်းကို ရိုက်လိုက်သည်။

နေမင်း ဒူးကွေးဘေးရွှေ့ အကွက်ဖြင့် ရိုက်ချက်ကို ရှောင်လိုက်ပြီး ထိုလူ တုတ်ကိုင်သော လက်ကိုဖမ်းယူလိမ်ချိုးကာ တုတ်ကို အရယူလိုက်သည်။ ၎င်းတုတ်ဖြင့်ပင် ထိုလူကို ရိုက်ချရာ ထိုလူသည် လဲကျသွားသည်။

နေမင်းသည် ဘူးလ်ဒိုဇာ မောင်းသူကိုတီးရန် ဘူးလ်ဒို ဇာပေါ် ပြေးအတက်မှာပင် အပေါ်မှလူက ကန်ချလိုက်သဖြင့် နေမင်း နောက်ပြန် ပက်လက်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စောစောက ခေါင်းသွားသော နှစ်ယောက်မှာ ဆက်လက်တိုက်ခိုက်ရန် ဆက်မကြိုးစားတော့ဘဲ ဘူးလ်ဒိုဇာပေါ် ပြေးတက်သည်။

ဘူးလ်ဒိုဇာ တခြားသို့ မောင်းထွက်သွားတော့သည်။

မှောင်သည်ဆိုသော်လည်း မိုးသားကင်းစင်သော ကောင်းကင်၏ ကြယ်များဖြင့် ရောင်ပြန်ဟပ်ခါ မျက်စိ ကျင့်သားရသည်နှင့် မြင်တွေ့နိုင်သည်။

နေမင်း ပက်လက်ဆားသို့ မေကျော့ခိုင် အပြေးရောက်လာပြီး မွေ့ထူသည်။

“ကိုနေမင်း သိပ်နာသွားသလားဟင်”

“မနာပါဘူး နောက်ပြန်ကျလို့ ပက်လက်ဖြစ်သွားတာပါ”

“သူတို့ ဘယ်သူတွေလဲ ကိုနေမင်း၊ ဘာလာလုပ်ကြတာလဲ”

“ဦးသြဘာရဲ့ တပည့်တွေပေါ့၊ ခြံစည်းရိုးဖျက်ပြီး မမေကျော့ခိုင်ရဲ့ မြေကို ရသလောက် ခိုးယူတာလေ၊ အခု လူမိလို့ အားလုံး ထွက်ပြေးသွားကြပြီ၊ နောက်ထပ် လုပ်ရဲတော့မယ် မထင်ပါဘူး၊ လူမိသွားပြီပဲဟာ၊ ကိုယ့်ဟာကိုယ် နဂိုအတိုင်း ခြံစည်းရိုး ပြန်ကာရမှာပေါ့”

“မနက်မှ ပြန်ကာကြတာပေါ့၊ သွားကြစို့ ကိုနေမင်း”





နှစ်ဦးယှဉ်တွဲပြီး ပြန်လာရာတွင် နေမင်းက မေကျော့ခိုင်၏ လက်မောင်းကို ဆုပ်ကိုင်ပြီး ဆွဲခေါ်သည်။

မေကျော့ခိုင် မရုန်းသည့်အပြင် မိမိ လက်မောင်းကို နေမင်း ဆုပ်ကိုင်ထားခြင်းအတွက် တစ်မျိုးလေး ခံစားနေရသည်။

ကိုစောဌေးနှင့် လူပျို အပျိုဘဝ ချစ်ကြစဉ်က ကိုစောဌေးက သူမအား ကိုင်တွယ်သောအခါ ရင်ခုန်သောပုံစံ ယခု ပြန်လည် ခံစားနေရသည်။

“သူတို့ လုပ်ပုံက မမေကျော့ခိုင်ရဲ့ ခြံစည်းရိုးကို လှဲချမယ်၊ မမေကျော့ခိုင် ခြံဘက်ကမြေကို သူတို့ လိုသလောက်ယူပြီး ညတွင်းချင်း ခြံစည်းရိုး ပြန်ကာထားလိုက်မယ်၊ မိုးလင်းလို့ မမေကျော့ခိုင်က လူကြီးတွေကိုတိုင်လည်း ခြံစည်းရိုး ကာထားတာကိုသာ သက်သေပြုပြီး သူတို့ပဲနိုင်မှာပဲ၊ ကျေးရွာမြေဆိုတာက စည်ပင်သာယာက သတ်မှတ်ပေးထားတဲ့ အတိုင်းအတာနဲ့ စာရွက်စာတမ်းမှ မရှိတာ၊ ခြံကာထားတဲ့မြေသာ ကိုယ့်မြေလို့ ယေဘုယျ သတ်မှတ်ကြတာကိုး”

“အရမ်း သဘောဆိုးကြတာပဲနော်”

“အင်း ... ပထမ တောင်းယူမယ်၊ ဒုတိယ ဝယ်ယူမယ်၊ မရတဲ့အဆုံး အဓမ္မယူမယ်ဆိုတဲ့ သဘောပေါ့၊ ကိစ္စမရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းရင် နဂိုခြံစည်းရိုး ကာတဲ့အတိုင်း ကျွန်တော် ပြန်ကာပေးမယ်”

“ဒါဆိုလည်း မိုးလင်းပြီး မေကျော့ ပြန်လာမှ ခြံစည်းရိုး ပြန်ကာပါလားဟင်”

“မေကျော့က ဘယ်သွားမှာမို့လဲ”

“နက်ဖြန် မနက်စောစော မေကျော့ ရွှေကျိုက်တော်ကို သွားမလို့၊ အိမ်မှာ တစ်လစာ ဝယ်ထားတဲ့ရိက္ခာ ကုန်ပြီလေ၊ နက်ဖြန် တစ်လစာသွားဝယ်မလို့၊ ပြီး စိုးစိုးနဲ့ပိုးမိုးမှာအဝတ် လတ်လတ် သိပ်မရှိတော့ဘူး၊ ဟောင်းကုန်ပြီ၊ သူတို့နှစ်ယောက် အတွက်လည်း အဝတ်အစားတွေ ဝယ်ချင်လို့”

“ရတယ်လေ မမေကျော့ခိုင် သွားစရာရှိတာသွားပေါ့၊ ကျွန်တော် ခြံကာထားနှင့်မယ်”

“ကိုနေမင်းက မေကျော့ကို သိပ်ညှာတာပဲနော်”

နေမင်း ဘာမှပြန်မပြော။

အိမ်အနီးရှောက်မှ ဆုပ်ကိုင်ထားသော မေကျော့၏ လက်မောင်းကိုလွှတ်ခါ ကိုဒေါင်ဆီသို့ ဆက်လာခဲ့သည်။

ကိုဒေါင်ထဲ အိပ်ရာတွင် ပြန်လှဲလိုက်ရာ ပင်ပန်းသဖြင့် ချက်ချင်း အိပ်ပျော်သွားသည်။



မိုးလင်းမှ တစ်ရေးနိုးသည်။

နိုးသည်နှင့် ထထိုင်လိုက်ရာ ရင်ပတ်ပေါ် တင်ထားသော စာခေါက်လေး ကျသွားသဖြင့် စာခေါက်ကို ဖတ်သည်။

“ကိုနေမင်း ...

အိမ်ထဲက စားပွဲပေါ်မှာ အားလုံး အဆင်သင့်ပါ။ ပေါင်မုန့်မီးကင် ထောပတ်သုတ်ထားတယ် ...

မေကျော့တို့ သားအမိတွေ ရွှေကျိုက်တော်ကို စောစောသွားရင် စောစောပြန်လာနိုင်မှာမို့၊ ဒါမှ ကိုနေမင်းနဲ့အတူ မေကျော့ ခြံကာပေးနိုင်မှာ။

မေကျော့”

❂ ✻ ❂

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ရွှေကျိုက်တော်မြို့၏ အချက်အချာကျသော နေရာတွင် ဦးသြဘာက သူ့ ရုံးဖွင့်ထားသည်။

ရှင်ရှိသေ လူရှိသေဖြစ်အောင် မြို့လယ်တွင် ရုံးခန်းကြီး ဖွင့်ထားခြင်းသာ ဖြစ်သည်။

သူ၏ တကယ့် ဒုစရိုက်လုပ်ငန်းတွေကို သူ၏ ခြံကျယ် နှစ်ထပ်တိုက်အိမ်ကြီးမှာပင် လုပ်သည်။

ဦးသြဘာ ရုံးခန်းထဲ ဝင်လိုက်သည်နှင့် သူ၏ တပည့်သုံးယောက်။ သူက တစ်ယောက်တည်း။ ဒါတောင် ဒဏ်ရာတွေနဲ့။ ဘူးလ်ဒိုဇာကြီးကိုလည်း ရုံးရှေ့တွင် ရပ်ထားသည်ကို မြင်ခဲ့ရပြီး ပြီ။





"ခွေးလိုကောင်တွေ မင်းတို့ကသုံးယောက်၊ သူက တစ်ယောက်တည်း၊ ဒါတောင် ဒဏ်ရာတွေနဲ့ ဘူးလ်ဒိုဇာမောင်းပြီး ပြန်ပြေးလာခဲ့ရတယ်လို့၊ သွားကြစမ်း၊ ငါ့ ရှေ့မှာ ရပ်မနေနဲ့"

"ဒီကောင် သိပ်စွမ်းတယ် ဆရာကြီး"

"သွားကွာသွား၊ ရန်သူ အားရစေတဲ့စကားတွေ ငါ့ လာမပြောနဲ့၊ ထွက်သွား ချက်ချင်း ထွက်သွား"

တပည့်သုံးယောက် ထွက်သွားသည်။

တိုက်မောင်းသည် ရုံးခန်းထဲတွင် စားပွဲတစ်လုံးနှင့် ထိုင်နေရာမှ သူ့တပည့်တွေ ထွက်သွားမှ ဦးသြဘာကို တိုက်မောင်းက ပြောသည်။

"ဟုတ်တယ် ဒီကောင် နေမင်း သိပ်သွက်တယ်၊ ပညာလည်း တော်တော်ရင့်တယ် ဆရာကြီး"

"လာပြန်ပလား မင်း ကိုယ်တိုင်က"

"မယုံရင် ဆရာကြီးကိုယ်တိုင် ဒီကောင်နဲ့ ရင်ဆိုင်ကြည့်ပေါ့ ဆရာကြီး"

"ဟော ... ငါက ဒီလိုရင်ဆိုင်ရမဲ့ အဆင့်လားကွ တိုက်မောင်း၊ ငါ ဒီကောင်မျိုးတွေနဲ့ ရင်မဆိုင်ချင်လို့ မင်းတို့ကို လခတွေ အများကြီးပေးပြီး ခိုင်းတာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော်တို့ကို သေနတ်ကိုင်ခွင့် ပစ်ခွင့်ပေးလေ ဆရာကြီး၊ ဒါဆို ဒီကောင့်ကို အပြတ်ရှင်းမယ်"

"ဟာကောင် တိုက်မောင်း၊ တခြား ဘာအမှုမဆို လွှတ်အောင် ငါ လုပ်ပေးနိုင်တယ်၊ လူသတ်မှုမျိုးကျတော့ ငါ မတတ်နိုင်ဘူး၊ မစွမ်းဆောင်နိုင်တော့ဘူး၊ ဒါကြောင့် မင်းတို့ကို သေနတ် ပေးမကိုင်တာ"

"ဒါဆိုရင်တော့ ဒီကောင်ရှိနေသရွေ့ ဆရာကြီးရဲ့ ဟိုတယ် တည်ဆောက်ရေး စီမံကိန်းဟာ မျောနေမှာပဲ"

တိုက်မောင်းကျတော့ ညာလက်ရုံး စိတ်အချရဆုံး တပည့်မို့ သူ့ ပြောပြချက်ကို ဦးဩဘာ စဉ်းစားရသည်။ ဦးဩဘာ နေမင်းနှင့် ပတ်သက်ပြီး လေးလေးနက်နက် အကြာကြီး စဉ်းစားသည်။

"အေးပေါ့ကွာ နောက်ဆုံး မတတ်သာတဲ့အဆုံး သေနတ်ကို သုံးသင့်သုံးမှာပေါ့၊ အခုဟာက ဖိုင်နယ် မဟုတ်သေးလို့ ငါ မေးအကဲခတ်နေတာ၊ ဒီကောင့်ကြောင့် ငါ့မှာ ဆုံးရှုံးမှုတွေလည်း တော်တော်များသွားပြီ၊ အေး ... အခု ငါ ဖိုင်နယ်လုပ်ဖို့ တစ်ခု စဉ်းစားမိတယ်ကွ"

"ဘယ်လိုဖိုင်နယ်လည်း ဆရာကြီး"





"ပထမဆုံး မင်းကို ပစ္စတိုပေးပြီး မေကျော့ရဲ့ ကြက်၊ ဝက် ခြံတွေကို ဖျက်ဆီးပြီး ခြိမ်းခြောက်ခဲ့တုန်းက မင်းကို ပေးလိုက်တဲ့ ပစ္စတိုတောင် ဒီကောင် နေမင်း လက်ထဲ ပါသွားရတယ် မဟုတ်လား၊ လိုင်စင်သေနတ် မဟုတ်ဘဲ သေနတ်ပုန်းမို့ တော်သေးတာပေါ့၊ လိုင်စင်သေနတ်ဆိုရင် သက်ဆိုင်ရာက ငါ့ကို ကွိုခနဲဖမ်းမှာ၊ ဒါကြောင့် နောက်ထပ် မင်းကို သေနတ်ကိုင်ခွင့် မပေးတာ"

"အဲဒီတုန်းကလည်း ကျွန်တော် အစွမ်းကုန် လုပ်ခဲ့တာပဲ ဆရာကြီး၊ ဒါပေမဲ့ ယှဉ်ပြိုင်ရေးမှာ"

"တော်တော့ ထပ်မပြောနဲ့တော့၊ အခု ငါ ဖိုင်နယ်လုပ်ဖို့ စဉ်းစားမိပြီ"

"ဘယ်လိုဖိုင်နယ်လဲ"

"ဒီကောင် နေမင်းကို ရဲအုပ် အောင်ထူးနဲ့ ထိပ်တိုက်တွေ့ပေးဖို့ပဲ၊ ညက ပေတိုးတို့ ခံလာရတဲ့ ဒဏ်ရာတွေကိုတင်ပြပြီး မေကျော့ခိုင် အိမ်မှာရောက်နေတဲ့ ဘယ်ကကောင်မှန်း မသိတဲ့ကောင် နေမင်းဟာ ပေတိုးတို့ အလုပ်လုပ်နေတာကို ဝင်နှောင့်ယှက်ရုံမက ဒဏ်ရာရအောင် တီးထည့်လိုက်တယ်လို့ ရဲအုပ် အောင်ထူးဆီမှာ ပေတိုးတို့ ရလာတဲ့ဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကို တင်ပြပြီး အမှုဖွင့်မယ်၊ နောက်ပြီး ဒီကောင် နေမင်းဟာ မေကျော့ခိုင်ကို အရယူဖို့ ကြိုးစားနေတာမို့ မေကျော့ခိုင်အတွက် မျက်နှာလို မျက်နှာရတွေ လုပ်ပေးရင်း ဒီလိုဖြစ်တာ၊ ကြာရင် အောင်ထူး ကျန်ရစ်ဖြစ်ပြီး ဒီကောင့်လက်ထဲ မေကျော့ ပါသွားတော့မယ်လို့ ပြောမယ်၊ သူတို့မောင်နှမ ဝမ်းကွဲတော်တယ်ဆိုတာ ဘာအခြေအမြစ်မှ မရှိဘူး"

"ဟာ ... အဲဒီအကြံ သိပ်ကောင်းတယ် ဆရာကြီး၊ ကိုအောင်ထူးက မေကျော့ခိုင်နဲ့ ပတ်သက်လာရင် မှန်နေတဲ့လူ၊ အခု ဆရာကြီး အကွက် သိပ်လှတယ်၊ နေမင်းကို ကိုအောင်ထူး ရှင်းလိုက်ရုံပဲ၊ ဒါဆို ဆရာကြီး ဟိုတယ်လုပ်ငန်း ဆက်လုပ်ရုံပဲ"

❂ ✻ ❂





## ၃၇

တိုက်မောင်းသည် ခြံကာရာတွင် အာရုံစိုက်နေသော နေမင်း၏ နောက်သို့ ခြေသံမကြားအောင် ရောက်ရှိလာသည်။

တိုက်မောင်း လက်တစ်ဖက်တွင် သေနတ် ကိုင်ထားပြီး နောက်လက်တစ်ဖက်က ဝါးရင်းတုတ် ကိုင်ထားသည်။

နေမင်းက ခြံစည်းရိုး ကာနေရာမှာ စိတ်ထဲ မသင်္ကာသည်နှင့် လှည့်ကြည့်လိုက်ရာ တိုက်မောင်းက သေနတ်နှင့် မိမိကို ချိန်ထားသည်ကို တွေ့ရသည်။

"မင်း ဒီရွာက အမြန်ဆုံးထွက်သွား"

"မသွားဘူး၊ လုံးဝ မသွားဘူး"

"မသွားရင် ချတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



တိုက်မောင်းက လက်ထဲမှ ဝါးရင်းတုတ်နှင့် နေမင်း ခေါင်းကိုရိုက်လိုက်သည်။ နေမင်း ဦးခေါင်းတိမ်းရှောင်လိုက်သဖြင့် ပခုံးကိုသာ ရိုက်မိသည်။

"မင်း ... သွားမလား မသွားဘူးလား"

"မသွားဘူး"

တိုက်မောင်းက နှစ်ချက်ဆင့်ရိုက်သည်။ ရိုက်ချက် တစ်ချက်က ဦးခေါင်းကို ထိသွားသဖြင့် နေမင်း ပုံလဲကျသွားပြီး မေ့သွားသည်။

ထိုစဉ်မှာပင် ခြံထဲသို့ မော်တော်ကား ဝင်လာသံ ကြားသဖြင့် တိုက်မောင်း လစ်ပြေးသွားသည်။

မေကျော့ခိုင် ပြန်ရောက်လာခြင်း ဖြစ်သည်။

"ဟိုမှာ ဟိုမှာ မာမီ၊ ဦးဦး နေမင်း ပက်လက်ကြီး လဲနေတယ်"

စိုးစိုး ညွှန်ပြရာသို့ ဆက်မောင်းလာခဲ့ပြီး ကားပေါ်မှ ဆင်းကာ သတိမေ့လဲနေသော နေမင်းကို ပွေ့ထူသည်။ စိုးစိုး အကူအညီနှင့် သားအမိတွဲကာ နေမင်းကို အိမ်ပေါ်သို့ခေါ်လာပြီး ဆေးသေတ္တာနှင့် ဦးခေါင်းတွင် ဖူးယောင်နေသော ဒဏ်ရာကို ကုသသည်။





နေမင်း သတိပြန်ရလာသည်။

"ဘယ်လိုဖြစ်တာလဲ ကိုနေမင်း"

"တိုက်မောင်း သေနတ်နဲ့၊ တုတ်နဲ့ ရောက်လာတယ်လေ၊ ကျွန်တော့်ကို ဒီရွာက ထွက်သွားလို့ အမိန့်ပေးတယ်၊ ကျွန်တော်က လုံးဝ မသွားဘူးဆိုတာနဲ့ ပထမရိုက်တာ ပခုံးကို ထိသွားတယ်၊ ဒုတိယ တတိယ ရိုက်ချက်ကျတော့ မရှောင်သာပဲ အရိုက်ခံလိုက်ရတာပဲ၊ သူ့လက်ထဲမှာ သေနတ်နဲ့ဆိုတော့ ကျွန်တော် ပြန်မခုခံရဲဘူးလေ"

"ဖြစ်ရလေ ကိုနေမင်းရယ်၊ ကိုနေမင်း ဒီလိုခံရတာတွေဟာ မေကျော့ကြောင့်ချည်းပဲ"

မေကျော့ခိုင်က နေမင်းကို ဖက်ထားရင်း မျက်ရည်တွေ ကျလာသည်။

ဦးဦးနေမင်း သတိပြန်ရလာပြီမို့ စိုးစိုးက ပိုးပိုးကို ခေါ်ကာ တခြား ထွက်သွားသည်။

"ကိုနေမင်းက ဒီလောက် အရိုက်ခံပြီး ဒီရွာက မသွားဘူးလို့ ဘာလို့ ငြင်းရတာလဲဟင်"

"ချစ်လို့"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အတတ်နိုင်ဆုံး မျိုသိပ်ထိန်းသိမ်းပါတယ်၊ ဒါပေမဲ့ မရတော့ဘူး ကျော့၊ ကိုယ် ကျော့ကို ရင်ထဲ နှလုံးထဲက သိပ်ချစ်နေပြီ၊ တစ်သက်မှာ ဒီတစ်ကြိမ်သာ ဒီလို နှလုံးသားက ချစ်မိတာပါ၊ အဲဒါ ဘယ်လိုလဲ ကျော့၊ ကျွန်တော့်ကို ကျော့ ပြန်မချစ်နိုင်ဘူးလား"

"ချစ်ပါတယ် ကိုနေမင်းကို မေကျော့ ရင်ထဲ နှလုံးထဲကကို ချစ်သွားတာပါ၊ ဒါပေမဲ့ မေကျော့ ကလေးနှစ်ယောက် အမေပါနော်"

"စိုးစိုးနဲ့ပိုးပိုးကိုလည်း ကျွန်တော် ချစ်တာပဲဟာ ဘာဖြစ်လဲ"

ချစ်မိပြီဆိုတော့လည်း ပေါက်ကွဲသည်သာ။

အပျိုလည်းမဟုတ်။

လူပျိုလည်း မဟုတ်သော ချစ်သူနှစ်ဦးမှာ တစ်ဦးကို တစ်ဦး ဘာဟန်ဆောင်မှုမှ မထားတော့ပဲ အပြန်အလှန် ကျစ်ကျစ်ပါအောင် တစ်ဦးကိုတစ်ဦး ဖက်ထားလိုက်ကြပေတော့သည်။

❂ ✻ ❂



## ၁၄

မေကျော့ခိုင်သည် နံနက် ကော်ဖီဝိုင်း ပြင်ပြီးသည်နှင့် သားနှင့်သမီး ရောက်မလာသေးသည်ကို အံ့သြမိသည်။

ခါတိုင်း နံနက်များဆိုလျှင် သူလေးနှစ်ယောက်က ကော်ဖီဝိုင်းသို့ တင်ကြိုရောက်နှင့်နေပြီ။ မေကျော့ခိုင် ပြင်ဆင်သည်ကိုပင် ထိုင်စောင့်ကြသည်။

သူတို့ အိပ်ခန်း အိပ်ရာများတွင် ဝင်ရှာကြည့်သည်။ မရှိကြ။

အိမ်ထဲတွင် ကလေးနှစ်ယောက်ကို မတွေ့သဖြင့် မေကျော့ခိုင် အပြင်ထွက်ခါ ခြံထဲသို့ ဝေ့ကြည့်လိုက်သည်။

"ဟော ... ကြည့် သူတို့က ဟိုမှာ"

www.burmeseclassic.com

www.burmeseclassic.com



မေကျော့ခိုင် အပြုံးလေးဖြင့် သူတို့ကို လှမ်းကြည့်နေသည်။

စိုးစိုး၊ ပိုပိုးနှင့် ကိုနေမင်းသည် ခြံထဲတွင် လက်ချင်းဆက်ခါ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ကစားနေကြသည်ကို လှမ်းမြင်ရသောကြောင့် မေကျော့ခိုင် ပြုံးလိုက်ခြင်းဖြစ်သည်။

ကလေးနှစ်ယောက်နှင့် ကိုနေမင်း အဆင်ပြေနေသည်ကို မေကျော့ခိုင် ကျေနပ်လှသည်။

ကိုနေမင်း၏ ပင်ကိုကလေးချစ်တတ်သော စိတ်ကပင် ကျေနပ်စရာ သိပ်ကောင်းနေသည်။

**ယောကျ်ားပီသ** လိုက်ပုံမှာလည်း မေကျော့ခိုင် **တစ်သက်တွင် ကိုနေမင်း တစ်ယောက်သာ**ဟုပင် ယူမှတ်မိသည်။

ပြောကြစတမ်းဆိုလျှင် ကိုနေမင်းနှင့် မိမိသည် တစ်ဦးကိုတစ်ဦး အပြန်အလှန် ချစ်ကြကြောင်း အတိအလင်း ပွင့်ပွင့်လင်းလင်း ဖွင့်ခဲ့ပြီးပြီ။

မိမိတလည်း အပျိုစင်မဟုတ်။

သူကလည်း လူပျိုစင်မဟုတ်။

အကယ်၍ ချစ်ကြပြီပဲဆိုသည့်စိတ်နှင့် ကိုနေမင်းက အဆုံးစွန်ပြုမူလျှင် မိမိအနေနှင့် မငြင်းသာ။





သို့သော် ...

ကိုနေမင်းသည် မိမိကို ချစ်သူဘဝ မွေ့သည်၊ ပိုက်သည်၊ နမ်းသည်။ ထို့ထက်ပို၍ မလွန်ကဲလာစေရန် သူ့ကိုယ်သူ သူ့သိက္ခာကို ထိန်းသည်ကိုပင် ချီးကျူးစရာ။

နောက်မှပေါက်သော ရွှေကြာပင် ပို၍အပွင့်ကားသည်ဟု ဆိုချင်လည်းဆိုကြပါ။

ကိုနေမင်းသည် မိမိ အတွက်ရော၊ သား စိုးစိုးနှင့် သမီးလေး ပိုးပိုးအတွက်ရော ကိုစောဦး နေရာတွင် အလွန်ထိုက်တန်သူ ဖြစ်ပါ၏။ ထို့ထက်မှာမူ ...

မိမိ မေကျော့ခိုင်၏ ရင်ထဲ နှလုံးသားကိုကပင် ကိုနေမင်းကို ချစ်မိနေလေပြီကော။

မေကျော့ခိုင် သူတို့ရှိရာသို့ လှမ်းသွားသည်။

"ဟေး ... ဟေး ... ကော်ဖီသောက် မုန့်စားကြမယ်လေ၊ အားလုံးပြင်ပြီးပြီ"

သုံးဦးစလုံး ပြေးလာကြသည်။

ပိုးပိုးလေးက ရှေ့ဆုံးမှ၊ စိုးစိုးက အလယ်၊ ကိုနေမင်းက နောက်ဆုံး ပြေးလာကြသည်။ ကလေးနှစ်ယောက်က အိမ်ပေါ်တန်းတက်ပြေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုနေမင်းက မေကျော့ခိုင်နှင့် ယှဉ်တွဲပြီး ဖြည်းဖြည်းချင်း လျှောက်လိုက်လာသည်။ မေကျော့ခိုင်၏ ပခုံးပေါ်သို့ သူ့လက်တစ်ဖက် တင်ထားသည်။ လမ်းလျှောက်ရင်း ပွေ့ပိုက်သည့်ပုံစံ။

"ကလေးနှစ်ယောက် ကြည့်ရတာ ကိုနေမင်းနဲ့ ဆော့ကစားရတာ သိပ်ပျော်နေပုံပဲနော် ကို"

"ဒါပေါ့ ကျော့၊ လောကကြီးမှာ တောထဲက လူရိုင်းကလေးတွေ ဖြစ်ပါစေ၊ သူတို့ အားကိုးချစ်ခင်တာက သူတို့ရဲ့ အဖေကိုပဲလေ ကျော့၊ မိခင်ကို ချစ်တယ်၊ ဖခင်ကို အားကိုးတာ ပိုတယ်ဆိုတာ သားသမီးတွေရဲ့ ထုံးစံပဲ၊ အထူးသဖြင့် စိုးစိုးက သိတတ်နေပြီ၊ ဖခင် ဆုံးပါးပြီးတဲ့နောက် ဖအေမဲ့ ကလေးတစ်ယောက် အနေနဲ့ မျက်နှာငယ်ရတာတွေ၊ သူများက အနိုင်ကျင့်တာ ခံရတာတွေကို စိုးစိုးက နားလည်နေတော့ ကိုယ့်ကို သူ သိပ်အားကိုးလာတယ်၊ သိပ်ချစ်လာတယ်"

အိမ်ထဲ ကော်ဖီဝိုင်းတွင် ထိုင်မိကြပေပြီ။

"ကိုယ် တစ်ခုစဉ်းစားမိတယ် ကျော့"

"ဘာကိုလဲ"





"ကျော့ရဲ့ ဆန်စက် ကိစ္စကိုပါ၊ ကိုယ် မနက်က ဆန်စက်ထဲ ဝင်ကြည့်မိတယ်၊ ဆန်စက်ကို မလည်ဘဲ ဒီအတိုင်းထားရင် ကြာလေ ပျက်စီးလေဖြစ်မှာပဲလို့ တွေးမိ မြင်မိတယ်"

"ကိုမင်းက ဆန်စက်အကြောင်း နားလည်လားဟင်"

"အင်း ... ကျော့တို့စက်က တစ်နာရီ တစ်တန်ကျစက်သေးသေးလေးပဲ၊ နှစ်ဆယ့်လေးနာရီ တန်တစ်ရာကျ ဆန်စက်တွေကို ကိုယ် ကိုင်ဖူးတယ်"

"အို ... ဒါဆို သိပ်အဆင်ပြေတာပေါ့"

"ဟိုဘက်ခြံက ကိုဘစိမ်းနဲ့ ပါတနာလုပ်ပြီး ဆန်စက်ကို ပြန်လည်ပါလား ကျော့၊ ဆန်စက် ပြန်လည်ဖို့ ကိုယ် လုပ်ပေးမယ်၊ ရရှိတဲ့ အကျိုးအမြတ်ကို ကိုဘစိမ်းနဲ့ ကျော့ ထက်ဝက်စားလုပ်ပေါ့"

မေကျော့ခိုင်က မျက်ဝန်းပင့်ပြီး နေမင်းကို နားမလည်သော အကြည့်မျိုး ကြည့်လိုက်သည်။

"အဲဒါက ဘာသဘောနဲ့ ပြောတာလဲ"

"စေတနာသက်သက် သဘောပါ ကျော့၊ ကျော့မှာ ဝင်ငွေ ပိုရလာစေချင်တဲ့ စေတနာ သဘောပါ"

"ဒါဆို ဦးဘစိမ်းကို ပါတနာလုပ်ဖို့ လိုသလား၊ ကိုမင်း ကိုယ်တိုင် ကြပ်မတ်ဦးစီးလုပ်ရင် ရသားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



နေမင်း ငိုင်သွားသည်။

မိမိ ဘဝမှာ မသေချာ မရေရာသောကြောင့် ဦးဘစိမ်းနှင့် တွဲလုပ်ရန် ပြောခြင်းဖြစ်သည်။ မိမိဇနီး စိမ်းကို ပစ်သတ်ခဲ့မှုအတွက် အချိန်မရွေး မိမိကို ရဲက ဖမ်းနိုင်သည်။ ဖမ်းပြီးဟော့ ဆိုသည်နှင့် တရားရုံးတော်က ချမှတ်သော အပြစ်ဒဏ်ကို မိမိ ခံရတော့မည်။

ထို့ကြောင့် ဦးဘစိမ်းနှင့် တွဲလုပ်ရန် ပြောလိုက်ခြင်းဖြစ်သည်။

ကျော့က လက်ထပ်ပြီးလျှင် ခင်ပွန်းဖြစ်မည့် မိမိသာလျှင် ဆန်စက်ကို ဦးစီးစေချင်သည်။

ခက်ပါဘီ။

မိမိ ဘဝမှာ ကျော့နှင့် လက်ထပ်ပြီး ဤရွာ ဤအိမ်တွင် မကျော့၊ စိုးစိုး၊ ပိုးပိုးတို့နှင့်အတူ ရာသက်ပန် နေနိုင်ဖို့ ဖြစ်ပါ့မလား။

မိမိသည် ဝရမ်းပြေး။

❂ ✻ ❂





## ၁၅

ရွှေကျိုက်တော်မြို့တွင် စိုးစိုးကာ လှူလည်ဖြစ်သည်။

ဘယ်နေရာတွင် ဘာအရောင်းဆိုင်တွေရှိမှန်း အားလုံးသိသည်။

မကျော့ခိုင် မှာလိုက်သော ပစ္စည်းစာရင်းမျိုးစုံအတိုင်း တစ်ဆိုင်မှတစ်ဆိုင်ကူးပြီး ဝယ်ယူနိုင်သည်။

ပြီး မော်တော်ဆိုင်ကယ် အပိုပစ္စည်း ရောင်းဆိုင်ကိုလည်း စိုးစိုးကပင် ခေါ်သွားသည်။ မော်တော်ဆိုင်ကယ်အတွက် လိုအပ်သောပစ္စည်းများ နေမင်း ဝယ်သည်။

"ဘယ်လိုလဲ ကိုနေမင်း မော်တော်စတိုးမှာ ဘာတွေဝယ်နေတာလဲ"

ကိုတိုက်မောင်း ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုတိုက်မောင်း အမှုအရာမှာ နေမင်းနှင့်သူ ဘာမှမဖြစ်ခဲ့ဖူးသော ပုံစံတွင် ရှိနေပါ၏။

"ဟုတ်တယ် စိုးစိုးတို့ ဒက်ဒီရဲ့ ပျက်စီးသွားတဲ့ မော်တော်ဆိုင်ကယ်ကို ပြန်ပြင်ပေးမလို့၊ လိုအပ်တဲ့ပစ္စည်း လာဝယ်တာ"

"တယ်ဟုတ်ပါလား ခင်ဗျားကို မေကျော့ခိုင်က ပြင်ခွင့်ပေးသလား"

"အဲဒီ မော်တော်ဆိုင်ကယ်ကို မမေကျော့ခိုင်ဆီက ကျုပ်ရှစ်သောင်းနဲ့ ပေးဝယ်လိုက်တာ"

"ဒါဆို မေကျော့ခိုင်မှာ ငွေတွေ ထပ်ရတယ်လေ၊ သူ့ခြံမြေကိုရောင်းဖို့ စိတ်မကူးလေ့ ဖြစ်သွားမှာပေါ့"

"အဲဒီ ငွေရှစ်သောင်းနဲ့ သူ့ဆန်စက်ကို ပြန်ပြင်ပြီးရင် ဆန်စက် ပြန်လည်ဦးမှာ"

"ဒါဆို ခြံမြေရောင်းဖို့ ကြာလေဝေးလေပေါ့"

"ဒါတော့ သူ့ပစ္စည်းပဲ သူ့သဘောပေါ့"

"ဒါတွေဟာ သူ့သဘော ဟုတ်ကိုမဟုတ်ဘူး၊ ခင်ဗျားသာ ရောက်မလာရင် မေကျော့ခိုင်က သူ့ခြံမြေကို ရောင်းမှာ"

နေမင်းက ဘာမှမပြောတော့ဘဲ အိမ်ပြန်ရန် စိုးစိုးလက်ကို ဆွဲထွက်လာသည်။





"ဒီမယ် ကိုနေမင်း ကျုပ် ခင်ဗျားသတင်း လိုက်စုံစမ်းနေတယ်၊ ခင်ဗျား ဘယ်သူလဲ၊ ဘယ်ကဘယ်လို မေဒါဝီရွာကို ရောက်လာတာလဲ၊ ခင်ဗျားနဲ့ မေကျော့ခိုင် တကယ်ပဲ မောင်နှမတော်သလား၊ ခင်ဗျား ဘာသဘောနဲ့ဘာရည်ရွယ်ချက်နဲ့ ရောက်လာတာလဲဆိုတဲ့ စုံစမ်းချက်တွေပေါ့ဗျာ၊ အဲဒါ ဘာလို့ စုံစမ်းတယ်မှတ်လဲ"

"ခင်ဗျား ဘာလို့စုံစမ်းမှန်း ကျုပ်က ဘယ်သိနိုင်မှာလဲ"

"ခင်ဗျားနဲ့ မေကျော့ခိုင် မောင်နှမ တော်တယ်ဆိုတာ မယုံလို့ပဲ"

"စုံစမ်းပေါ့ဗျာ ဒါပေမဲ့ ကျုပ်သတင်း စုံစမ်းရင် ရွှေကျိုက်တော်မှာထိုင်ပြီး စုံစမ်းလို့တော့ အလကားပဲ၊ ဘာလို့လဲဆိုတော့ ကျုပ်က ဒီဒေသတစ်ဝိုက်မှာ လူစိမ်းသက်သက်တစ်ယောက်ကိုး၊ အေး ... ရအောင်စုံစမ်းချင်သပ ဆိုရင်တော့ ကိုတိုက်မောင်း ကမ္ဘာဦးအစ သက်ရှိသတ္တဝါတွေ ဖြစ်ပေါ်လာတဲ့ နေရာကိုသွားပြီး စစုံစမ်းရလိမ့်မယ်၊ ဒီနေ့ကစပြီး ခင်ဗျား ကမ္ဘာဦးအစ နေရာကိုသွားပြီး ပဏာမ စုံစမ်းပေတော့"

"ဘာ ... ဒါ ... တမင်ရွဲ့ပြောတာ၊ ခင်ဗျား ပြောပုံဆိုပုံရော လုပ်ပုံကိုင်ပုံရော သိပ်ရင့်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"လူကောင်းသူကောင်းတွေနဲ့ ကျုပ် စကားပြောပြီ ဆိုရင်တော့ အပြောအဆိုရော အပြုအမူရော အခုလို ကျုပ် မရင့်တတ်ပါဘူး"

"ဘာ"

တိုက်မောင်း လက်သီးထုတ်သည်။ နေမင်းကို ထိုးရန် အားရပါးရ ရွယ်သည်။

"ဒါ ... မင်းက ငါ့ကို လူကောင်းသူကောင်း မဟုတ်ဘူးလို့ ပြောတာ၊ ကဲကွာ"

လက်သီးကြီး ရွယ်သည်နှင့် နေမင်းက တိုက်မောင်း၏ ပခုံးတစ်ဖက်ပေါ် လက်တင်ပြီး သူ၏ လက်ချောင်းလေးတွေ လှုပ်လိုက်သည်နှင့် တိုက်မောင်း နှုတ်မှ အား ... အားနှင့် ငြီးသံ ထွက်လာသည်။

ပြီး တိုက်မောင်း ရွယ်ထားသော လက်သီးကြီး အောက်ပြန်ချ၍မရ အပေါ်မြှောက်တင်၍မရနှင့် တန်းလန်းကြီး ဖြစ်နေသည်။ လက်သာမက တစ်ကိုယ်လုံး လှုပ်မရ ရွေ့မရ ဖြစ်သွားသည်။

တိုက်မောင်းမှာ မျက်စိကမြင်ပြီး နားက ကြားနေရသော်လည်း ခန္ဓာကိုယ်ကတော့ စတိုးဆိုင် ရုပ်ဆိုင်များတွင် ထောင်ထားသော လူရုပ်ကြီး တစ်ခုကဲ့သို့ ဖြစ်နေသည်။





"အဲဒါ အကြောနဲ့ ပတ်သက်တဲ့ ပညာပဲ ကိုတိုက်မောင်း၊ များသောအားဖြင့် ဒီအကြောပညာဟာ တိဘက်မှာ ထွန်းကားတယ်၊ ကျုပ် အဲဒီပညာ သင်ယူတုန်းက လူ့အသက်ကို သေအောင်မသတ်ပါဘူးဆိုတဲ့ သစ္စာကတိခံယူပြီး သင်ခဲ့တာ၊ ခင်ဗျား ဘာမှမဖြစ်စေပါဘူး၊ ဆယ့်ငါးမိနစ်လောက်တော့ ဒီဆိုင်ထဲမှာ ဒီပုံစံအတိုင်း နေခဲ့ပေဦးတော့ဗျာ"

စိုးစိုးကို လက်တွဲပြီး နေမင်းတို့ ဆိုင်မှပြန်ထွက်လာခဲ့သည်။

"ဟို ... ဟိုမှာ ဦးဦး ဦးအောင်ထူးနဲ့ ဒီပြင်လူတစ်ယောက် ဦးဦးကို စိုက်ကြည့်နေကြတယ်"

နေမင်း လှမ်းကြည့်လိုက်သည်။

ဦးအောင်ထူးကိုတော့ နေမင်း မြင်သည်နှင့်သိသည်။ သို့သော် ဦးအောင်ထူးနှင့် အတူရပ်နေသူကိုတော့ နေမင်း စိတ်ထဲ မြင်တော့မြင်ဖူးသည် ထင်သည်။

သို့သော် ဘယ်မှာမြင်ဖူးပြီး ဘယ်သူဘယ်ဝါဟူ၍တော့ မမှတ်မိ။

❂ ✲ ❂



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

"မာမီရေ ... ဦးဦးရေ ... လုပ်ပါဦး၊ ညီမလေး ပိုးပိုးတော့ ဒုက္ခပဲ"

စိုးစိုးသည် အထိတ်တလန့် မျက်စိမျက်နှာပျက် မိုးပျောက်တောဆီမှ ပြေးလာရင်း အော်ဟစ်ပြောခြင်း ဖြစ်သည်။

နေမင်းက စိုးစိုးကို ဆီးကြိုမေးသည်။

ခြံထဲတွင် မေကျော့ခိုင်က ဝက်စာကျိုနေပြီး နေမင်းက ကြက်စာကျွေးနေခိုက် ဖြစ်သည်။

"ဘာဖြစ်လာလဲ စိုးစိုး၊ ပိုးပိုးရော"

စိုးစိုး ငို၍ပြောသည်။

"စိုးစိုးနဲ့ပိုးပိုး တောထဲ ၄က်ပစ်သွားတယ် ဦးဦး"





ဟုတ်လော်ကပ်သည်။ စိုးစိုး လောက်စာလုံးလွယ်အိတ် လွယ်ထားသည်။

"တောထဲမှာ လူကြီးနှစ်ယောက်နဲ့ တွေ့တယ်၊ ပိုးပိုးကို သူတို့ ဖမ်းထားလိုက်တယ်၊ နောက်ပြီး မင်း မာမီကို ပြောလိုက်တဲ့၊ နက်ဖြန် ညနေထိ သူတို့ မိုးပျောက်တော ထဲမှာ ရှိမယ်၊ ခုချိန်ကစပြီး နက်ဖြန် ညနေအတွင်းမှာ မင်းအမေ မေကျော့ခိုင် တောအလယ်က ဗိုလ်တဲပျက်ကြီးကို လာခဲ့တဲ့၊ မာမီ တစ်ယောက်တည်း လာရမယ်တဲ့၊ အဖော် လမ်းပြအဖြစ် စိုးစိုးကို ခေါ်ရင်တော့ ရတယ်တဲ့၊ နေမင်း ဆိုတဲ့ကောင်ကို လုံးဝ ခေါ်မလာနဲ့တဲ့၊ ဦးအောင်ထူးကိုလည်း သွားမတိုင်ရဘူးတဲ့၊ သူတို့ ပြောသလိုမလုပ်ရင် နက်ဖြန် ညနေ တောအလယ်က ဗိုလ်တဲပျက်ကြီးမှာ ပိုးပိုးကို သတ်ထားတဲ့အလောင်းပဲ တွေ့မယ်တဲ့"

မေကျော့ခိုင်ရော စိုးစိုးရော သည်းထန်စွာ ငိုကြွေးလေပြီ။

နေမင်း သေချာစဉ်းစားသည်။ အလေးအနက် အကြောင်းအရာကို စဉ်းစားသည်။ စိုးစိုး အငိုအားပျော့သွားမှ အေးဆေးစွာ စတင်မေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု တောထဲမှာ ပိုးပိုးကို ဖမ်းခေါ်တဲ့ လူနှစ်ယောက် စိုးစိုး အရင်က သိဖူးသလား၊ ဒီမေဒါဝီ ရွာမှာရော ရွှေကျိုက်တော် မြို့မှာရော အဲဒီ လူနှစ်ယောက်ကို စိုးစိုး မြင်ဖူးလား"

"စိုးစိုး လုံးဝ မသိဘူး၊ ဒါပေမဲ့ သူတို့ကို မြင်ဖူးသလား မမြင်ဖူးသလားတော့ စိုးစိုး မသေချာဘူး၊ ဘာလို့လဲဆိုတော့ ရွှေကျိုက်တော်မှာ အဲဒီလို မျက်နှာမျိုး၊ ပုံစံမျိုးနဲ့လူတွေ စိုးစိုး အများကြီး မြင်ဖူးလို့ပဲ"

"သူတို့ အဝတ်အစားကရော"

"ဘောင်းဘီရှည်တွေ ဝတ်ထားပြီး၊ အင်္ကျီ ကွက် ကွက်ကျားတွေကို ရှင်ဘတ် ကြယ်သီးမတပ်ပဲ ဝတ်ထား တယ်၊ သူတို့ဆီက အရက်နံ့ ထွက်နေတာ မှန်နေတာပဲ"

"ဒါဆို ဒီမှာ ဦးဦးနဲ့ ဖိုက်တဲ့လူတွေရဲ့ ပုံစံနဲ့တူသလား"

"တူတယ် အဲဒီ ပုံစံအတိုင်းပဲ"

"ဦးသြဘာရဲ့ တပည့်တွေပဲဖြစ်မယ် ကျော့"

စိုးစိုးကို နေမင်း ဆက်မေးသည်။

"သူတို့က မာမီ တစ်ယောက်တည်းလာရင် ငွေတွေ ဘယ်လောက်၊ ရွှေတွေဘယ်လောက် ယူလာခဲ့ရမယ်လို့ ပြောသလား"





"အဲဒီလိုတော့ မပြောဘူး၊ မာမီ တစ်ယောက်တည်း လာရမယ်လို့သာ ထပ်တလဲလဲ ပြောတယ်"

"ကဲ ... ကျော့ သွေးအေးအေး ထားနိုင်ပြီလား၊ ဒီကိစ္စ တိုင်ပင်ရအောင်"

"ရပါတယ် ကိုမင်း ပြောပါ"

"အခု စိုးစိုး ပြောတာတွေကို အကဲခတ်လိုက်ရင် ဒီလက်ချက်ဟာ ဦးသြဘာရဲ့ လက်ချက်မှန်း သေချာပြီ၊ ပိုးပိုးကို ပြန်ပေးဆွဲထားလိုက်ရာမှာ ရွှေငွေနဲ့ ပြန်ရွေးရမယ်လို့ မပြောတော့ ကျော့ တစ်ယောက်တည်း လာတာကိုပဲ အလိုရှိကြောင်း တွက်လို့ရတယ်၊ ကျော့လာဖို့ အဓိကပဲ"

"မေကျော့လည်း အဲဒါကို စဉ်းစားနေတယ် ကိုမင်း၊ တိုက်မောင်းက မေကျော့ကို ကြံစည်ဖူးတယ်၊ ကိုမင်း ရှိနေလို့ သူ မအောင်မြင်သွားဘူး၊ သူပဲ ခံသွားရတယ်၊ ဒါကြောင့်များ မေကျော့ကို နောက်ထပ် ကြံစည်ချင်လို့ လား"

နေမင်း ခေါင်းခါပြသည်။

"တိုက်မောင်းဟာ ဦးသြဘာဆီက အမိန့်မရဘဲ ဘာမှမလုပ် ရဲဘူး၊ ကျော့ကို ကြံစည်ယုံလောက်နဲ့တော့ ဦးသြဘာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ကြီးလုပ်မယ် မဟုတ်ဘူး၊ မေကျော့ကိုခေါ်တာ ဟိုရောက်ရင် ခြံနဲ့မြေ အရောင်းအဝယ် ကိစ္စမှာ သဘောတူ လက်မှတ်ထိုးပါတယ် ဆိုတာမျိုး လုပ်ချင်လို့ခေါ်တာလို့ ကိုယ် ထင်တယ်”

“ဒါဆို မေကျော့ ဘာလုပ်ရမလဲဟင်။ ကိုအောင်ထူးကို တိုင်လိုက်ရင် ကောင်းမလား”

“အဲဒါ မလွယ်ဘူး ကျော့၊ ရဲကို တိုင်လိုက်တာနဲ့ ပိုးပိုးကို အသက်အန္တရာယ်ပြုနိုင်တယ်၊ နောက်တစ်ချက်က ရဲအုပ် ကိုအောင်ထူး ကိုယ်တိုင် ဦးသြဘာရဲ့ သြဇာခံ မဟုတ်ဘူးလို့ ကျော့ ရဲရဲကြီး ယုံလို့ရမလား”

“ဒါဆို ဘယ်လိုလုပ်ကြမလဲ ကိုမင်း၊ မေကျော့တော့ ဘာလုပ်ရမယ်မှန်း မသိတော့ဘူး၊ သူတို့ လိုချင်တဲ့ ခြံမြေကိုပဲ လက်မှတ်ထိုးရောင်းပြီး ပိုးပိုးနဲ့ ပြန်လဲရမလားပဲ”

“နေဦး ကျော့၊ ဒီလောက် အဆုံးအဖြတ် မလောနဲ့၊ အဲဒါကို နောက်ဆုံးအဆင့်မှ လုပ်ဖို့ထားလိုက်မယ်၊ ဗိုလ်တဲပျက်ကြီး ဆိုတာက ဘယ်မှာလဲ ကျော့”

“မိုးပျောက်တော အလယ်လောက်မှာရှိတယ်၊ ဟိုတစ်ခေတ်တုန်းကတော့ စော်ဘွားတွေ အမဲလိုက်တဲ့အခါ နားနေဖို့





ဆောက်ထားတာ၊ အခိုင်အမာပဲ၊ တောကောင်ရိုင်းတွေ မဝင်နိုင်အောင် အခိုင်အမာ ဆောက်ထားတာ၊ ဒါပေမဲ့ နောက် ခေတ်ပြောင်းသွားတော့ အနီးအနားရွာက လူတွေက ဗိုလ်တဲရဲ့ အမိုးတွေ အကာတွေ ဖျက်ယူကြလို့ အခု ဗိုလ်တဲပျက်ကြီးလို့ နာမည်တွင်နေတာ၊ မေကျော့ ကိုယ်တိုင်တော့ မရောက်ဖူးဘူး၊ သူများပြောတာပဲကြားတာ၊ ဟင်း... သမီးလေး ပိုးပိုးတော့ တောနက်ကြီးထဲက ဗိုလ်တဲပျက်ကြီးမှာ တအား ကြောက်လန့်နေမှာ၊ သူတို့ သမီးလေး ပိုးပိုးကို ရိုက်လားနှက်လား နှိပ်စက်ကြမှာ”

“ကလေးကိုတော့ အဲဒီလို နှိပ်စက်မယ် မထင်ပါဘူး”

“ဒါဆို အခု ကိုမင်း ဘာလုပ်မလဲ”

“ကိုယ် မေးတာသာ ကျော့ ဖြေပေတော့၊ ဦးသြဘာဟာ ရွှေကျိုက်တော်မြို့ ဇာတိလား”

“ရွှေကျိုက်တော်မှာ ဇာတိဆိုတဲ့လူ အင်မတန်နည်းတယ်၊ မြို့က မြို့သစ်ပဲဟာ၊ သက်ဆိုင်ရာက ရွှေကျိုက်တော် မြို့သစ်ကြီးကို တည်ဆောက်တာနဲ့ ဟိုစဉ်က ရွှေကျိုက်တော် မြို့ဝန်းကျင်မှာ ရှိနေတဲ့ ရွာတွေကိုရော၊ တဲရွာလေးတွေရော၊ တောင်ပေါ်ရွာလေးတွေရော ရွှေကျိုက်တော်



www.burmeseclassic.com

www.burmeseclassic.com



မြို့သစ်ကို ပြောင်းရွှေ့စေတယ်၊ ရွာလေးတွေက တစ်ရွာ ဆယ့်လေးငါးအိမ် ရွာလေးတွေဆိုတော့ ရွှေ့ပြောင်းလာ တာကို ဝန်မလေးကြဘူး၊ ရွှေကျိုက်တော်မှာ အထ တန်းကျောင်း၊ ဆေးပေးခန်း၊ ဈေး စတဲ့ ကျောင်းဆေးရုံတွေ ကတ္တရာလမ်း ဖောက်ပေးတာတွေ၊ လုပ်ကိုင်စားခွင့်တွေ ပေးတာတွေ စသဖြင့်ပေါ့လေ အဲဒီလို တည်ဆောက်ပေး ရွှေကျိုက်တော်မြို့သစ် အနေနဲ့ အခြားကလူတွေလည် ပြောင်းရွှေ့လာရောက် နေထိုင်ကြတာ၊ ရောင်းဝယ်ရေ မှာလည်း ရွှေကျိုက်တော်ကို အခြားမြို့တွေက ဆက်သွ လာရင် မြို့ဟာ စည်ပင်လာတယ်၊ အဲဒီမှာ ဦးသြဘ ရွှေကျိုက်တော်ကို ရောက်လာတာပဲ၊ ဦးသြဘာဟာ ဘယ် လာမှန်းတော့ ဘယ်သူမှ မသိဘူး၊ သူ ရောက်လာ မြို့မြောက်ဘက်နေရာမှာ ခြံကျယ်ကြီးနဲ့ တိုက်ဆောက် သြဘာရိပ်ငြိမ် ဆိုတဲ့ နာမည်နဲ့ သူဌေးကြီး လာလုပ် တာပဲ၊ သူ့ဆီမှာ တပည့်တွေ အများကြီးလည်း ပါလာ တယ်"

"သူ့တပည့်တွေကရော သူ့ခြံထဲမှာ သူ့အိမ်မှာပဲ နေ သလား"





"တိုက်မောင်းနဲ့ တခြား လူယုံတပည့် နှစ်ယောက်ကိုသာ အိမ်ထဲမှာ ခေါ်ထားပြီး ကျန်တဲ့ တပည့်တွေကတော့ မနက်သွား ညနေပြန်တွေ၊ အပြင်မှာ အိပ်ရတယ်တဲ့၊ ဒါတွေကို ဦးဘစိမ်း ပြောပြလို့ မေကျော့ သိရတာပါ၊ ပြောတာကလည်း တမင်ပြောပြတာ မဟုတ်ပါဘူး၊ ဦးသြဘာ အိမ်နဲ့ခြံကြီး ကြီးကျယ်ခမ်းနားတာရယ်၊ ဦးသြဘာက ခွေးတွေမွေးတာနဲ့ ပတ်သက်ပြီး ပြောဖြစ်တာ"

"ပြောပါ ကျော့၊ ဦးသြဘာ ခွေးကြီးတွေ မွေးထားတဲ့ အကြောင်းကိုရော"

"အင်းခွေး အကောင်ကြီးသုံးကောင် မွေးထားတယ်တဲ့၊ တစ်နေ့လုံး ခြံထဲမှာ ဆောက်ထားတဲ့ သီးသန့်ခွေးအိမ်မှာပဲ အင်းခွေးကြီးတွေကို ထားရှိပြီး မနက်စောစောနဲ့ မှောင်တည့် ချိန်မှာ နှစ်ကြိမ် အစာကျွေးတယ်တဲ့၊ ညစာ မကျွေးဘဲ ညမိုးချုပ်တာနဲ့ လှောင်အိမ်ထဲက ခွေးတွေကို လွှတ်ပေး တယ်တဲ့၊ ညနေစာ မစားရတဲ့ အင်းခွေး သုံးကောင်ဟာ ဆာလောင်နေတာမို့ မြင်ကရာကို ကိုက်ခဲချင်တယ်၊ ဒေါသ အလိုလို ကြီးနေတယ်တဲ့၊ အဲဒီလိုဖြစ်အောင် ဦးသြဘာက ညပိုင်း သူ့ခြံ၊ သူ့အိမ် လုံခြုံရေးအတွက် ဆာလောင်နေတဲ့

www.burmeseclassic.com



ခွေးကြီးတွေကို ညပိုင်းကျမှ တမင်လွှတ်ပေးတာတဲ့၊ နေပါဦး ကိုမင်းက ဦးသြဘာရဲ့ အကြောင်းတွေကို စိတ်ဝင်စားလှ ချည်လား၊ ခွေးမွေးတာကအစ အသေးစိတ်ကို မေးနေတယ်"

"ဒီည ဦးသြဘာရဲ့ ခြံထဲကို ကိုယ် ဝင်မလို့ပဲ ကျော့၊ ဒါကြောင့် အသေးစိတ် မေးနေတာ"

"အို ... မဟုတ်တာ၊ တကယ့်အန္တရာယ် အကြီးကြီးပါ ကိုမင်း"

"ပိုးပိုး ကိစ္စအတွက် ဒီတစ်နည်းပဲ ကိုယ် စဉ်းစားမိတယ် ကျော့၊ နေဦး ဦးသြဘာမှာ အရွယ်ရောက်ပြီး သားသမီးတွေ မရှိဘူးလား"

"ဦးသြဘာမှာ ဇနီး မရှိဘူး၊ အပျော်မယားတွေကတော့ ဟောတစ်ယောက် ဟောတစ်ယောက်ပဲတဲ့၊ ဒါပေမဲ့ သူ့မှာ အရင်မယားကြီးနဲ့ ရထားတဲ့ သမီး တစ်ယောက်ရှိတယ်၊ မကျော့ သူ့သမီးကို မြင်ဖူးတယ်၊ နာမည်က သြသူဇာတဲ့"

"မိန်းကလေး နာမည်က တစ်မျိုးကြီးပဲ"

"နာမည်မှန်ကတော့ သူဇာ ဖြစ်မှာပေါ့၊ ရှေ့က သြကတော့ သူ့အဖေ ဦးသြဘာ နာမည် သြတပ်ထည့်တာ ဖြစ်မှာပေါ့၊ ဒါပေမဲ့ သြသူဇာက ရွှေကျိုက်တော် အိမ်မှာ အနေနည်း





တယ်၊ ရန်ကုန်တက္ကသိုလ်မှာလိုလို မန္တလေးတက္ကသိုလ်မှာ လိုလို ကြားတာပဲ"

"အဲဒီ သူ့သမီး သြသူဇာက အသက်ဘယ်လောက် ရှိပြီ တဲ့လဲ"

"နှစ်ဆယ့်ငါး နှစ်ဆယ့်ခြောက်လောက် ရှိမှာပေါ့၊ သီတင်းကျွတ်တို့၊ ဒီဇင်ဘာတို့ နွေကျောင်းပိတ်ရက် စတဲ့ ကျောင်းရက်ရှည် ပိတ်ရင်တော့ ဦးသြဘာရဲ့ ရွှေကျိုက်တော် အိမ်မှာ ပြန်လာနေတတ်တယ်တဲ့၊ အခုဆို သူ့အိမ်မှာ ပြန်လာနေတယ်လို့ ကြားတာပဲ၊ တော်တော်ချော တော်တော် လှတဲ့ အမျိုးသမီးပဲ၊ မကျော့ သူ့ကို တစ်ခါနှစ်ခါ မြင်ဖူးတယ်"

"အင်း ... အသက် နှစ်ဆယ့်ငါးနှစ်၊ နှစ်ဆယ့်ခြောက်ဆိုရင် တက္ကသိုလ်မှာ ဘွဲ့ရပြီးသား ဖြစ်မယ်၊ ကျောင်းသူ မဖြစ်နိုင်တော့ဘူး၊ အဲ ... ဒါပေမဲ့ တက္ကသိုလ်မှာ ဆေးတက္ကသိုလ် တက်ရင်ဖြစ်ဖြစ်၊ အင်ဂျင်နီယာ တက်ရင်ဖြစ်ဖြစ်၊ ဒါမှ မဟုတ် မဟာဘွဲ့ ဆပ်တက်နေတာဖြစ်ဖြစ် အဲဒီလို တစ်ခုခု ဆိုရင်တော့ တက္ကသိုလ်မှာ ဆက်တက်နေတာ ဖြစ်နိုင်တယ်"

www.burmeseclassic.com



"ဘာလဲ ကိုမင်းက ဩသူဇာကို သိပ်စိတ်ဝင်စားနေလို့လား"

"ဒီလိုမပြောနဲ့ ကျော့၊ ကိုယ့်အတွက် ကျော့ကလွဲပြီး ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားဘူး၊ အခု ဩသူဇာ အကြောင်း အသေးစိတ် မေးနေတာက ဒီည ဦးဩဘာ အိမ်ကို ကိုယ် ဝင်မယ်၊ ပိုးပိုး ပြန်ရရှိရေးအတွက် ဦးဩ ဘာကိုပဲဖြစ်ဖြစ်၊ သူ့သမီး ဩသူဇာကိုပဲဖြစ်ဖြစ် အရဆွဲ လာမယ်၊ ပြီးမှ ပိုးပိုးနဲ့ ပြန်လဲယူမယ်ဆိုတဲ့ စိတ်ကူးသက် သက်ပဲ ကျော့"

"အဲဒီလောက်ကြီးတော့ မကျော့အတွက် ကိုနေမင်း စွန့်စားလွန်းရာ မရောက်ဘူးလား၊ ကိုမင်းက တစ်ယောက် ထဲ သူ့ခြံထဲမှာက သူ့တပည့်တွေရော၊ ခွေးဆိုးတွေရော ပြီး သူတို့မှာ သေနတ်တွေရှိနေမှာ ကိုမင်း အောင်မြင်ဖို့ ရာခိုင်နှုန်း အင်မတိ အင်မတန် နည်းနေတယ်၊ မသွားပါနဲ့ ကိုမင်း တစ်ခုခုဖြစ်ရင် မကျော့ ရင်ကျိုးမှာ၊ မကျော့ ဘာသာ သူတို့လိုချင်တဲ့ ခြံနဲ့မြေကို လက်မှတ်ထိုးပြီး ပိုးပိုးကို ပြန်ယူပါ့မယ်"

"ကိုယ့်မှာလည်း ပစ္စတိုသေနတ် ပါသွားမှာပါ ကျော့၊ ကိုယ် ဒီနည်းပဲလုပ်ဖို့ ဆုံးဖြတ်တယ်၊ ကိုယ့်ကို ဘာမှ





မစိုးရိမ်နဲ့၊ အခြေအနေ မဟန်ရင် ကိုယ်အလွတ်ရုန်း ပြန်ပြေးလာမှာပါ၊ ဒီနည်းနဲ့ မအောင်မြင်တော့မှ ကျော့ခြံနဲ့ မြေစာချုပ်မှာ နောက်ဆုံးအဆင့် လက်မှတ်ထိုးပေါ့"

"အို ... ကိုမင်းရယ်၊ မကျော့ ဒီခြံနဲ့ ဒီမြေကိုပဲ စွန့်လွှတ် ပါ့မယ်၊ ကိုမင်း မသွားပါနဲ့၊ သိပ်စွန့်စားရမှာ စိုးရိမ်လွန်း လို့ပါ၊ မကျော့ အဘိုး ခြံနဲ့မြေ ဆုံးရှုံးတာဟာ အကြောင်း မဟုတ်တော့ဘူး၊ ကိုမင်းကို မဆုံးရှုံးချင်ဘူး ကိုမင်း"

နေမင်းက မကျော့ခိုင်ကို ပိုက်ထွေးလိုက်သည်။ ယုယစွာ အနမ်းဖြင့် နှစ်သိမ့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

ညဘက် ဦးသြဘာ၏ ခြံကြီးထဲ ဝင်ရောက်ဖို့ နေမင်း အသေးစိတ် ကြိုတင်စီမံတော့သည်။

ဦးသြဘာ၏ တပည့်တွေသည် ပိုးပိုးကို ဖမ်းမိထားပြီးနောက် မိမိနှင့် မေကျော့ခိုင်၏ လှုပ်ရှားမှုကို အပြင်မှ တစေ့တစောင်း ကြည့်နေမည်မှာ သေချာသည်။

စိုးစိုးကို အပြင်မထွက်စေပဲ အိမ်ထဲမှာပင် နေစေသည်။

နေမင်းသည် ငါးသေတ္တာ နှစ်ဘူးကိုဖောက်ခါ ငါးသေတ္တာများထဲတွင် အိပ်ဆေးမှုန့်တွေဖြူးပြီး နယ်လိုက်သည်။ ပလတ်စတစ် အိတ်ထဲတွင် ထည့်ထားလိုက်သည်။ ပြီး ပလတ်စတစ်





အိတ်သုံးအိတ်တွင် မျှ၍ခွဲထည့်သည်။ ဤညအတွက် ဦးသြဘာ၏ အင်းခွေးဆိုးကြီးတွေအတွက် ညစာ ဖြစ်ရမည်။

ညနေ ခြောက်နာရီတွင် မြင်းလှည်းသမား မြင်းလှည်းသိမ်း ပြန်လာသည်။ မြင်းလှည်းသမား၏ ဟန်အမူအရာနှင့် အပြုအမူတို့ကို သေချာအတုခိုးသည်။

ရှမ်းဘောင်းဘီ အနက်ရောင်ပွပွ ဝတ်ထားသည်။ စွပ်ကျယ် လက်စက ဝတ်ထားသည်။ စွပ်ကျယ်ပေါ်တွင် ဆေးဆိုး အနက်ရောင် ဖျဉ်ကြမ်းတိုက်ပုံအင်္ကျီ ဝတ်ထားသည်။ မေကျော့ခိုင်အား မြင်းလှည်းဆွဲခငွေများ အပ်ပြီးပြန်သွားသည်။

"ကျော့"

"ကိုမင်း"

"ကိုစောဦး ဝတ်ခဲ့တဲ့ ရှမ်းဘောင်းဘီ အနက်နဲ့ တိုက်ပုံအင်္ကျီ အနက်ရှိလား၊ ကိုယ် လိုချင်လို့"

မေကျော့ခိုင်က ချက်ချင်း ထုတ်ပေးသည်။

ညကိုးနာရီလောက်တွင် နေမင်းသည် ချောင်းမြောင်းအကာအကွယ်ယူပြီး မေကျော့ခိုင်၏ ခြံပတ်လည်ကို လိုက်ပြီး ပုန်းကြည့်သည်။ အပြင်ဝန်းကျင်တွင် မိမိတို့ကို စောင့်ကြည့်နေသော ဦးသြဘာ၏လူတွေ ရှိမရှိ ရှာဖွေကြည့်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မသက်စရာ တစ်ဦးတစ်ယောက်မှ မတွေ့ရ၊ ကျေးရွာတစ်ရွာမို့ အတန်ငယ် မိုးချုပ်သည်နှင့် အိပ်ရာဝင်ကြသည်။

အကယ်၍ ဦးသြဘာ၏ တပည့်များ စောင့်ကြည့်သည် ဆိုဦးတော့ ဒီလောက် မိုးချုပ်လျှင် ပြန်ကြပေမည်။

မကျော့ခိုင်ကလည်း အိမ်တံခါးအားလုံး ပိတ်ထားလိုက်ပြီကိုး။

နေမင်း အိမ်ပေါ်ပြန်တက်ပြီး အနက်ရောင်ဝတ်စုံကို ဝတ်လိုက်သည်။ မျက်နှာသုတ်ပဝါ အမည်းရောင်ကို ခေါင်းပေါင်းပြီး ပစ္စတိုသေနတ်ကို ခါးကြားထိုးလိုက်သည်။

"ကိုမင်း ဘာနဲ့သွားမှာလဲဟင်၊ ကား ယူသွားပါလား"

"မယူဘူး ကျော့၊ ကားစက်သံက ဘေးလူတွေ ကြားစေတယ်၊ နောက်ပြီး ဒီကားဟာ ကျော့ရဲ့ကားမှန်း သူတို့က သိနေကြတာ၊ မြင်းလှည်းယူသွားမယ်၊ ဒါဆို ကိုယ့်ကို မြင်းလှည်းသမားလို့ပဲ ထင်ကြမှာ၊ စိုးစိုးကော အိပ်သွားပြီလား"

"အိပ်သွားပြီလေ၊ တစ်နေ့လုံး သူ့ညီမလေးအတွက် ငိုရတာ မောပြီးအိပ်သွားပြီ"





"သနားတယ် ကျော့၊ ကျော့တို့ သားအမိ သုံးယောက်ကို ကိုယ့်ရင်ထဲမှာ သိပ်လည်း ချစ်တယ်"

ကျော့ကပင် နေမင်း၏ ရင်ခွင်ထဲ ဝင်လိုက်သည်။ နေမင်းက အကြင်နာ အပြည့်အဝ ရှုန်းပြည့် အချစ်ဖြင့် ထွေးပိုက်ထားလိုက်သည်။

"သိပ်ကိုသတိထားပါ ကိုမင်း၊ အခု ကိုမင်း လုပ်ပုံက ကျားဂူထဲကို ဝင်သွားတာနဲ့ ဘာထူးသေးလဲ"

"စိတ်ချ ကိုယ် ဘာမှမဖြစ်ဘူး၊ ကိုယ် ကျော့နဲ့ လက်ထပ်ပြီး ကလေးတစ်ဒါဇင် ရဦးမှာ"

"အယ် ... ကြည့်"

မြင်းလှည်းမောင်းပြီး နေမင်း ထွက်လာသည်။ ထွက်လာစက မှောင်မိုက်နေသော်လည်း မျက်လုံးကျင့်သား ရသွားသောအခါ မြင်နိုင်စွမ်း ရှိပါ၏။

မေဒါဝီရွာမှ ရွှေကျိုက်တော် လမ်းရိုးအတိုင်း ရှစ်မိုင်ဝေးသည်။ လမ်းတစ်လျှောက်တွင် အိမ်ခြေမရှိ၊ တဲ တချို့သာ လမ်းဘေးတွင်ရှိသည်။

နေမင်းသည် ဖြည်းဖြည်းမှန်မှန်ပင် မြင်းလှည်းကို မောင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေကျိုက်တော်မြို့ထဲ ရောက်လာပြီး မြောက်ယွန်းယွန်း ဆက်မောင်းခဲ့ရာ မကြာမီ ဦးသြဘာ၏ ခြံနှင့်တိုက်အိမ်ကို လှမ်းမြင်ရသည်။ ခြံထဲတွင် မီးလုံး နေရာအနှံ့ ထွန်းထားသည်။ သို့သော် မီးအား မပြည့်သောကြောင့် အားလုံး မှိန်မှိန်သာလင်းသည်။

ဦးသြဘာသည် သူ့ခြံကို အုတ်ခြံစည်းရိုး ကာထားသည်။

အရိပ်ကောင်းသော ညောင်ပင်ကြီး တစ်ပင်အောက်တွင် မြင်းလှည်းကို ရပ်လိုက်သည်။

သစ်ပင်ရိပ်များခိုပြီး ဦးသြဘာ၏ ခြံကြီးသို့ ချဉ်းကပ်လာခဲ့သည်။ ခြံထဲ ဝင်ရောက်နိုင်မည့်နေရာ လိုက်ရှာသည်။

ခြံထဲတွင် စိုက်ထားသော သရက်ပင်ကြီးတစ်ပင်မှ ခြံပြင်သို့ ထွက်နေသော အကိုင်းတချို့ကို တွေ့ရသည်။ သရက်ကိုင်းမှာ အုတ်ခြံစည်းရိုးကိုကျော်ပြီး အမြင့်ကိုးပေခန့် ရှိသည်။

နေမင်း၏အရပ် ငါးပေရှစ်လက်မ ရှိသည်။ လက်မြှောက်လိုက်လျှင် ခုနစ်ပေခန့်ရှိသည်။ သစ်ကိုင်းကို ခုန်ဆွဲဖို့ နှစ်ပေလောက် ခုန်ရမည်။ အရှိန် အနည်းငယ်ယူပြီး နေမင်း ခုန်ဆွဲလိုက်သည်။ မိသည်။ ပတ်လည်ကျွမ်း လှည့်လိုက်ရာ သရက်ကိုင်းပေါ်သို့ နေမင်း ရောက်သွားသည်။





"ဝေါင်း ... ဝေါင်း ... ဝေါင်း"

အင်းခွေးကြီး သုံးကောင်၏ဟောင်သံ ထွက်လာပြီး သုံးကောင်စလုံး သစ်ကိုင်းပေါ်မှ နေမင်းကို သရက်ပင်အရင်းမှ မော့ကြည့်နေကြသည်။

နေမင်းသည် လွယ်အိတ်ထဲမှ အိပ်ဆေးထည့် ငါးသေတ္တာ ပလတ်စတစ်အိတ်ကို ဖွင့်လျက်သား ခွေးကြီးများဆီသို့ ပစ်ချလိုက်သည်။

ခြံစောင့် ဒရဝမ်ကြီးသည် ခွေးတွေ ဟောင်သံကြားသဖြင့် လာကြည့်ချိန်တွင် ခွေးသုံးကောင်မှာ ပလတ်စတစ်ထုပ်ထဲမှ ငါးသေတ္တာကို စားနေကြသဖြင့် ဟောင်သံတိတ်သွားသောကြောင့် ဒရဝမ်ကြီး ဆက်ပြီး အိပ်ငိုက်သွားသည်။

နေမင်း ငါးသေတ္တာ စားနေသော ခွေးကြီးတွေကို ငုံ့ကြည့်ရင်း စောင့်ကြည့်သည်။

ဆယ်မိနစ်ပင် မပြည့်တတ်။

ခွေးကြီးတွေသည် ငါးသေတ္တာ စားပြီးနောက် ဟိုသွားသလို ဒီသွားသလိုလိုနှင့် ရောက်ရာနေရာမှာပင် လှဲအိပ်ချလိုက်သည်ကို တွေ့ရသည်။

နေမင်း ခြံထဲသို့ ခုန်ဆင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစောင့်ဒရဝမ် တဲသို့သွားကာ ငိုက်မြည်းနေသော ဒရဝမ်ကြီး၏ ပခုံးကြောတစ်ခုကို နှိပ်လိုက်ရာ တွန့်ခနဲ ဖြစ်သွားပြီး ငြိမ်သွားသည်။ အစောင့်ကြီး မိုးလင်းမှ တစ်ရေးနိုးပေတော့မည်။ ဒရဝမ်ကြီး၏ခါးမှ သော့တွဲကို ဖြုတ်ယူလိုက်သည်။

သော့ခတ်ထားသော ခြံတံခါးသော့ကို ဖြုတ်ထားလိုက်သည်။ ပြီးနောက် အိမ်ကြီးဆီသို့ ချဉ်းကပ်ခဲ့သည်။ အိမ်တံခါးဝတွင် အစောင့်တစ်ယောက် ထိုင်နေသည်ကို တွေ့ရပြန်သည်။ ထိုအစောင့်က ငိုက်မြည်းခြင်းမရှိ။

နေမင်း အနီးတစ်ဝိုက်ကို ကြည့်လိုက်ရာ ဘီယာသံဘူးခွံ အလွတ်တစ်လုံးကို တွေ့ရသည်။ ဘီယာဘူးခွံကို ကောက်ယူပြီး မှောင်ရိပ်အကျဆုံး နေရာသို့ ပစ်ပေါက်လိုက်သည်။ ဘီယာ အောက်သို့ကျသောအသံ ထွက်လာသည်နှင့် အစောင့်သည် ထိုမှောင်ထဲနေရာသို့ ငှက်ကြီးတောင်ဓားရှည်ကိုဆွဲကာ ထွက်သွားသည်။ အစောင့်ကို နောက်မှနေပြီး လည်ကုပ်ကို နေမင်း လက်ဝါးစောင်း ခုတ်လိုက်ရာ အားလျားမှောက်ကြီး လဲကျသွားပြီး မလှုပ်တော့။

နေမင်း အိမ်တံခါးကို ခလုတ်လှည့်ဖွင့်လိုက်ရာ တံခါးပွင့်သွားသည်။





ဦးသြဘာသည် သူ မွေးထားသော ခွေးကြီးတွေနှင့် အစောင့်ဒရဝမ်တွေကို စိတ်ချသောကြောင့် အိမ်တံခါးကို အတွင်းကန့်လန့် မထိုးထားသည်ပဲ ဖြစ်မည်။

နေမင်း အိမ်ထဲဝင်ခဲ့သည်။

ဦးသြဘာ၏ အိပ်ခန်းထဲသို့ ဝင်ရောက်လိုက်သည်။

"ဟော့ ... ဟော့ ... မင်း ဘာကောင်လဲ"

ဦးသြဘာသည် အဝတ်နက် တစ်ကိုယ်လုံး ဝတ်ထားသော နေမင်းကို အိပ်ရာထက်မှ လူးလဲထထိုင်ရင်း မေးလိုက်သည်။

နေမင်း၏ လက်ချောင်းများ ဦးသြဘာ၏ ပခုံးသို့ ရောက်သွားသည်။ ဦးသြဘာ ပျော့ခွေ ပက်လက်ကျသွားသည်။

ဦးသြဘာ၏ အိပ်ရာကုတင်ဘေးရှိ စာကြည့်စားပွဲပေါ်ရှိ စာရွက်တစ်ရွက်ပေါ်တွင် နေမင်းသည် စာလုံးကြီးကြီးဖြင့် ရေးလိုက်သည်။

"ဦးသြဘာနှင့် ပိုးပိုး ပြန်လဲပါ။
ပိုးပိုး ပြန်ရမှ ဦးသြဘာကို ပြန်လွှတ်မည်။
ပိုးပိုး သေလျှင် ဦးသြဘာ သေရမည်။"

ထို့နောက်မှာတော့ ဦးသြဘာကို ပခုံးတွင်ထမ်းကာ လာလမ်းအတိုင်းပင်ပြန်ရာ ပွင့်နေသော တံခါးတွေကိုဖြတ်ပြီး မြင်းလှည်းဆီ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသြဘာကို မြင်းလှည်းပေါ်တင်ပြီး ပြန်မောင်းလာခဲ့သည်။

အံ့သြဖို့ကောင်းသည်မှာ ဦးသြဘာ၏ ခြံထဲ အိမ်ထဲတွင် တိုက်မောင်းကို မတွေ့ခြင်း ဖြစ်သည်။

တိုက်မောင်းသည် သောက်သောက်စားစားနှင့် တစ်နေရာတွင် ဒေါင်းနေပြီလား။

သို့မဟုတ်။

တိုက်မောင်းကို တပည့်လက်သား အစုံအလင်နှင့် မိုးပျောက် တောထဲတွင်ရှိသော ဗိုလ်တဲပျက်ကြီးတွင် တာဝန်ပေးထားလေသလား။

○ ✱ ○

မကျော့ခိုင်သည် မအိပ်ဘဲ ကိုနေမင်းကို စောင့်နေသည်။

မြင်းခွာသံကို ကြားသည်နှင့် အလျှားဖားလျား တံခါးဖွင့် ထွက်လိုက်သည်။





မြင်းလှည်း ခြံထဲသို့ မောင်းဝင်လာသည်ကို တွေ့ရသည်နှင့် မြင်းလှည်းဆီသို့ မကျော့ခိုင် အပြေးလေး ရောက်သွားသည်။

"ဘယ်လိုလဲ ကိုမင်း အဆင်ပြေခဲ့ရဲ့လားဟင်၊ အထိအခိုက် အနာတရ ဖြစ်လာသေးလားဟင်"

"သိပ်အဆင်ပြေပါတယ်၊ ကိုယ့်မှာ ဘာမှ အထိအခိုက် မရှိပါဘူး၊ ကျော့ ထင်တာထက်တောင် ပိုလွယ်သေး၊ ကျော့ မြင်းလှည်းနောက်အိမ်ကို ကြည့်လိုက်လေ"

မကျော့ခိုင် လှမ်းပြီးကြည့်ရာ မလှုပ်မယှက် ပက်လက်ကြီး ဦးသြဘာကို တွေ့ရပေသည်။

"သူ သေသွားလားဟင် ကိုမင်း"

"မသေပါဘူး ခဏငြိမ်အောင် ကိုယ် အကြောကိုင်ထားလို့ပါ၊ နာရီဝက်လောက်ဆို သူ ပြန်နိုးလာမှာပါ၊ ကဲ … ကျော့ ဦးသြဘာကို ဂိုဒေါင်ထဲမှာပဲ ထားမယ်၊ နက်ဖြန် တစ်ချိန်ချိန်မှာ သူတို့ဘက်က ဦးသြဘာနဲ့ ပိုးပိုးကို လာလဲမှာပေါ့၊ ဘာမှ စိတ်မပူနဲ့တော့"

"လဲမှလဲပါ့မလား ရဲကိုများ တိုင်မလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လဲတာပေါ့ ကျော့ ဦးဩဘာရဲ့ တန့်ဖိုးဟာ ပိုးပိုးထက် အဆပေါင်း ထောင်သောင်းမက ရှိနေတာပဲဟာ၊ စိတ်ချ လာလဲမှာ၊ သူတို့ ရဲကိုလည်း မတိုင်ရဲဘူး၊ တိုင်လိုက်တာနဲ့ သူတို့က အရင်စပြီး ပိုးပိုးကို ပြန်ပေးဆွဲတာ ပေါ်လာမယ်၊ နောက်ပြီး သူတို့ တပည့်တွေအားလုံး ဦးဩဘာဆီက အမိန့်မရမချင်း ဘာမှလုပ်ရဲမှာ မဟုတ်ဘူး၊ အဲ ... ဦးဩ ဘာကိုတော့ ကျော့က ကောင်းကောင်းပြုစု ညှော်ခံကျွေးမွေး ထားပေါ့၊ တကယ်လို့ နက်ဖြန်ညအထိမှ သူတို့ လာမလဲရင် ကိုယ် နောက်တစ်ခုခု ထပ်လုပ်ပေးမယ်"

ဦးဩဘာကို နေမင်း ဂိုဒေါင်ထဲသို့ ထမ်းခေါ်သွားသည်။

ဒီလိုနှင့်ပင် မိုးလင်းသွားသည်။

မိုးလင်းပြီး မကြာမီပင် နေမင်း၏ တွက်ကိန်းမှန်သည်ကို တွေ့လာရသည်။

နံနက် ရှစ်နာရီတွင် မေကျော့ခိုင်၏ ခြံထဲသို့ အက်စ်အီး လိမိတက် ကားသစ်ကြီးတစ်စီး မောင်းဝင်လာသည်။ အမျိုးသမီးတစ်ယောက် မောင်းလာခြင်း ိစ်သည်။ လူပို လုံးဝ မပါပေ။





မေကျော့ခိုင်က အိမ်ထဲမှ လှမ်းကြည့်နေသည်။ နေမင်းက ဦးဩဘာ၏ လက်မောင်းကို ကိုင်ရပ်နေပြီး နှစ်ယောက်စလုံး ကားဖြူကြီးကို ကြည့်နေကြသည်။

ဦးဩဘာသည် သတိပြန်ရချိန်ကစပြီး ရုန်းကန်ခြင်း၊ ထွက်ပြေးရန် ကြိုးစားခြင်းမျိုးတွေ လုံးဝ မရှိပေ။ မေကျော့ခိုင် ကျွေးသော ပေါင်မုန့်ထောပတ်သုတ်နှင့် ကော်ဖီကိုလည်း စားသောက်သည်။ အေးအေးဆေးဆေးပင်။

"အဲဒါ ကျုပ်သမီး ဩသူဇာပဲ၊ မန္တလေး တက္ကသိုလ်မှာ နည်းပြဆရာမ လုပ်နေတယ်၊ ကျုပ်မှာလိုက်လို့ သူ ခွင့်ဆယ်ရက်ယူပြီး ကျုပ် အိမ်ကို ပြန်ရောက်လာတာ၊ ဒီနေ့ ပါဆို သုံးရက်ရှိသွားပြီ"

ဦးဩဘာ ပြောသည်ကို နားစွင့်ထားရင်း နေမင်းသည် ကားဖြူကြီးကိုသာ လှမ်းကြည့်နေသည်။

ကားဖြူကြီး ရှေ့တံခါးတစ်ဖက် ပွင့်လာပြီး ပထမ ပိုးပိုးလေး ဆင်းလာသည်။

မာမီရေ မာမီရေဟု ပိုးပိုး အော်ခေါ်ရင်း အိမ်ဆီသို့ ပြေးသွားသည်။

မေကျော့ခိုင်က ထွက်လာဆီးကြိုပြီး ပိုးပိုးကို အငမ်းမရ ပွေ့ချီထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ မောင်နေမင်း ကျုပ် ပြန်လို့ရလောက်ပြီ ထင်ပါရဲ့နော်"

"ရပါပြီ ဦးသြဘာ ကားပေါ်တက်ပြီး ခြံထဲက မောင်းထွက်သွားသည်အထိတော့ ကျွန်တော် ပစ္စတိုနဲ့ ချိန်ထားမှာပါ ဦးသြဘာ၊ တကယ်လို့ ညာဏ်နီညာဏ်နက်တွေနဲ့ တစ်ခုခု ဖြစ်လာတာနဲ့ ဦးသြဘာ့ကို ကျွန်တော် ပစ်မှာ"

ဦးသြဘာ ရယ်လိုက်သည်။

"ယုံတယ်၊ သိပ်ပြီး မောင်နေမင်းရဲ့ အရည်အချင်းကို ကျုပ် ယုံတယ်၊ ကျုပ်ရဲ့ အစောင့်တွေ အထပ်ထပ်ချထားတဲ့ ခြံကြီးနဲ့ တိုက်အိမ်ကြီးထဲဝင်ပြီး ကျုပ်ကို မောင်နေမင်း အစွမ်းနဲ့ ခေါ်လာနိုင်တဲ့ အရည်အချင်းက နည်းနည်းနောနောအရည်အချင်းမှ မဟုတ်တာ၊ အဲ ... တိုက်မောင်းတို့အတွက်လည်း မပူနဲ့၊ တိုက်မောင်းတို့က ကျုပ်အတွက် သံပတ်ပေးစက်ရုပ် သုံးသလို သုံးနေတာ၊ ဘာမဆို ကျုပ် အမိန့်မပေးပဲ ဘာမှလုပ်တတ်တဲ့ကောင်တွေ မဟုတ်ဘူး၊ အဲ ... တစ်ခုတော့ ကျုပ် မောင်နေမင်းကို ပြောခဲ့ချင်တယ်"

"ပြောပါ ဦးသြဘာ"





"တခြား မောင်နေမင်းမှာ အလုပ်မရှိဘူးဆိုရင် ကျုပ်ဆီမှာ ဝင်လုပ်ပါ၊ စိတ်ကြိုက်တောင်းတဲ့ အခငွေ ကျုပ် ပေးမယ်၊ သိန်းဂဏန်းနဲ့ချီပြီး ပြောတာနော်၊ ကျုပ် လုပ်ငန်းတွေမှာ မောင်နေမင်းလို လူသာရရင် ကျုပ် အများကြီး ပိုမိုအောင်မြင်လာမယ်၊ ကျုပ် ယုံကြည်တယ်၊ ကဲ ... ကျုပ် ပြန်ပြီ"

ဦးသြဘာသည် သူ့ကားဖြူကြီး ရှိရာသို့ လျှောက်သွားသည်။ ရှေ့ခန်းတံခါးမှဝင်ပြီး တံခါးပြန်ပိတ်လိုက်သည်နှင့် ကားဖြူကြီးသည် ဖြည်းဖြည်းချင်းလိမ့်ကာ ခြံထဲမှ မောင်းထွက်သွားသည်။ ကားမောင်းရင်းပင် ခြံဝ၌ ကားမောင်းသူ ဦးသြဘာရဲ့သမီး သြသူဇာက စာရွက်လေးတစ်ရွက် ကားပေါ်မှ ပစ်ချထားခဲ့သည်။

ထိုစာရွက်ကို ပစ္စတိုကိုင် နေမင်းက ကောက်ယူဖတ်လိုက်သည်။

"ဦးသြဘာနှင့်ပိုးပိုး ပြန်လဲပါ၊
ပိုးပိုး ပြန်ရမှ ဦးသြဘာကို ပြန်လွှတ်မည်။
ပိုးပိုးသေလျှင် ဦးသြဘာ သေမည်"

'ဦးသြဘာ၏ အိပ်ခန်းစားပွဲတွင် နေမင်း ရေးထားခဲ့သောစာပင် ဖြစ်ပါ၏။ ထိုစာကြောင်းအောက်တွင် နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး လက်ရေးနှင့် ရေးထားသောစာကြောင်း ပါလာသေးသည်။

"စွမ်းဆောင်သွားသော အရည်အသွေးကို သိပ်ချီးမွမ်းပါ၏"

နေမင်း ဖတ်ပြီး ပခုံးတွန့်လိုက်သည်။

❂ ✱ ❂





၁၈

ယနေ့ မော်တော်ဆိုင်ကယ် ပြင်ပြီးသွားသည်။ ပြီးသည်နှင့် စက်နှိုး၍ရပါ၏။

"ဟေး ... ရပြီ ရပြီ စက်နိုးသွားပြီ စီးရတော့မယ်၊ ညီမလေးရေ လာဟေ့ လာဟေ့"

စိုးစိုးက နောက်ထိုင်တွင်ထိုင်ပြီး နေမင်း ခါးကို ဖက်ထားသည်။ ပိုးပိုးကို ဓာတ်ဆီတိုင်ကီပေါ်တွင် လက်ကိုင်ကို ကိုင်စေသည်။

နေမင်းက ခြံကို ပတ်ပတ်လည် မောင်းပေးသည်။ စိုးစိုးနှင့်ပိုးပိုး အရမ်းပျော်သည်။

မကျော့ခိုင်သည် ထိုင်ကြည့်ပြီး ပြုံးရယ်ကာ ကျေနပ်ကြည်နူးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... စိုးစိုးနဲ့ပိုးပိုး ခဏနားဦး၊ မာမိကို ဦးဦး တင်စီး ပေးလိုက်ဦးမယ်နော်"

ကလေး နှစ်ယောက်က ဆင်းပေးသည်။

"လာလေ ကျော့"

"ဟင် ... ရှက်စရာကြီး"

"အောင်မယ် မာမိက အခုမှ ဘာလို့ရှက်နေတာလဲ၊ ဒက်ဒီ ရှိတုန်းက ဒက်ဒီ့နောက်က လိုက်စီးနေကျပဲဟာ"

ဟုတ်ခဲ့ပါ၏။ သို့သော် ကိုစောဦးက လင်ယောကျ်ား။ ယခု ကိုနေမင်းနှင့်က လက်ထပ်ရသေးသည်မဟုတ်။ အတူစီးဖို့ မဝံ့မရဲ ဖြစ်နေသည်။

ယင်းအချက်ကို နေမင်း တွေးမိပါ၏။

မေကျော့ခိုင်က မိမိကို တရားဝင် လက်ထပ်နေချင်ပြီမှန်းလည်း သိသည်။

မိမိကလည်း လက်ထပ်ချင်သည်မှာ ဖျပ်ဖျပ်လူး ရာနှုန်းပြည့် ဖြစ်ပါ၏။

သို့သော်။

မိမိ ဘဝက မရေမရာ။ ဘယ်နေ့ အဖမ်းခံ ထောင်ကျမည်မှန်း မသိ။ မိမိ ရင်တွင်းမှ မေကျော့ခိုင်အပေါ် စစ်မှန်သော





နှလုံးသားမေတ္တာက မေကျော့ခိုင်နှင့် လက်ထပ်ပြီးမှ မိမိ ထောင်ကျလျှင် တစ်ခုလပ်၊ မိမိ သေဒဏ်ကျလျှင် ဒုတိယအကြိမ်ထပ်ပြီး မုဆိုးမဘဝ မရောက်စေချင်။

"လာပါ ကျော့၊ ခြံထဲမှာစီးတာပဲ အပြင်ထွက်ပြီး စီးတာမှ မဟုတ်တာ"

မေကျော့ခိုင် မငြင်းတော့။ ဆိုင်ကယ်ကို နောက်မှ စီးသူတို့ ထုံးစံအတိုင်း မောင်းသူ၏ခါးကိုလည်းကောင်း၊ ပခုံးကိုလည်းကောင်း ဖက်ကိုင်ရသည်။

မေကျော့ခိုင် နေမင်း၏ ခါးကိုဖက်၊ ပခုံးကိုကိုင် စီးသည်။

ရင်ခုန်ရသည်။ ကြည်နူးရသည်။ ပျော်ရသည်။

မော်တော်ဆိုင်ကယ် စီးကြပြီးနောက် ရေမိုးချိုးပြီး ထမင်းဝိုင်း ထိုင်ကြသည်။

"မော်တော်ဆိုင်ကယ်ကတော့ ကောင်းသွားပြီ၊ ကျော့ရဲ့ ဆန်စက်ကို ကိုယ် အားလုံး စစ်ဆေးထားတယ်၊ ဆန်စက် လည်နိုင်ဖို့ အားလုံးကောင်းတယ်၊ ဘွိုင်လာမှာ ရေထည့်ပြီး မီးထိုးရင် စက်လည်နိုင်ပြီ၊ ငါးပုံကျောက်နဲ့ ဆန်ဖြူကျောက်ကို ဆေးထားတယ်၊ ထပ်တင်ပေးလိုက်ရင် ကြိတ်ခွဲလို့ရပြီ"



www.burmeseclassic.com

"ကိုမင်း ငါးပုံနဲ့ ဆန်ဖြူကျောက် ဆေးတတ်တယ်လား

"ကိုယ် ဆန်စက်နဲ့ ပတ်သက်ရင် အားလုံး ရှေ့ပိုင်း နောက်ပိုင်း လုပ်တတ်ပါတယ် ကျော့၊ တစ်ခုပဲ ကျော စဉ်းစားရမှာက အခု ဆန်စက်ပြန်လည်ရင် ကြိတ်ခွဲမယ့် သူတွေ ရှိပါ့မလား၊ ဆန်စက်က ပိတ်ထားတာ ကြာပြီ မို့လေ"

"ရှိတယ် ကိုမင်း၊ အခု ဝမ်းစာကြိတ်သူတွေရော၊ စပါးဝယ် ဆန်ကြိတ် ရောင်းဝယ်သူတွေရော မေကျော့ ဆန်စက်ပိတ် ထားလို့ ရွှေကျိုက်တော်က ဆန်စက်တွေမှာ သွားကြိတ် နေရတယ်၊ မေကျော့ စက်လည်တာနဲ့ ဒီဆန်စက်ကို ပြန်လာကြမှာပါ"

"ကိုယ့်မှာ ငွေတစ်သိန်းကျော်ကျော် ပါလာတယ်၊ အဲဒီ ငွေရယ်၊ ဟိုဘက်ခြံက ဦးဘစိမ်းနဲ့ပေါင်းပြီး ပါတနာလုပ် ဆန်စက် ပြန်လည်ပါလား ကျော့၊ ကျော့အတွက် နေ့စဉ် လစဉ် ဝင်ငွေပိုလာတာပေါ့"

မေကျော့ခိုင်က နေမင်းကို မကျေနပ်သော အကြည့် ဖြင့်ကြည့်ပြီး ပြန်ပြောသည်။



"မေကျော့မှာ ဘဏ်ငွေတွေ တော်တော်များများ ရှိပါတယ်၊ ဦးဘစိမ်းနဲ့ ပါတနာလုပ်စရာ မလိုပါဘူး၊ ကိုမင်းသာ ပိုင်ပိုင်နိုင်နိုင် ဦးဆောင်လုပ်ပေးပါ၊ အခု ဦးစီးမယ့် ကိုစောဦး မရှိတော့လို့ ပိတ်ထားရတာ"

မေကျော့ခိုင် ဆိုလိုသည်ကို နေမင်းက သဘောပေါက် ပါ၏။ သူနှင့် မေကျော့ခိုင် တရားဝင် လက်ထပ်လိုက်လျှင် သူမ ၏ ဆန်စက်ကို မိမိက လင်ယောကျ်ားအနေနှင့် လုပ်ဆောင်လိုခြင်း ဖြစ်သည်။

"ကိုယ် ကျော့ကို လက်ထပ်ချင်တာမှ ခုချက်ချင်းကိုပါပဲ ကျော့၊ ဒါမှ ဦးသြဘာနဲ့ အိုက်မောင်း အန္တရာယ်ကလည်း ကင်းမယ်၊ ပြီး ဒီမိသားစုရဲ့ စီးပွားရေးကိုလည်း လုပ်ပေး နိုင်မယ်၊ ကိုယ် ဦးစီးပြီး ပိုင်ပိုင်နိုင်နိုင် လုပ်ပေးချင်တဲ့ စေတနာနဲ့ဆန္ဒလည်း အပြည့်ရှိတယ်၊ ဒါပေမဲ့ ကျော့ကို ကိုယ် လက်ထပ်လိုက်ရင် ကျော့ နစ်နာသွားမှာစိုးလို့ပါ"

"လက်ထပ်လိုက်ရင် မေကျော့က ဘာလို့နစ်နာ သွားမှာလဲ"

နေမင်းသည် စိုးစိုး ရှေ့တွင် မိမိအကြောင်း မပြော ချင်။ စိုးစိုးသည် နားလည်သော အရွယ်လေး ရှိနေပြီ။ မိမိအကြောင်း တွေကြားသွားပြီး မိမိအပေါ် အထင်သေးပြီး ခင်မင်မှု လျော့နည်း သွားမည်ကို စိုးရိမ်သည်။

www.burmeseclassic.com



ထမင်းဝိုင်းတွင် စိုးစိုးက ထမင်းစားပြီးသွားသည်နှင့် ...

"လာဟေ့ ညီမလေး၊ ခြံထဲမှာ သွားကစားရအောင်"

ဟု ခေါ်လေသည်။ မောင်နှမနှစ်ယောက် ခြံထဲသို့ထွက်သွားကြမှ နေမင်းက မေကျော့ခိုင်ကို သူ့အကြောင်းဆက်ပြောပြသည်။

"ကိုယ်နဲ့လက်ထပ်ရင် ကျော့ဘာလို့နစ်နာမယ်ဆိုတာ ကိုယ်ပြောပြမယ်၊ ကိုယ်ဟာ လူသတ်ဝရမ်းပြေး တစ်ယောက်ပါ"

"ဟင်"

"ကိုယ့်ကို အထင်သေးသွားပြီလား ကျော့"

"အထင်မသေးပါဘူး အံ့သြသွားတာပါ၊ ကိုမင်းလို အင်မတန် စိတ်ထားကောင်းပြီး တစ်ဖက်သားအပေါ်မှာ ကြင်နာတတ်တဲ့လူဟာ လူသတ်ဝရမ်းပြေး ဖြစ်နိုင်မလားလို့၊ ကိုမင်း ဘယ်သူ့ကို သတ်ခဲ့တာလဲဟင်"

"ကိုယ့်ဇနီး စိမ်းကိုပဲ ကျော့၊ စကားများကြပြီး သူက ခေါင်းအုံးအောက်က သေနတ်ကိုယူပြီး ကိုယ့်ကိုယ်ပစ်ဖို့ ကြိုးစားတယ်၊ ကိုယ်က သူ့လက်ထဲကသေနတ်ကို ဝင်လုရာမှာ ကျည်ဆန်ထွက်ပြီး သူ့ကို ထိသွားတယ်၊ သူလဲကျသွားတယ်"





"သေရောလားဟင်"

"အဲဒါ မသေချာဘူး၊ ရော့ ... ဒီစာကို ကျော့ ဖတ်ကြည့်၊ ကိုယ် ထွက်လာပြီးမှ ကိုယ့်ညီက ဆက်သွယ်ပြီး ရေးပို့လိုက်တဲ့စာ"

နေမင်းက သူ့အိတ်ထဲတွင် အမြဲရှိနေသောစာကို မေကျော့ခိုင်အား ပေးဖတ်လိုက်သည်။

မေကျော့ခိုင် စာကို ဖတ်ကြည့်သည်။

"ဒီစာထဲမှာတော့ စိမ်းဟာသေသွားပြီလို့ ရေးမထားဘူးနော်"

"သေမယ် ရှင်မယ်ဆိုတာ ဆရာဝန်က မဆုံးဖြတ်နိုင်သေးဘူး၊ ခွဲစိတ်ကုသထားတယ်လို့ ရေးထားတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် စိမ်း မိဘတွေဘက်က ရဲမှာ အမှုဖွင့်ထားတယ်ဆိုတော့ စိမ်း သေသွားရင် လူသတ်မှုပဲ၊ မသေရင်လည်း ရရှိတဲ့ဒဏ်ရာပေါ်မှာ မူတည်ပြီး ပုဒ်မတပ်မှာပဲ၊ အခု ရွှေကျိုက်တော် ရဲအဖွဲ့အထိ သက်ဆိုင်ရာတွေက သတင်းမပို့သေးလို့သာ ကိုယ့်ကိုယ် ရွှေကျိုက်တော် ရဲက မဖမ်းသေးတာပဲ ကျော့"

မေကျော့ခိုင် မျက်ရည်ကျသည်။ သက်ပြင်းချသည်။

"ကိုယ် ထွက်ပြေးလာစဉ်ကတော့ တောလမ်းတောင်လမ်းတွေဖြတ်ပြီး ဟိုဘက်နိုင်ငံကို အရောက်သွားနေဖို့ ပြေးလာ



www.burmeseclassic.com

www.burmeseclassic.com



ရင်း ဒီမိုးပျောက်တောထဲ ရောက်လာတာ၊ စခန်းခဏချရင်း စိုးစိုးနဲ့ တွေ့တော့တာ၊ စိုးစိုးအပေါ် သံယောဇဉ် ဖြစ်ရာက စပြီး ကျော့တို့ မိသားစုအပေါ်မှာ ကိုယ် သိပ်သံယောဇဉ် ခင်တွယ်မှု ကြီးမားသွားတယ်၊ ဦးသြဘာရဲ့ ဘေးအန္တရာယ်က ကာကွယ်ပေးချင်စိတ်နဲ့ ကိုယ် ဒီလောက် ဒီမှာကြာသွားတာ"

"ကဲပါလေ ဒါတွေ ထားလိုက်ပါတော့၊ ကိုယ် ဒီမှာနေနိုင်ခွင့် ရသရွေ့တော့ ကျော့နဲ့ မိသားစုအတွက် ကိုယ် တတ်စွမ်းနိုင်သမျှ အကောင်းဆုံး လုပ်ပေးခဲ့မယ်လေ၊ အခု ထမင်းစားပြီးတာနဲ့ ရွှေကျိုက်တော်ကိုသွားပြီး ဆန်စက်အတွက် လိုအပ်တဲ့ ပစ္စည်းတွေဝယ်မယ်"

မကျော့ခိုင်ခမျာ ငိုရှုံ့မဲ့ပြီး ဘာတတ်နိုင်မှာနည်း။

စိုးစိုးနှင့် ပိုးပိုးသည် ‌မှာမောပန်းပန်းနှင့် အိပ်ကြလေပြီ။

သူတို့ အိပ်ပျော်နေစဉ် နေမင်းသည် မကျော့ခိုင်၏ ကားကိုယူကာ ရွှေကျိုက်တော်သို့ မောင်းထွက်လာခဲ့တော့သည်။

❂ ✻ ❂





## ၁၉

ရွှေကျိုက်တော်မြို့ထဲ မရောက်မီ တစ်မိုင်ခန့်အကွာ မြို့စွန်ပိုင်း နေရာတွင် ဦးသြဘာ၏ ဂိုဒေါင်တွေ ရှိနေသည်။

ထိုဂိုဒေါင် တစ်လုံးထဲမှ အမျိုးသမီးတစ်ဦး ထွက်လာကာ နေမင်း မောင်းလာသောကားကို လက်တားသည်။

ဦးသြဘာ၏ တစ်ဦးတည်းသော သမီးချော မသြသူဇာ ဖြစ်နေပါ၏။

နေမင်းက ကားကို ရပ်ပေးလိုက်သည်။ လက်တားသော မသြသူဇာကို ကြည့်လိုက်သည်။

မန္တလေးသူ ပုံစံရှိသည်။ ဝတ်စားဆင်ယင်မှု အိနြေ္ဒရသည်။ မျက်နှာလေးလည်း လှသည်။ ကိုယ်လုံးကိုယ်ထည်လည်း အချိုးကျသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩ ... တားမိမဲ့တားမိတော့လည်း ကိုနေမင်း မောင်းလာတဲ့ ကားဖြစ်နေပေသကိုး"

"ဟုတ်ပါတယ် ကျွန်တော် နေမင်းပါ မဩသူဇာ"

"မနက်ကတည်းက ဖေဖေက သူ့ကားနဲ့ ဂိုဒေါင်တွေကို လိုက်ပို့ပြီး တခြားကိစ္စရှိလို့ ပြန်သွားပြီး ဩသူဇာကို ဂိုဒေါင်ပစ္စည်းတွေ စာရင်းစစ်ဆေးဖို့ ထားခဲ့တယ်လေ၊ စစ်ဆေးပြီးစီးသွားတော့ ဒီဂိုဒေါင်တွေမှာ ဆက်မနေချင်ဘူး၊ ဖေဖေ လာခေါ်တာကို မစောင့်ချင်တော့လို့ လာတဲ့ကား ဖမ်းတားပြီး လိုက်မယ်လို့ စောင့်နေတာ၊ တိုက်တိုက်ဆိုင်ဆိုင် ကိုနေမင်း ကားနဲ့လာတိုးတာ"

နေမင်းက မဩသူဇာ ထွက်လာသော ဂိုဒေါင်ကို လှမ်းကြည့်သည်။ အသက်ငါးဆယ်ခန့် လူကြီးတစ်ဦး ထိုင်နေသည်ကို လှမ်းမြင်ရသည်။ ဂိုဒေါင်စောင့်ကြီး ဖြစ်ဟန်တူပါ၏။

"ဘယ်လိုလဲ ကိုနေမင်း ကားကြုံလိုက်ချင်လို့ ဒီလောက် အရှည်ကြီး ရှင်းပြနေတာ၊ ကိုနေမင်းက လိုက်ခဲ့ပါလို့ ခေါ်သင့်ပါတယ်"

"လိုက်ဖို့ဖိတ်ခေါ်ပါတယ် မဩသူဇာ၊ ဒါပေမဲ့ ကားပေါ် မတက်ခင် မဩသူဇာ လွယ်ထားတဲ့ စလင်းဘက်အိတ်ကို





ဖွင့်ပြပါလား၊ ကျွန်တော် ကြည့်ပါရစေ၊ စလင်းဘက်အိတ်ထဲမှာ သေနတ်သေးသေးလေးဖြစ်ဖြစ် ပါရင်တောင် ကျွန်တော်က သေနတ်ဆိုရင် ကြီးကြီးသေးသေး ကြောက်တတ်လို့ပါ"

မဩသူဇာမှာ ရယ်သည်။ လွင်၍ဩသော ရယ်သံ ထွက်လာသည်။

"ကဲ ... ကြည့် သေချာကြည့်"

ဩသူဇာက စလင်းဘက်၏ ဇစ်အကုန် ဆွဲဖွင့်ကာ တစ်အိတ်လုံး မြင်သာအောင် ဖွင့်ပြသည်။

အိတ်ထဲတွင် မိန်းမသုံး အလှပြင်ပစ္စည်းများ၊ သော့တွဲ၊ လက်ကိုင်ပဝါတို့ကိုသာ မြင်တွေ့ရပေသည်။

"တက်ပါ မဩသူဇာ"

ရှေ့ခန်း တံခါးဖွင့်ပြီး နေမင်းနှင့် ယှဉ်တွဲတက်ရောက်ထိုင်လိုက်သည်။ နေမင်း ကားကို ဆက်မောင်းလာခဲ့သည်။

ဩသူဇာကပင် စကား စတင်ပြောပေသည်။

"ဩသူဇာဟာ မန္တလေးတက္ကသိုလ်က နည်းပြဆရာမ တစ်ယောက်အနေနဲ့ သေနတ် မကိုင်ဆောင်ဘူးဆိုတာ ကိုနေမင်း တွက်မိတွေးမိဖို့ ကောင်းပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မဟာဝိဇ္ဇာတွဲ့ရ တက္ကသိုလ်နည်းပြ ဆရာမ တစ်ယောက်ကို ကျွန်တော်က လေးစားကြည်ညိုပြီးသားပါ၊ အဲဒီလို အမျိုးသမီးဟာ သေနတ် မဆောင်ထားဖို့လို့လည်း ယုံကြည်သင့်ပါတယ်၊ အဲဒါက တက္ကသိုလ်နယ်မြေ ပရဝုဏ် အတွင်းမှာ ဆိုရင်ပေါ့လေ"

"အဲဒါ ဘာဆိုလိုတာလဲ ကိုနေမင်း"

"အခုဟာက ရွှေကျိုက်တော်မြို့ နယ်နိမိတ်အတွင်းမှာ ဖြစ်နေတယ်လေ၊ နောက်ပြီး မသြသူဇာက ဦးသြဘာရဲ့ သမီးလည်း ဖြစ်နေတယ်၊ ဒီတော့ မသြသူဇာရဲ့ အိတ်ထဲမှာ သေနတ်မပါဘူးလို့ ကျွန်တော် ဘယ်မှာယုံကြည်ရဲမှာလဲဗျာ"

"ဒါပေါ့လေ ဒါပေါ့၊ ဖေဖေနဲ့ မတ်သက်လာရင်တော့ ကိုနေမင်း အနေနဲ့ သြသူဇာကို မယုံကြည်နိုင်ဘူးဆိုတာ သဘာဝကျပါတယ်၊ ခက်တယ် ကိုနေမင်း၊ ဖေဖေ့ကြောင့် ခက်တယ်"

"ဟုတ်တယ် ဦးသြဘာကြောင့် မေဒါဝီရွာက ဦးဘစိမ်းတို့၊ မမေကျော့ခိုင်တို့မှာလည်း အခက်တွေ တွေ့နေရတယ်၊ အဲဒီအကြောင်းတွေ မသြသူဇာ သိပြီးသားနေမှာပါ၊ ပိုးပိုးကို ပြန်ပေးဆွဲတာ မသြသူဇာ ကိုယ်တိုင် ကားနဲ့ပြန်ပို့ပေးခဲ့ တာပဲ"





"အဲဒီကိစ္စတွေကိုတော့ မန္တလေးမှာ အမြဲလိုလိုနေနေတဲ့ သြသူဇာ မသိတာအမှန်ပဲ ကိုနေမင်း၊ သြသူဇာ သိတာက ဖေဖေဟာ မေဒါဝီမှာ ဟိုတယ်ကြီးတစ်ခု ဆောက်ချင် နေတယ် ဆိုတာလောက်ပဲ သိတယ်၊ အခု ဒီကို သြသူဇာ ရောက်လာတာတောင် ဖေဖေက ခွင့်ခဏယူပြီး ပြန်လာခဲ့ ဆိုလို့ ပြန်ရောက်လာတာ"

"ဩော် ... ဩော်"

နေမင်းက ဩော် ... ဩော်ဟု ပြောပုံမှာ တမင်ရွဲ့ ပြောသော အသံမျိုး ဖြစ်နေသောကြောင့် နေမင်းကို သြသူဇာက စွေစောင်း စိုက်ကြည့်လိုက်သည်။

"ဘာလဲ ခနဲ့တာလား ကိုနေမင်း"

"မသြသူဇာကို ပြန်ခေါ်ပြီး ဦးသြဘာက ဘာတွေပြောသလဲ၊ ဘာတွေ တိုင်ပင်သလဲ"

"သိချင်လား သိချင်ရင် သြသူဇာကလည်း ကိုနေမင်းကို ပြောချင်နေတာပါ၊ ဖေဖေ တိုင်ပင်တဲ့အထဲမှာ၊ ဖေဖေ ပြောပြတဲ့ စကားတွေထဲမှာ ကိုနေမင်း အကြောင်းနဲ့ ကိုနေမင်းဟာ သိပ်အဓိက ကျနေတာတွေပဲ၊ ဒါထက် သြသူဇာကို မြင်တာနဲ့ ကိုနေမင်းက သြသူဇာမှန်း တန်းသိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဟိုတုန်းက ညြသူဇာကို ကိုနေမင်း မြင်ဖူးထား လို့လား"

"မညြသူဇာကရော ကျွန်တော် နေမင်းမှန်း တန်းသိနေ တာပဲ၊ ကျွန်တော့်ကို မြင်ဖူးထားလို့ပဲလား"

"ဟင့်အင်း ဟိုတုန်းက မြင်လည်းမမြင်ဖူးဘူး၊ နာမည်တောင် မကြားဖူးဘူး၊ ဒါပေမဲ့ အခုတစ်ခေါက် ဖေဖေပြောတဲ့ စကားတိုင်းမှာ ကိုနေမင်းရဲ့ နာမည်တွေ ထပ်ပြန်တလဲလဲ ပါနေတယ်၊ ကိုနေမင်း နာမည်ကို ဖေဖေ့ ပြောပြချက်အရ သိနေတယ်၊ အဲ ... ပိုးပိုးကို ပြန်ပို့တဲ့နေ့က မမေကျော့ ခိုင်ရဲ့ ခြံထဲက ဂိုဒေါင်ဘေးမှာ ဖေဖေနဲ့အတူ ရပ်နေတာ လှမ်းမြင်တယ်၊ ဒါကြောင့် အဲဒီနေ့က မြင်ဖူးခဲ့တာမို့ အခု တွေ့တော့ ကိုနေမင်းမှန်း တန်းသိတာ"

"ကျွန်တော်လည်း ဟိုတုန်းက မညြသူဇာကို မမြင်ဖူးပါဘူး၊ နာမည်တော့ ကြားဖူးထားတယ်၊ ဦးညြဘာမှာ မညြသူဇာ ဆိုတဲ့ သမီးချောတစ်ယောက် ရှိတယ်၊ ပိုးပိုးကို လာပို့တဲ့ နေ့က ဦးညြဘာရဲ့ ကားကို တစ်ယောက်တည်း မောင်းလာ တာမြင်မှ မညြသူဇာဆိုတာ သူပဲကိုးလို့ မြင်ဖူးသိဖူးလိုက် တာပါ၊ အထူးသဖြင့် အမျိုးသမီး နာမည်တွေထဲမှာ





ညြသူဇာဆိုတဲ့ နာမည်ဟာ နည်းနည်း ထူးဆန်းနေလို့ နာမည်ကြားဖူးကတည်းက သိသိမှတ်မှတ် ရင်ထဲမှာ ဖြစ်ခဲ့ ဖူးတယ်၊ ကဲ ... ဦးညြဘာက မညြသူဇာကို တိုင်ပင်တဲ့ အထဲမှာ ကျွန်တော် အဓိကဖြစ်နေတယ် ဆိုတာကိုရော ပြောပြပါလား"

"ဖေဖေဟာ တော်တော်ကြီးကို ချမ်းသာနေပါပြီ ကိုနေ မင်း၊ ကြွားပြောနေတာ မဟုတ်ဘူးနော်၊ ပြောရမဲ့စကားနဲ့ တိုက်ဆိုင်လာလို့ ချမ်းသာတာကို ထည့်ပြောရတာ"

"ဆက်ပြောပါ ဦးညြဘာ ချမ်းသာမှန်း ကလေးတွေကစပြီး သိနေသားပဲဟာ"

"ဖေဖေ ချမ်းသာလာတာဟာ အကျိုးအမြတ် များများရမယ့် အလုပ်ဆိုရင် ဘာအလုပ်ဖြစ်ဖြစ်၊ ဘယ်လောက်ခက်ခက် နောက်မဆုတ်ဘဲ ရှေ့ဆက်တိုးလုပ်တဲ့ အကျင့်ကြောင့် အောင်မြင်လေ ချမ်းသာလေမျိုးပါ"

"အင်း ... များသောအားဖြင့်တော့ ဦးညြဘာ အောင်မြင်တာ တွေဟာ ဥပဒေနဲ့ မလွတ်ကင်းတဲ့ အလုပ်မျိုးတွေနဲ့ အောင်မြင်တာပဲ ဖြစ်မှာပေါ့ မညြသူဇာ၊ အဲဒီအလုပ်မျိုး ကသာ အကျိုးအမြတ်ရရင် နင့်ခနဲရတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့ကို ကိုနေမင်း ဘာလို့ အဲဒီလို စွပ်စွဲပြောနိုင်တာလဲ"

"ဦးသြဘာနဲ့ ကျွန်တော် သုံးလေးပွဲလောက် နှစ်ပါးသွားခဲ့ဖူးတယ်လေ၊ ဒီတော့ ဦးသြဘာရဲ့ လုပ်ကွက်တွေ၊ လုပ်နည်းလုပ်ဟန်တွေ ကျွန်တော် သိသင့်သလောက် သိလာတယ်ဆိုပါတော့"

"နှစ်ပါးသွားခဲ့တယ်ဆိုတာ ဘာကို ဆိုလိုတာလဲ ကိုနေမင်း"

"ဇာတ်ပွဲတွေမှာ မင်းသားနဲ့မင်းသမီး နှစ်ပါးသွားအကထွက်ပြီဆိုရင် လင်ပြော မယားပြော တစ်ယောက်ကိုတစ်ယောက် ရွှန်းရွှန်းဝေဝေ ပြောကြတယ် မဟုတ်လား၊ နှစ်ပါးသွားခန်းလည်းပြီးရော မင်းသားကလည်း သူ့ဟာသူနေ၊ မင်းသမီးကလည်း သူ့ဟာသူနေပဲ၊ ရွှန်းရွှန်းဝေဝေတွေ ဘာမှမရှိတော့ဘူး၊ ဟဲ ... ဟဲ ... ဦးသြဘာနဲ့ ကျွန်တော်လည်း ရွှန်းရွှန်းဝေ သုံးလေးပွဲ ချကြတယ်၊ ကျွန်တော်တို့ ချတာကို ရဲအဖွဲ့ကတောင် မသိလိုက်ဘူး၊ ဘယ်ဘေးလူတွေမှလဲ မသိလိုက်ဘူး၊ ပွဲပြီးသွားတာနဲ့ ဦးသြဘာလည်း ကိုယ်ဟာကိုယ်နေပဲ၊ ပိုးပိုးလေးကို သူက ပြန်ပေးဆွဲတယ်၊ ကျွန်တော်က ဦးသြဘာကို တန်ပြန်အရယူ ပြန်ပေးထပ်ဆွဲတယ်၊ ပြီးတော့ ပိုးပိုးနဲ့ ဦးသြဘာကို ပြန်လဲယူတယ်၊ ဘေးလူ ဘယ်သူမှ မသိလိုက်ဘူး၊ အဲဒါ ဦးသြဘာနဲ့ ကျွန်တော် နှစ်ပါးသွားကြတာပဲ"



မသြသူဇာ ရယ်ပါ၏။

ရယ်သောအခါ ပိုလှပါ၏။

"ကိုနေမင်းပေးတဲ့ နှစ်ပါးသွားဟာ ဆီလျော်သလား မဆီလျော်လားတော့ မသိဘူး၊ ကြားရတာ ကိုနေမင်း ပြောပုံကတော့ ရယ်စရာ ကြည်နူးစရာကောင်းတာ အမှန်ပဲ၊ ဒါပေမဲ့ အဲဒီ နှစ်ပါးသွားပွဲမှာ ဖေဖေ့ဘက်က မအောင်မြင်ပဲ အရှုံးပွဲကြီး ဖြစ်သွားတယ်လေ၊ တကယ်တော့ ဖေဖေ့မှာ အဖော်ကောင်း မရှိရှာပါဘူး၊ ခိုင်းရင်ခိုင်းသလိုသာ လုပ်တတ်ပြီး ကိုယ်ပိုင် ဦးနှောက်နည်းပါးတဲ့ ကိုတိုက်မောင်းလို တပည့်တွေချည်း ဖြစ်နေတယ်၊ ဒါကြောင့် သြသူဇာကို ဖေဖေက တမင်ခေါ်ပြီး တိုင်ပင်တာ"

"ဖေဖေက ပြောတယ်၊ သူ စီးပွားရေး လုပ်ခဲ့သမျှတွေမှာ အခုလောက် အခက်အခဲမျိုး တစ်ခါမှ မရှိခဲ့ဘူးတဲ့၊ အခု ဖေဖေ ဆောက်ချင်နေတဲ့ ဟိုတယ်နေရာဟာ မေဒါဝီရွာက ဦးဘစိမ်းရဲ့ မြေနေရာနဲ့ မမေကျော့ခိုင်ရဲ့ မြေနေရာ

www.burmeseclassic.com



ဟာ အကောင်းဆုံးနဲ့ အဆင်အပြေဆုံး နေရာတဲ့၊ အဲဒီ မြေကွက်နှစ်ကွက်ကို ဖေဖေက အငမ်းမရ လိုချင်နေတယ်”

“အဲဒါတွေ ကျွန်တော် သိပြီးသားတွေပဲ မသြသူဇာ”

“ဟုတ်ပါတယ်-ကိုနေမင်း သိတဲ့အလျောက် အသက်ပေးကာကွယ်တာမို့ ဖေဖေ မအောင်မြင်ဘဲဖြစ်နေတာ၊ ကိုနေမင်းရဲ့ အရည်အသွေးနဲ့ အစွမ်းအစက ထက်မြက်လွန်းအားကြီးနေတယ်လေ”

“ကျွန်တော့်ကို ချီးကျူးတာ ဝမ်းသာပါတယ် ကျေးဇူးတင်ပါတယ် မသြသူဇာ”

“တမင်ချီးမွမ်းနေတာ မဟုတ်ပါဘူး၊ တကယ်အစွမ်းထက်လို့ အစွမ်းထက်ကြောင်း ပြောနေတာပါ၊ ပိုးပိုး ကိစ္စမှာဆိုရင် သြသူဇာတို့ အိမ်မှာမွေးထားတဲ့ ခွေးကြီးသုံးကောင်ဟာ ယင်ကောင် လာနားတာကိုတောင် အလွတ်မပေးအောင် ကိုက်နိုင်ပေမဲ့ မနက်ကျတော့ ပိုးလို့ပက်လက် အိပ်မောကျနေတယ်၊ အင်မတန် ယုံကြည်အားကိုးထားတဲ့ အစောင့်ဒရဝမ်တွေလည်း သတိမေ့ကျန်ခဲ့တယ်၊ ဖေဖေလည်း မိုးလင်းတော့ အိပ်ရာထဲမှာ မရှိတော့ဘူး၊ ဖေဖေ့ အခန်းထဲက စာရေးစားပွဲပေါ်မှာ ရေးထားခဲ့တဲ့ စာကိုပဲ တွေ့ရ





တယ်၊ အဲဒီစာ ဖတ်မိလို့ ဒါ ... ဘယ်သူ့လက်ချက်လဲလို့ ကိုတိုက်မောင်းကို မေးတော့ ကိုနေမင်း လက်ချက်မှန်း သိရတယ်။ ဒီလောက် ခွေးတွေ လူတွေ အကွက်စေ့ အစောင့်ချထားတဲ့ကြားက တစ်ယောက်တည်းသော ကိုနေမင်း အစွမ်းနဲ့ ဖေဖေ့ကို အပါခေါ်သွားနိုင်တာ သြသူဇာ မျက်မြင်ကိုယ်တွေ့မို့ ကိုနေမင်းကို မချီးမွမ်းပဲ မနေနိုင်ပါဘူး”

“မသြသူဇာ ထပ်ပြီးချီးမွမ်းတာကို ထပ်ပြီးကျေးဇူးတင်ပါတယ်၊ အခု ရွှေကျိုက်တော်မြို့ထဲ ရောက်တော့မယ်၊ မသြသူဇာ အဓိက ဘာလိုချင်တယ် ဆိုတာကိုပဲ ပြောပါလား”

“အဓိက ပြောချင်တာကတော့ မေကျော့ခိုင်ဟာ သူ့ခြံမြေကို ရောင်းဖို့ပဲ၊ ကြိုက်ဈေးရဖို့ သြသူဇာ တာဝန်ယူတယ်၊ အခု အခြေအနေဟာ ကိုနေမင်းက ရောင်းလိုက်လို့တစ်ခွန်း ပြောလိုက်တာနဲ့ မမေကျော့ခိုင်က ရောင်းမှာပါ၊ အဲဒါကို ဖေဖေကိုယ်တိုင်ရော ကိုတိုက်မောင်းရော အဲဒီလိုပဲ ပြောတယ်၊ ဒါဆို ကိုနေမင်းက သြသူဇာကို ကူညီရာရောက်ပါတယ်ရှင်”



www.burmeseclassic.com

www.burmeseclassic.com



"ဒါ … ဦးသြဘာက မသြသူဇာက တစ်ဆင့် ကျွန်တော့်ကို ပြောခိုင်းတာလား"

"ဖေဖေက သြသူဇာကို အဲဒီလိုတော့ မခိုင်းပါဘူး၊ ဒါပေမဲ့ ဖေဖေက အဲဒီခြံမြေနှစ်ခု အပေါ်မှာ သိပ်အာသီသ ပြင်းနေလို့ သြသူဇာက ကိုနေမင်းကို သြသူဇာ အနေနဲ့ ပြောကြည့်တာပါ၊ ဖေဖေက ဒီထက်ပိုပြီး အကြမ်းဖက်တဲ့နည်းကို မသုံးချင်တော့လို့တဲ့၊ ဒီလို အကြမ်းဖက်နေတာကို ရွှေကျိုက်တော် ရဲအဖွဲ့ သိသွားမှာစိုးတယ်တဲ့"

"ရဲအုပ် ကိုအောင်ထူးကို ဦးသြဘာ ပိုင်နေတာပဲ၊ ရဲက သိသွားမှာ ဘာစိုးရိမ်စရာ ရှိမှာလဲ"

"ရဲအုပ် ကိုအောင်ထူးကို ဖေဖေ မပိုင်ပါဘူး၊ ဒါပေမဲ့ ကိုအောင်ထူးနဲ့ ဖေဖေ ရည်မှန်းချက်ချင်းတော့ ဆင်တူယိုးမှား တူကြတယ်၊ ကိုအောင်ထူးက မေကျော့ခိုင်ကို လက်ထပ်ချင်တယ်၊ လက်ထပ်နိုင်ရင် ဒီခြံမြေကွက်ဟာ ကိုအောင်ထူး လက်ထဲရောက်လာမယ်၊ ဒါဆို ကိုအောင်ထူးဆီက ဖေဖေ ဝယ်ယူနိုင်ခွင့် ရနိုင်တယ်၊ ဖေဖေနဲ့ ကိုအောင်ထူးရဲ့ ဆက်ဆံရေးဟာ အဲဒီလောက်ပဲ ရှိတာပါ၊ ကျန်တဲ့အပိုင်းတွေကတော့ ကိုအောင်ထူးကလည်း ဥပဒေ





သမား တစ်ယောက်ပါ၊ ကိုအောင်ထူးကို ဖေဖေ မပိုင်ပါဘူး ကိုနေမင်း၊ ဒါပေမဲ့ အခုလက်ရှိ ရောက်ရှိနေတဲ့ အခြေအနေက ကိုအောင်ထူးက ကျန်ရစ်ဖြစ်နေပြီး ကိုနေမင်းက မေကျော့ခိုင်နဲ့ ပတ်သက်ပြီး ရှေ့တန်း ရောက်နေသူမို့ မေကျော့ခိုင်ကို ကိုနေမင်းပြောရင် တစ်ခွန်းပဲလို့ပြောတာ"

"သြ … ဒါကြောင့် ကျွန်တော့်ကို ဒီစကားတွေ ပြောချင်လို့ မြို့ပြင် ဂိုဒေါင်ကစောင့်ပြီး ကျွန်တော့်ကားကို လက်တားပြီး လိုက်လာတာလား"

"အဲဒါကတော့ မတော်တဆ တိုက်ဆိုင်မှု သက်သက်ပါ ကိုနေမင်း၊ ဒီနေ့ ဒီနာရီချိန်မှာ မေဒါဝီကနေ ရွှေကျိုက်တော်ကို ကိုနေမင်း လာမယ်မှန်း ဘယ်သူက တင်ကြိုသိနိုင်မှာလဲ၊ ခု သြသူဇာ ပြောတဲ့စကားတွေကို နက်ဖြန်သန်ဘက်လောက် ကိုနေမင်းဆီ သြသူဇာ ကိုယ်တိုင် လာပြောဖို့ ရည်ရွယ်ထားတာပါ၊ သီးသန့် လာပြောဖို့ပါ၊ အခုဟာက တိုက်တိုက်ဆိုင်ဆိုင် သြသူဇာ နှစ်ယောက်ချင်း ကိုနေမင်းနဲ့ တွေ့ဆုံခွင့်ရတုန်း ပြောလိုက်တာပါ"

"ကဲ … ရွှေကျိုက်တော်မြို့ထဲ ရောက်လာပြီ၊ မသြသူဇာကို ကျွန်တော် အိမ်အထိ လိုက်ပို့ပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



“ဟင့်အင်း ဈေးလမ်းက ဖေဖေ့ ရုံးမှာပဲ ဩသူဇာ ဆင်းမယ်၊ ကိုနေမင်းကလည်း မေကျော့ခိုင်ရဲ့ ခြံနဲ့မြေရောင်းဖို့ အဖြေပေးဦးလေ”

“ကောင်းပြီ မေကျော့ခိုင်ကို ကျွန်တော်က ပြောပေးလို့ မေကျော့ခိုင်က သူ့ခြံမြေကို ရောင်းမယ် ဆိုပါတော့၊ ကျွန်တော့်အတွက် ဘယ်လိုအကျိုးကျေးဇူး ရှိပါလဲ မဩသူဇာ”

ဟုတ်ပြီဟု ဩသူဇာက တက်တက်ကြွကြွ အားတက်သရောလေး ဟုတ်ပြီဟု ပဏာမခံ ပြောလိုက်သည်။

“ကိုနေမင်းက ဘယ်လောက်အထိ အကျိုးမျှော်မှန်းထားလဲ၊ ဘယ်လောက် လိုချင်သလဲ၊ မေကျော့ခိုင် ရောင်းဈေးအပေါ်မှာ မူတည်ပြီး ရောင်းသလောက် ငွေတန်ဖိုးရဲ့ ဘယ်လောက်ရာခိုင်နှုန်း လိုချင်သလဲ၊ ပြော ... ရစေမယ်”

“ကျွန်တော် ငွေမလိုချင်ပါဘူး မဩသူဇာ၊ ကျွန်တော် လိုချင်တာက ကိစ္စဖြစ်မြောက်သွားရင် မဩသူဇာက ကျွန်တော် နေမင်းကို တရားဝင်လက်ထပ်ဖို့ လိုချင်တယ်”

“အို ... မဖြစ်နိုင်တာ”





“ဟုတ်တယ် မဩသူဇာ၊ အဲဒါ လုံးဝ မဖြစ်နိုင်သလို မေကျော့ခိုင်ရဲ့ ခြံမြေကိုလည်း ငွေတွေ ဘယ်လောက်ပုံပေးပေး ရောင်းဖို့ လုံးဝကြီးကို မဖြစ်နိုင်ပါဘူး၊ ကဲ ... ရုံးရှေ့ရောက်ပြီး ဆင်းပေတော့ မဩသူဇာ”

ဩသူဇာ ကားတံခါးကို ဆောင့်ဖွင့်သည်၊ ပြီး ဆောင့်ပိတ်သည်။ ခြေဆောင့်ပြီး လျှောက်သွားပေတော့သည်။

✿ * ✿



www.burmeseclassic.com

www.burmeseclassic.com



၂၀

ငါးရက်အတွင်းမှာပင် မကျော့ခိုင်၏ ဆန်စက် ခေါင်းတိုင်မှ မီးခိုးတလူလူ ထွက်လာပေတော့သည်။

ပထမနှစ်ရက်တော့ မကျော့ခိုင်က ကိုယ်ပိုင် စပါးကို ဆန်ကြိတ်ပြီး ထိုဆန်ကို ပြန်ရောင်းဖို့ စိတ်ကူးသည်။

ဒါလည်း အကျိုးအမြတ် ရှိသည်ပင်။ ဆန်ဈေးက ကောင်းနေ တက်နေသည်ကိုး။ ထွက်လာသော ဆန်ကွဲ၊ ဖွဲနုများကို သူ မွေးထားသော ကြက်စာ၊ ဝက်စာအဖြစ်လည်း ဆန်လှောင် ထားသည်။

ခေါင်းတိုင်မှ မီးခိုးတလူလူ ထွက်ခြင်းကပင် ရွာနီးချုပ်စပ်ရှိ ကြိတ်ချင်သူတွေအား စက်လည်ပြီဟူ၍ ကြော်ငြာ သဘော သက်ရောက်စေသည်။





တတိယနေ့မှစ၍ နဝလီ ကြိတ်လှည်းတွေ၊ သမွန်တွေ တစ်ပုံတပင် ရောက်ရှိလာပေတော့သည်။

ဆန်စက် လည်သည်နှင့် ဝင်ငွေတွေ တိုးလာသည်။ ခြံနီချင်း ဦးဘစိမ်းကိုခေါ်ကာ နေမင်းက ဆန်စက် လုပ်ငန်းတွေ သင်ပြပေးသည်။ ဦးဘစိမ်းကိုယ်တိုင် အနည်းငယ် အခြေခံရှိပြီးသားလည်းဖြစ်ပြန် စိတ်ဝင်စားမှုလည်း ရှိပြန်မို့ ခဏချင်း တတ်သိကာ လုပ်ငန်းဖြစ်မြောက်သည်။

မေဒါဝီ ဆန်စက်မှ မီးခိုးတလူလူ ထွက်နေသည်ကိုရှေ့ကျိုက်တော်မှ ဦးသြဘာ လှမ်းမြင်တွေ့သည်။

"တောက်"

ဦးသြဘာ မကျေမနပ် တောက်ခေါက်သည်။

"ဖေဖေ ဘယ်လို ဖြစ်နေတာလဲ"

"ဘယ်လိုဖြစ်ရမလဲ၊ ဟိုမှာလှမ်းကြည့်စမ်း၊ အဲဒါ မေဒါဝီက မကျော့ခိုင် ဆန်စက်က ထွက်နေတဲ့ မီးခိုးတွေလေ၊ ဆန်စက်ကိုပါ လည်နိုင်ပြီဆိုတော့ ခြံမြေကို မကျော့ခိုင် ရောင်းဖို့ ပိုဝေးသွားဘာပေါ့၊ ဆန်စက် ပြန်လည်နိုင်တာဟာ မောင်နေမင်းရဲ့ စွမ်းရည်လို့ ဖေဖေ ကြားတယ်"

"ဒါတော့ ဖေဖေရယ်-သူ့ကံနဲ့ သူပဲဟာ၊ ထားလိုက်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ကံမဟုတ်ဘူး သမီးရေ၊ ဉာဏ် ... ဉာဏ် ... ဉာဏ် မောင်နေမင်းရဲ့ တတ်ကျွမ်းမှုပညာနဲ့ ဉာဏ်နဲ့ပေါင်းစပ်ပြီး စက်လည်နိုင်တာ ဒါထက် နေပါဦး ဟိုတလောက သမီးနဲ့ မောင်နေမင်းကားနဲ့ အတူပြန်လာရင်း မောင်နေမင်းက သမီး ဩသူဇာကသာ သူ့ကို လက်ထပ်မယ်ဆိုရင် မကျော့ခိုင် ခြံမြေရောင်းအောင် ပြောပေးမယ် ဆိုလားလို့"

"အလကားပါ ဖေဖေ၊ သမီးလိုလူက သူ့လိုလူကို ဘယ်နည်းနဲ့မှ လက်မထပ်ဘူးဆိုတာသိလို့ တမင် ရွဲ့ပြောတာမျိုးပါ"

ဦးဩဘာက သမီးဆားတွင် လွတ်နေသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး တစ်ခုခုကို အလေးအနက် စဉ်းစားသည်။

"မောင်နေမင်းက သမီးကို လက်ထပ်ချင်တယ်ဆိုတာ အတည်ပြောတာဆိုရင်ကော သမီး"

"ဟာ ... ဖေဖေဟာက"

"ဟုတ်တယ် သမီး မောင်နေမင်းကို ဖေဖေ သဘောကျနေတယ်၊ လူတာ တော်တော်ထက်မြက်တယ်၊ ဥပမိရုပ်ဆိုလည်း တော်တော်သန့်၊ တော်တော် ကြည့်ကောင်းတယ်၊ ပညာအရည်အချင်းမှာလည်း တက္ကသိုလ်က ဘွဲ့ရပြီးသား တစ်ယောက် ဖြစ်ဖို့များတယ်၊ တခြား အရည်အချင်းတွေ





လည်း အများကြီး ရှိတယ်၊ အခုဆို ကြည့်လေ မေဒါဝီက မကျော့ခိုင်ရဲ့ ဆန်စက်လည်ပေးလိုက်လို့ ရွှေကျိုက်တော်က ဆန်စက်တွေမှာတောင် ကြိတ်ခွဲမဲ့ လေ့ဆွေ၊ လည်းတွေ ချက်ချင်း အတော်နည်းသွားတယ်၊ ဒီသူငယ် အင်မတန် ဦးနှောက်ထက်တယ်၊ ဖေဖေ့ဆီက ဘိုက်မောင်းတို့လိုတွေနဲ့ ဘာမှ မဆိုင်ဘူး တခြားစီပဲ"

ဖေဖေ အမွှန်းတင်လွန်းသောကြောင့် ဩသူဇာ၏ မျက်စိထဲတွင် ကိုနေမင်းကို ပြန်မြင်ယောင်လာမိသည်။

ကိုနေမင်းသည် ဖေဖေတောတောနှင့် ဖြစ်သလိုနေသောကြောင့် အသားကို နေလောင်ပြီး ညိုမောင်းသလို ရှိသော်လည်း သူ၏ ကျယ်သီးပြုတ် ရင်ဘတ်တွင်ရော၊ ခြေသလုံးအထက် ပုဆိုးမလိုက်လျှင်ကော သူ့တွင် နဂိုဖြူဝင်းသော အသားအရေရှိကြောင်း သိသာသည်။ ထားတော့ သူ့မျက်နှာသည် နေလောင်သို့မောင်းသည့် ကြားကပင် လူချောလူလှ လူရည်သန့်မှန်း မြင်ရုံနှင့် သိသာသေးသည်။ ကိုနေမင်းသည် မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နဖူး၊ နားရွက်၊ နှုတ်ခမ်းတွေ စုပေါင်းထားလျှင် အလွန်ကြည့်ကောင်းသူတစ်ယောက် ဖြစ်ပါ၏။

ကိုနေမင်း ရယ်လေလျှင် အလွန်လှပ ကျက်သရေရှိသည်ကိုလည်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အရုပ်မောင်းရော ခြေတံလက်တံရော အချိုးကျပြီး သူ၏ ကာယဗလကို ကြည့်သည်နှင့် အမျိုးသမီးလေးတွေ ကျော ချမ်းစေလောက်သည်။

"တကယ်တော့ ကိုနေမင်းနဲ့ ဖေဖေဟာ ပြိုင်ဘက် ရန်သူ တွေ မဟုတ်လား ဖေဖေ"

"ဖေဖေ သိပ်တည်ဆောက်ချင်တဲ့ ဟိုတယ်လုပ်ငန်းမှာ မောင်နေမင်းကြောင့် အဟန့်အတား အမျိုးမျိုး ဖြစ်တာတော့ မှန်တယ်၊ ဒါကလည်း မောင်နေမင်းက မေကျော့ခိုင်ဘက် ရပ်တည် လုပ်ကိုင်ပေးနေလို့ကိုး၊ အဲဒါကို ဖေဖေက ပြောင်းပြန်တွက်နည်း ပြန်တွက်တယ်"

"ဘယ်လို ပြောင်းပြန်တွက်တာလဲ"

"တကယ်လို့သာ မောင်နေမင်းဟာ ဖေဖေ့ဘက်က ရပ်တည် ပေးတဲ့ လူဖြစ်လာရင်ဆိုတဲ့ ပြောင်းပြန်တွက်နည်းပဲ သမီး၊ သူသာ ဖေဖေ့ဘက်က ရပ်တည်ရင် ဖေဖေ့ လုပ်ငန်းတွေ ဖေဖေကိုယ်တိုင်တောင် မလုပ်ရဘဲ သူ့ကို လွှဲပေးထားနိုင်မှာ အများကြီးပဲ၊ တိုက်မောင်းလိုကောင်ကျတော့ ဖေဖေ ဘာမှ မလွှဲပေးရဲဘူးတာတောင် တိုက်မောင်းက သမီးကို မျှော်မှန်း နေသေးတယ်"





"ဘာရယ် ဖေဖေ ကိုတိုက်မောင်းလိုလူက သမီးကို မျှော် လင့်သတဲ့လား၊ တအားကြီး ရယ်ပစ်စရာပဲ၊ ကိုနေမင်းဆို ဟုတ် ... ဟုတ်သေးတော့"

"ဒီမယ် သမီး၊ ဖေဖေ ပြောပြမယ် သေချာနားထောင်၊ ယေဘုယျ သဘောအားဖြင့် ချမ်းသာတဲ့ အလုပ်ရှင်မှာ သမီးရှိရင် သူ့လုပ်ငန်းထဲက အတော်ဆုံးလူနဲ့ သမီးကို လက်ထပ်ထားပေးလေ့ ရှိကြတယ်၊ ဒါကလည်း ကိုယ့် လုပ်ငန်း၊ ကိုယ့်ကြွယ်ဝမှုကို ရာသက်ပန် ထိန်းသိမ်းတဲ့ နည်း ဖြစ်နေလို့ အဲဒီလို လက်ထပ်ပေးရတာတွေ အများ အားဖြင့် ရှိခဲ့တယ်"

"သမီးဟာ အဆင့်မြင့် ပညာတတ်တစ်ယောက်ပါ ဖေဖေ"

"အဆင့်မြင့် ပညာတတ်တစ်ယောက်ဆိုပြီး သမီး ယောကျ်ား မယူပဲ နေမှာတဲ့လား"

ဩသူဇာ ပြန်မဖြေတတ်။

"လောကမှာ မိန်းမဟာ မိန်းမပဲ သမီး၊ အခု သမီး မဟာ ဝိဇ္ဇာတန်းအောင်ပြီး တက္ကသိုလ်မှာ နည်းပြဆရာမ လုပ်နေ တာက တခြား၊ ဖေဖေ့ရဲ့ စီးပွားရေးလုပ်ငန်းက တခြားစီ ပဲ သမီး၊ ဖေဖေ အသက်ကြီးသွားတဲ့အခါမှာဖြစ်ဖြစ် ဒီလုပ်ငန်းတွေကို မလုပ်နိုင်တော့တဲ့အခါမှာဖြစ်ဖြစ် ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းအားလုံးတွေ၊ ဖေဖေ ချမ်းသာကြွယ်ဝသမျှတွေကို သမီးပဲ ဆက်ခံရမှာ၊ ဆက်လက် လုပ်ကိုင်ရမှာ မဟုတ်လား၊ ဖေဖေရဲ့ လုပ်ငန်းတွေက ကြမ်းတယ်၊ မိန်းမသားလည်းဖြစ်၊ ငယ်သေးတဲ့အရွယ်လည်းဖြစ်တဲ့ သမီးတစ်ယောက်တည်း ဖေဖေ့ လုပ်ငန်းအမွေတွေကို ဆက်ခံနိုင်ဖို့ မလွယ်ဘူး၊ သမီးလို မိန်းမသား ငယ်ရွယ်သူမပြောနဲ့ တော်ရုံတန်ရုံ စွမ်းစွမ်းတမံရှိတဲ့ ယောကျ်ားသားတစ်ယောက်တောင် ဖေဖေ့ လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ မလွယ်ကူလှဘူး၊ အဲ ... မောင်နေမင်းလိုဆိုရင်တော့ ရတယ်၊ စွမ်းဆောင်နိုင်မှာ သေချာတယ်၊ ဖေဖေ့ထက်တောင် ပိုမဲ့သာမဲ့ အလားအလာတွေ ဖေဖေ မြင်တယ်၊ ဖေဖေ ပြောတာတွေ သမီး သဘောပေါက်ပါတယ်နော်”

ဩသူဇာ ဘာမှ ပြန်မပြော။

“တစ်ချက်ခုတ် နှစ်ချက်ပြတ်တဲ့ သဘောပဲ သမီး၊ မောင်နေမင်းနဲ့သာ သမီး လက်ထပ်လိုက်ရင် ဘယ်နည်းနဲ့မဆို မေကျော့ခိုင်ရဲ့ ခြံမြေကို ဖေဖေ ဝယ်ယူရရှိနိုင်သွားမယ်၊ ဒုတိယအချက်က ဖေဖေရဲ့ လုပ်ငန်းမှန်သရွေ့ မောင်နေမင်းကို ရဲရဲကြီး အားကိုးနိုင်သွားမယ်၊ အခုလက်ရှိ ဖေဖေရဲ့ အဓိက စိတ်အားအထက်သန်ဆုံး လုပ်ငန်းက မေဒါဝီ





ရွာမှာ ဟိုတယ်ကြီး စိတ်ကြိုက် တည်ဆောက်နိုင်ဖို့ပဲ၊ ဖေဖေ ချမ်းသာသမျှ ငွေတွေကို ဒီ ဟိုတယ် ဆောက်လုပ်အောင်မြင်ရေးမှာ ဩချမယ်၊ တခြား လုပ်ငန်းတွေ ဖြုတ်သင့်တာ ဖြုတ်မယ်၊ ဟိုတယ် လုပ်ငန်းမှာပဲ ဇောက်ချလုပ်သွားမယ်၊ ဒါကြောင့် မေကျော့ခိုင်ရဲ့ ခြံမြေကွက်နဲ့ ဦးဘစိမ်းရဲ့ ခြံမြေကွက် ဖေဖေ အရမ်းလိုချင်နေတာ”

“သမီးကတော့ အခု သမီးနဲ့ လက်ရှိ မန္တလေး တက္ကသိုလ်က နည်းပြဆရာမ အလုပ်မှာပဲ ပျော်တယ် ဖေဖေ”

“သမီး တက္ကသိုလ်မှာ သွားတက်နေတယ် ဆိုတာက အပျော်သဘောပဲ သမီး၊ သမီးရဲ့ပညာကို မှီခိုပြီး စားဖို့ ဘယ်တုန်းကမှ ဖေဖေ မရည်ရွယ်ခဲ့ဘူး၊ ဘာပဲပြောပြော တစ်နေ့ကျရင် ဖေဖေ့ရဲ့ လုပ်ငန်းတွေကို သမီး ဆက်ခံရမှာ မဟုတ်လား”

“ကောင်းပြီလေ ဖေဖေ ဒီလောက် ဆန္ဒပြင်းထန်နေမှတော့ သမီး ကိုနေမင်းနဲ့ ပူးပေါင်းကြည့်ပါမယ်၊ ဖေဖေ အဓိက လိုချင်တာက မေကျော့ခိုင်ရဲ့ ခြံမြေကိုပဲ မဟုတ်လား”

“ယာယီ ဖေဖေ ကျေနပ်ကြည့်ပါမယ် သမီး၊ သမီး ဆက်လုပ်ကြည့်ပါ”

❂ * ❂



www.burmeseclassic.com

www.burmeseclassic.com



## ၂၁

သို့သော် ...

ကြမ္မာရဟတ်သည် နောက်ပြန် တစ်ပတ်ပြန်လည် ကစားလိုက်သည်။

ဩသူဇာသည် နေမင်းနှင့် ပူးပေါင်းခွင့် မရပါလေတော့။

ကောင်းကင်ပြာကို တိမ်ညိုတိမ်မည်း ဖုံးလေပြီ။

မော်တော်ဆိုင်ကယ်နှင့် စိုးစိုးနှင့်ပိုးပိုးကို တင်စီးလိုက်၊ မကျော့ခိုင်ကို တင်စီးလိုက်ဖြင့် ကြည်နူးခြင်း။

မီးခိုးတလူလူဖြင့် ဆန်စက် လည်ပတ်ခြင်းကို ကြည်နူးခြင်းများ ဖြစ်နေသည့်အချိန်မှာပင် ဦးဘစိမ်းသည် အိမ်သို့ အမောတကော အပြေးအလွှား ရောက်လာသည်။





"မောင်နေမင်းရော ... မောင်နေမင်းရော"

နေမင်း အိမ်ထဲမှ အပြေးအလွှား ထွက်လာသည်။

စိုးစိုးနှင့် ပိုးပိုး ခြံထဲတွင် ကစားနေပါ၏။

"ဘယ်လိုဖြစ်လာလို့လဲ ဦးဘစိမ်း မောကြီးပန်းကြီး အမောတကောပါလား"

"ပြေးတော့ မောင်နေမင်း ခုချက်ချင်း အမြန်ပြေးပေတော့၊ ရွှေကျိုက်တော် ရဲစခန်းမှာ ကိုနေမင်းကိုဖမ်းဖို့ ရဲအုပ်အောင်ထူး လူတွေစုနေတယ်၊ ကျုပ် မျက်စိနဲ့ တတ်အပ်မြင်ခဲ့တာ၊ ရဲကားတစ်စီး မော်တော်ဆိုင်ကယ်နှစ်စီးနဲ့ မြင်းနှစ်ကောင် လိုက်ငှားနေတယ်၊ မောင်နေမင်းကိုဖမ်းဖို့ အောင်ထူး ပြောသံ ကျုပ်နားနဲ့ ဆတ်ဆတ်ကြားတယ်၊ မော်တော်ဆိုင်ကယ်နဲ့ ထွက်ပြေးရင် ခဲရာခဲဆစ် ဖမ်းရမှာတဲ့"

"ကျွန်တော့်ကို ဘာလို့ ဖမ်းမှာတဲ့လဲ"

"ဒါတော့ ကျုပ် မသိဘူး၊ ကိုအောင်ထူးနဲ့အတူ အရုပ်သားလူစိမ်းတစ်ယောက်တော့ တွေ့တယ်၊ အဲဒီ အရုပ်သားလူစိမ်းက ဖမ်းခိုင်းလို့ ထင်ရတာပဲ"

"ဦးဘစိမ်းက ရဲစခန်းမှာ အဲဒီလိုဖြစ်နေတာ ဘယ်လိုမြင်ခဲ့ကြားခဲ့တာလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... ဟုတ်ပါ့ အဲဒါပြောဖို့ ကျန်သွားတယ်၊ ကျုပ် လော်ရီကားတစ်စီးက ရွှေကျိုက်တော်ထိပ်မှာ ကလေး တစ်ယောက်ကို မတော်တဆ တိုက်မိတယ်၊ ရဲက ကျုပ်ရဲ့ ဒရိုင်ဘာကို ဖမ်းတယ်၊ ကားကြီးကိုလည်း ရဲစခန်း မောင်းသွားတယ်၊ အဲဒီ ကိစ္စကြောင့် ကျုပ် ရဲစခန်းလိုက် သွားရတာ ဟိုရောက်တော့ ကျုပ်ကိစ္စကို ရဲက ဘာမှ မလုပ်သေးပဲ ကိုနေမင်းကို အမိဖမ်းဖို့အတွက်သာ အလုပ် များပြီး သူတို့ချင်း ပြောကြ ဆိုကြတာတွေ ကျုပ် မြင်လာ တာ ကြားလာတာ၊ မောင်နေမင်း အမြန်ပြေးတော့"

သူ့ကားတိုက်မှုကိစ္စ ရှိနေသေး၍ ဦးဘစိမ်းက ကမန်းကတန်းပြောပြီး ချက်ချင်း ပြန်သွားသည်။ နေမင်းသည် မေကျော့ခိုင်၏ ပခုံးကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။

"ကိုယ် ပြေးရမှာပဲ ကျော့၊ ကိုယ့်အခြေအနေကို ကျော့ နားလည်ပေးပါနော်"

မေကျော့ခိုင်က ခေါင်းညိတ်ပြပြီး နေမင်းရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ ငိုချလိုက်သည်။

"မေကျော့ နားလည်ပါတယ် ကိုမင်း၊ မေကျော့ ကိုမင်းကို သိပ်ကို နားလည်ပြီး သိပ်ကို ချစ်ပါတယ်၊ ပြေးပေတော့





ကိုမင်း ပြေးပါ၊ ဘယ်လောက်ပဲကြာကြာ ကိုမင်း ပြန်လာ တဲ့အထိ မေကျော့ ကိုမင်းကို စောင့်မှာပါ၊ ဘယ်သူ့ကိုမှ မေကျော့ဘဝထဲ အဝင်မခံပါဘူး၊ ကိုမင်းဟာ နောက်မှ ပေါက်တဲ့ ကြာဖြစ်ပေမဲ့ ကိုစောရွှေနဲ့ ထပ်တူမျှတောင်မက ဘူး ပိုတောင် ပိုချင်ပါသေးတယ် ကိုမင်း၊ ယုံပါ ကိုမင်းကို မေကျော့ စောင့်နေမှာပါ၊ ကိုမင်း မော်တော်ဆိုင်ကယ်နဲ့ ပြေးပေတော့၊ ဒါမှ လွတ်မှာ သူတို့က ကားနဲ့ မော်တော် ဆိုင်ကယ်နဲ့ မြင်းနဲ့ ကိုမင်း ဘယ်ကို ပြေးမလဲဟင်"

"ကိုယ် မိုးပျောက်တောရဲ့ အရှေ့ဖူးဖူးကို ပြေးမယ် ကျော့၊ ကိုယ် လေ့လာထားသလောက် မိုးပျောက်တောရဲ့ အရှေ့ ဖူးဖူး ငါးမိုင်လောက်သွားရင် နှာမောင်းတောင်ခြေကို ရောက်မယ်၊ အဲဒီကတစ်ဆင့် ဟိုဘက်နယ်ခြားကို ကူးသွား လို့ရတယ်၊ ကဲ ... သွားမယ် ကျော့"

နေမင်း ကိုခေါင်ဆီသွားကာ ကျောပိုးအိတ်ကိုလွယ် ပြီး မော်တော်ဆိုင်ကယ်ဖြင့် တစ်ရှိန်ထိုး မောင်းထွက်လိုက်တော့ သည်။

ခြံထဲတွင် သောကသားနေသော စိုးစိုးနှင့် ပိုးပိုးက နေမင်း မော်တော်ဆိုင်ကယ်စီးလျှင် သူတို့မောင်နှမကို တင်စီးနေ



www.burmeseclassic.com

www.burmeseclassic.com



ကျမို့ ပြေးလိုက်လာသည်။ ကလေးနှစ်ယောက် လိုက်လာသည်မို့ နေမင်း ဘရိတ်နင်း ရပ်မိသည်။

"သွားတော့ ကိုမင်း သွားတော့၊ အချိန်မီ လွတ်အောင် ပြေးပော့"

ဟု မကျော့နိုင် ပြောသံကြားသဖြင့် မောင်းထွက်လိုက်တော့သည်။

"ဦးဦးရေ ... ဦးဦး စိုးစိုး လိုက်မယ်လေ"

ဟု မော်တော်ဆိုင်ကယ် စက်သံကြားကပင် စိုးစိုး အော်ပြောနေတာကို ကြားရသည်မှာ နေမင်း ရင်နင့်အောင် ခံစားရပါ၏။

❁ * ❁





## ၂၂

ဦးဘစိမ်း ပြောသည်မှာ မှန်နေပါ၏။

နေမင်း ထွက်သွားပြီး ဆယ့်လေးငါးမိနစ်အကြာလောက်မှာပင် ရဲကားပြာတစ်စီး မော်တော်ဆိုင်ကယ်နှစ်စီး မြင်းနှစ်ကောင်တို့ကို စီးလာကြသည့် ယူနီဖောင်းဝတ် ခြောက်ဦးနှင့် အရပ်ဝတ် လူတစ်ယောက် စုစုပေါင်း ခုနစ်ယောက်သည် လိုက်လာကြသည်။

အားလုံးကို ရဲအုပ် ကိုအောင်ထူးက ခေါင်းဆောင်ပေသည်။

ရဲသားတိုင်းတွင် သေနတ်တွေ ပါရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ် အောင်ထူးသည် နေမင်း ထွက်ပြေးနှင့်သည်ကို ရိပ်မိပုံ ရသည်။ မေကျော့ခိုင် ခြံထဲသို့ပင် မဝင်တော့ပဲ မိုးပျောက်တောဆီသို့ တန်းသွားကြသည်။

"နက္ခပဲနော် ဦးဘစိမ်း၊ သူတို့က ကားရော မော်တော်ဆိုင်ကယ်ရော၊ မြင်းတွေနဲ့ရော ကိုမင်း လွတ်မှလွတ်ပါ့မလားဟင်"

"မပူနဲ့ မေကျော့ခိုင်၊ ရဲကားက မိုးပျောက်တောနက်ပိုင်းရောက်တာနဲ့ မောင်းနိုင်လောက်တဲ့ လမ်းမရှိဘူး၊ နောက်ပြီး အခု စီးသွားတဲ့ မြင်းနှစ်ကောင်က မြို့မှာ လှည်းဆွဲတဲ့ မြင်းတွေကို ငှားယူသွားတာ၊ ကြည့်လေ ... မြင်းတွေက ပြေးမှ မပြေးနိုင်တာ၊ သူတို့ မော်တော်ဆိုင်ကယ်နှစ်စီးကလည်း မြို့စီး အလှအပ အနေစား မော်တော်ဆိုင်ကယ်တွေ၊ တောကြမ်းတောင်ကြမ်းမျိုးကို မောင်းနိုင်မယ် မထင်ဘူး၊ နောက်ပြီး မောင်နေမင်းက မော်တော်ဆိုင်ကယ်စီး သိပ်ကျွမ်းကျင်တာ၊ ဆိုင်ကယ်အင်ဂျင်အားကလည်း အရမ်းကြီးတယ်၊ စိတ်ချ မောင်နေမင်းကို သူတို့ မိဖို့မလွယ်ဘူး"

"သေနတ်တွေနဲ့ လှမ်းပစ်ရင်ကော"





"ဒါလည်း မလွယ်လှဘူး မိုးပျောက်တောထဲက သစ်ပင်ကြီးတွေက သိပ်စိပ်တာ၊ ပင်စည်တွေ ခံနေတာနဲ့ ပစ်ဖို့ သိပ်ခက်မယ်"

"အင်း ... ဦးဘစိမ်း ပြောတော့လည်း ကိုမင်းအတွက် စိုးရိမ်တာ သက်သာသလိုပဲ"

"သူ့ကို အပြန်စောင့်ကြည့်ပေါ့၊ သူ့တို့နဲ့အတူ မောင်နေမင်း ပါမလာရင် လွတ်သွားလို့ နေမှာပေါ့၊ ဟိုဘက်နယ်ခြားရောက်သွားတာနဲ့ သူတို့ ဘယ်လိုမှဆက်မလိုက်နိုင်တော့ဘူး မေကျော့ခိုင်"

နေမင်းသည် မော်တော်ဆိုင်ကယ်တွင် ကျွမ်းကျင်ပြီးသားဖြစ်သည့်အပြင် စီးလာသော မော်တော်ဆိုင်ကယ်ကလည်း နှစ်ရာငါးဆယ် စီစီအင်ဂျင်အား၊ တာယာတွေကလည်းအသစ်၊ တောစီးဆိုင်ကယ် ဖြစ်သည်။ မိုးပျောက်တောထဲ ဝင်မိလေ တောထူထပ် တောနက်လေ ဖြစ်နေသော်လည်း လက်ကိုင်ဘင်ဒယ်ဝင်နိုင်သော နေရာ မြင့်အနိမ့် ကုန်းတက်လမ်းကြမ်းကို စီးဝင်နိုင်သည်။

နေရောင်ကို သ... ထားကြည့်ရင်း အရှေ့စူးစူးကိုသာ မောင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိနစ်နှစ်ဆယ်ခန့် မောင်းမိသည်နှင့် ဒိုင်းခနဲ သေနတ်သံကို ကြားသည်။ မိမိနောက်မှ ရဲအဖွဲ့ လိုက်လာပြီမှန်း သိရသည်။ သို့သော် သေနတ်ကျည်ဆန် ဘယ်ရောက်သွားမှန်း မသိလောက်အောင် တောကထူသည်။

❂ ✻ ❂

ရဲကားကြီး မောင်းဝင်၍ မရတော့ပေ။ မော်တော်ကား ဆက်မောင်း၍ မရနိုင်အောင် တောက ပိတ်ဆို့နေပြီ။

ကိုအောင်ထူးက ကားပေါ်မှ ဆင်းသည်။ မော်တော်ဆိုင်ကယ်သမား၏ နောက်တွင် ဖက်ထိုင်ပြီး ဆက်လိုက်သည်။

"အရှေ့ဘက်ကိုသာမောင်း၊ အရှေ့မှာ နှာမောင်းတောင်ရှိတယ်၊ အဲဒီတောင်ကို ကျော်လိုက်ရင် မှောင်ခိုသမားတွေ၊ ကယ်ရီသမားတွေ သွားတဲ့လမ်းရှိတယ်၊ ဒီကောင် အဲဒီလမ်းကို သွားမှာသေချာတယ်၊ မောင်း ... မောင်း ဆက်မောင်း"

ရဲအုပ် ကိုအောင်ထူးသည် လက်ဝဲလက်က လိမ့်မကျအောင် မောင်းသူကို ဖက်ကိုင်ပြီး လက်ယာလက်က ခြောက်လုံးပြူး ကိုင်ထားသည်။





ကိုနေမင်း ဆိုင်ကယ်ကို လှမ်းမြင်သည်ပဲထား၊ သေနတ်နှင့်ထိအောင် ပစ်ဖို့မလွယ်ပေ။ ရပ်ပြီး ချိန်ပစ်ရခြင်းမျိုး မဟုတ်၊ လှုပ်ရှားနေသော ပစ်မှတ်ဖြစ်သည့်အပြင် မိမိ စီးသော ဆိုင်ကယ်ကပင် မြောက်တက်သွားလိုက်၊ ပြန်ကျလာလိုက် ဖြစ်နေရာ အဘယ်မှာလျှင် ပစ်မှတ်ကို ထိနိုင်ပါအံ့နည်း။

နေမင်းသည် မိုးပျောက်တောမှ နှာမောင်းတောင်ခြေသို့ ရောက်ပေပြီ။ ဆိုင်ကယ်၏ အင်ဂျင်အားဖြင့် နှာမောင်းတောင်တွင် လမ်းရှာပြီး တောင်တက်သည်။ ကြံဖန်ကုပ်တက်ရခြင်းမျိုး ဖြစ်ပါ၏။ နှာမောင်းတောင်ကိုတက်ပြီး တစ်ဖက်အဆင်းသို့ ဆင်းခဲ့သည်။

ကိုအောင်ထူးအတွက်မူ မလွယ်ကြောပါပေ။ မိမိတို့ မော်တော်ဆိုင်ကယ်က ၁၂၅ စီစီသာ အင်ဂျင်အားရှိသည်။ တာယာဘီးတွေကလည်း အဟောင်းတွေ ဖြစ်သည်။ တာယာပန်းတွေတွင် ကုတ်အားမရှိ။ ပြီး ဆိုင်ကယ်က အားသေးသည့်အထဲ နှစ်ယောက်စီးသောကြောင့် အင်ဂျင်အား တောင်တက် မဆွဲနိုင်ပေ။

အကယ်၍ နှာမောင်းတောင်ကို တက်ဆင်းနိုင်သည်ထားဦး၊ ဟိုဘက်နယ်ခြားသို့ အောင်ထူး လိုက်ရန် ဘယ်လိုမှ မလွယ်တော့။



www.burmeseclassic.com

www.burmeseclassic.com



လမ်းခုလတ်မှာပင် အောင်ထူး ဆက်လိုက်ရန် လက်လျှော့လိုက်သည်။ တာဝန်အရ မိမိ တာဝန်ကျေသည်။ ပြီး ကိုအောင်ထူး အဓိက လိုလားသည်မှာ နေမင်း မေဒါဝီရွာမှ အပြီးထွက်သွားခြင်းပင် ဖြစ်သည်။

နေမင်း မရှိတော့လျှင် မေကျော့ခိုင်ကို သူ ပြန်ချဉ်းကပ်နိုင်သည်။

"ကဲ ... ဆက်လိုက်လည်း အပိုပဲ၊ ဒီကောင် ဟိုဘက်ရောက်သွားပြီဆိုရင် ကျုပ်တို့ ဘာမှ မတတ်နိုင်တော့ဘူး၊ ဒီကပဲ ကျုပ်တို့ ပြန်ကြတော့မယ်"

ကိုအောင်ထူးနှင့်အဖွဲ့ နောက်ကြောင်းပြန်လှည့် ထွက်ခွာလာခဲ့သည်။

အမှန်မှာကား ...

နေမင်း ဟိုဘက်နိုင်ငံသို့ ကူးမသွားပါလေ။

နှာမောင်းတောင် အဆင်းတွင် အောက်ခြေအနီး တစ်နေရာတွင် ဟိုက်နေသော လိုဏ်ဂူထဲ ဝင်ရောက်ပုန်းအောင်း နေခြင်း ဖြစ်သည်။ ဤလိုဏ်ခေါင်းကြီးကို တောင်ပေါ်မှကြည့် ကြည့်၊ ဘေးဘီမှ ကြည့်ကြည့်၊ မမြင်နိုင်အောင် သစ်ပင်တွေက ကာဆီးထားသည်။





နေမင်းသည် ကိုအောင်ထူးတို့ ရဲအဖွဲ့ ဆက်လိုက်လာလေသလား၊ မလိုက်လာလေသလားကို သူတို့ထံမှ မော်တော်ဆိုင်ကယ်သံ၊ မြင်းခွာသံတွေကို နားစွင့် အကဲခတ်သည်။ တောင်ကမ်းပါးယံကို နားကပ်ခါ တုန်ခါခြင်းရှိမရှိ စူးစမ်းသည်။ လှုပ်ရှားမှုမှန်သမျှ နားစွင့်သည်၊ လှမ်းကြည့်သည်။

တစ်နာရီခန့် ကြာသွားသည်။

ကိုအောင်ထူးအဖွဲ့ ဆက်မလိုက်လာမှန်း သေချာသည်ဟု ဆုံးဖြတ်သည်။

နေမင်း လိုဏ်ဂူကြီးထဲမှာပင်ထိုင်ကာ အပန်းဖြေရင်း အလေးအနက် စဉ်းစားတော့သည်။

သူ့တွင် ကျောပိုးအိတ်ကြီး ပါရှိလာသည်။ မည်သည့်နေရာတွင်မဆို စတဲချနိုင်သည်။

သူ့တွင် ငွေတစ်သိန်းလည်း ပါလာသည်။

ဟိုဘက်နိုင်ငံမှငွေနှင့် တန်ဖိုးခြင်းညှိပြီး ပေါက်ဈေးအတိုင်း လဲလှယ်နိုင်သည်။ မော်တော်ဆိုင်ကယ်ကြီးကိုလည်း ဟိုဘက်တွင် ပြန်ရောင်း၍ ရနိုင်သည်။

နေမင်းအဖို့ ငွေရေးကြေးရေး ပူပင်စရာမရှိ။

မိမိ ဘာဆက်လုပ်မည်ကို စဉ်းစားနေစဉ်မှာပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးရေ ဦးဦး စိုးစိုး လိုက်မယ်" ဟု စိုးစိုးနောက်မှ ပြေးလိုက် အော်ပြန်သံကို နားထဲတွင်ကြားယောင်ပြီး ရင်ထဲတွင် ကျင်ခနဲ ခံစားရသည်။

တဖန် ...

ရှိက်ကြီးတငင်ဖြင့် မိမိရင်ခွင်တွင် မျက်နှာအပ်ငိုသော မေကျော့ခိုင်ကို မျက်စိထဲ မြင်မိပြန်သည်။

မိမိ ရင်ဆို့သွားရသည်။

ထို့သက်မှာမှ မိမိ မေကျော့ခိုင်ထံမှ ထွက်ပြေးသွားပြီဟု သိသွားသော ဦးသြဘာနှင့်အဖွဲ့သည် နက်ဖြန်သန်ဘက်မှာပင် မေကျော့ခိုင်ကို အနိုင်ကျင့်ပြီး ခြံမြေကို မတရားရယူပေတော့မည်။

ဦးသြဘာသည် ခြံမြေရရှိရေး၌ အကြမ်းနည်းသုံးဟောပြီး ပိုးပိုးလေးကိုပင် ပြန်ပေးဆွဲလာသည် မဟုတ်လော။

မိမိက မေကျော့အတွက် နည်းအမျိုးမျိုးနှင့်စွန့်စားကာကွယ်ထားခြင်းကြောင့်သာ မေကျော့ခမျာ သက်သာရာရခြင်းဖြစ်သည်။ ဦးသြဘာသည် ခြံမြေရရှိရေးအတွက်ဆိုလျှင် သူ၏တစ်ဦးတည်းသောသမီး သြသူဇာကိုပင် ဘယ်ပုံစံနှင့်ဖြစ်ဖြစ် အသုံးချရန် ဝန်မလေးဘဲ ခြံမြေရရှိရေးသာ အဓိကမှန်း သူ၏လုပ်ဆောင်ချက်တွေက ထင်ရှားသည်။





ယခုဆိုလျှင် မေကျော့အပေါ် သူ လုပ်ချင်သလို လုပ်တော့မည်။

နောက်တစ်ခု ရှိသေးသည်။

ရဲအုပ်အောင်ထူး ...

သူကလည်း မေကျော့ခိုင်ကို အရယူဖို့ ကြိုးစားချဉ်းကပ်နေသည်။

ယခု မေကျော့တွင် မိမိ၏အကာအကွယ်မရှိလျှင် ကိုအောင်ထူး မေကျော့ကို အနုနည်းအကြမ်းနည်းသုံးကာ အရယူပေတော့မည်။

နေမင်း လက်သီးကျစ်ကျစ်ပါအောင်ဆုပ်သည်။

မေကျော့ကို မိမိရင်ထဲ နှလုံးထဲက သိပ်ချစ်သည်။

နေမင်း ဘာပဲဖြစ်ဖြစ် မေကျော့ရှိရာ မေဒါဝီရွာသို့ ပြန်ရန် ဆုံးဖြတ်သည်။ မီးပျောက်တောထဲ အနီးအနားမှာနေပြီး မေကျော့ကို ဆက်လက်အကာအကွယ်ပေးမည်။ သည်နောက်မှာတော့ ဖြစ်ချင်ရာ ဖြစ်ပလေ့စေတော့။

❂ ✻ ❂



www.burmeseclassic.com

www.burmeseclassic.com



## ၂၃

ဦးသြဘာသည် နက်ဖြန် သန်ဘက်ကူးအောင်ပင် မစောင့်တော့ဘဲ ယခုညတွင်းချင်းမှာပင် သူ့တပည့်တိုက်မောင်းနှင့် ပေတိုးကို သေနတ်ကိုယ်စီပေးကိုင်ကာ သူကိုယ်တိုင် ခြောက်လုံးပြူး ခါးထိုးပြီး သူ၏အက်(စ်)အီး လီမိတက်ကားဖြူကြီးဖြင့် မေဒါဝီရွာ မေကျော့ခိုင် ခြံထဲသို့ မောင်းဝင်လာခဲ့သည်။

မေကျော့ခိုင် စိုးစိုးနှင့်ပိုးပိုးသည် စိတ်မချမ်းမသာနှင့် အိမ်တွင်ထိုင်နေ ငိုနေစဉ် ဖြစ်ပါ၏။

မေကျော့ခိုင်က ချစ်ရသော ကိုနေမင်းကို တမ်းတရင်း ငိုင်နေငိုနေသည်။





စိုးစိုးနှင့်ပိုးပိုးမှာ မိခင် မသာမယာဖြစ်သဖြင့် သူတို့ကိုယ်တိုင် မျက်နှာငယ်လေးတွေနှင့် မိခင်မေကျော့ခိုင်၏ပေါင်ပေါ်တွင် ထိုင်ငိုင်နေကြသည်။

ယင်းအခိုက်မှာပင် ...

ပိတ်ထားသော အိမ်တံခါးကို အင်အားနှင့်ဆောင့်တွန်းဖျက်ဆီးပြီး ဦးသြဘာတို့သုံးယောက် သေနတ်ကိုယ်စီဖြင့် ဝင်ရောက်လာသည်ကို ပက်ပင်းတွေ့လိုက်ရပေတော့သည်။

အိမ်ထဲသို့ရောက်သည်နှင့် ဦးသြဘာသည် မေကျော့ခိုင်ကို လက်မောင်းဆုပ်ကိုင်ကာ အမိအရ ဖမ်းယူတော့သည်။

စိုးစိုးသည် ပါးနပ်သွက်လက်သော ကလေးပီပီ မိခင်ပေါင်ပေါ်မှ လွှင့်ကျလာသော ညီမလေးပိုးပိုးကို လက်ဆွဲကာ အိမ်အပေါ်ထပ်ဖို့ တက်ပြေးတော့သည်။

ဦးသြဘာက သူ့တပည့်တွေဆီ လှမ်းအော်ပြောသည်။

"ဟော့ကောင် ပေတိုး ကလေးနှစ်ယောက်နောက်ကိုလိုက်ပြီး အမိဖမ်းခဲ့စမ်း၊ အကြီးကောင်က သိပ်လျှင် သိပ်ပါးတယ်၊ မိအောင်ဖမ်း၊ နှစ်ကောင်စလုံး ပြန်ခေါ်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပေတိုး အိမ်ပေါ်ထပ်သို့ တက်ခဲ့သည်။ ကလေးနှစ်ယောက်ကို ရှာသည်။ အပေါ်ထပ်ရှိ စားပွဲကြီးတစ်လုံးအောက်တွင် မှောင်နှမ ပုန်းနေကြသည်။

စားပွဲပေါ်တွင် ဒက်ဒီဦးစောရွှေရှိစဉ်က စာရင်းအင်းလုပ်ရာတွင်မျဉ်းတားသော ပိတောက်နှစ်သား မျဉ်းလုံးရှိသည်။ လုံးပတ်ကျပ်လုံးခန့်ရှိပြီး အရှည်တစ်ပေခွဲရှိသည်။ ထိုမျဉ်းလုံးကို စိုးစိုးက ရယူထားပြီးမှ စားပွဲအောက် ဝင်ပုန်းခြင်းဖြစ်သည်။

ပိုးပိုးမှာ ကလေးပီပီ ကြောက်ပြီးငိုသံထွက်သွားသည်နှင့် အသံထွက်လာရာ စားပွဲအောက်သို့ ပေတိုး ကုန်းပြီးငုံ့ကြည့်သည်နှင့် စိုးစိုး လက်ထဲမှ ပိတောက်နှစ်သားမျဉ်းလုံးဖြင့် ပေတိုး၏ခေါင်းကို အရင်ဦးစွာ ရိုက်ပစ်လိုက်သည်။

အား … အားနှင့်အော်ရင်း ပေတိုး နောက်လန်လဲကျသွားသည်။

စိုးစိုး စားပွဲအောက်မှ ပြေးထွက်သည်။ ညီမလေးပိုးပိုးကို လက်တွဲခေါ်၍ မဖြစ်နိုင်တော့ပေ။ ပိုးပိုးက အသက်လည်းငယ်ပြန် မိန်းကလေးလည်းဖြစ်ပြန်မို့ စိုးစိုးလို မသွက်လက်ပေမပါးနပ်ပေ။





ပိုးပိုးကို မခေါ်တော့ဘဲ စိုးစိုးသည် မန်ကျည်းပင်ကြီးရှိရာ အပေါ်ထပ် ပြတင်းတံခါးကို ဖွင့်သည်။ ပြတင်းပေါက်ပေါ်မှ မန်ကျည်းပင်ကိုင်းတစ်ခုကို လှမ်းဆွဲပြီး မန်ကျည်းပင်ပေါ် ရောက်သွားသည်။ ဒါမျိုးကို စိုးစိုးသည် မာမီ့အလစ်တွင်း ယင်းသို့ဆော့ကစားနေကျမို့ အခက်အခဲမရှိ လွယ်လွယ်လေး ဖြစ်မြောက်သွားပါ၏။

စိုးစိုး မန်ကျည်းပင်မှ အောက်သို့ ဆင်းခဲ့သည်။

ပေတိုးသည် အရိုက်ခံရသောဦးခေါင်းကို လက်ဝါးတစ်ဖက်အုပ်ရင်း ကျန်လက်တစ်ဖက်က ပိုးပိုးကို ခါးလယ်မှာပိုက်ပြီး အောက်ထပ်သို့ ပြန်ဆင်းလာသည်။ ပိုးပိုးကို တိုက်မောင်းကဆီးယူဖမ်းထားလိုက်သည်။

"ကောင်လေးရော"

"ကောင်လေးက ကျွန်တော့်ခေါင်းကို မျဉ်းလုံးနဲ့ရိုက်ပြီး ကျွန်တော် လဲကျနေတုန်း ပြတင်းပေါက်ဖွင့် သစ်ပင်ပေါ်လှမ်းကူးသွားတယ် ဆရာကြီး။ ဒီကောင်လေး မျောက်လိုသိပ်လျင်တယ်"

"ဒါဆို ဒီကောင်လေးကို မြန်မြန်ဆက်လိုက်စမ်း ပေတိုး၊ ဒီကောင်လေးက အရေးကြီးတယ် မိအောင်ဖမ်းခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပေတိုး ခြံထဲသို့ ဆင်းခဲ့ရပြန်သည်။

တိုက်မောင်း လက်ထဲတွင် အကြောက်အလန့်ဖြင့် ငိုနေသော ပိုးပိုးထံသို့ မေကျော့ခိုင် အတင်းသွားရာ ဦးဩဘာက မေကျော့ခိုင်၏ ရှည်လျားအံ့ကောင်းသောဆံပင်ကို နောက်လှန် ဆွဲချလိုက်သည်။

မေကျော့ခိုင် နောက်လန်ကျသွားပါလေ၏။

"ထိုးစမ်း လက်မှတ် ဒီစာချုပ်ပေါ်က ဒီအောက်နားမှာ နင့်လက်မှတ်ထိုးစမ်း မေကျော့ခိုင်"

မေကျော့ခိုင်က မထိုး။

မာမီ ... မာမီ ... မာမီဟု အော်ခေါ်ရင်း တိုက်မောင်း လက်ထဲတွင် ပိုးပိုးလေးမှာ ငါးဖယ်ပျံ တွန့်လိမ် ရုန်းကန်နေသည်။

"အာ ... ဒီကောင်မလေး"ဟု ပြောရင်း ပိုးပိုး၏ ကျောလေးကို တိုက်မောင်းက လက်ဝါးကြမ်းကြီးဖြင့် ရိုက်လိုက်သည်။

ပိုးပိုး ထပ်ပြီး ကျယ်လောင်စွာ ငိုသံထပ်ထွက်လာသည်။

"ထိုးလေ နင့်လက်မှတ် နင့်လက်မှတ်မထိုးရင် နင့်သမီးလေးကို အသေသတ်ပစ်မယ်"





ပြောရင်း ဦးဩဘာသည် သေနတ်ချိန်ထားလျက်က အခြားလက်ဖြင့် မေကျော့ခိုင်၏ပါးကို ဖြန်းခနဲ ရိုက်လိုက်သည်။

"ထိုး ... ဒီမှာ လက်မှတ်"

မေကျော့ခိုင် မတတ်နိုင်တော့ပြီ။ ဦးဩဘာ ပေးသော ဘောပင်နှင့်ပင် လက်မှတ်ရေးထိုး လိုက်ရတော့သည်။

"ဟာ ... ဟာ ... ဆရာကြီး"

တိုက်မောင်း အထိတ်တလန့်အော်ပြီး အပြင်သို့ လက်ညှိုးထိုးပြသည်။

"အပြင် ခြံထဲမှာ ကိုအောင်ထူး ရဲကားအပြာ ဝင်လာနေတယ် ဆရာကြီး"

"ဟုတ်မလားကွ အောင်ထူးက နေမင်း နောက်ကို လိုက်သွားတာ"

"လိုက်သွားပေမဲ့ နေမင်းကို ဖမ်းမမိခဲ့ဘူးတဲ့၊ ညနေစောင်းက ကိုအောင်ထူးတို့ တစ်ဖွဲ့လုံး ရွှေကျိုက်တော်ကို ပြန်လာကြတယ်၊ နှာမောင်းတောင်ကို သူ့တို့ မတတ်နိုင်ကြလို့တဲ့၊ နေမင်းက သူ့မော်တော်ဆိုင်ကယ်နဲ့ နှာမောင်းတောင်ကို တက်ပြီး ဟိုဘက်ကို ဆင်းသွားတယ်တဲ့ ဆရာကြီး"

www.burmeseclassic.com



"ဒါဆို အောင်ထူးက မိုးကြီးချုပ်မှ ဒီကို ဘာလို့ လာတာလဲ၊ အခု တို့လုပ်နေတာ ဒီကောင် အောင်ထူး မြင်တွေ့သွားရင် မသက်သာဘူး၊ ဒီကောင်မ လက်မှတ် ထိုးထားတာလည်း တရားဝင် ဖြစ်တော့မှာ မဟုတ်ဘူး"

"ရတယ် ဆရာကြီး ဒီကို အောင်ထူးလာတာက ထုံးစံ အတိုင်း မေကျော့ခိုင်ကို လာရစ်တာ၊ နေမင်း မရှိတော့တဲ့ နောက် မေကျော့ခိုင်ကို အပိုင်ကြံဖို့ လာတာပဲ ဖြစ်မယ်၊ ဒီထဲကိုသာ ဝင်လာပါစေ ကျွန်တော် တီးထည့်လိုက်မယ်"

တကယ်တော့ ဦးသြဘာသည် ပွဲလန့်တုန်း ဖျာခင်း ခြင်းသာ ဖြစ်ပါ၏။ နေမင်းလည်း ပြေးပြီ၊ နေမင်းနောက်သို့ အောင်ထူးလည်း လိုက်သွားပြီ၊ ဒီနေ့အဖို့ အောင်ထူး ပြန်မရောက် နိုင်။ ယင်းအခြေအနေနှင့် အချိန်ကာလသည် ဦးသြဘာအတွက် အခွင့်အခါ အကောင်းဆုံးအချိန်ဟု တွက်ကာ ညတွင်းချင်း မေကျော့ခိုင်ဆီလာပြီး ခြံမြေရောင်းချကြောင်း အခမ္ဘ စာချုပ်တွင် လက်မှတ်ထိုးစေခြင်း ဖြစ်သည်။

ယခု တွက်ကိန်း တစ်ချက်လွဲသွားပေပြီ။ ယခု အောင်ထူး ပြန်ရောက်လာပြီး မေကျော့ခိုင့် ခြံထဲကိုပင် လာနေ ပေပြီ။





ဦးသြဘာသည် မေကျော့ခိုင်ထံသို့ လာကတည်းက ရက်စက်ယုတ်မာသော အကြံအစည် ပါလာပြီးသား ဖြစ်သည်။ မေကျော့ခိုင်က စာချုပ်တွင် လက်မှတ်ရေးထိုးစေကာမူ စာချုပ် တွင် သူ့ဘက်ကိုယ့်ဘက် ခိုင်မာသော သက်သေလက်မှတ် မပါရှိ၊ မိမိဘက်က တိုက်မောင်းတို့ ပေတိုးတို့ သက်သေလက်မှတ် ထိုးစေကာမူ နှစ်ကောင်စလုံးသည် မိမိ၏တပည့် သြဇာခံတွေ မှန်း ရွှေကျိုက်တော် တစ်မြို့လုံး သိနေသည်။

အကယ်၍ မေကျော့ခိုင်က ရုံးတော်တွင်လည်း ကောင်း၊ သက်ဆိုင်ရာများတွင်လည်းကောင်း သူမအား လက်နက် ပြ ခြိမ်းခြောက်ရိုက်နှက်ပြီး အတင်း လက်မှတ်ထိုးခိုင်းခြင်း ဖြစ်ပါသည်ဟု ဆိုလာလျှင် အရစ်တော်တော် ရှည်မည်။ ဖြေရှင်း ရ တော်တော်ခက်ခဲမည်။

ထို့ကြောင့် မေကျော့ခိုင် စာချုပ်တွင် လက်မှတ်ရေး ထိုးပြီးသည်နှင့် သားအမိသုံးယောက်ကို အိမ်ထဲတွင် လှောင်ခဲ့ပြီး အိမ်ကို မီးရှို့မည်၊ ဆန်စက်၊ ဂိုဒေါင် အားလုံးကိုလည်း ပြာကျ အောင် မီးရှို့မည်၊ မတော်တဆ မီးလောင်မှုဟု အများယုံကြည် အောင် လုပ်ရမည်။ သားအမိသုံးယောက်စလုံးလည်းသေ၊ အိမ် ဂိုဒေါင် ဆန်စက်တွေလည်း မီးလောင်ပြာကျပြီးမှ စာချုပ်ကို ပြကာ မြေကို သိမ်းမည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အကြံအစည် မပြီးမြောက်မီ ရဲအုပ် ကိုအောင်ထူး ရောက်လာခြင်း ဖြစ်သည်။

"ဒါဆို အောင်ထူးကိုပါ မီးထဲ ထည့်လိုက်ရုံပေါ့ တိုက်မောင်း"

ဦးသြဘာသည် မကျော့ခိုင်၏ လည်ပင်းကို နောက်မှ ရစ်သိုင်းပြီး နားထင်ကို သေနတ်ပြောင်းတေ့ကာ အပြင်မှ မမြင်နိုင်သော နေရာသို့ ဆွဲခေါ်သွားသည်။

တိုက်မောင်းက အိမ်အဝင်တံခါးပေါက်ဘေးတွင် ကွယ်ပြီး ရပ်နေသည်။ အပြင်မှ တံခါးတွန်းဖွင့်လျှင် သူ့ကို တံခါးရွက်က ကွယ်ထားပြီးသားဖြစ်ဖို့ နေရာယူထားသည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

တံခါးခေါက်သံ ထွက်ပေါ်လာသည်နှင့် တိုက်မောင်းသည် သေနတ်ကို လက်ဝါးတွင် အပြားလိုက်ကပ်ထားသည်။ သေနတ်နှင့် ပစ်၍မဖြစ်၊ သေနတ်သံ ကျယ်လောင်စွာ ထွက်သွားလျှင် လူတွေ ရောက်လာပေမည်။

တံခါးခေါက်သော်လည်း ဖွင့်ပေးမည့်သူ မရှိသဖြင့် သူ့ဟာသူပင် တံခါးဘုသီးကို လှည့်ကာ တံခါးတွန်းဖွင့်ပြီး ကိုအောင်ထူး ဝင်လာသည်။





ဦးသြဘာကတော့ မကျော့ခိုင်ကို လည်ပင်းရစ်ပတ်နားထင် သေနတ်ချိန်ထားသည်ကို တွေ့သည်။

"ဟော့လူ ဦးသြဘာ ခင်ဗျား ဒါ ဘာလုပ်တာလဲ"

တံခါးရွက်ကွယ်မှ တိုက်မောင်းက ကိုအောင်ထူး၏ နောက်စေ့ ဦးခေါင်းကို အပြားလိုက် သေနတ်ဖြင့် ရိုက်ချလိုက်သည်။

ကိုအောင်ထူး မှောက်လျက်ကျသွားပြီး သတိမေ့သွားပါ၏။

ထိုအချိန်မှာပင် ပေတိုးသည် စိုးစိုးနောက်သို့ ပြေးလိုက်လာသည်။ စိုးစိုးက ဖျတ်ခနဲ မြင်းဇောင်းထဲ ဝင်ရောက်လိုက်သည်။ မြင်းဇောင်းသည် အဝင်အထွက် တံခါးကြီးတစ်ပေါက်ရှိပြီး ဘေးအကာများသည် ဝါးလုံးတန်းပိတ် အကာများ ဖြစ်သည်။

ပေတိုး ဝင်ရောက်လာလျှင် စိုးစိုးအတွက် ထွက်ပေါက်မရှိ။ စိုးစိုး ဘာလုပ်ရမည်ကို စဉ်းစားပြီး မြင်းနှစ်ကောင်ကို ကြည့်လိုက်သည်။

အုန်းခွံရောင် မြင်းကြီးသည် သဘောကောင်းသည်။ အနက်ရောင်မြင်းကတော့ စိတ်ဆတ်သည်။ အကိုင်အတို့ မခံတတ်။ သူ့ကို ထိလျှင် ရိုက်လျှင် ကန်သည်။ ပတတ်ရပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခွာနှင့် ပေါက်သောအကျင့် ရှိသည်။ စိုးစိုးက သူတို့မွေးထားသော မြင်းအကြောင်း ကောင်းကောင်းသိထားပြီ ဖြစ်သည်။

စိုးစိုးသည် မြင်းနက်ကြီးဘေးတွင် ဝင်ပုန်းနေလိုက်သည်။ အသင့်တွေ့သော ဝါးတုတ်ရှည်တစ်ချောင်းကိုလည်း အသင့်ကိုင်ထားသည်။

ပေတိုး မြင်းဇောင်းထဲ ဝင်လာသည်။

ဟိုကြည့် ဒီကြည့်ဖြင့် စိုးစိုးကို ရှာသည်။ မြင်းနက်ကြီး ကွယ်နေ၍ မတွေ့။

"ဒီမှာဗျ"

စိုးစိုးက အသံပေးလိုက်ရာ ပေတိုးသည် အသံကြားရာ စိုးစိုးထံသို့ မြင်းနက်ကြီးနောက်မှ ပတ်ကွေ့လာသည်။

စိုးစိုးက မြင်းနက်ကြီးကို လက်ထဲက ဝါးလုံးတုတ်ရှည်ဖြင့် လှမ်းထိုးလိုက်သည်။

"ဖြောင်း ... ဖြောင်း"

မြင်းနက်ကြီးသည် နောက်ခြေနှစ်ဖက်ဖြင့် စုံကန်လိုက်ရာ ကွက်တိ ပေတိုး အကန်ခံရတော့သည်။

ပေတိုး ရေရေလည်လည် ခံရသည်။ သံခွာရိုက်ထားသော ခြေဖြင့် မျက်နှာတစ်ချက် ရင်ဘတ်တစ်ချက် နှစ်ချက်





စလုံး အထိနာသဖြင့် ပေတိုး ပုံလျက်သား လဲကျသွားသည်။ အော်သံပင် မထွက်နိုင်ရှာပေ။

စိုးစိုး မြင်းဇောင်းမှ ပြန်ထွက်ခဲ့သည်။ ဂိုဒေါင်ဆီ ပြေးသွားသည်။

ဂိုဒေါင်ဘေး အရောက်တွင် အရှိန်နှင့် ပြေးလာသော စိုးစိုးကို လူကြီးတစ်ယောက်က ဖွေ့ဖမ်းလိုက်ပြီး စိုးစိုး၏ပါးစပ်ကို သူ့လက်ဝါးဖြင့် ပိတ်ထားလိုက်သည်။

စိုးစိုး ထိုလူကြီး မျက်နှာကို မော့ကြည့်လိုက်သည်။

"ဟင် ... ဦးဦး နေမင်း"

နေမင်းက ပါးစပ်ကို လက်ညှိုးကန့်လန့်ထားပြီး တိတ်တိတ်နေရန် အချက်ပြသည်။ စိုးစိုးက အသံမကျယ်ဘဲ တိုးတိုးပြောသည်။

"ဝမ်းသာလိုက်တာ ဦးဦးရယ်၊ အိမ်ထဲမှာ ဦးသြဘာနဲ့ ဦးတိုက်မောင်း မာမီ့ကို ဖမ်းထားတယ်"

"ဒါဆို စိုးစိုး ဒီမှာပဲ နေခဲ့"

နေမင်းက စိုးစိုးကို ချထားခဲ့ပြီး မှောင်ရိပ်ခိုကာ အိမ်ဆီသို့ ဆက်သွားလေတော့သည်။

❂ ✻ ❂



www.burmeseclassic.com

www.burmeseclassic.com



## ၂၄

တိုက်မောင်းသည် ဓာတ်ဆီပုံးဖြင့် မေကျော့ခိုင်၏ အိမ်ထဲနေရာအနှံ့ကို လိုက်ပက်နေသည်ကို နေမင်း လှမ်းမြင်နေသည်။

နေမင်း စဉ်းစားသည်။

အိမ်ထဲတွင် ဦးသြဘာက သေနတ်တစ်လက် တိုက်မောင်းက သေနတ်တစ်လက်ဖြင့် သေနတ်နှစ်လက်ကြားသို့ မိမိက လက်နက်မဲ့ဖြင့် ဝင်ရောက်တိုက်ခိုက်ရန် မသင့်ကြောင်း တွက်ဆသည်။

အချိန်နှီး စွန့်စားမှု ဖြစ်သွားမည်။

စွန့်စားတော့ စွန့်ရမည့် အခြေအနေမှန်း နေမင်း ဆုံးဖြတ်ထားသည်။ မိမိသည် ဟိုဘက်နယ်ခြားသို့ လက်တစ်ကမ်း





အကွာ ရောက်ပြီးမှ ပြန်လာသည်ကိုကပင် မေကျော့ခိုင်တို့အတွက် စွန့်စားကယ်တင်ရမည် ဖြစ်သည်။ မော်တော်ဆိုင်ကယ်ဖြင့် ခရီးကြမ်းကို မောင်းခဲ့သဖြင့် ခါးမှာထိုးထားသော မိမိ သေနတ် ဘယ်နေရာတွင် ကျကျန်ခဲ့မှန်းမသိ။ ယခု မိမိတွင် သေနတ်မရှိ ဖြစ်နေသည်။

တိုက်မောင်း ဓာတ်ဆီဖျန်းရင်း မှန်ပြ တင်းပေါက်ဆီသို့ ကျောပေးပုံစံဖြင့် ရောက်လာတတ်သည်။

တိုက်မောင်းသည် ထိုနေရာမှာပင်ရပ်ခါ ခြောက်လုံးပြူးသေနတ်ကို ကိုင်လျက်သားနှင့် အိတ်ထဲမှ မီးခြစ်ဘူး ထုတ်ယူကာ မီးခြစ်ဆံနှစ်ချောင်းပြူး ထုတ်ခြစ်ပြီး အိမ်ထဲသို့ မီးတောက်ပါသော မီးခြစ် ပစ်တောက်လိုက်သည်။ ဝုန်းခနဲ တောက်သည်နှင့် တိုက်မောင်းက မှန်ပြတင်းပေါက်ကိုဖွင့်ပြီး အပြင်သို့ ခုန်ကျော်လွှားတက်လိုက်သည်။

အသင့်စောင့်နေသော နေမင်းက တိုက်မောင်းအား လွှားခနဲ ခုန်အုပ်လိုက်သည်။ နှစ်ယောက်သား လုံးထွေးသွားတော့သည်။ နေမင်းသည် တိုက်မောင်းလက်မှ သေနတ်ကို ရယူနိုင်ဖို့အတွက် လူချင်း အတင်းပူးကပ်ထားသည်။ တိုက်မောင်း၏သေနတ်ကိုင်လက်ကို မလွှတ်သွားစေရန် အထူးသတိထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယောကျ်ားသားနှစ်ဦး လက်တစ်ဖက်စီနှင့်ပင် သတ်ပုတ်ရတော့သည်။

ဦးဩဘာသည် နေမင်း ပြန်ရောက်လာသည်ကို အံ့ဩသွားသည်။ တိုက်မောင်းနှင့် ထွေးလုံးနေသော နေမင်းတို့ကို သူ့လက်ထဲမှ သေနတ်နှင့် ထိုးချိန်ပစ်လိုက်သည်။

ဦးဩဘာ ပစ်ရန်ချိန်သည်နှင့် လည်ပင်း အရစ်ခံထားရသော မေကျော့ခိုင်က ဦးဩဘာ၏ သေနတ်ကိုင်လက်ကို ပင့်မြှောက်လိုက်သည်။ သေနတ်သံ ဒိုင်းခနဲ ထွက်သွားသော်လည်း မေကျော့ခိုင်က ပင့်မြှောက်လိုက်သဖြင့် သေနတ်ကျည်ဆန် အိမ်ခေါင်မိုးကိုသာ ထွင်းဖောက်သွားသည်။

"ဟာ … ဒီကောင်မ"ဟု ဦးဩဘာ မကျေမနပ်ဒေါသနှင့် ပြောစကာမှ မေကျော့ခိုင်ကို လွှတ်မသွားစေရန် ပိုမိုထိန်းချုပ်ထားသည်။

ရေရှည် အချိန်ကြာ ပူးသတ်ပွဲကျတော့ ခွန်အားသာခြင်းနှင့် အမောလုံခြင်းက စကားပြောလာသည်။

ယခု နေမင်း တိုက်မောင်းကို သတ်ပုတ်ရသည်မှာ ကလေးနှစ်ယောက် နပန်းလုံးသလိုပုံစံ ဖြစ်နေသည်။ ပညာပိုင်း ပညာကွက်တွေ ဘာတစ်ကွက်မှ မသုံးနိုင်။ အခုက တိုက်မောင်း





လွှတ်မသွားစေရန် ဖြစ်နေသည်။ လူချင်းကွာသွားသည်နှင့် သေနတ်ကိုင်ထားသော တိုက်မောင်းက မိမိကို ပစ်သတ်ခွင့် ရသွားလိမ့်မည်။

အချိန် အတန်ငယ်ကြာသော် တိုက်မောင်း၏ ပူးသတ်အား လျော့နည်းလာသည်။ နိစ္စဓူဝ အရက်သောက် မိန်းမလိုက်စားသော တိုက်မောင်းတွင် ရုတ်တရက်အင်အားရှိပြီး အချိန်ကြာသောအခါ ခွန်အားတွေ ဆုတ်ယုတ်ပြီး အမောလွန်လာသည်။ ခြေကုန်လက်ပန်း ကျလာသည်။

နေမင်းသည် ဖျော့ဖတ်လာသော တိုက်မောင်းလက်မှ သေနတ်ကို အရယူနိုင်ပေပြီ။ မောပန်းပြီး ဟောဟဲဖြစ်ခါ နေရာမှ မထနိုင်သေးသော တိုက်မောင်းကို နေမင်း သေနတ်နှင့် ချိန်ထားစဉ်မှာပင် စိုးစိုး ပြေးလာကာ နေမင်း ခါးကို ဖက်ထားသည်။

ထိုစဉ်မှာပင် အတွင်းပိုင်း မီးလောင်နေသော အိမ်လှေကားမှ ဦးဩဘာက မေကျော့ခိုင်အား နောက်ပြန် လည်ပင်းရစ်သိုင်း သေနတ် နားထင်တေ့ဖြင့် လှေကားမှ ဆင်းလာသည်ကို နေမင်း လှမ်းမြင်သည်။

"ဟိုမှာ မာမီ … မာမီ ကယ်ပါဦး ဦးဦး"

သို့သော် …



www.burmeseclassic.com

www.burmeseclassic.com



ကိုနေမင်း ဦးသြဘာကို ဆက်၍ ပစ်ခတ်တိုက်ခိုက်ရန် မလိုတော့ပြီ။

ခြံထဲသို့ လော်ရီကားကြီး တစ်စီးအပြင်းမောင်းဝင်လာသည်။ ပြီး ကိုအောင်ထူး၏ ရပ်ထားသော ရဲကားအပြာဘေးတွင် လော်ရီကားကြီး ရပ်လိုက်သည်။ လော်ရီကားကြီးမောင်းဝင်လာသူမှာ ဟိုဘက်ခြံက ဦးဘစိမ်း ဖြစ်ပါ၏။ လော်ရီကားကြီး၏ ရှေ့မှင့်မီးနှစ်လုံးက လင်းထိန်နေသဖြင့် ဦးသြဘာက မကျော့ခိုင်ကို ရစ်ပတ်ချုပ်ကိုင်ပြီး မကျော့ခိုင် နားထင်ကို သေနတ်ပြောင်း တေ့ထားသည်ကို အတိုင်းသား ထင်ရှားစွာ မြင်နေရသည်။

ကားပေါ်တွင် ပါရှိလာသော ဒုရဲအုပ်နှင့် သေနတ်ကိုင် ရဲသားနှစ်ဦး ခုန်ဆင်းကာ ဦးသြဘာအား သေနတ်များဖြင့် ချိန်ထားလိုက်သည်။

"အမျိုးသမီးကို လွှတ်လိုက်ပါ ဦးသြဘာ"

ဦးသြဘာ မကျော့ခိုင်ကို လွှတ်ပေးလိုက်ရတော့သည်။

မကျော့ခိုင်သည် နေမင်းအား ပြေးဖက်ခါ ...

"လုပ်ပါဦး ကိုမင်း အိမ်ထဲမှာ သမီးလေး ပိုးပိုး၊ မီးတွေထဲမှာ ပိတ်မိနေတယ်၊ ကယ်ပါဦး ကိုမင်း"





ပြောရင်း မကျော့ခိုင်သည် သွေးရူးသွေးတန်း မီးလောင်နေသော အိမ်သို့ အတင်းပြေးသွားသည်။

နေမင်း နောက်မှ ပြေးလိုက်ခါ မကျော့ခိုင်ကို ဘေးသို့ တအားတွန်းလိုက်သည်။ မီးနှင့် ဝေးရာတွင် မကျော့ခိုင် တွန်းခံလိုက်ရသော အရှိန်ဖြင့် ရောက်သွားသည်။

နေမင်းသည် မီးလွတ်ရာ နေရာကိုရှာပြီး အိမ်ထဲမီးထဲသို့ ပြေးဝင်ခဲ့သည်။ အိမ်ထဲရောက်သည်နှင့် သတိမေ့လဲကျနေသော ပိုးပိုးကို ပွေ့ချီကာ ထွက်လာသည်။ မကျော့ခိုင် ထပ်မံ ပြေးလာကာ ပိုးပိုးကို ဆီးယူပွေ့ချီလိုက်သည်။

ဦးဘစိမ်း၏ တပည့်လက်သားတွေက မီးငြိမ်းသတ်နေကြသည်။

"ပြေးတော့ ကိုမင်း၊ ရဲတွေ ဦးသြဘာကို မဲနေတုန်း ကိုမင်း ပြေးပေတော့"

နေမင်းက မကျော့ခိုင်ကိုရော ပိုးပိုးကိုရော အားရပါးရ ပွေ့ပိုက်လိုက်သည်။

"ကိုယ် မပြေးတော့ဘူး ကျော့၊ မပြေးချင်လို့ နယ်စပ်နားရောက်ပြီးမှ ပြန်လာခဲ့တာ၊ ကိုယ် အဖမ်းခံမယ်"

ပြီးနောက် နေမင်းသည် ကိုအောင်ထူးကို သွားယူတွဲခေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ထူး သတိလစ်နေဆဲ ရှိပါ၏။

"ကိုအောင်ထူး ... ကိုအောင်ထူး"

ဟု ခေါ်ရင်း သတိမေ့သူကို ပြုစုနည်းအတိုင်း နေမင်း ပြုစုပေးရာ ကိုအောင်ထူး မျက်စိပွင့်လာပြီး မိမိကို ပွေ့ပိုက် သတိရအောင် လုပ်နေသော နေမင်းကို အံ့သြစွာ ငေး ကြည့်ပြီးမှ မတ်တပ်ရပ်လိုက်သည်။

နေမင်းက သူ့လက်နှစ်ဖက်ကိုပူးကာ ရှေ့ဆန့် ပေးရင်း ...

"ကဲ ... ကျွန်တော့်ကို ဖမ်းပေတော့ ဦးအောင်ထူး၊ ကျွန်တော် အဖမ်းခံပါပြီ၊ မေကျော့မှာ ဦးသြဘာရဲ့အန္တရာယ် နောက် ထပ် မရှိနိုင်တော့တာမို့ ကျွန်တော် ကျေကျေနပ်နပ် အဖမ်းခံပါတယ် ကိုအောင်ထူး"

ကိုအောင်ထူးက နေမင်းကို လက်ထိတ်ခတ်ရန် ဝန်လေးနေသည်။

ဦးသြဘာရော တိုက်မောင်းရော မြင်းကန်ခံရ၍ သတိမေ့နေသော သုံးယောက်စလုံးကို ဒုရဲအုပ်က လက်ထိတ်တွေ ခတ်ပြီး ဦးဘစိမ်း၏ကားပေါ် နောက်ခန်းမှာပင် ပိုးလိုးပက်လက် တင်ထားပြီး ရဲသားနှစ်ဦး အစောင့်ထားပြီး ကိုအောင်ထူး ရဲအုပ် ကို ဒုရဲအုပ်က အရိုအသေလာပေးပြီး အစီရင်ခံသည်။





"တရားခံတွေအားလုံး ဖမ်းပြီးပါပြီ ဆရာ၊ ကျွန်တော် ဘာဆက်လုပ်ရမလဲ၊ ဦးဘစိမ်း သူ့လော်ရီကားကြီးနဲ့ရောက် လာပြီး တိုင်ကြားလို့ လိုက်လာပေမဲ့ ကျွန်တော် ဘာမှ မသိပါဘူး စခန်းမှူး"

"သူတို့အားလုံး အချုပ်ထဲမှာပဲ ထည့်ထားလိုက်ဗျာ၊ ကျုပ် အခုပဲ စခန်းကို လိုက်လာခဲ့မယ်"

ဒုရဲအုပ်က စခန်းမှူး ကိုအောင်ထူးကို အရိုအသေ ပေးပြီးနောက် ဦးဘစိမ်း ကားကြီးဖြင့် ပြန်မောင်းထွက်သွားသည်။

"ဆောရီးပဲ ကိုနေမင်း ရန်ကုန်က ကိုစောမောင် ဆိုတဲ့ လူရောက်လာပြီး ကျွန်တော့်ရဲ့ ရဲစခန်းမှာ အမှုလာဖွင့် တယ်၊ ကိုနေမင်းဟာ ရန်ကုန်က စိမ်းဆိုတဲ့ အမျိုးသမီးကို သေနတ်နဲ့ပစ်ပြီး ထွက်ပြေးသွားတာတဲ့၊ ဒါကြောင့် ကိုနေ မင်းကို ဖမ်းပေးပြီး ရန်ကုန် သက်ဆိုင်ရာ ရဲစခန်းကို ပို့ပေးပါဆိုလို့ အဲဒီ ကိုစောမောင် ဆိုတဲ့လူကို ကိုနေမင်း သိလား"

"သိတယ် ကိုအောင်ထူး၊ သေနတ်ပစ်ခံရတဲ့ စိမ်းဆိုတာ ကျွန်တော် တရားဝင် လက်ထပ်ဇနီးပဲ၊ ကိုစောမောင်က ကျွန်တော့်ဇနီး စိမ်းရဲ့ အစ်ကိုတစ်ဝမ်းကွဲ တော်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ ကျွန်တော့် တာဝန်က အမှုတိုင်သူ ရှိလာပြီတော့ ကိုနေမင်းကို တာဝန်အရဖမ်းပြီး သက်ဆိုင်တဲ့ဆီပို့ပေးရမှာပဲ၊ ကိုစောမောင်နဲ့အတူ သက်ဆိုင်ရာ ရဲစခန်းက တရားဝင် အကြောင်းကြားစာလည်း ပါလာတယ် ...

ဟိုတုန်းကတော့ ကိုနေမင်းကို မေကျော့ခိုင်နဲ့ ပတ်သက်ပြီး မနှစ်မြို့ မလိုလားပါဘူး၊ အခုတော့ ကျွန်တော် ကောင်းကောင်းကြီး သဘောပေါက် နားလည်သွားပါပြီဗျာ၊ ကိုနေမင်းကို ကျွန်တော် လက်ထိတ်မခတ်ပါဘူး၊ လက်ထိတ်ခတ်တယ်ဆိုတာ ထွက်ပြေးမှာစိုးလို့ ခတ်တာပါ၊ အခု ကိုနေမင်းကိုယ်တိုင်က အဖမ်းခံတာပဲ၊ ကျုပ် ရဲကားနဲ့ပဲ လိုက်ခဲ့ဗျာ"

ယခုဖြစ်ရပ်မှာ ...

ခြံနီးချင်း ဦးဘစိမ်းသည် မိုးကြီးချုပ်မှ မေကျော့ခိုင် ခြံထဲသို့ အက်စီးကားဖြူကြီး ရောက်လာသည်ကို မသင်္ကာသဖြင့် ဦးဘစိမ်း ချောင်းကြည့်ရာ ဦးသြဘာနှင့် သူ့တပည့်နှစ်ယောက် မေကျော့ခိုင်နှင့် ကလေးနှစ်ယောက်ကို အနိုင်ကျင့်သည်မှန်း တွေ့ရသဖြင့် သူ့လော်ရီကားကြီးနှင့် သူကိုယ်တိုင် ရွှေကျိုက်တော် ရဲစခန်းသွားပြီး တိုင်တန်းသောကြောင့် ဒုရဲအုပ်နှင့်အဖွဲ့ လိုက်လာ





ခဉ် ဦးသြဘာ အနိုင်ကျင့်သည်ကို ပက်ပင်းတွေ့ရသည့်တိုင်ပင် ဖြစ်တော့သည်။

နေမင်း စိုးစိုးနှင့် မေကျော့ခိုင်ကို နှုတ်ဆက်ခါ ကိုအောင်ထူး ရဲကားနှင့်ပင် လိုက်ပါသွားသည်။

ရဲစခန်းရောက်သော်လည်း ကိုအောင်ထူးက နေမင်းကို အချုပ်ခန်းတွင် မထားပဲ သူ့စခန်းမှူး ရုံးခန်းသို့ ခေါ်သွားသည်။

ကိုအောင်ထူး၏ စခန်းမှူးရုံးခန်းတွင် ထိုင်စောင့်နေသော ကိုစောမောင်ကို တွေ့သည်နှင့် ကိုစောမောင်က ...

"နောက်ဆုံး မင်းကို ရဲအဖွဲ့က ဖမ်းမိတာပဲ မဟုတ်လား နေမင်း၊ မင်းနောက်ကို ငါ ခြေရာခံလိုက်ရတာ မောလှပြီ၊ အခုမှပဲ ကိုစွပြတ် မင်းကို ဖမ်းမိတော့တယ်"

"စိမ်း ဘယ်လိုနေလဲ ကိုစောမောင်"

"အဲဒါတော့ ငါမသိဘူး၊ စိမ်းကို ဆေးရုံသယ်သွားတဲ့ အချိန်မှာပဲ စိမ်း မိဘ ဦးလေးထူးနဲ့ ဒေါ်လေးစွန်က ငါ့ကို ငွေငါးသောင်း ထုတ်ပေးပြီး နေမင်းနောက်ကို မိအောင် လိုက်စမ်းလို့ နိုင်းတာကြောင့် ချက်ချင်း ငါ ထွက်လာတာ"

နေမင်းက ဘာမှ ထပ်မမေးတော့။



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ထူးသည် ဦးဘစိမ်းနှင့် မကျော့ခိုင်
ဦးသြဘာအပေါ် အမှုဖွင့် တိုင်ချက်တွေကို လက်ခံရယူသည်

မကျော့ခိုင် စိုးစိုးနှင့် ပိုးပိုးတို့ ရဲစခန်း လိုက်လာ
သည်။ မကျော့ခိုင် ငိုသည်။ စိုးစိုး ငိုသည်။ သူတို့သားအမိ
နေမင်းအပေါ် သံယောဇဉ် ကြီးလှသည်။

"မငိုပါနဲ့ မကျော့၊ ကလေးတွေ အားငယ်ပါမယ်
ကိုယ့်ကို ရန်ကုန် သက်ဆိုင်ရာ ရဲစခန်းကို အပ်မှာ
ဟိုမှာ ဖြစ်သမျှအခြေအနေကို ကိုယ် မကျော့ဆီ အကြောင်
ကြားပါ့မယ်၊ တကယ်လို့များ ဘုရား သိကြားမ
က်ကောင်းပြီး ကိုယ် သေဒဏ်,ကျွန်းဒဏ် မခံရပဲ လွတ်လာ
တာနဲ့ မကျော့ဆီ ကိုယ် ချက်ချင်းပြေးလာမယ် စိတ်ချ

"မကျော့ကလည်း ဒီတစ်သက်မှာ ကိုနေမင်း ပြန်အလာ
ကိုပဲ စောင့်နေမှာပါ ကိုမင်း"

စိုးစိုးခမျာ ငိုသည်ကလွဲပြီး ဘာမှ ဝင်မပြောတတ်
ပိုးပိုးလေးက ...

"ဦးဦး အခု ဘယ်သွားမှာလဲဟင်၊ ပိုးပိုးတို့နဲ့ အတူ
နေမယ်ဆို"

ဟု ဘာမှမသိသော ကလေးငယ်၏ မေးခွ
မေးလိုက်သည်။





"ကဲ ... မကျော့ ပြန်တော့နော်၊ ကလေးတွေ ပင်ပန်း
လွန်းနေပြီ၊ ကိုယ် တကယ် လှိုက်လှိုက်လှဲလှဲ ဝမ်းသာ
တာက မကျော့မှာ ဦးသြဘာရဲ့ အန္တရာယ်က လွတ်သွား
တာကိုပဲ၊ ဒါပေမဲ့ အိမ် မီးလောင်ထားတာကို ပြန်ပြင်ရဦး
မှာတွေ၊ ဆန်စက်ဆက်လည်နိုင်ဖို့ ကိစ္စတွေအတွက် ကိုယ်
ရင်လေးတယ်၊ ဘာမဆို ဦးဘစိမ်းနဲ့ တိုင်ပင်လုပ်ပါနော်"

မကျော့ ခေါင်းညိတ်ပြပါ၏။

သို့သော် ရင်ထဲတွင် ကိုနေမင်းကို ချစ်ရသည့်အတွက်
မျှော်မှန်းခြင်း တမ်းတခြင်းတွေကတော့ မကျော့ခိုင်အတွက်
ဘယ်လောက်ထိ ရှိနေဦးမည် မပြောတတ်။

ချစ်သောသူနှင့် ကွေကွင်းရခြင်းသည် ဒုက္ခပင်
မဟုတ်ပါလော။

ကိုစောရွှေ ကွယ်လွန်စဉ်က ထိုဒုက္ခမျိုး ခံစားရ
သည်။

ယခုလည်း ဒုတိယအကြိမ် ခံစားရပြန်တော့သည်။

ဘုရားသကြားမလို့ ဒုတိယအကြိမ် ချစ်သောသူနှင့်
ကွေကင်းရခြင်း ရာသက်ပန် မဖြစ်ရပါလို၏ ဘုရား။

❂ ✻ ❂



www.burmeseclassic.com

www.burmeseclassic.com



## ၂၅

မေဒါဝီရွာမှ ...

ကိုနေမင်း ထွက်ခွာသွားသည်မှာ ပထမနှစ် နွေ၊ မိုး၊ ဆောင်း ကုန်သွားခဲ့ပြီ။

ယခု ...

ဒုတိယနှစ် မပြည့်သေးသော်လည်း နွေတစ်နွေနှင့် မိုးတစ်မိုး ကုန်သွားပြီး ဒီဇင်ဘာ ဆောင်းသို့ပင် ရောက်ပေပြီ။

ကိုနေမင်းသည် ပြန်ပေါ်မလာသေး။

မကျော့ခိုင် စိုးစိုးနှင့် ပိုးပိုးတို့အတွက် ကိုနေမင်းသည် နောက်မှ ပေါက်လာသော ရွှေကြာပင် ဖြစ်စေကာမူ အပွင့်ကြီးလှသည်။





မကျော့ခိုင်၏ အရှက်နှင့်အသက် စိုးစိုးနှင့် ပိုးပိုးတို့၏ အသက်အန္တရာယ် အားလုံးကို ကိုနေမင်း အသက်နှင့်လဲပြီး ကာကွယ်ပေးခဲ့သောကြောင့် ဆက်လက်ပြီး အခြေမပျက် နေနိုင်ခဲ့သည်ကို မကျော့ခိုင်တစ်သက် ဘယ်တော့မှ မမေ့။

တစ်နေ့တွင် မောင် ပြန်လာမည်ဆိုသည့် မျှော်လင့်ချက်ဖြင့် မကျော့ခိုင်သည် ကိုနေမင်းအား တတမ်းတတ စောင့်မျှော်ခဲ့သည်မှာ နှစ်နှစ်နီးပါး ကြာသွားပြီ။

ပထမ ခင်ပွန်း ကိုစောငွေးကို မကျော့ခိုင် အသည်းနှင့်အောင် ချစ်ခဲ့ပါ၏။

သို့သော် ကိုစောငွေးနှင့် လက်ထပ်ခဲ့သည် မှာ အပျို လူပျိုတို့ခြင်း လက်ထပ်ခဲ့ခြင်းသာ ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး မြင်တွေ့ကြိုက်ချစ် ပုံစံဖြင့် သဘာဝအတိုင်း ညားခဲ့ခြင်း ဖြစ်သည်။

ကိုနေမင်းနှင့်ကျတော့ သဘာဝအတိုင်း မဆန်ပါလေ။ သား စိုးစိုးနှင့် ပတ်သက်ပြီး ကိုနေမင်း ခင်တွယ်ရာမှ မိမိနှင့် တွေ့ဆုံရခြင်း ဖြစ်သည်။ တွေ့သည်နှင့် ကြိုက်ကျချစ်ကြသည်လည်းမဟုတ် ကိုနေမင်း၏ သားအမိသုံးယောက်အပေါ် ထားရှိသော စေတနာမေတ္တာ အရင်းခံကာ ခင်ပွန်းမဲ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး ဖအေမဲ့ ကလေးများပါလားဆိုသည့် စေတနာ မေတ္တာဖြင့် သူ့အသက်ကို ပကာနုမထားပဲ မိမိတို့ သားအမိ သုံးယောက် အန္တရာယ်တွေကို ကယ်တင်ခဲ့သည်။ ကယ်တင်ရှင်မို့ ကျေးဇူးတရားကို အရင်းခံပြီးမှ ကိုနေမင်းကလည်း ကလေး နှစ်ယောက် အမေမုန်း သိပါလျက်လည်းကောင်း၊ မိမိကိုယ်တိုင် ကလည်း အနေနီးသော ကျေးဇူးရှင် ကယ်တင်ရှင် ကိုနေမင်း၏ ပုံစံ အပြုအမူ အပြောအဆို မိမိတို့အပေါ် ထားရှိသည့် စေတနာ မေတ္တာစသည့်တို့ ရင်ထဲက ပထမ ကြိုက်နှစ်သက်ပြီး ဒုတိယ ချစ်မိသွားခြင်း ဖြစ်ပါ၏။

ကိုနေမင်းသည် နောက်မှပေါက်သော ရွှေကြာပင် ဖြစ်စေကာမူ မိမိတို့ သားအမိသုံးဦးအတွက် အလွန် အပွင့်ကား ကြီးထွားသူ ဖြစ်သည်။

ကိုနေမင်း ကျူးလွန်လာသော ပြစ်မှုမှာ သေဒဏ်ပဲ ကျမည်လား။

ကျွန်းဒဏ်ပဲ ကျမည်လားမသိ မသေချာ မရေရာ သော်လည်း မေကျော့ခိုင်သည် ကိုနေမင်း တစ်နေ့တွင် ပြန်လာ မည်ဆိုသည့် မျှော်လင့်ချက်ဖြင့် နေ့စဉ် တစ်မျှော်တည်း မျှော် နေမိသည်။





ဦးဦး နေမင်း ဘယ်တော့ ပြန်လာမှာလဲဟင်ဟု ခိုးစိုးနှင့် ပိုးပိုးကလည်း ယခု နှစ်နှစ်နီးပါး ရှိလာသည်တိုင်အောင် မေးမြန်းဆဲ ဖြစ်သည်။

ကိုနေမင်း ထွက်ခွာသွားပြီးနောက် ဆန်စက်ကိုတော့ ပိတ်ထားလိုက်ရသည်။

မီးလောင်သွားသော အိမ်ကိုမူ ဦးဘစိမ်း အကူအညီ ဖြင့် နဂိုအတိုင်း ပြန်လည်ပြုပြင် ပြီးစီးသွားသည်။

ဒီနှစ် ဒီဇင်ဘာ ဆောင်းသည် နှင်းအကျများသည်။ များသည်မှ မီးခိုးတွေ ပိတ်ထားသလို တစ်ဦးနှင့်တစ်ဦး တစ်တောင် တစ်လံ အကွာလောက်မှ ဘွားခနဲ မြင်ရသလို နှင်းတွေ ပိတ်ကာ ဆီးနေပါ၏။

ကလေး သဘာဝ စိုးစိုးနှင့် ပိုးပိုးသည် နှင်းမှောင် ကျသည်ကို ပျော်ကြသည်။

"လာဟေ့ ပိုးပိုး၊ ငါတို့မောင်နှမ နှင်းတွေကြားမှာ တူတူ ပုန်းတန်း ကစားမယ်၊ ကိုကိုစိုး နှင်းထဲမှာ အရင်ပုန်းမယ်၊ ညီမလေးက လိုက်ရှာပေတော့"

ဟု သူ့ဟာသူပြော သူ့ဟာသူ ပြေးနှင့် စိုးစိုး နှင်းတောထဲ တိုးသွား ပျောက်ကွယ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမိ ပိုးပိုး ကိုကိုစိုးနောက် လိုက်မရှာရဲဘူး ကြောက်တယ်"

ဆိုကာ ပိုးပိုးက မိခင်နှင့်ပင် အတူတူ ထိုင်ကျန်ခဲ့သည်။

မေကျော့ခိုင် သတင်းစကား ကြားသိချက်အရ ဦးဩဘာသည် ငွေချမ်းသာသူပီပီ အမှုတွင်အကောင်းဆုံး အကျိုးဆောင်တွေနှင့် လိုက်နိုင်သောကြောင့် ဦးဩဘာသည် ထောင်ဒဏ် နှစ်နှစ်သာ ကျခံစေဟု ထောင်ကျသွားသည် ဟူ၍။

ဘာလိုလိုနှင့် နှစ်နှစ်ပြည့်ကာ နီးပေပြီ။ ဦးဩဘာ ထောင်က လွတ်လာလျှင် သူ အခြေတည်ထားသော ရွှေကျိုက်တော်မြို့ကို ပြန်လာမည်မှာ သေချာသည်။

ဦးဩဘာသာ ပြန်လွတ်လာပြီး ရွှေကျိုက်တော်ကို ပြန်ရောက်လာပါက မေကျော့ခိုင်အတွက် အန္တရာယ်တွေ ဘယ်လောက်ဆိုးဆိုးဝါးဝါး လာဦးမည်မသိ။

ကိုအောင်ထူးကလည်း ပြီးခဲ့သည့် နှစ်ကပင် အမိန့်အရ နယ်ပြောင်းသွားပေပြီ။

ကိုနေမင်းကလည်း မရှိ။

ဩော် ... လာမဲ့ဆား ရင်ဆိုင်ရဦးမှာပါလားဟု မေကျော့ခိုင်သည် သမီးလေး ပိုးပိုးကို ထွေးပိုက်ခါ နောင်ရေးကို တွေးပူနေရှာသည်။





စိုးစိုးသည် ပုန်းသူပီပီ နင်းတောထဲသို့ တိုးဝင်လာခဲ့သည်။ ညီမလေး ပိုးပိုး လိုက်လာမည်အထင်နှင့် နောက်သို့ လှည့်ကြည့် လှည့်ကြည့်နှင့် ရှေ့ကိုသာ တိုးလာရာ ...

အင့်ခနဲနေအောင် နင်းတောထဲတွင် လူကြီး တစ်ယောက်နှင့် ရင်ဆိုင်တိုက်မိတော့သည်။

ထိုလူကြီးသည် စိုးစိုးကို ကောက်ယူချီပွေ့လိုက်မှ စိုးစိုးက ထိုလူကြီးကို ကြည့်မိသည်။

ထိုလူကြီးသည် ကျောပိုးအိတ်ကြီးကို လွယ်ထားသည်။ လက်တစ်ဖက်က ပလပ်စတစ် ဆွဲခြင်းကြီး ဆွဲထားသည်။ ဦးထုပ်ပျော့ကို နဖူးအုပ်အောင် ဆောင်းထားသဖြင့် ပွေ့ချီခံထားရာမှ ထိုလူကြီး၏ နဖူးအုပ် ဦးထုပ်ပြားကို စိုးစိုးက လှန်ကြည့်လိုက်သည်။

"ဟင် ... ဦးဦး နေမင်း"

"အေးပေါ့ စိုးစိုးရ၊ ဦးဦး စိုးစိုးတို့ဆီ ပြန်လာတာလေ"

"အား ... ဟား ... ဝမ်းသာလိုက်တာ ဝမ်းသာလိုက်တာ၊ ဦးဦးနေမင်း ပြန်လာပြီ၊ မာမိရော ပိုးပိုးရော ဦးဦးနေမင်း ပြန်လာတာကို သိပ်ဝမ်းသာမှာ၊ မာမိက ဦးဦးကို နေ့တိုင်း မျှော်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



နေမင်း ဝမ်းသာသွားသည်။ မေကျော့သည် မိမိ မရှိတော့သည့်နောက် အားကိုးရာမရှိ မိန်းမသားဘဝနှင့် နောက်ထပ် အိမ်ထောင်ပြုလိုက်ပေပြီလားဟု စိုးရိမ်ခဲ့သည်။

နေမင်း စိတ်ထင် မေကျော့သည် မလှဲသာ မရှောင်သာ ရဲအုပ် ကိုအောင်ထူးနှင့် လက်ထပ်လိမ့်မည်ဟု ထင်ထားမိခဲ့သည်။

မေကျော့ခိုင်ကိုရော စိုးစိုးနှင့် ပိုးပိုးကိုရော သံယောဇဉ်မပြတ် တွေ့ချင်လွန်းသောကြောင့် မေဒါဝီသို့ လာခဲ့သော်လည်း အားမရှိ။

ယခု စိုးစိုးက ဦးဦးကို မာမီ နေ့စဉ် မျှော်နေသည်ဟု ပြောလေမှ ရင်ထဲက အလုံးကြီး ကျသွားပြီး ပျော်သွားရတော့သည်။

"နို့ ... စိုးစိုး မာမီရော"

"ရှိတယ် ဦးဦး အိမ်လှေကားထစ်မှာ ထိုင်နေတယ်၊ နေ့တိုင်း အဲဒီ လှေကားမှာထိုင်ပြီး ဦးဦး နေမင်းကို မျှော်နေကျအတိုင်း မျှော်တာလေ"

"လာ ... ဒါဆို ပြေးသွားကြစို့"

"မာမီရေ ... မာမီရေ ဒီမှာ လာကြည့်စမ်းပါ မာမီရ"





စိုးစိုး ကုန်းအော်သံကြောင့် မေကျော့ခိုင် ထိုင်ရာမှ ထကာ စိုးစိုး အော်သံကြားရာသို့ အထိတ်တလန့် ပြေးထွက်နှင်းတောထဲ ဝင်လာခဲ့သည်။

"ဟဲ့ ... စိုးစိုး ဘာဖြစ်လို့လဲဟင်"

နှင်းတွေကြောင့် မမြင်ရသော်လည်း မေကျော့ခိုင် ပြန်၍ အသံပေး မေးမြန်းသည်။

ပိုးပိုးက သူ့မာမီ အကျႌစကိုဆွဲပြီး နောက်မှ လိုက်ပါလာသည်။

"ဒီမှာလေ မာမီ၊ ဒီမှာ ဦးဦးနေမင်းလေ စိုးစိုးတို့ဆီ ဦးဦးနေမင်း ပြန်လာပြီ မာမီရ"

ရင်ဆိုင်တွေ့ ပြန်ဆုံတွေ့ကြပြီ။ စိုးစိုးကပင် ပွေ့ချီထားရာမှ ဆင်းပြီး သူ့မာမီ မေကျော့ခိုင်၏လက်ကိုဆွဲကာ နေမင်းနှင့် မျက်နှာချင်း ဆိုင်ပေးလိုက်ခြင်း ဖြစ်သည်။

မျက်နှာချင်းဆိုင် နီးနီးကပ်ကပ်မို့ တစ်ယောက်မျက်နှာတစ်ယောက် မြင်ရလေပြီ။

မေကျော့ခိုင်သည် ကိုနေမင်း၏ မျက်နှာကို စိုက်ကြည့်ရင်း မျက်ရည်တွေ ဖွေဖွေစီးဆင်းကျလာသည်။

ဝမ်းနည်း၍ကျသော မျက်ရည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလွန်း၍ ကျသော မျက်ရည်တွေပါပေ။

မိန်းမသားဆိုသည်က ဝမ်းနည်းလွန်းလည်း မျက်ရည်ကျ။

ဝမ်းသာလွန်းလည်း မျက်ရည်ကျသည် မဟုတ်ပါလား။

"ဟင် ... မကျော့ မျက်ရည်ကျတယ်"

နေမင်းသည် ဘာမပြော ညာမပြော မကျော့ခိုင်၏ ခန္ဓာကိုယ်ကို ဆွဲခြင်းပစ်ချပြီး လက်နှစ်ဖက်ဖြင့် အားရပါးရ ကျစ်ကျစ်ပါ ရင်ချင်းအပ် နှစ်ကိုယ်ကြား နှင်းပင်မကျနိုင်အောင် ဖက်ထားလိုက်သည်။

မကျော့ခိုင် ကိုယ်တိုင်ကလည်း နေမင်း၏ ကျောပြင်ကြီးကို ကျစ်ကျစ်ပါ ပြန်ဖက်ထားလိုက်သည်။

"ဝမ်းသာလွန်းလို့ပါ ကိုမင်းရယ်၊ မကျော့ အခုကျတဲ့ မျက်ရည်က ဝမ်းသာလွန်းလို့ကျတဲ့ မျက်ရည်ပါ ကိုမင်း"

ရှည်ကြာစွာ ကွဲကွာနေသော ချစ်သူနှစ်ဦး ပြန်လည်တွေ့ဆုံပြီး အချစ်နာ လန်ထခြင်းဆိုသည်မှာ အချိန်အကန့်အသတ်မရှိ၊ ဘယ်လောက်ကြာလို့ ကြာမှန်းမသိ။

"လာဟေ့ ပိုးပိုး၊ ငါတို့ ဆက်ကစားမယ်လေ၊ သွားစို့"





အကင်းပါးသော စိုးစိုး ညီမလေး ပိုးပိုးကို အိမ်ဘက်ဆီသို့ ပြန်ဆွဲခေါ်သွားသည်။

"ကျော့"

"ကိုမင်း"

"သိပ်ချစ်တယ်နော်"

"အင်း ... အရမ်းကြီးကို ချစ်၊ အရမ်းကြီးကို အောက်မေ့၊ အရမ်းကြီးကို တွေ့ချင်တာပါပဲ ကျော့"

ပြန်ဖက်ထားပြန်သည်။ ပြန်၍ ပါးချင်းကပ်ထားကြပြန်သည်။

"ကိုယ် ကျော့ဆီကို အပြီးပြန်လာတာ"

"ဒါဆို ကိုမင်း ထောင်မကျဘူးပေါ့နော်"

"တစ်နှစ်တော့ ကျတယ်၊ စိမ်း မသေဘူးကျော့၊ သေနတ်လုကြရင်း ကျည်ဆန်ထွက်သွားပြီး သူ့ကို မတော်တဆမှန်သွားတာလို့ စိမ်းက ထွက်ဆိုတယ်"

"ဒါ ... ဒါဆို ကိုမင်းနဲ့ မစိမ်း"

"ပြတ်ခဲ့ပါပြီးပါပြီ ကျော့ တရားဝင် ကွာရှင်းပြတ်စဲခဲ့ပြီးပါပြီ၊ သူ့လည်း သူ့ချစ်သူနဲ့ နောက်ထပ် လက်ထပ်ဖို့ အစီအစဉ်တွေ ဆွဲထားပြီးပါပြီ၊ ဒါကြောင့် သူနှင့် ကွာရှင်း



www.burmeseclassic.com

www.burmeseclassic.com



ပြတ်စဲတာတွေ လင်မယား ပိုင်ဆိုင်ခွင့် ခွဲဝေကြတာတွေဟာ ကိုယ် ထောင်ကလွတ်ပြီးမှ စီစဉ်ကြတာနဲ့ ဒီလောက် အချိန်တွေကြာပြီး ကျော့ဆီ ပြန်မလာနိုင်တာ အခု ပြီး ပြီးချင်း ကျော့ဆီ တန်းလာတာ"

"ဒါဆို ထောင်က လွတ်လွတ်ချင်း ထောင်ကလွတ်ပြီး ဒီကိစ္စတွေ ဆောင်ရွက်စရာရှိနေသေးလို့ ထပ်ကြာနေတာ ပေါ့လို့ မေကျော့ဆီကို အကြောင်းကြားရောပေါ့ ကိုမင်း ရယ်၊ ဒါဆို ကျော့ စိတ်အေးလက်အေးနဲ့ ကိုမင်းကို မျှော်ရ စောင့်ရတာပေါ့၊ အခု ကိုမင်းကို မေကျော့ စောင့် ရတာ ရင်တပူပူနဲ့ စောင့်ရတာ"

"ဟင်းအင်း ကျော့ကို ကိုယ်နဲ့ မျက်နှာချင်းဆိုင်တွေ့မှ ကျော့ ဝမ်းသာတာလေးကို အားရပါးရ အရသာခံ မြင်ချင် လို့ တမင် အကြောင်းမကြားတာ၊ နောက်ပြီး ကျော့မှာ ကိုယ်နဲ့ ခွဲခွာချိန်အတွင်းမှာ ကိုယ်ရေးကိုယ်တာ ကိစ္စများ ရှိနေရင် ကျော့ စိတ်ချမ်းသာဖို့ ကျော့ဘာသာ ဆောင်ရွက် ပါစေဆိုတဲ့ စိတ်လည်း ပါတာပေါ့"

"ဘာ ... ကျော့ရဲ့ ကိုယ်ရေးကိုယ်တာ ဟုတ်လား၊ ဝေး သေး ဘာဆိုဘာမှ မရှိဘူး၊ ကိုယ်သာအခိက၊ ကိုမင်းက





လွဲပြီး ကျော့မှာ ရာသက်ပန် ဘာကိုယ်ရေးကိုယ်တာမှ မရှိဘူး၊ အဲဒါ မြဲမြဲမှတ် ...

အို ... ကိုမင်းရယ် ကိုမင်းလို လူမျိုး ဒီကမ္ဘာမှာ တခြားတစ်ယောက် မရှိနိုင်တော့ပါဘူး၊ ကျော့ ဝမ်းသာ လိုက်တာ"

တအားကြီးပင် ပြန်ဖက်ထားကြပြန်သည်။

ထိုစဉ်မှာပင် စိုးစိုးနှင့် ပိုးပိုး တစ်ပတ်ကျော့ ပြန် ရောက်လာသည်။ ချစ်သူချင်း ချစ်နာလန်ထနေသည်မှာ မည်မျှကြာ မှန်းပင်မသိ၊ စိုးစိုးနှင့် ပိုးပိုး ပြန်လာချိန်တွင် နှင်းတွေစဲပြီး နှင်းတွေပင် ကွဲနေပြီ။

"ဦးဦး မော်တော်ဆိုင်ကယ် စီးကြစို့လေ၊ မော်တော်ဆိုင် ကယ်ကြီးကော ဘယ်မှာလဲ ဦးဦး"

"ရှိတယ် စိုးစိုး၊ အဲဒီတုန်းက ပြန်စီးလာရင် မော်တော် ဆိုင်ကယ် စက်သံကြောင့် ဦးဦးကို အန္တရာယ်တွေ ပေးကြ မှာစိုးလို့ မိုးပျောက်တောစပ်မှာ ထားခဲ့တယ်"

"ဒါဆို သွားယူရအောင်လေ"

"အေး ... ယုတာတော့ သွားယူမယ်၊ ဒါပေမဲ့ အခု ဦးဦး သိပ်ပင်ပန်းလာလို့ တရေးတမော အိပ်ပါရစေလား စိုးစိုး"

www.burmeseclassic.com



"ဟုတ်တယ် ဦးဦး သိပ်ပင်ပန်းလာမယ် အိပ် ... အိပ်၊ မာမီလည်း သိပ်ပင်ပန်းထားတာ မာမီလည်း တရေးတမော အိပ်လိုက်ဦး၊ စိုးစိုးနဲ့ပိုးပိုး ခြံပတ်ပြီး ငှက်ပစ်ဦးမယ်"

စိုးစိုးနှင့် ပိုးပိုး ပြန်ထွက်သွားကြပြန်သည်။

အမျိုးသားက တစ်ခုလတ်၊ အမျိုးသမီးက မုဆိုးမမို့ အတွေ့အကြုံ ရှိပြီးသားဖြစ်စေကာမူ ချစ်သူအသစ်စက်စက် နှစ်ဦး အနေနှင့် နှစ်ယောက်စလုံး လက်တွဲပြီး အိမ်ပေါ်တက်လာပြီး တံခါးပိတ်လိုက်သော်လည်း ကိုယ်စီ ကိုယ်စီ တဒိတ်ဒိတ် ရင်ခုန် ကြသည်တော့ အမှန်ပါပဲလေ။

စိုးစိုးတစ်ယောက် ချိုးနှစ်ကောင်ပစ်၍ ရပါစေသား။

*နားကြပါဦးစို့*

တက္ကသိုလ်တင်မြင့်

BURMESE CLASSIC .com

www.burmeseclassic.com